ကျော်ငြိမ်း

ညွှန်ကြားရေးမှူး

တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန

# လွတ်လပ်ရေးကြိုးပမ်းမှု ရက်စွဲသမိုင်း

(၃ မေ ၁၉၄၅ မှ ၄ ဇန်နဝါရီ ၁၉၄၈ )

၁

၉

၄

၅



၃ မေ ၁၉၄၅ ဗြိတိသျှ အမှတ် ၂၆ အိန္ဒိယတပ်မမှ တပ်မဟာသည် ည အချိန်တွင် လှိုင်မြစ်ကို ဖြတ်ကာ ရန်ကုန်သင်္ဘောဆိပ်သို့ ဝင်ရောက်သည်။

[Field Marshal Sir William Joseph Slim **Defeat into Victory** London Cassell and Company Ltd 1956 .*P 507* ; hereafter cited as Slim **Defeat into Victory**]

[Mountbatten, Earl,Report to the Combined Chiefs of Staff by the Supreme Allied Commander South East Asia 1943-45, New York Philosophical Library 1951. P145-157 : Hereafter Cited as **Mountbatten's Report** ]

■ ရခိုင်ရိုးမမှ ဆုတ်ခွာသွားသည့် ဂျပန်တပ်ဖွဲ့ တစ်ဖွဲ့က ဗိုလ်ချုပ်အောင်ဆန်း၏ ဗဟိုစစ်ဦးစီးဌာနချုပ်စခန်းတည်ရှိရာ သရက်ချောင်းရွာ ရောက်ရှိလာသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ဦးစီး၍ ဌာနချုပ်ကင်းတပ်က ဂျပန်တပ်ကို တိုက်ခိုက်ရာ ဂျပန်တပ် ဆုတ်ခွာသွားသည်။

[ဗိုလ်မင်းခေါင်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်ရဲဘော်သုံးကျိပ်။ရန်ကုန်။ ချိုတေးသံပုံနှိပ်။ ၁၉၆၈။ စာ ၃၂၅– ၃၂၆။ နောင်ကိုးကားလျှင် ဗိုလ်မင်းခေါင် ရဲဘော်သုံးကျိပ်ဟုညွှန်းမည်]

[ သခင်တင်မြ၊ ဖက်ဆစ်တော်လှန်ရေးဌာနချုပ်နှင့် တိုင်းဆယ်တိုင်း၊ (တတိယအကြိမ်)၊ ရန်ကုန်လုပ်သား ပုံနှိပ်။ ၁၉၇၆။

စာ ၃၄၂။ နောင်ကိုးကားလျှင် သခင်တင်မြ ဖက်ဆစ်တော်လှန်ရေး ဟုညွှန်းမည်]

■ ဗမာပြည် ကွန်မြူနစ်ပါတီက ရန်ကုန်မြို့၊ စမ်းချောင်းရပ်၊ ဗားကရာလမ်း၊ အိမ်အမှတ် ၁၃၈ တွင်ပါတီဆိုင်းဘုတ်တင်ပွဲ အခမ်းအနား ပြုလုပ်သည်။
[ပြည်တွင်းသောင်းကျန်းမှု သမိုင်း၊ ရန်ကုန်။ ပုံတိုက်ပုံနှိပ်ခုနစ်မသိ။ စာ ၁၁။ နောင်ကိုးကားလျှင် ပြည်တွင်းသောင်းကျန်းမှုသမိုင်း ဟုညွှန်းမည်]

■ အဓိပတိ ဒေါက်ဘမော်၏ ခွင့်ပြုချက်အရ ဂျပန်ခေတ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဗန္ဓုလဦးစိန်တို့ လူစုသည် ညအချိန်တွင် ကတွန်မှ မော်လမြိုင်သို့ ကူးသည်။
[ ဗန္ဓုလဦးစိန်အင်္ဂလိပ်ပြေးမင်း။ ရန်ကုန်။ သီရိဖေချုံနှိပ်။ ၁၉၄၆။ စာ ၉၇။ နောင်ကိုးကားလျှင် ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း ဟုညွှန်းမည်]

၄ မေ ၁၉၄၅ ဗြိတိသျှ အမှတ် ၁၇ အိန္ဒိယတပ်မဟာ လက်အောက်ရှိ သံချပ်ကာတင့်ကားတပ်များသည် ပဲခူးမြို့ကို ဖြတ်ကျော်၍ ရန်ကုန်မြို့သို့ ချီတက်သည်။
[မစ္စတာ အိုတတက်ဆူနေဗို ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ (အိုနိုးတိုးရ မြန်မာဘာသာပြန်)။ ရန်ကုန်ပုဂံစာအုပ်တိုက်နှင့်ကုမာရပုံနှိပ်တိုက်။ ၁၉၇၅။ စာ–၅၂။နောင်ကိုးကားလျှင်ဂျပန်စစ်အုပ်ချုပ်ရေးခေတ်ဟုညွှန်းမည်။]

၅ မေ ၁၉၄၅ အဓိပတိ ဒေါက်တာဘမော်နှင့် ဂျပန်ခေတ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး ကတွန်မှ မော်လမြိုင်သို့ ကူးသည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၉၇]

၆ မေ ၁၉၄၅ ဖက်ဆစ်ဂျပန်တော်လှန်ရေး တိုင်း–၇ (အနောက်ပိုင်း) တပ်ပေါင်းစုတပ်ရင်း အမှတ် ၆၊ တပ်ရင်းစစ်ဌာနရုံးစိုက်ရာ ပုဏ္ဏားရွာသို့ ဗိုလ်ချုပ်အောင်ဆန်းထံမှ မဟာမိတ်နှင့် မည်သို့ အဆက်အသွယ်ရှိကြောင်း အစီရင်ခံရန်နှင့် ၎င်းတို့အတွက်စခန်းကောင်းရှာထားရန် စာတစ်စောင်ရောက်ရှိသည်။
[အနောက်တိုင်း တပ်ပေါင်းစု တပ်ရင်း အမှတ် ၆ အရေးတော်ပုံအတွင်း နေ့စဉ်စစ်မှတ်တမ်း။ တပ်မတော်နေ့ စာစောင်–၁၉၆၀။ ရန်ကုန်။ ဂန္ဓမာပုံနှိပ်။ ၁၉၆၀။ စာ ၇၈။ နောင်ကိုးကားလျှင် တပ်ရင်း၆ စစ်မှတ်တမ်း ဟုညွှန်းမည်]

■ မြစ်ဝကျွန်းပေါ် စစ်ရေးတာဝန်ခံ ဗိုလ်မှူးကြီးနေဝင်း ရန်ကုန်မြို့သို့ ရောက်ရှိသည်။
[ကိုစက်ဖေမှ ဗိုလ်ချုပ်အောင်ဆန်းသို့ အစီရင်ခံစာ။ တပ်မတော်နေ့စာစောင်–၁၉၆၀။ ရန်ကုန်။ ဂန္ဓမာ ပုံနှိပ်။ စာ ၃၃–၄၀။ နောင်ကိုးကား လျှင် ကိုစက်ဖေအစီရင်ခံစာ ဟုညွှန်းမည်]

■ ဗြိတိသျှရေကြောင်းချီ အမှတ် ၁၅ တပ်မ၏ ရှေးပြေးတပ် ဖြစ်သည့် အမှတ် ၂၆ အိန္ဒိယတပ်မှ တပ်ဖွဲ့အချို့သည် ရန်ကုန်မြို့ မြောက်ဘက်သို့ချီတက်ရာ လှည်းကူးတွင် ဗြိတိသျှ အမှတ် ၁၄ ကြည်းကြောင်းချီ တပ်မတော်နှင့် တွေ့ဆုံ ဆက်သွယ်မိသည်။ လှည်းကူးတွင် အမှတ် ၂၆ အိန္ဒိယတပ်မသည် အမှတ် ၁၄ တပ်မတော်၏ တိုက်ရိုက်အုပ်ချုပ်မှု လက်အောက်သို့ ပြောင်းလဲ ရောက်ရှိသည်။
[**Mountbatten's Report,** *P 161*]

၇ မေ ၁၉၄၅ မြန်မာနိုင်ငံ ဒုတိယမြို့ပြရေးရာ အရာရှိချုပ် ရင်းနစ် (Mr. C.B Renrick) နှင့် ပလိပ်မင်းကြီးတို့ ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ ထို့နောက် ရန်ကုန်မြို့ကို အမှတ် –၁ စစ်အုပ်ချုပ်ရေး ဧရိယာအဖြစ် သတ်မှတ်ဆောင်ရွက်သည်။
[Donnison, **British Military Administration into Far East**. 1943-16, London Her Majesty Office 1956. *PP 109-110*. Hereafter cited as Donnison **British Military Adiministration**]

■ ဗိုလ်ချုပ်အောင်ဆန်း အနောက်တိုင်း စစ်ဌာနချုပ် တပ်ပေါင်းစု တပ်ရင်းအမှတ် ၆ စစ်ဌာန ရုံးစိုက်ရာ ပုဏ္ဏားရွာသို့ ရောက်ရှိသည်။
[တပ်ရင်း၆ စစ်မှတ်တမ်း စာ ၇၈]

■ ဗိုလ်မှူးကြီးနေဝင်းက ဖက်ဆစ်တော်လှန်ရေး အောင်ပွဲခံသည့်သတင်းနှင့် ရန်ကုန်မြို့ကို ဗမာ့တပ်မတော် ကသိမ်းယူသည့်အကြောင်းကို အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် ကမ္ဘာသို့အသံလွှင့်ကြေညာသည်။
[**New Burma in the new world**. Rongoon, NAY WIN KYI Press. 1946.*PP 30-35*.hereafter cited as **New Burma in the new world**]

■ ဥရောပ စစ်မျက်နှာတွင် ဂျာမန်တပ်များ အရေးနိမ့်ပြီး ရိုင်းမ် (Rheins) မြို့တွင် ၂း၄၁ နာရီ၌ လက်နက်ချသည်။ ဂျာမန်တပ်များ လက်နက်ချသည့် စာချုပ်ကို ဂျာမန်ရေတပ်ဗိုလ်ချုပ် ဟန်းစ်ဖွန်ဖရက်ဒီဘိုး (Admiral Hans Von Friedeburg) စစ်သူကြီး အဲဖရက် ဂူစတပ်ယူတယ် (Field Marshal Alfred Gustan jodl) နှင့် ၎င်း၏ကိုယ်ရေးအရာရှိ ဗိုလ်ချုပ် ဝီလ်ဟိန်းအူဇီးနီးယား (Major General Wilhelm

Oxenius)တို့က လက်မှတ်ရေးထိုးသည်။
[C.L.SULZBERGER **World War II**.Newyork, American Heritage Press. 1985. *P 269*: Hereafer cided as SULZBERGER **World War II** ]

■ရန်ကုန်မြို့ကို မဟာမိတ်တပ်များ သိမ်းပိုက်ပြီးနောက် မြို့ပြရေးရာ အရာရှိ အချို့က အာရှအရှေ့တောင်ပိုင်း မဟာမိတ်စစ်သေနာပတိချုပ် မောင့်ဘက်တန်အား ဖတပလကို မတရားအသင်းကြေညာရန်နှင့် ဗိုလ်ချုပ် အောင်ဆန်းကို စစ်ရာဇဝတ်ကောင်တစ်ဦးအနေနှင့် ဖမ်းဆီးချုပ်နှောင်ထားရန် တိုက်တွန်း အရေးဆိုသည်။
[**Mountbatten's Report,** *P 201/230*]

၉ မေ ၁၉၄၅ ဗြိတိသျှတပ်များက သံတွဲမြို့ကို သိမ်းပိုက်သည်။
[**Mountbatten's Report,** *P 147*]

၁၀ မေ ၁၉၄၅ ရန်ကုန်မြို့ ရွှေတောင်ကြားလမ်းရှိ နိုင်ငံခြားရေးရုံးသို့ နိုင်ငံခြားသတင်းထောက်များကို ဖိတ်၍ ဗိုလ်မှူးကြီးနေဝင်းနှင့် ဦးကျော်ငြိမ်း တို့က သတင်းဆရာ အစည်းအဝေး (Press Interview) ပြုလုပ်သည်။ အစည်းအဝေးတွင် ဗိုလ်မှူးကြီး နေဝင်းက မြန်မာ့တပ်မတော်သည် ၁၉၄၂ ခုနှစ်က ဗြိတိသျှအား ခံ၍တိုက်ခဲ့ခြင်းမှာ ဗြိတိသျှဝန်ကြီးချုပ် ချာချီက အတ္တလန္တိတ်ချာတာမှာ မြန်မာနိုင်ငံ မပတ်သတ်ရဟု ပြောဆို၍ လည်းကောင်း။ ဂျပန်လျှို့ဝှက်ကိုယ်စားလှယ်များက မြန်မာ့လွတ်လပ်ရေး ပေးမည်ဟု ကတိရှိ၍ လည်းကောင်း။ ထိုကတိကို ဂျပန်နန်းရင်းဝန်တိုဂျိုက ၂၂၊ ဖေဖော်ဝါရီ၊ ၁၉၄၂ တွင် ဂျပန်ဒိုင်ယက် လွှတ်တော်တွင် အတိအလင်း ထပ်မံ၍ ကြေညာသောကြောင့်လည်းကောင်း ဖြစ်သည်။ သို့အတွက် နိုင်ငံခြားအကူအညီယူ၍ သူ့ပုန်ထ မှသာ လွတ်လပ်ရေးရမည်ဟု ယုံကြည်၍ အင်္ဂလိပ်ကို ခံ၍တိုက်ခဲ့ကြောင်း။ သို့သော် ဂျပန်သည် ၎င်း၏ကတိကို မတည်ဘဲ မြန်မာ့လွတ်လပ်ရေးအစစ်ကို မပေးသဖြင့် လည်းကောင်း။ ဂျပန်ဖက်ဆစ်၏ သဘောကို နားလည်၍လည်းကောင်း။ ဂျပန်ကိုပြန်တိုက်ခဲ့ကြောင်း။ မြန်မာ့တပ်မတော်သည်လွတ်လပ်ရေးအတွက် အင်္ဂလိပ်ကို လည်းကောင်း၊ ဂျပန်ကို လည်းကောင်း၊ နှစ်ကြိမ်တိုင်တိုင် တိုက်ခဲ့ကြ၍ နောင်ကိုလည်း မြန်မာ့လွတ်



လပ်ရေးရရှိရန်အတွက် မြန်မာ့တပ်မတော်သည် အသက်စွန့်ရန် အသင့်ရှိကြောင်း ပြောကြားသည်။
[ ဦးကျော်ငြိမ်း၊ မြေအောက်သူပုန် မှတ်စု (လက်နှိပ်စက်မူ) စာ ၄၅။ နောင်ကိုးကားလျှင် ဦးကျော်ငြိမ်း မှတ်စု ဟုညွှန်းမည်]
[စက်ဖေအစီရင်ခံစာ စာ ၃၇]

■ မြန်မာနိုင်ငံ မြို့ပြရေးရာအရာရှိချုပ် ဗိုလ်ချုပ်ပီးယား (Major General C.F.E Pearce) နေရာတွင် ဗိုလ်ချုပ် ရန့်စ် (Major General Sir. Hubert Rance)အား ခန့်အပ်သည်။
[Donnison **British Military Adiministration**.*P 108*]

၁၁ မေ ၁၉၄၅ ၁၀ နာရီတွင် ရခိုင်ရိုးမမှ ဆုတ်ခွာလာသော ဂျပန်တပ်များ ပုဏ္ဏားရွာ အတွင်းသို့ ဝင်ရောက်သည်။ ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မှူးကြီး ဇေယျတို့မှာ ပုဏ္ဏားရွာ အပြင်တွင် စခန်းချနေသောကြောင့် ရန်သူ့ အနှောက်အယှက်မှ လွတ်ကင်းသွားသည်။
[တပ်ရင်း၆ စစ်မှတ်တမ်း စာ ၈၀]

၁၂ မေ ၁၉၄၅ ဂျပန်ခေတ်မြန်မာအစိုးရအဖွဲ့ ဝန်ကြီးများ မော်လမြိုင်မှ မုဒုံသို့ ပြောင်းရွှေ့သည်။
[ဗန္ဓုလဦးစိန်အင်္ဂလိပ်ပြေးမင်း စာ ၉၈]

■ ၁၀ နာရီအချိန်တွင် ဂျပန်တပ်အင်အား ၅၄၀ ခန့် ပုဏ္ဏားရွာသို့ ချီတက်လာရာ ဗိုလ်စံရွှေဦးစီး၍ တပ်စိတ်တစ်စိတ်ဖြင့် ရွာဝမှ ဆီးကြိုတိုက်ခိုက်ရာ ရန်သူ ၉ ယောက်ကျဆုံး၍ ၁၇ ယောက် ဒဏ်ရာရသည်။ အင်အား မမျှ၍ ဗိုလ်စံရွှေတပ်စိတ် ဆုတ်ခွာရသည်။ ဂျပန်တပ် ပုဏ္ဏားရွာတွင် တစ်နေ့လုံး စခန်းချသည်။ ညနေ ၅ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ပုဏ္ဏားစခန်းမှ သရက်မြို့သို့ ခရီးထွက်ခွာသည်။
[တပ်ရင်း ၆ စစ်မှတ်တမ်း စာ ၈၀]

၁၃ မေ ၁၉၄၅ ဗြိတိသျှတပ် ဂွမြို့ကို သိမ်းပိုက်သည်။
[**Mountbatten's Report,***P 147*]

■ သခင်သန်းထွန်း ရန်ကုန်မြို့သို့ ရောက်ရှိသည်။
[ဦးကျော်ငြိမ်းမှတ်စု စာ၄၅]

၁၄ မေ ၁၉၄၅ ဖတပလ အဖွဲ့ချုပ် ခေါင်းဆောင်များက နိုင်ငံခြား သတင်းထောက်များကို ဖိတ်ခေါ်ကာ သတင်းစာဆရာများ အစည်းအဝေး ပြုလုပ်သည် ဖတပလအဖွဲ့ချုပ် ကြေညာချက် (Anti- Fascist People's

Freedon League Statements) ကို ထုတ်ပြန်သည်။
[**New Burma in the new world**, *PP36-48*]
[လူထုဂျာနယ်၊ အတွဲ–၁။ အမှတ်–၁။ ၁၇–၇–၄၅။ ၁၉၄၅ နှစ်။ မန္တလေးကြီးပွားရေးပုံနှိပ်၊ မန္တလေးမြို့။ နောင်ကိုးကားလျှင် လူထုဂျာနယ် ဟုညွှန်းမည်]

၁၅ မေ ၁၉၄၅ ဗိုလ်ချုပ်အောင်ဆန်းသည် ဧရာဝတီမြစ်ကို လှေဖြင့်ဖြတ်ကူးကာ အောင်လံမြို့အနီးရှိ ဗြိတိသျှအမှတ် ၃၃ တပ်မကြီးသို့ ရောက်ရှိလာသည်။ ထို့မှတစ်ဆင့် ဗြိတိသျှအမှတ် ၁၄ တပ်မတော်ရှိရာ မိတ္ထီလာမြို့သို့ လေယာဉ်ဖြင့် ထွက်ခွာသည်။
[**British Military Administration** (April -August) 1945: Spectrum: May 1971: hereafter cited as **British Military Administration** (April -August) 1945]
[Donnison **British Military Adiministration**.*P 355*]
[သခင်တင်မြ ဖက်ဆစ်တော်လှန်ရေး စာ ၁၁၅]

၁၆ မေ ၁၉၄၅ မိတ္ထီလာမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှဗိုလ်ချုပ်ကြီး ဝီလီယံစလင်းတို့ တွေ့ဆုံဆွေးနွေးသည်။
[Slim **Defeat into Victory** *P 156-157* ]

၁၇ မေ ၁၉၄၅ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံ အုပ်ချုပ်ရေးမူဝါဒ သဘောထား ကြေညာချက် ဖြစ်သည့် စက္ကူဖြူစာတမ်း (Write Paper) ကို ထုတ်ပြန်သည်။ ထိုစာတမ်းတွင် စစ်ပြီးကာလ မြန်မာနိုင်ငံတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ပထမဦးစွာ ဆောင်ရွက်မည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဗြိတိသျှအစိုးရက ဘဏ္ဍာရေးအကူအညီပေးမည်။ မြန်မာနိုင်ငံ ဘုရင်ခံက ဗြိတိသျှအစိုးရထံ တာဝန်ခံ၍ ၁၉၃၅ခုနှစ် မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှု ဥပဒေအပုဒ် ၁၃၉ အရ၊ ၉ ဒီဇင်ဘာ ၁၉၄၈ ခုနှစ်အထိ မိမိတစ်ဦးတည်း သဘောဖြင့် အုပ်ချုပ်မည်။ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ပုဒ်မ ၁၃၉ ရုတ်သိမ်းနိုင်သည်။ ဤအဆင့်တွင်လွှတ်တော်ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီအသီးသီး ညှိနှိုင်းတိုင်ပင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲမည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဗြိတိသျှအစိုးရက ထောက်ခံပြီးသည့်အခါ ဗြိတိသျှအစိုးရနှင့် မြန်မာအစိုးရ ဆက်ဆံရေး ကိစ္စ။ ဘဏ္ဍာရေးကိစ္စများ ဆွေးနွေး စာချုပ်ချုပ်မည်။ ထို့နောက် မြန်မာနိုင်ငံသည် ဗြိတိသျှနေသဟာယအတွင်း ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိမည်။ အထူးသတ်မှတ်ထားသော နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်နှင့် နယ်ခြားတောင်တန်းဒေသ နေထိုင်သူများသည် မြန်မာနိုင်ငံနှင့် ပူးပေါင်းရန် ဆန္ဒမရှိသ၍ ထိုဒေသများကို ဘုရင်ခံကအုပ်ချုပ်ထားမည်ဟု ပါရှိသည်။
[**Burma : The Struggle for independence (1944-48)** Vol .I Edited by Huge Tinker, London Her Majesty Stationery Office 1983.*P 262-4* : hereafter Cited as **Burma Struggle Vol.I**]

■ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံးက အထွေထွေညွှန်ကြားချက်အမှတ် ၁ ကို ထုတ်ပြန်သည်။ ထိုညွှန်ကြားချက်တွင်

မြန်မာနိုင်ငံလုံးဆိုင်ရာ
လူငယ်များအစည်းအရုံး
အထွေထွေညွှန်ကြားချက်
အမှတ် ၁၊ ၁၇–၅–၄၅။

အရှေ့အာရှ လူငယ်များအစည်းအရုံးကို မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံး ဟူသော အမည်သို့ ပြောင်းပြီးလျှင် အောက်ပါရည်ရွယ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ရည်ရွယ်ချက်များ

၁။ မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းရင်းသား လူငယ် ကျား–မ အပေါင်းတို့၏အင်အားကို စုရုံးသွေးစည်းရန်။
၂။ နိုင်ငံနှင့်ပြည်သူတို့၏ တိုးတက်ကြီးပွားရေးအတွက် လူငယ်များနှင့် သက်ဆိုင်သော တာဝန်များကို ထမ်းရွက်ရန်။
၃။ လူငယ့်ပြုပြင်ရေး လုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်ရန်။

မှတ်ချက်

လူငယ့်အစည်းအရုံးကြီးသည် ပါတီနိုင်ငံရေးမှ လုံးဝရှောင်ကြဉ်ရမည်။ သို့သော် ယခုတိုက်ဆဲ ဖြစ်သော ဖက်ဆစ်တိုက်ခိုက်မှု အရေးကိုကား မြန်မာတစ်နိုင်ငံလုံး၏ အရေးဟုသဘောထားကာ မဟာမိတ်တို့ဘက်မှ လုံးဝအနိုင်ရသည့်တိုင်အောင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အစည်းအရုံးကြီးနှင့် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း။ ယခင် ဥရောပစစ်ကြီးအတွင်းက ဗြိတိသျှ လုလင်ကင်းထောက်များ၏ နမူနာအတိုင်း ကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဗဂျမ်း
ဌာနချုပ်ဥက္ကဋ္ဌ
အမှတ် ၈၊ ကိုယ့်မင်းကိုယ်ချင်းလမ်း။
ရန်ကုန်နေပြည်တော်။

၁၈ မေ ၁၉၄၅ ဗိုလ်ချုပ်အောင်ဆန်း မိတ္ထီလာမြို့မှ ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် ပြန်လည်ရောက်ရှိသည်။
[**British Military Administration** (April -August) 1945]
[လက်ရုံးဂျာနယ် ၁၁ ဧပြီ ၁၉၄၆။ ?]

■ ဗိုလ်ချုပ်အောင်ဆန်း ရန်ကုန်ရောက်လျှင်ရောက်ခြင်း ရန်ကုန်မြို့သို့ ကြိုတင်ရောက်ရှိနေသော ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးလက်ျာ၊ သခင်စိုး၊ သခင်သန်းထွန်း၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့နှင့် စစ်ရေးနိုင်ငံရေး အခြေအနေများကို တိုင်ပင်ဆွေးနွေးသည်။ ထို့နောက်ဖတပလအဖွဲ့ချုပ်ကြီးကို စနစ်တကျ ပြန်လည်ဖွဲ့စည်းရန်နှင့် မဟာမိတ်တပ်များနှင့်လည်းကောင်း၊ စစ်အုပ်ချုပ်ရေးအဖွဲ့နှင့် ဆက်ဆံရာတွင် ဖတပလအနေဖြင့် ဆက်ဆံသွားရန် ဆုံးဖြတ်သည်။
[သခင်တင်မြဖက်ဆစ်တော်လှန်ရေး စာ ၁၁၇]

၁၉ မေ ၁၉၄၅ ကိုစက်ဖေ (ဗိုလ်မှူးကြီးနေဝင်း)ကဗိုလ်ချုပ်အောင်ဆန်း ထံသို့ မြစ်ဝကျွန်းပေါ်တိုင်း ဖက်ဆစ်တော်လှန်ရေး အခြေအနေများကို အစီရင်ခံသည်။
[စက်ဖေအစီရင်ခံစာ စာ ၃၃–၄၀]

၂၄ မေ ၁၉၄၅ ရန်ကုန်မြို့ရွှေတောင်တန်းလမ်း၊ အိမ်အမှတ် ၆၁ တွင် အလုပ်သမားအစည်းအရုံးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) Trade Unio Congress (Burma) TUCB ကို ပြန်လည် ဖွဲ့စည်းသည်။ အလုပ်အမှုဆောင် အဖွဲ့ဝင်များမှာ
ဥက္ကဋ္ဌ သခင်ကျော်စိန်
ဒုတိယဥက္ကဋ္ဌ သခင်စံရ
အတွင်းရေးမှူး သခင်လှကျွေ
တွဲဖက်အတွင်းရေးမှူး
သခင်အေးမောင်
တို့ဖြစ်သည်။
[သခင်လှကျွေ ဒီးဒုတ်ဦးဘချိုနှင့်အလုပ်သမားညီညွတ်ရေး၊ ရှုဒေါင့်ဂျာနယ်၊ အမှတ် ၅၈၊ ၁၅–၈–၇၁။ စာ ၂၀–၂၁။ နောင်ကိုးကားလျှင် သခင်လှကျွေ ဒီးဒုတ်ဦးဘချိုနှင့် အလုပ်သမားညီညွတ်ရေး ဟုညွှန်းမည်]

၂၅ မေ ၁၉၄၅ ဖတပလအတွင်းရေးမှူး သခင်သန်းထွန်းက "ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ဝါဒနှင့် လောလောဆယ် လုပ်ငန်းအစီအစဉ်" ဟူသော ကြေညာချက်ကို အရှေ့တောင်အာရှ စစ်သေနာပတိချုပ် မောင့်ဘက်တန်ထံပေးပို့သည်။
[**Burma Struggle Vol.I:** *PP 290 -291*]
[**New Burma in the new world**, *P-37*]

■ ဗြိတိသျှ အမှတ် ၂၆ အိန္ဒိယတပ်မက ပုသိမ်မြို့ကို သိမ်းပိုက်သည်။
[Slim **Defeat into Victory** *P 163*]

၂၈ မေ ၁၉၄၅ ဗြိတိသျှအမှတ် ၃၃ တပ်မကြီးကို ဖျက်သိမ်းလိုက်ပြီး ဗြိတိသျှ အမှတ် ၁၂ တပ်မတော်ဌာနချုပ်ကို ရန်ကုန်မြို့၌ တည်ထောင်သည်။ အမှတ် ၁၂ တပ်မတော်ဌာနချုပ်ကို ဗိုလ်ချုပ်ကြီး စတော့ဖို့ (Sir Montagu Stopford) က အုပ်ချုပ်သည်။
[**Mountbatten's Report,** *P 166*]

## ဇွန်လ

၁ ဇွန် ၁၉၄၅ ဗြိတိသျှပါလီမန်၌ စက္ကူဖြူ စာတမ်းကို ဆွေးနွေးပြီးနောက်ဗြိတိသျှဝန်ကြီးအဖွဲ့က ၁၉၄၅ ခုနှစ် မြန်မာနိုင်ငံ ယာယီပြင်ဆင်ချက် ဥပဒေကြမ်းကို တင်သွင်း၍ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်၏ တိုက်ရိုက်အုပ်ချုပ်ရေး ကာလအတွက်အရေးပေါ်အာဏာကို အတည်ပြုသည်။
[**Great Britain Parliamenlary Deballes,**(Hansoand) Vol 411 (1 June 1645) *PP 495-550*]

၂ ဇွန် ၁၉၄၅ အာရှအရှေ့တောင်ပိုင်း စစ်သေနာပတိချုပ် မောင့်ဘက်တန်က မြန်မာတို့အပေါ်၌ ထားရှိအပ်သောဝါဒသဘောထား (Policy Toword Burma)ကိုထုတ်ပြန်သည်။
[**Mountbatten's Report,** *PP230-231*]

■ ဗိုလ်မှူးဘထူးသည် ရှမ်းပြည်တောင်ပိုင်း အောင်ပန်းမြို့နယ် ကြာဒိုးရွာအနီး တယ်လူးစခန်းတွင် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သည်။
[အထက်မြန်မာပြည် တပ်ပေါင်း ရှမ်းပြည်နယ်တောင်ပိုင်း စစ်မျက်နှာ မှတ်တမ်း၊ လူထုဂျာနယ်၊ တွဲ–၁။ အမှတ်–၂။ ၁–၈–၇၅]
[ငွေတာရီမဂ္ဂဇင်း။ မတ်၊ ၁၉၆၉။ စာ ၁၅–၁၉]
[မောင်သုတ ဗိုလ်မှူးကြီးဗထူး။ လမ်းစဉ်သတင်း။ တွဲ–၃။ အမှတ်–၇။ ၁–၄–၆၇။ စာ–၃]
[မြန်မာ့အလင်းသတင်းစာ ၇–၇–၄၅။ နောင်ကိုးကားလျှင် မြန်မာ့အလင်း ဟုညွှန်းမည်]
[တပ်မတော်နေ့စာစောင်၁၉၆၀။ စာ ၅၀]

၄ ဇွန် ၁၉၄၅ မြန်မာခေါင်းဆောင်များ၏ ပထမအကြိမ် အစည်းအဝေးကို ဖတပလဌာနချုပ်တွင် ကျင်းပသည်။ အစည်းအဝေးသို့
၁။ ဦးဘဘေ ဝန်ကြီးဟောင်းနှင့် ပြည်သူပြည်သားအဖွဲ့ Pople Party ခေါင်းဆောင်။
၂။ ဦးပု ဝန်ကြီးဟောင်းနှင့် United Party ခေါင်းဆောင်။
၃။ ဦးဘသန်း ဝန်ကြီးဟောင်းနှင့် မျိုးချစ်ပါတီခေါင်းဆောင်။
၄။ ဦးတင် မြန်မာကုန်သည်ကြီးများအသင်းကိုယ်စားလှယ်။

၅။ ဒီးဒုတ်ဦးဘချို ဖေလီယံပါတီ ခေါင်းဆောင်။

၆။ ဦးကျော်ငြိမ်း ပြည်သူ့အရေးတော်ပုံပါတီ ကိုယ်စားလှယ်။

၇။ သခင်ဝတင် သခင်ပါတီ ကိုယ်စားလှယ်။

၈။ စောဘဦးကြီး Karen Ceneral Organization ကိုယ်စားလှယ်။

၉။ စောဘမောင် Karen Ceneral Organization ကိုယ်စားလှယ်။

၁၀။ ဦးချစ်မောင် The Press, Journalists and Authors.

၁၁။ ဗိုလ်ချုပ်အောင်ဆန်း စစ်သေနာပတိ၊ မြန်မာ့မျိုးချစ်တပ်မတော်။

၁၂။ သခင်သန်းထွန်း ကွန်မြူနစ်ပါတီနှင့် ဖတပလ ကိုယ်စားလှယ်

တို့ တက်ရောက်ကြပြီး အစည်းအဝေးတွင် ဥက္ကဋ္ဌ အဖြစ် ဦးဘဘော၊ အတွင်းရေးမှူး အဖြစ် သခင်သန်းထွန်းတို့ဆောင်ရွက်သည်။ အစည်းအဝေးတွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်က တင်ပြသောဝါဒနှင့် လောလောဆယ် လုပ်ငန်း အစီအစဉ်ကို အတည်ပြုခြင်း။

မြန်မာ့တပ်မတော်နှင့် ဂျပန်တို့ကို တိုက်ခိုက်ခဲ့သူများအား အမြဲတမ်း စစ်တပ်တစ်ခု ပြန်လည်ဖွဲ့စည်းရန် တောင်းဆိုခြင်းနှင့် တိုင်းပြည်ပြန်လည် ထူထောင်ရေး လုပ်ငန်းတွင် တိုင်းသူပြည်သားအားလုံးတို့ ညီညီညွတ်ညွတ် ပါဝင်ကြရန် တိုက်တွန်း နှိုးဆော်ခြင်းတို့ကို သဘောတူဆုံးဖြတ်သည်။

[နေသူရိန်မှတ်တမ်း၊ ရန်ကုန်။ သံတော်ဆင့်သတင်းစာတိုက်။ ၁၉၄၆။ စာ၂-၃။ နောင်ကိုးကားလျှင် နေသူ ရိန်မှတ်တမ်း ဟုညွှန်းမည်]

[နိုင်ငံရေးခေါင်းဆောင်များ အစည်းအဝေး R 7115/ DSHRC]

၇ ဇွန် ၁၉၄၅ ဗြိတိသျှတပ်များ က လောမြို့ကို သိမ်းပိုက်သည်။

[**Mountbatten’s Report,***P 163*]

၁၁ ဇွန် ၁၉၄၅ ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်သန်းထွန်းက ဗိုလ်ချုပ်အောင်ဆန်းအား မြစ်ဝကျွန်းပေါ်ရှိ မျိုးချစ်မြန်မာတပ်မတော် ဖျက်သိမ်းဖြစ်ရန် စာရေးသည်။

[၁၉၄၄ ခုနှစ် ဂျပန်ကိုခံချရန်စိုင်းပြင်းကြစဉ်က ကွန်မြူနစ်ပါတီ၏ ထုတ်ပြန်ကြေညာချက်။ ရန်ကုန်။ ဖ ဆပလ ပုံနှိပ်။ ၁၉၄၆ ။ စာ ၂၀-၂၆]

၁၃ ဇွန် ၁၉၄၅ ဗြိတိသျှလေတပ်က ရေးမြို့ မြောက်ပိုင်းသွားရောက်သည့် ဂျပန်စစ်ဘက် မီးရထားနှင့် မီးရထားလမ်းများကို ဗုံးကြဲချသည်။

[လူထုဦးလှ သတင်းစာများက ပြောပြတဲ့ စစ်ပြီးစ ဗမာပြည် ပထမတွဲ။ မန္တလေး ကြီးပွားရေးပုံနှိပ်။ ၁၉၆၉ ။စာ ၂၇။ နောင်ကိုးကားလျှင်လူထုဦးလှ စစ်ပြီးစ ဗမာပြည်(ပ) ဟု ညွှန်းမည်]

၁၄ ဇွန် ၁၉၄၅ ဗိုလ်ချုပ်အောင်ဆန်းက အရှေ့အာရှမဟာမိတ် စစ်သေနာပတိချုပ် မောင့်ဘက်တန်ထံ မြန်မာတပ်မတော်ကိုစ္စများနှင့် စပ်လျဉ်း၍ စာရေးသားပေးပို့သည်။

[**Burma Struggle Vol.I:** *PP 326 - 327*]

၁၅ ဇွန် ၁၉၄၅ ဗြိတိသျှ ပါလီမန် အထက်လွှတ်တော်က စက္ကူဖြူ စာတမ်းကို အတည်ပြုသည်။

■ ရန်ကုန်မြို့ ပြည်လမ်းရှိ ဂေါ့ဖ်ကစားကွင်း (ယခုတော်လှန်ရေး ပန်းခြံ)တွင် အောင်မြင်ခြင်း အထိမ်းအမှတ် တပ်ပေါင်းစုံ ဗိုလ်ရှုသဘင်၊ က ကျင်းပသည်။ ဗိုလ်ရှုသဘင်သို့ အရှေ့အာရှ စစ်သေနာပတိချုပ် မောင့်ဘက်တန် တက်ရောက်သည်။

[**Mountbatten’s Report,***P 203*]

[ လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၂၀-၂၅]

၁၆ ဇွန် ၁၉၄၅ ရန်ကုန်မြို့ အစိုးရအိမ်တော်၌ ဧည့်ခံပွဲသဘင် ကျင်းပသည်။ ယင်းအခမ်းအနားတွင် မောင့်ဘက်တန်က မိမိသည် စစ်သေနာပတိချုပ်အဖြစ် စစ်အုပ်ချုပ်ရေးနှင့်သာ သက်ဆိုင်၍ ရန်ကုန်မြို့ကြီး ပြန်လည်စည်ကားအောင် ပြုပြင်ရန်နှင့် ဂျပန်များကို မြန်မာပြည်မှ နှင်ထုတ်ရန်သာ တာဝန်ရှိကြောင်း။ နိုင်ငံရေးစကား အုပ်ချုပ်ရေးစကားတို့ကို ဘုရင်ခံ ဆာဒေါမန်စမစ် ကသာ ပြောနိုင်ကြောင်း ပြောကြားသည်။

[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ)။ စာ ၂၉-၃၀]

[**Mountbatten’s Report,***P 203*]

[**Burma Struggle Vol.I:** *PP -339 - 340*]

၁၈ ဇွန် ၁၉၄၅ မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါမန်စမစ်၏ ဖိတ်ကြားခံရသည့် မြန်မာခေါင်းဆောင်ကြီးများနှင့် ဖတပလ ဦးစီးအဖွဲ့ဝင်များ အစည်းအဝေးကျင်းပသည်။ (မြန်မာနိုင်ငံရေးခေါင်းဆောင်များ၏ဒုတိယအကြိမ်အစည်းအဝေးဖြစ်သည်။ ထိုအစည်းအဝေးတွင်

(က) စစ်အုပ်ချုပ်ရေးကို အမြန်ဆုံး ရုပ်စဲရန်။

(ခ) စစ်အုပ်ချုပ်ရေး ရုပ်ဆဲသည့်နှင့် ယာယီအမျိုးသားအစိုးရ ဖွဲ့ရန်။

(ဂ) ယာယီအမျိုးသား အစိုးရဖွဲ့ပြီး၍ တစ်နှစ်အတွင်းတွင် မြန်မာနိုင်ငံ အုပ်ချုပ်ရေး ရေးဆွဲမည့် အရွယ်ရောက်သူ ယောကျ်ားတိုင်း မိန်းမတိုင်းက ရွေးကောက် တင်မြှောက်သည့် တိုင်းပြုပြည်ပြုလွှတ်တော်ကြီး

ခေါ်ယူရန်

ဟူသော အချက် သုံးချက်ကို မြန်မာပြည်ခံအား ဖြေဆိုရန်နှင့် ဦးဘဘောက ဘုရင်ခံသို့ တာဝန်ယူ တင်ပြရန် သဘောတူသည်။
[နေသူရိန်မှတ်တမ်း စာ ၃–၄]

၂၀ ဇွန် ၁၉၄၅ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်က မြန်မာနိုင်ငံရေးခေါင်းဆောင်များကို ရန်ကုန်မြစ်တွင်းရှိ ကမ်ဘာလင် စစ်သင်္ဘော (H.M.S Cumberland) ပေါ်သို့ဖိတ်ကြားကာ မြန်မာပြည် နောင်ရေးအတွက် ဗြိတိသျှအစိုးရ၏ လျာထားချက်များကို ရှင်းလင်း ပြောကြားသည်။ မြန်မာနိုင်ငံရေးခေါင်းဆောင်များ၏ ကိုယ်စားလှယ် ဦးဘဘောက မြန်မာလူမျိုးတို့လိုလားချက် (မြန်မာပြည့်အတွက် မြန်မာဝါဒ) ကို ဘုရင်ခံသို့ ပေးအပ်သည်။
[ဘုရင်ခံမင်းကြီး ဆာရယ်ဂျီနယ် ဒေါ်မန်စမစ်မိန့်ခွန်း၊ ရန်ကုန်။ အစိုးရပုံနှိပ်။ ၁၉၄၅]
[မြန်မာ့အလင်း ၂၃–၆–၄၅]
[ဒီးဒုတ်ဂျာနယ်။ တွဲ ၁၉။ အမှတ် ၁။ စာ ၄–၆။ ၁၃–၈–၄၅]
[လူထုဦးလှ သတင်းစာများက ပြောပြတဲ့ စစ်အတွင်းဗမာပြည်စတုတ္ထတွဲ။မန္တလေးကြီးပွားရေးပုံနှိပ်။ ၁၉၆၈ ။စာ ၂၀၆။ နောင်ကိုးကားလျှင်လူထုဦးလှ စစ်အတွင်းဗမာပြည် (စ) ဟု ညွှန်းမည်]
[**Burma Struggle Vol.I:** *PP 339-340*]

၂၃ ဇွန် ၁၉၄၅ ပြန်သူ့ဌာန သတင်းနှင့် ပြန်ကြားရေးရုံးတါင် သတင်းစာဆရာများ အစည်းအဝေးကျင်းပပြီးလျှင် ပြန်ကြားရေးအရာရှိက မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်အနေဖြင့် မြန်မာနိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် မြန်မာလူမျိုးများသည် ဂျပန်တို့ဖိနှိပ်ချုပ်ချယ်မှုဘေးမှ လွတ်မြောက်လာပြီး ကိုယ်ပိုင်အခွင့်အရေးများ ရရှိသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်ဟု သိရှိရ၍ ဝမ်းသာကြောင်း၊ စစ်အုပ်ချုပ်ရေးကို အမြန်ဆုံးရုတ်သိမ်းရန် အတွက် မြန်မာလူမျိုးများက လိုလားနေကြသည်ဟု သိရှိကြရာ မိမိကလည်း မြို့ပြဆိုင်ရာအုပ်ချုပ်ရေးကို အမြန်ဆုံး ပြန်လည်ထူထောင်လိုသော ဆန္ဒပြင်းပြစွာရှိကြောင်း၊ သို့ရာတွင် မြန်မာပြည်တွင် တိုက်ပွဲများဖြစ်ပွားလျက်ပင် ရှိနေသေးသဖြင့် ချက်ချင်းပြန်လည် မထူထောင်နိုင်သေးကြောင်း ထို့ပြင် အရှေ့အာရှတောင်ပိုင်း စစ်သေနာပတိချုပ် မောင့်ဘက်တန်ကလည်း စစ်အုပ်ချုပ်ရေးကို အမြန်ဆုံး ရုတ်သိမ်းပြီး အခြေအနေသင့်တော်ကောင်းမွန်လာသည်နှင့် တစ်ပြိုင်နက် မြို့ပြအုပ်ချုပ်ရေး ပြန်လည်ထူထောင်ရန် များစွာ လိုလားလျက်ရှိကြောင်း များကို ပြောကြားသည်။
[မြန်မာ့အလင်း ၂၄–၆–၄၅]

■ ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်းလမ်း (ချာချီ) အမှတ် ၈ ဖတဖလဌာနချုပ်၌ မြန်မာခေါင်းဆောင်များ တတိယအကြိမ် အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် တစ်ဦးချင်း တွေ့ဆုံစဉ်က ပြောဆိုခဲ့သည်များကို ပြန်လည် ပြောကြားသည်။
[မြန်မာ့အလင်း ၂၆–၆–၄၅]
[နေသူရိန်စာတမ်း စာ ၄]

၂၄ ဇွန် ၁၉၄၅ ရဲဘော်သုံးကျိပ်ဝင် တစ်ဦး ဖြစ်သည့် ဗိုလ်မြင့်အောင်သည် နတ္တလင်းမြို့တွင် ကိုယ့်ကိုယ်သတ်သေသည်။
[ကျော်ငြိမ်း ရဲဘော်သုံးကျိပ်၊ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်။ဆရာ ၁၉၉၈။စာ ၉၃]

■ဂျပန်စစ်တပ်က မော်လမြိုင်ထောင်အတွင်းရှိ သခင်ဘိုးမဲ့ (ထားဝယ်)၊ သခင်သာဦးအပါအဝင် တော်လှန်ရေးရဲဘော် ၂၆ ဦးကို တေလေချောင်တောတွင်းသို့ခေါ်သွားပြီး သတ်ဖြတ်ကာ တွင်းတစ်တွင်းထဲတွင် မြုပ်နှံသည်။
[မြန်မာ့လင်း ၂၄–၉–၄၅/ ၅–၉–၄၇]
[သတင်းစုံဂျာနယ် တွဲ(၂)၊ အမှတ် (၂၇)၊ ၂၂–၈–၄၇၊ စာ ၁၂–၁၃]
[သခင်တင်မြဖက်ဆစ်ဂျပန်တော်လှန်ရေး စာ ၂၆၇]

၂၆ ဇွန် ၁၉၄၅ မြန်မာနိုင်ငံလုံးဆိုင်ရာ မျိုးချစ်အဖွဲ့ဥက္ကဋ္ဌ ဦးမြက ၁၀–၁၂–၄၂ ခုနှစ်က ကြေညာခဲ့သော မြန်မာနိုင်ငံ တစ်ဝှမ်းလုံးရှိ မျိုးချစ်အဖွဲ့ဟူသမျှ ဖျက်သိမ်းခြင်းအမိန့်ကို ရုတ်သိမ်းလိုက်ကြောင်း။ မျိုးချစ်အဖွဲ့ တည်မြဲတိုင်းတည်မြဲလျက်သာ ရှိသည်ဟု ကြေညာချက် ထုတ်ပြန်သည်။
[လူထုဦးလှစစ်ပြီးစဗမာပြည်(ပ) စာ ၃၉]

၂၈ ဇွန် ၁၉၄၅ ဗမာ့တပ်မတော်တပ်များ၏စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းနှင့် မဟာမိတ်တပ်အမှတ် ၄ တပ်မမှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး မက်ဆာဘီ (Lient General Messervy)တို့ ပူးတွဲကာ စစ်တောင်းမြစ်ဝှမ်းတစ်ဝိုက် စစ်ဆင်တိုက်ခိုက်နေသော ဗမာ့တပ်မတော် တပ်များအတွက် ညွှန်ကြားချက်များထုတ်ပြန်သည်။
[သခင်တင်မြဖက်ဆစ်ဂျပန်တော်လှန်ရေး စာ ၁၁၉–၁၂၅]

၂၉ ဇွန် ၁၉၄၅ မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါ်မန်စမစ်က ဗမာ့မျိုးချစ်တပ်မတော် Patriot Burma Forces [P.B.F] ဟူသည့် အမည်ကို သဘောတူသည်။
[လူထုဦးလှစစ်အတွင်းဗမာပြည်(စ) စာ ၃၉]

၃၀ ဇွန် ၁၉၄၅ ရန်ကုန်မြို့ စမ်းချောင်းရပ် တိုက်နံပါတ် ၁၃၈ ဗမာပြည်ကွန်မြူနစ်ပါတီ၌ အလုပ်သမားသမဂ္ဂများ ပြန်လည်ထူထောင်ရေးအတွက် အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် မြန်မာပြည်အလုပ်သမားသမဂ္ဂနှင့် သမဂ္ဂများ ပြည်လည်ထူထောင် ချဲ့ထွင်ဖွဲ့စည်းရန် ဖတပလအဖွဲ့ချုပ်နှင့် ဆက်သွယ်ရန် ဆုံးဖြတ်သည်။ ထို့နောက် အလုပ်သမားသမဂ္ဂ ယာယီ အလုပ်အမှုဆောင်အဖြစ်

ဥက္ကဋ္ဌ
သခင်ဗဟိန်း

ဒုဥက္ကဋ္ဌ
ဦးအောင်သိမ်း

အထွေထွေအတွင်းရေးမှူး
သခင်ဗတင် (သံတွဲ)

တွဲဖက်အထွေထွေအတွင်းရေးမှူး
သခင်ဗသာ

ဘဏ္ဍာရေးမှူး
သခင်သန်း (ဗမာ့စီးပွားရေး)နှင့်အဖွဲ့ဝင် ၆ ဦးတို့ကို ရွေးကောက်တင်မြှောက်သည်။
[မြန်မာ့အလင်း ၅–၇–၄၅]

ဇူလိုင်လ

၃၀ ဇွန်နှင့် ၃ ဇူလိုင် ၁၉၄၅ ကရင်ဆိုရှယ်ဆားဗစ်ကလပ် (Karen Social Services Club)ခေါ် ကရင်ပေါင်းသင်း ဆက်ဆံရေးအသင်းမှ ဦးစီး၍ ကရင်လူထုအစည်းအဝေးကို ရန်ကုန်မြို့၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၅၈၂ တွင် ကျင်းပသည်။ အစည်းအဝေးသို့ ဆာစီဖိုးစီ၊ စောဘဦးကြီး၊ ဆစ်ဒနီလူနီ၊ ကရင်လူငယ်များအစည်းအရုံးမှ ဗိုလ်ထွန်းစိန်၊ ဘုန်းကြီးဦးပဏ္ဍိဝံသ စသည့်ခေါင်းဆောင်များ တက်ရောက်သည်။ အစည်းအဝေးတွင် အောက်ပါ အချက် ၁၄ ချက်ကို ဆွေးနွေးဆုံးဖြတ်သည်။

၁။ မြန်မာပြည်သားများ လွတ်လပ်ရေး ရရှိသကဲ့သို့ ကရင်များလည်း ရရှိရန်။
၂။ မြန်မာနှင့်ကရင်များ ပေါင်းစည်း နေထိုင်သည့် အရပ်များတွင် ကရင်များ၏အခွင့်အရေးကို စောင့်ရှောက်ရန်။
၃။ တိုင်းပြည်ပြန်လည် ထူထောင်ရာ၌ ကရင်များအား အခြားလူမျိုးများကဲ့သို့ စီးပွားရေး အခွင့်အရေး များပေးရန်။
၄။ ကုန်သွယ်ရေးတွင် ကရင်များရသင့်ရထိုက်သော အခွင့်အရေးများ ရကြစေရန်။
၅။(က) ကရင်ဘဏ်ဖွင့်ရန်။
(ခ) ကရင်ရွာများတွင် ငွေစုဘဏ် ဖွင့်ရန်။
(ဃ) ကရင်ရွာ ပြန်လည် ထူထောင်ရန်။
၆။ ကရင်အများအပြား ရှိသောနယ်များတွင်ဖွင့်လှစ်သော နိုင်ငံခြားကုမ္ပဏီများတွင် ကရင်အစုစပ်များ ပါဝင်နိုင်ရန်။
၇။ ကိုးကွယ်သည့် ဘာသာ အတွက် စာအုပ် စာတမ်းများကို ရိုက်နှိပ်ထုတ်ဝေရန်။
၈။ ဂျပန်ခေတ်တွင် လူ့မသမာများ ဖျက်ဆီး၍ ပျက်စီးခဲ့သော ကရင် အဆောက်အဦများကို လျော်ကြေးပေးရန်။
၉။ ကရင်ဘာသာကို ဒုတိယ ဘာသာ အဖြစ် သတ်မှတ်ရန်။
၁၀။ ကရင်စာပုံနှိပ်တိုက်ထူထောင်ရန်။
၁၁။ ဂျပန်နှိပ်စက်၍ ပျက်ဆီးဆုံးရှုံးခဲ့ရသော ကရင်များကို ချီးကျူးရန်။
၁၂။ မြန်မာစစ်တပ်ထဲတွင် ကရင်စစ်တပ် အစိတ်အပိုင်း ပါဝင်ရန်။
၁၃။ ကရင်လူငယ်များကို လေတပ် ရေတပ်တွင် ပညာသင်ပေးရန်။
၁၄။ ကရင်လူငယ်များအား စာပုံနှိပ်လုပ်ငန်း၊ ဘဏ်လုပ်ငန်းသင်ကြားပေးရန်။

အစည်းအဝေးတွင် ကရင်အမျိုးသား ဟူသရွေ့ တစ်စုတစ်စည်းတည်း ပူးပေါင်းကာ ပါတီမရွေး၊ ဘာသာမရွေး၊ ကရင်အမျိုးသား ပါတီအသင်းအဖွဲ့တိုင်း ပါဝင်နိုင်မည့် အစည်းအရုံးကြီး တည်ထောင်ရန် ဆုံးဖြတ်သည်။ ထို့နောက် ကရင်ဗဟိုအဖွဲ့ (Karem Central Organization)ကို ဖွဲ့စည်းသည်။
[မြန်မာ့အလင်း ၈–၇–၄၅]
[ကရင်ပုံကန်သောင်းကျန်းမှု၊ ရန်ကုန်။ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ ပုံနှိပ်။ ၁၉၄၉။ စာ ၉]
[ဦးသန့် ပြည်တော်သာခရီး (ပထမပိုင်း) ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်။ ၁၉၆၁။ စာ ၇၉။ နောင်ကိုးကားလျှင် ဦးသန့် ပြည်တော်သာခရီး(ပ) ဟု ညွှန်းမည်]
[ဆရာသာထို ကရင်နှင့်နိုင်ငံရေး ပြဿနာ၊ ကရင်အမျိုးသား အစည်းအရုံးဌာနချုပ်ပုံနှိပ်။ ၁၉၄၈။ စာ ၁၁–၁၂။ နောင်ကိုးကားလျှင် ဆရာသာထို ကရင်နှင့်နိုင်ငံရေး ဟုညွှန်းမည်]

၄ ဇူလိုင် ၁၉၄၅ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် အတွင်းရေးမှူးသခင်သန်းထွန်းက ဖတပလအဖွဲ့ချုပ်၏ ကြေညာချက်ကို ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် ပြောင်းလဲလာသော အခြေ

အနေနှင့် လိုက်လျောညီထွေအောင် ဖတပလ အဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းနေကြောင်း အဖွဲ့ချုပ်၏စည်းမျဉ်းအရ အဖွဲ့လိုက်ဖြစ်စေ တစ်ဦးချင်းဖြစ်စေ ဝင်ရောက်နိုင်ကြောင်း ပါရှိသည်။
[မြန်မာ့အလင်း ၅-၇-၄၅]

■ရန်ကုန်မြို့နီစပယ်ရုံး ကော်မတီခန်းမ (ရန်ကုန်မြို့တော်ခန်းမ)တွင် မြန်မာပြည် ပြည်သူ့ဌာနအရာရှိချုပ် ဗိုလ်မှူးချုပ် ရန့်စ်၊ မြန်မာပြည်ဘုရင်ခံ၏ကိုယ်စားလှယ် မစ္စတာတီအယ်လ်ဟပ်ဟူးတို့က သတင်းစာဆရာများအစည်းအဝေးကို ကျင်းပသည်။ ရန့်စ်က မိမိ၏ပထမတာဝန်ဝတ္တရားမှာ ဂျပန်တို့အား တိုက်ခိုက် ချေမှုန်းအောင်မြင်ရန်ပင်ဖြစ်ကြောင်း၊ ဒုတိယတာဝန်ဝတ္တရားမှာ မြန်မာပြည်သူများလိုအပ်နေသည့် စားနပ်ရိက္ခာ၊ ဆေးဝါး၊ အဝတ်အထည်များ ရရှိရန်ဖြစ်ကြောင်း။ မစ္စတာဟပ်ဟူးက မြန်မာပြည် အနာဂတ် အုပ်ချုပ်ရေးနှင့်ပတ်သက်၍ စက္ကူဖြူစာတမ်းပါ၊ ဘုရင်ခံမိန့်ခွန်းများကို ရှင်းလင်းပြောကြားသည်။
[မြန်မာ့အလင်း ၆/၈-၇-၄၅]

၅ ဇူလိုင် ၁၉၄၅ ဖက်ဆစ်တော်လှန်ရေး စစ်ဦးစီးဌာနချုပ်ရုံး သည် နတ္တလင်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး အားမြိုင်လမ်း (လောင်းဝစ်လမ်း) တွင် မျိုးချစ်ဗမာ့တပ်မတော်၊ ဦးစီးဌာနချုပ်ကိုပြန်လည်ဖွဲ့စည်းသည်။
[မျိုးချစ်ဗမာ့တပ်မတော် စစ်ဌာနချုပ် အစီရင်ခံစာ၊ တပ်မတော်နေ့စာစောင်။ ၁၉၆၀။ စာ ၁၁၆]

၆ ဇူလိုင် ၁၉၄၅ ဗြိတိသျှ အမှတ် ၁၄ တပ်မကြီး၏အကြီးအကဲဒုတိယဗိုလ်ချုပ်ကြီး စလင်းက လန်ဒန်မြို့ရှိ ရိုက်တာသတင်းထောက်အား မြန်မာစစ်သည်တော်များသည် ဂျပန်တို့၏လက်နက်များနှင့် တိုက်နည်းစစ်ပရိယာယ်များကို အသုံးပြုပြီး ဂျပန်တို့အား တိုက်ခိုက်ကြရာ မြန်မာပြည်မှ ဂျပန်တို့အား မောင်းနှင်ထုတ်ရေးအောင်မြင်မှုတွင် အရေးပါ အရာရောက်စွာ ပါဝင်ကူညီကြကြောင်း ပြောကြားသည်။
[မြန်မာ့အလင်း ၇-၇--၄၅]

၈ ဇူလိုင် ၁၉၄၅ ရန်ကုန်မြို့တွင် ရခိုင်အမျိုးသားအစည်းအရုံး တည်ထောင်သည်။ အစည်းအရုံး၏ ရည်ရွယ်ချက်မှာ ရခိုင်အမျိုးသားတို့၏ အကျိုးစီးပွားကို စောင့်ရှောက်ရန်နှင့် မြန်မာပြည်နိုင်ငံရေးတွင် အားပေးကူညီဆောင်ရွက်ရန်ဖြစ်သည်။ အစည်းအရုံးဥက္ကဋ္ဌမှာ ဝတ်လုံ ဦးလှထွန်းဖြူ



အတွင်းရေးမှူးမှာ ဦးစိန်ထွန်းဖြူ ဖြစ်သည်။
[မြန်မာ့အလင်း ၁၁/၁၄-၇-၄၅]

■ ဂျပန်စစ်တပ်က မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကုလားကုန်းရွာမှ ယောက်ျားမိန်းမနှင့်ကလေး စုစုပေါင်း ၆၃၇ ဦးကို သေနတ်ဖြင့်ပစ်၊ လှံစွပ်နှင့် ထိုးကာ အစုလိုက်အပြုံလိုက် သတ်ဖြတ်သည်။
[ပြည်သူ့အာဏာဂျာနယ်။ ၃၀-၄-၄၇။ 'DR ၂၈၀၉]
[ရွှေကလောင် ခေတ်အလိုက် သတင်းစာများကို သုံးသပ်ကြည့်ရာဝယ်။ ?။ စာ ၁၀၉]
[အစ္စလမ်အလင်းမဂ္ဂဇင်း။ ဟစ်ဂျရီ ၁၄၀၀ပြည့်အထူးထုတ်။ အမှတ်၁၉။ မေ၊ ၁၉၈၀]

၁၇ ဇူလိုင် ၁၉၄၅ တို့ဗမာအစည်းအရုံးကြီးကို ပြန်လည်တည်ထောင်ကြောင်းကြေညာသည်။ အစည်းအရုံး၏ ခေတ္တတည်နေရာမှာ အမှတ်၅ ချမ်းသာလမ်း စမ်းချောင်းဖြစ်သည်။ တို့ဗမာအစည်းအရုံးကြီး၏ မူလထုံးတမ်း အစဉ်အလာ စည်းကမ်းချက်များအရ မြန်မာနိုင်ငံလုံးဆိုင်ရာ ညီလာခံ မကျင်းပမီ ယာယီအလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရာ
နာယကဥက္ကဋ္ဌ
သခင်ကိုယ်တော်မှိုင်း
ဒုတိယဥက္ကဋ္ဌ သခင်ညီ (ပြည်)
ဒုတိယဥက္ကဋ္ဌ သခင်လေးမောင်
အတွင်းရေးမှူး
သခင်ခင်မောင် (ကမာရွတ်)
တွဲဖက်အတွင်းရေးမှူး
သခင်ချစ်မောင် (သာယာဝတီ)
တွဲဖက်အတွင်းရေးမှူး
သခင်သင်(ပြည်) [သခင်ကိုယ်တော်မှိုင်း၏အတွင်းရေးမှူး]
ဘဏ္ဍာရေးမှူး သခင်ဗအေး
စည်းရုံးရေးမှူးသခင်ဗရင် (ရန်ကုန်)
အဖွဲ့ဝင် သခင်အေး
တို့ဖြစ်သည်။
[မြန်မာ့အလင်း ၁၈-၇-၄၅]
[လူထုဂျာနယ် တွဲ(၁)၊ အမှတ်(၂)။ ၁-၈- ၄၅]

၁၉ ဇူလိုင် ၁၉၄၅ ဂျပန်တပ်ဖွဲ့တစ်ဖွဲ့က ညောင်လေးပင်ရှိ အမှတ် ၁၇ အိန္ဒိယတပ်မအား တိုက်ခိုက်သည်။
[**Mountbatten's Report,** *P 172*]

၂၀ ဇူလိုင် ၁၉၄၅ ပဲခူးရိုးမတွင် ပိတ်မိနေသော ဂျပန်အမှတ် ၂၈ တပ်မတော်နှင့် အခြားဂျပန်တပ်များ ရန်ကုန်-မန္တလေး လမ်းမကိုဖြတ်ကာ စစ်တောင်းမြစ်ကို ဖြတ်ကူးရန်ကြိုးပမ်းသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၅၃]
[**Mountbatten's Report,** *P 172*]
[Slim **Defeat into Victory** *P 527*]

၂၀ နှင့် ၂၇ ဇူလိုင် ၁၉၄၅ ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဒုတိယအကြိမ်မြောက် ပါတီကွန်ဂရက် ကျင်းပသည်။ ညီလာခံတွင် ဗမာပြည်ကွန်မြူနစ်ပါတီကို ပြန်လည်ဖွဲ့စည်းသည်။ သခင်စိုးကို အိမ်ထောင်ရေး ပြဿနာကြောင့် အထွေထွေ အတွင်းရေးမှူး ရာထူးမှ ချထားပြီး ပါတီဝင်အဖြစ်မှ ၂ နှစ်ကြာရပ်စဲထားရန် ဆုံးဖြတ်သည်။ အိန္ဒိယနိုင်ငံ ရောက်နေသော ဦးသိန်းဖေ (စာရေးဆရာသိန်းဖေမြင့်) အား အထွေထွေ အတွင်းရေးမှူး အဖြစ် ရွေးကောက်တင်မြှောက်သည်။ ဦးသိန်းဖေ အိန္ဒိယမှ ပြန်မလာမီ သခင်မြသွင် (ဒေးဒရဲ) အား ခေတ္တအထွေထွေ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ရန် တာဝန်ပေးသည်။
[မြန်မာ့အလင်း ၂၈-၇-၄၅]
[သခင်တင်မြ ဘုံဘဝမှာဖြင့်၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ ၁၉၇၄၊ တစ်သက်တာစာပေ၊ စာ ၈၁၃/၈၂၁။ နောင်ကိုးကားလျှင် သခင်တင်မြ ဘုံဘဝမှာဖြင့် ဟု ညွှန်းမည်]

၂၂ ဇူလိုင် ၁၉၄၅ ဗိုလ်ချုပ်အောင်ဆန်း၏အိမ်တွင် မြန်မာ့သတင်းစာဆရာများနှင့် စာရေးဆရာများအား လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံသည်။ လက်ဖက်ရည်ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက သတင်းစာဆရာနှင့်စာရေးဆရာများသည် ပြည်သူတို့၏စိတ်ဓာတ်သဘောတရား၊ အယူအဆများကို ပြုပြင်ပေးနိုင်သူများဖြစ်၍ လူငယ်များ၏ စိတ်ဓာတ်ကို ပြုပြင်မြှင်တင်သည့် သဘောတရားများ၊ တိုးတက်သော သဘောတရားများ ရေးသားရန် မေတ္တာရပ်ခံသည်။ ထို့နောက် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့ပုံနှင့် မြန်မာပြည်တိုက်ပွဲများတွင် မျိုးချစ်မြန်မာ စစ်သည်တော်များ ပါဝင်တိုက်ခိုက်ခဲ့ပုံ မှတ်တမ်းစာရွက်များကို ဝေငှသည်။
[မြန်မာ့အလင်း ၂၄-၇-၄၅]

၂၃ ဇူလိုင် ၁၉၄၅ မြန်မာ့အမျိုးသားတပ်မတော်ကို မြန်မာမျိုးချစ်တပ်မတော်ဟု အမည်ပြောင်းသည်။
[**Mountbatten's Report,***P 173*]

၂၆ ဇူလိုင် ၁၉၄၅ ပို့စ်စဒမ်ကွန့်ဖရင့် (Potsdam Conference) ကျင်းပ၍ ပို့စ်စဒမ်ကြေညာချက်ကို ထုတ်ပြန်ကာ ဂျပန်နိုင်ငံ ချွင်းချက်မရှိ လက်နက်ချရန် တောင်းဆိုသည်။
[SULZBERGER **World War II**, *P 341*]

■ ဗြိတိသျှစစ်ဘက် အုပ်ချုပ်ရေးဌာနက နေဝင်မီးငြိမ်းအမိန့်ကို ထုတ်ပြန်သည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၃၇]

၂၇ ဇူလိုင် ၁၉၄၅ ကလီမင့်ရစ်ချက် အက်တလီ (Clement Richard Altlee)သည် အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်လာသည်။
[မြန်မာ့အလင်း ၂၉-၇-၄၅]
[မန္တလေးမြို့စစ်သတင်း။ ၂၈-၇-၄၅]
[Collier's, **Encyclopedia**,VoL 3. U.S.A, 1981, *PP 206-207*]

၂၈ ဇူလိုင် ၁၉၄၅ ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် ၈ ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗ.လ.စ လူငယ်ခေါင်းဆောင်များ၊ ခရိုင်တာဝန်ခံများ၊ ဗဟိုအမှုဆောင်များ မျက်နှာစုံညီအစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် ဗ.လ.စ စစ်ဝါဒနှင့် လောလောဆယ် လုပ်ငန်းများ ဆွေးနွေးသည်။
[မြန်မာ့အလင်း ၃၁-၇-၄၅]

၂၉ ဇူလိုင် ၁၉၄၅ ဂျပန်စစ်တပ်က မော်လမြိုင်ရေတွင်းကုန်းရွာမှ ကျောင်းအုပ်ကြီးရာမန်နှင့် အဖော် ၂၃ ဦးတို့အား ဗြိတိသျှသူလျှိုဟု စွပ်စွဲကာဖမ်းဆီးပြီး မော်လမြိုင်ထောင်ထဲတွင် ရေနှင့်ပက်စစ်ဆေးခြင်း၊ တုတ်နှင့်ရိုက်စစ်ဆေးခြင်း၊ ထုတ်တွင်ဆွဲပြီး စစ်ဆေးခြင်း အစရှိသဖြင့် မတရားသောနည်းလမ်းအမျိုးမျိုးဖြင့် ညှင်းပမ်းနှိပ်စက်သည်။
[သံတော်ဆင့်သတင်းစာ ၂၄-၅- ၄၆။ နောင်ကိုးကားလျှင် သံတော်ဆင့် ဟုညွှန်းမည်]

■ ဂျပန်နိုင်ငံက မဟာမိတ်နိုင်ငံတို့၏ ချွင်းချက်မရှိလက်နက်ချရန် ရာဇသံကို ငြင်းဆိုသည်။
[SULZBERGER **World War II**, *P341*]

၃၁ ဇူလိုင် ၁၉၄၅ ရခိုင်တိုင်းလုံးဆိုင်ရာအဖွဲ့ ခေါင်းဆောင်များဖြစ်သည့် ဦးအောင်ဇံဝေ (စစ်တွေ) ကသက ? ဥက္ကဋ္ဌ ဦးကျော်ရင်(သံတွဲ) တို့က ရခိုင်တိုင်းလုံးဆိုင်ရာ အဖွဲ့နှင့် ဖတပလ ဆက်သွယ်ပူးပေါင်းရန် ဆုံးဖြတ်သည်။
[မြန်မာ့အလင်း ၃၁-၇-၄၅]

## ဩဂုတ်လ

၁ ဩဂုတ် ၁၉၄၅ အဓိပတိ ဒေါက်တာဘမော် ဦးစီး၍ မုဒ္ဒုံကန်တော်ကြီးတွင် မြန်မာ့လွတ်လပ်ရေးနှစ်ပတ်လည် အောင်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပသည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၉၇]

၄ ဩဂုတ် ၁၉၄၅ ပက်သစ်လောရင့်စ် (Pethick Lourence) သည် အိန္ဒိယနှင့် မြန်မာနိုင်ငံ ဆိုင်ရာ အတွင်းဝန် ဖြစ်လာသည်။
[**Burma Struggle Vol.I:** *P XLVII*]

■ ပဲခူးရိုးမ ဖောက်ထွက်သွားသည့် ဂျပန်တပ်များ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းသို့ ရောက်ရှိသွားသည်။ ဇူလိုင် ၂၀ မှ ဩဂုတ် ၄ ရက်နေ့ အကြား ပဲခူးရိုးမမှ ဖောက်ထွက်လာသည့် ဂျပန်တပ်များမှ တပ်သားပေါင်း ၆၂၇၂ ဦးကျဆုံးသည်။ ဩဂုတ်လမှ စ၍ စစ်တောင်းမြစ်ဝှမ်းတိုက်ပွဲ ပြီးဆုံးသည်နှင့်အတူ မြန်မာပြည်တိုက်ပွဲ ပြီးဆုံးသည်။
[**Mountbatten's Report,***P 528*]
[Slim **Defeat into Victory** *P 173*]

၆ ဩဂုတ် ၁၉၄၅ အမေရိကန်နိုင်ငံက ဂျပန်နိုင်ငံ ဟီရိုရှီးမား (Hiroshima)မြို့ပေါ်သို့လူငယ်ကလေး Little boy အမည်ရှိ အနုမြူဗုံးကြဲချသည်။
[SULZBERGER **World War II**. *P 283*]

၈ ဩဂုတ် ၁၉၄၅ ဆိုဗီယက်ယူနီယမ်က ဂျပန်နိုင်ငံအား စစ်ကြေညာသည်။
[SULZBERGER **World War II**. *P 284*]

၈ ဩဂုတ်နှင့် ၉ ဩဂုတ် ၁၉၄၅ ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့လွတ်ရေး အဖွဲ့ချုပ်၏ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ကျင်းပသည်။ အစည်းအဝေးတွင် တကဲ့စည်းလုံးရေးကို ဆောင်ရွက်ရန်မူကို ဆုံးဖြတ်ချမှတ်သည်။
[နေသူရိန်စာတမ်း စာ ၅]

၉ ဩဂုတ် ၁၉၄၅ အမေရိကန်နိုင်ငံက နာဂဆာကီး Nagasaki မြို့ပေါ်သို့ လူဝကလေး Fat boy အမည်ရှိ အနုမြူဗုံးကြဲချသည်။
[SULZBERGER **World War II**. *P 283*]

■ ရန်ကုန်မြို့ ဗဟန်းရေတာရှည်လမ်း တို့ဗမာအစည်းအရုံးဌာနချုပ်တွင် အစည်းအဝေးကျင်းပရာ သခင်ကိုယ်တော်မှိုင်းက နာယက အဖြစ်ဆောင်ရွက်သည်။ အစည်းအဝေးတွင် သခင်လေးမောင်က တို့ဗမာအစည်းအရုံး၏ နိုင်ငံရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောပြသည်။
[မြန်မာ့အလင်း ၂၃-၆-၄၅]

၁၀ ဩဂုတ် ၁၉၄၅ ဂျပန်ကင်ပေတိုင်အဖွဲ့မှ ဆာဂျင်မေဂျာ ကေမိုစီ အီရိုနှင့်အခြား ၄ ဦးတို့က မုဒုံမြို့ အရှေ့မြောက် မိုင်အနည်းငယ်အကွာရှိ ရှမ်းစုနှင့်အခြားတစ်ရွာမှ ရွာသား



ခုနစ်ဦးကို သတ်ဖြတ်သည်။
[ဟံသာဝတီသတင်းစာ၁၆-၁၀-၄၆ နောင်ကိုးကားလျှင် ဟံသာဝတီ ဟု ညွှန်းမည်]

၁၁ ဩဂုတ် ၁၉၄၅ ဗြိတိသျှ ကင်းထောက်လေယာဉ်ပျံများ မုဒုံမြို့ပေါ် ပျံဝဲကြည့်ရှုသည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေမင်း စာ ၉၇]

၁၂ ဩဂုတ် ၁၉၄၅ ရန်ကုန်မြို့တွင် ဗမာ့မျိုးချစ်တပ်မတော် တိုင်းမှူးများ အစည်းအဝေး ကျင်းပပြီး တိုင်းပြည်အတွက်ကြေညာစာတမ်း နှင့် ဗမာ့တပ်မတော်၏နောင်ရေးအတွက် ဆုံးဖြတ်ချက်များကို ရေးဆွဲ ချမှတ်သည်။ တိုင်းပြည်အတွက် ကြေညာစာတမ်းတွင် ကမ္ဘာစစ်ကြီးပြီးသွားသော်လည်း မြန်မာ့လွတ်လပ်ရေးအရေးတော်ပုံကား မပြီးသေးသည့်အတွက် မြန်မာပြည်သူများညီညွတ်စွာဖြင့် ဖတပလအဖွဲ့ချုပ်အတွင်း ဝင်ရောက် ဆောင်ရွက်ရန် ပါရှိသည်။ ဗမာ့တပ်မတော်၏ နောင်ရေးအတွက် ဆုံးဖြတ်ချက်တွင် ပြည်သူ့ပြောက်ကြားများနှင့် မျိုးချစ်ဗမာ့တပ်မတော်သားများကို အခြေခံ၍ ဗမာ့တပ်မတော်သစ်ဖွဲ့စည်းရန် တိုင်းရင်းသားလူမျိုးများအလိုက် တပ်ရင်းများဖွဲ့၍ ယင်းတပ်များတွင် တိုင်းရင်းသားအရာရှိများက အုပ်ချုပ်ရန်တို့ ပါရှိသည်။
[မြန်မာ့အလင်း ၁၄-၈-၄၅]
[နေသူရိန်စာတမ်း စာ ၅-၆]

■ မုဒုံရှိ မြန်မာနိုင်ငံ စစ်ပြေးအစိုးရ အဓိပတိ ဒေါက်တာဘမော်၏ အိမ်အား မဟာမိတ်လေတပ်မှ စက်သေနတ်နှင့်ပစ် ဗုံးကြဲတိုက်ခိုက်သည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေမင်း စာ ၁၀၁-၁၀၂]
[သခင်နု ငါးနှစ်ရာသီဗမာပြည်၊ ရန်ကုန် မြန်မာ့အလင်းသတင်းစာပုံနှိပ်၊ ၁၉၄၆ စာ ၃၂၀-၃၂၂ ၊ နောင်ကိုးကားလျှင် သခင်နု ငါးနှစ်ရာသီ ဟုညွှန်းမည်]

၁၂ နှင့် ၁၅ ဩဂုတ် ၁၉၄၅ ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် ဗဟိုအစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ပြည်သူ့စည်းလုံးရေးကို စိုင်းပြင်းသည်။
[နေသူရိန်စာတမ်း စာ ၆]

၁၄ ဩဂုတ် ၁၉၄၅ စစ်ပြေးအစိုးရ အဓိပတိဒေါက်တာဘမော်က မြန်မာနိုင်ငံစစ်ပြေးအစိုးရ ဝန်ကြီးများကို ၎င်း၏အိမ်သို့ဖိတ်ခေါ်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ် အီတာရိအိရှိ (Itero Ishii)ပေးသောစာကို ဖတ်ပြသည်။ ထိုစာတွင် အနုမြူဗုံးကြဲခံရခြင်းနှင့် ရုရှက ဂျပန်ကိုစစ်ကြေညာ

ခြင်း တို့ကြောင့် ဂျပန်နိုင်ငံသည် လက်နက်ချရန် စဉ်းစားနေပြီဟုပါရှိသည်။
[သခင်နု ငါးနှစ်ရာသီဗမာပြည်စာ ၃၂၃]
[Ba Maw **Breakthrough in Burma: Memoirs of Revolution 1939-1946** London, Yale Universitypress 1968 P 403: hereafter cited as Ba Maw **Breakthrough in Burma.** ]

■ တိုကျို စစ်ကောင်စီသည် လက်နက်ချရေး မဲခွဲရာတွင် ရှုံးနိမ့်သည်။ ဂျပန်ဧကရာဇ် ဟီရိုဟီတိုက မဟာမိတ်တို့၏ ပြဋ္ဌာန်းချက်များကို လက်ခံသည်။
[SULZBERGER **World War II**. *P 118*]

၁၅ ဩဂုတ် ၁၉၄၅ စစ်ပြေးအစိုးရ အဓိပတိ ဒေါက်တာဘမော်သည် ယိုးဒယား–မြန်မာ သေမင်းတမန်မီးရထားလမ်းအတိုင်း မီးရထားဖြင့်ယိုးဒယားနိုင်ငံသို့ သွားရောက်သည်။
[Ba Maw **Breakthrough in Burma.** *P 296-404*]

၁၆ ဩဂုတ် ၁၉၄၅ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လွတ်လပ်သောမြန်မာပြည် (World Peace and Freee Burma) ကြေညာချက် ထုတ်ပြန်သည်။
[နေသူရိန်စာတမ်း စာ ၃၀–၃၅]

၁၆ နှင့် ၁၈ ဩဂုတ် ၁၉၄၅ ဖတပလအဖွဲ့ချုပ်တည်ရာ အမှတ် (၈) ကိုယ့်မင်းကိုယ့်ချင်းလမ်း (ယခုပန်းချီပန်းပုသင်တန်းကျောင်း)တွင် ဖတပလ က မြန်မာနိုင်ငံရေး ခေါင်းဆောင်များကို ဖိတ်ခေါ်၍ နိုင်ငံခေါင်းဆောင်များ စတုတ္ထအကြိမ်အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင်
(က) ကမ္ဘာစစ်ကြီး ပြီးဆုံးခြင်းနှင့် ပတ်သက်၍ မြန်မာပြည်၏ သဘောထား။
(ခ) မြန်မာ့ တပ်မတော်နှင့် ပတ်သက်သော သဘောထား။
(ဂ) နိုင်ငံ အုပ်ချုပ်ရေးနှင့် ပတ်သက်သော သဘောထား။
(ဃ) နိုင်ငံလုံးစည်းလုံးရေးနှင့် ပတ်သက်၍မည်ကဲ့သို့ ဆောင်ရွက်ရန်
စသည်တို့ကို ဆွေးနွေးဆုံးဖြတ်သည်။
[**Burma Struggle Vol.I**: *PP 52-53*]
[**New Burma in the new world**, P-37]
[နေသူရိန်စာတမ်း စာ ၆–၈]
[ဂျာနယ်ကျော် အုပ်တွဲသစ်၊ အတွဲ–၁၊ အမှတ်–၂။ စာ ၄။ ၂၅–၈–၄၅]

၁၉ ဩဂုတ် ၁၉၄၅ ဖတပလအဖွဲ့ချုပ်က ဦးစီး၍ ရန်ကုန်မြို့ကန်တော်ကြီးစောင်းရှိ နေသူရိန်ပြဇာတ်ရုံတွင် ပြည်သူ့အစည်းအဝေးပွဲကြီးတစ်ရပ် ကျင်းပသည်။ အစည်းအဝေးပွဲကြီးတွင်
မြန်မာပြည်တပ်မတော်အဆို။
တိုင်းပြုပြည်ပြုလွှတ်တော်အဆို။
မြန်မာတစ်နိုင်ငံလုံးညီညွတ်ရေးအဆို။
တို့ကို တင်သွင်း ဆုံးဖြတ်သည်။ ထို့နောက် ဖတပလ အဖွဲ့ချုပ်ကြီး အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းက ဖတပလအဖွဲ့ချုပ်စည်းမျဉ်းနှင့် အဖွဲ့ချုပ်ဗဟိုဦးစီးအဖွဲ့ဝင် ၃၆ ဦး၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။
[နေသူရိန်စာတမ်း စာ ၃၅–၆၁]
[မြန်မာ့အလင်း (အချပ်ပို)၂၁–၈–၄၅]
[သခင်တင်မြ ဖက်ဆစ်တော်လှန်ရေး စာ ၃၇၆–၃၉၈]

၂၀ ဩဂုတ် ၁၉၄၅ မြိတ်သို့ အမှတ် ၁၂ တပ်မတော်ဌာနချုပ် ဗိုလ်ချုပ်ကြီး စတော့ဖို့က မြန်မာနိုင်ငံရှိ ဂျပန်တပ်များ၏ စစ်သေနာပတိ ကီမူရာ (Lt. General Heitaro Kimura) အား အတိုက်အခိုက် ရပ်စဲပြီး လက်နက်ချရန် အမိန့်ပေးသည်။
[**Mountbatten's Report,** *P 182*]

၂၂ ဩဂုတ် ၁၉၄၅ စစ်ပြေးအစိုးရ အဓိပတိ ဒေါက်တာဘမော် ကမ္ဘောဒီးယားမှ ထိုင်ဝမ်ကျွမ်းသို့ လေယာဉ်ဖြင့် ထွက်ခွာသည်။
[Ba Maw **Breakthrough in Burma.***P 406* ]

၂၄ ဩဂုတ် ၁၉၄၅ မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါမန်စမစ်က မြန်မာပြည်သူပြည်သားတို့ထံ သဝဏ်လွှာ ပေးပို့သည်။
[မြန်မာ့အလင်း ၂၃–၆–၄၅]

၂၅ ဩဂုတ် ၁၉၄၅ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ အမှုဆောင်များ၏ ပထမအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် ၈ တွင်ကျင်းပသည်။ ဗိုလ်ချုပ်အောင်ဆန်းက အစည်းအဝေးတွင် နာယကအဖြစ် ဆောင်ရွက်၍ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းက အထွေထွေအစီရင်ခံစာကို ဖတ်ကြားသည်။ အစည်းအဝေးတွင် ဖတပလ ဗဟိုအလုပ်အမှုဆောင်အဖြစ်
ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း
အထွေထွေအတွင်းရေးမှူး
သခင်သန်းထွန်း
သခင်ချစ်
သခင်ဝတင်
ဦးကျော်ငြိမ်း

ဦးဘအုန်း
ဘဏ္ဍာရေးမှူး ဦးတင်
အဖွဲ့ဝင်
ဦးဘဘော
ဦးသိမ်းမောင်
ဦးမြ (ဟင်္သာတ)
ဦးမြ (ပျော်ဘွယ်)
ဦးသိန်းဖေ(စာရေးဆရာသိန်းဖေမြင့်)
သခင်ညီ
ဦးဘဂျမ်း (ကရင်ခေါင်းဆောင်)
ဦးအောင်ဇံဝေ (ရခိုင်ခေါင်းဆောင်)

တို့ကို အများသဘောတူ ရွေးကောက်သည်။ အထွေထွေအတွင်းရေးမှူးကို အမှုဆောင်အဖွဲ့မှ ရွေးကောက်ရန် သဘောတူသည်။ မြန်မာပြည် အနာဂတ်အုပ်ချုပ်ရေး စည်းမျဉ်းဆွဲရန်နှင့် နိုင်ငံခြားစာချုပ်များ ချုပ်ဆိုရန် စီစဉ်ရေးအတွက် အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းသည်။ ထို့ပြင် ဘဏ္ဍာရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ အမှုဆောင်များကိုလည်း ခန့်အပ်ဖွဲ့စည်းသည်။
[မြန်မာ့အလင်း ၂၆-၈-၄၅]
[ဂျာနယ်ကျော် အတွဲ-၁၊ အမှတ်-၃။ စာ ၁၃။ ၁-၉-၄၅]
[လူထုဦးလှ စစ်အတွင်းဗမာပြည်(၈) စာ ၂၈၇-၂၈၈]
[ဖ.ဆ.ပ.လ ဗဟိုဦးစီးအလုပ်အမှုဆောင်များအစည်းအဝေးမှတ်တမ်း။လက်ရေးမူ။ ၂၅-၈-၄၅။ DR 662/ *PP 31-35* ။နောင်ကိုးကားလျှင် ဖဆပလဗဟိုဦးစီးအစည်းအဝေးမှတ်တမ်း ဟုညွှန်းမည်]

၂၆ ဩဂုတ် ၁၉၄၅ ဆင်းရဲသားအကျိုးဆောင်အဖွဲ့ (ဖေဗီယန်) Fabian အစည်းအဝေးကျင်းပသည်။
[ဂျာနယ်ကျော် အတွဲ-၁၊ အမှတ်-၇။ စာ ၂၄။ ၂၉-၉-၄၅]

■ မြန်မာနိုင်ငံရှိ ဂျပန်တပ်များလက်နက်ချရေး သဘောတူညီချက်ရေးဆွဲရန်အတွက် ဂျပန်စစ်သူကြီး တေရာဥချိ (Field Marshal Hisaichi Terauchi)၏ ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီး နူမာတာ (Lt-Gereral Takazo Numata)ရန်ကုန်သို့ရောက်ရှိသည်။
[**Mountbatten's Report,** *P 184*]
[မြန်မာ့အလင်း ၂၉-၈-၄၅]
[ရွှေမန်းအောင်စည်စာစောင်။ အတွဲ(၁)၊ အမှတ်(၁၂)၊ ၂-၉-၄၅]

၂၇ ဩဂုတ် ၁၉၄၅ ရန်ကုန်မြို့တွင် အာရှအရှေ့တောင်ပိုင်း မဟာမိတ်စစ်ဌာနချုပ် ကိုယ်စားလှယ်များနှင့် ဒုတိယဗိုလ်ချုပ်ကြီး နူမာတာခေါင်းဆောင်သည့် ဂျပန်လက်နက်ချရေး ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးသည့်အခမ်းအနား ကျင်းပသည်။
[မြန်မာ့အလင်း ၂၉-၈-၄၅]
[**Mountbatten's Report,** *P 184*]

■ ဖဆပလအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေး ကျင်းပ၍ ဗမာ့တပ်မတော်အရေးဆွေးနွေးရန် ကန္ဒီကွန့်ဖရင့်တက်ရောက်မည့် ကိုယ်စားလှယ်များ ရွေးချယ်ရန် ဆွေးနွေးသည်။ အစည်းအဝေးမှ ကန္ဒီကွန့်ဖရင့် တက်ရောက်မည့် ကိုယ်စားလှယ်များအဖြစ်

၁။ ဗိုလ်ချုပ်အောင်ဆန်း
၂။ ဗိုလ်လက်ျာ
၃။ ဗိုလ်ဇေယျ
၄။ ဗိုလ်နေဝင်း
၅။ ဗိုလ်ဇော်မင်း (ဦးမောင်မောင်ကျော်ဝင်း)
၆။ ဗိုလ်ကျော်ဇော
၇။ ဗိုလ်မောင်မောင်
၈။ ဦးဘဘော
၉။ ကိုညိုထွန်း (ရခိုင်ကိုယ်စားလှယ်)
၁၀။ စောဘဦးကြီး (ကရင်ကိုယ်စားလှယ်)
၁၁။ သခင်သန်းထွန်း

[ဖယဆ.ပ.လအဖွဲ့ချုပ် အလုပ်အမှုဆောင်များအစည်းအဝေးမှတ်တမ်း (၁၉၄၅-၄၆) လက်ရေးမူ။ ၂၇-၈-၄၅။ စာ ၁-၂။ နောင်ကိုးကားလျှင် ဖဆပလ အစည်းအဝေးမှတ်တမ်း ဟုညွှန်းမည်]

၂၈ ဩဂုတ် ၁၉၄၅ မြန်မာနိုင်ငံသို့ လက်နက်ချရေး စေ့စပ်ရန် ရောက်ရှိလာသော ဂျပန်ဒုတိယဗိုလ်ချုပ်ကြီး နူမာတာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသည်။
[မြန်မာ့အလင်း ၂၉-၈-၄၅]

၂၉ ဩဂုတ် ၁၉၄၅ ဗြိတိသျှ အမှတ် ၁၂ တပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်ကြီးစတော့ဖို့က မျိုးချစ်ဗမာ့တပ်မတော်၏ စစ်သေနာပတိထံ ဂျပန်တို့ကို တိုက်ခိုက်ရာ၌ မျိုးချစ်တပ်မတော်ပါဝင် ကူညီမှုများအတွက် ချီးကြူးလွှာပေးပို့သည်။
[မြန်မာ့အလင်း ၃၀-၈-၄၅]

■ ရန်ကုန်မြို့တော်ခန်းမတွင် အရှေ့တိုင်းနှင့် အနောက်တိုင်း စစ်တိုင်းကြီးများ အစည်းအဝေး ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်မိန့်ခွန်းပြောကြားသည်။
[ဗိုလ်ချုပ်အောင်ဆန်း ဘားမားရဲ့လင် (တတိယအကြိမ်)။ ရန်ကုန်။ နွယ်နီပုံနှိပ်။ ၁၉၇၄။ စာ ၁၃-၆၄။ နောင်ကိုးကားလျှင် ဗိုလ်ချုပ်အောင်ဆန်း ဘားမားရဲ့လင် ဟုညွှန်းမည်]
[မြန်မာ့အလင်း ၃၁-၈-၄၅]

■ တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အစည်းအဝေး ကျင်းပပြီး ဆုံးဖြတ်ချက် နှစ်ရပ်ကို အတည်ပြုသည်။ ထိုဆုံးဖြတ်ချက် နှစ်ရပ်မှာ

၁။ မြန်မာပြည်တွင် ခုနစ်ကြာမျှ အုပ်စိုးသွားသော ဂျပန်တို့ ထုတ်ခဲ့သည့်ငွေစက္ကူများသည် မြန်မာ

တို့၏ချွေးနှင့် ရင်းနှီးရသော ငွေစက္ကူများ မြန်မာတို့၏ ကုန်ပစ္စည်းများကို ရောင်းချလိုက်ရသော ငွေစက္ကူများ ဖြစ်သောကြောင့် မဟာမိတ် လက်နက်နိုင်ငံကြီးများက ထိုငွေစက္ကူများအတွက် ဂျပန်ထံမှ လျော်ကြေးတောင်းခံပေးရန် တိုက်တွန်း နှိုးဆော်ကြောင်း။

၂။ နိုင်ငံပေါင်းချုပ် ကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့တွင် မြန်မာအမျိုးသား ကိုယ်စားလှယ်တစ်ယောက်ကို တစ်သီးတစ်ခြားအသိအမှတ်ပြုပါဝင်ခွင့်ပြုစေရန် မဟာမိတ်နိုင်ငံကြီး တို့အား တိုက်တွန်းကြောင်း။

[ဂျာနယ်ကျော်အတွဲ–၁၊ အမှတ်–၄။ စာ ၄။ ၈–၉–၄၅]

[ရွှေမန်းအောင်စည် စာစောင်၊ အတွဲ–၁၊ အမှတ်–၁၃။ စာ ?။ ၉–၉–၄၅]

## စက်တင်ဘာလ

၁ စက်တင်ဘာ ၁၉၄၅ ဖတပလ ဌာနချုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် သတင်းစာဆရာများ တွေ့ဆုံပွဲပြုလုပ်သည်။ ထိုသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်အောင်ဆန်းက ဖတပလ လုပ်ငန်းများနှင့် ပတ်သက်၍သတင်းဦးလျှင်ပြီးရော သဘောမျိုးဖြင့် ရေးသားခြင်း မပြုလုပ်ကြရန် နောက်အဖို့တွင် သတင်းစာဆရာများအစည်းအဝေး ကျင်းပပြီး ထုတ်ပြန်သင့်သည့် သတင်းများကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ သတင်းတစ်စုံတစ်ရာ မရပါက ဖတပလ တာဝန်ခံထံ လာရောက် စုံစမ်းပြီးမှ ထည့်သွင်းဖော်ပြသင့်ကြောင်း။ ဖတပလသည် နိုင်ငံအကျိုးအတွက် စီစဉ်လုပ်ကိုင်နေသောအခါဖြစ်၍ သတင်းစာများက နိုင်ငံအကျိုးအတွက် စည်းစောင့်ကြရန် ပြောကြားသည်။

[မြန်မာ့အလင်း ၂–၉–၄၅]

■ ပြည်သူ့လွတ်လပ်ရေး (ဆိုရှယ်လစ်ပါတီ) မြန်မာပြည်ကို အတိအလင်း စတင်တည်ထောင်သည်။

[ဥက္ကဋ္ဌသခင်မြ၏ အမှာစာ ဦးဗဆွေ ဆိုရှယ်လစ်မြန်မာပြည်ထူထောင်လေ့]

၂ စက်တင်ဘာ ၁၉၄၅ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆင်းရဲသားဝံသာနုအဖွဲ့အစည်းအဝေကို ကျင်းပ၍ ရန်ကုန်ခရိုင်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာဆင်းရဲသား ဝံသာနု အဖွဲ့ချုပ်ကြီး ပြန်လည်ထူထောင်ရန် ဆုံးဖြတ်သည်။

[မြန်မာ့အလင်း ၆–၉–၄၅]

■ ဂျပန်ပင်လယ်ကွေ့ အက်စ်အက်စ် မစ်ဇူရီ (S.S. Missouri) သင်္ဘောပေါ်တွင် ဂျပန်လက်နက်ချရေး စာချုပ်ကို လက်မှတ်ရေးထိုးသည်။

[SULZBERGER **World War II**. *P 286*]

၃ စက်တင်ဘာ ၁၉၄၅ ဂျပန်တပ်ဆုတ်ခွာရာပါသွားသည့် ဂျပန်ခေတ်အစိုးရအဖွဲ့ဝင်ဝန်ကြီးဦးနုနှင့် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌဟောင်း ဦးလှမောင်တို့ ရန်ကုန်သို့ ပြန်လည်ရောက် ရှိလာသည်။

[မြန်မာ့အလင်း ၂–၉–၄၅]

[ဒီးဒုတ်ဂျာနယ် အတွဲ(၁၉)၊ အမှတ်(၅)၊ ၁၀–၉–၄၅]

■ မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးလွတ်လပ်ရေးအဖွဲ့ချုပ် ဖွဲ့စည်းရန် ပဏာမအစည်းအဝေးကို ရန်ကုန်မြို့ ပဒုမ္မာလမ်း (ဘဒ္ဒလမ်း) အမှတ် ၈၁ တွင် ကျင်းပသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး လွတ်လပ်ရေးအဖွဲ့ချုပ်ကို ဖွဲ့စည်းသည်။ ရည်ရွယ်ချက်များမှာ

၁။ အမျိုးသမီးများအား စည်းရုံး၍ လူမျိုး တစ်မျိုးလုံး လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးနှင့် တိုးတက်ရေး လုပ်ငန်းများကို ဝင်ရောက်ဆောင်ရွက်ရန်။

၂။ အမျိုးသမီးများ၏ တရားဝင်အခွင့်အရေးများ ရယူရန်။

၃။ အမျိုးသမီးများအား စည်းရုံးဆောင်ရွက်မှုတွင် လေ့ကျင့်ပေးရန်။

၄။ အမျိုးသမီးများ လူမှုလုပ်ငန်းဆောင်ရွက်လိုစိတ် ရင့်သန်စေရန်တို့အတွက် ဖြစ်သည်။

ထို့နောက် အမှုဆောင်အဖွဲ့ဝင်များအဖြစ်

ဥက္ကဋ္ဌ ဒေါ်ခင်ခင်ကြီး

ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ကြီး

ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ကြည်

အတွင်းရေးမှူး ဒေါ်ခင်ကြည်ကြည်နှင့်အဖွဲ့ဝင် ၁၈ ဦး တို့အားခန့်အပ်သည်။

[မြန်မာ့အလင်း ၄/၆–၉–၄၅]

[ဂျာနယ်ကျော်အုပ်တွဲသစ်(၁)၊ အမှတ်(၄) စာ ၃။ ၈–၉–၄၅]

[ဒီးဒုတ်ဂျာနယ်၊ တွဲ(၁၉)၊ အမှတ်(၅)၊ စာ ၃၂။ ၁၀–၉–၄၅]

[လူထုဦးလှ စစ်အတွင်းစဗမာပြည်(စ) စာ ၂၄–၂၅]

[တက္ကသိုလ်ကြည်မာ မြန်မာအမျိုးသမီးလောက၊ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်။ ၁၉၇၅။ စာ ၅၆–၅၇။ နောင်ကိုးကားလျှင် တက္ကသိုလ်ကြည်မာမြန်မာအမျိုးသမီးလောက ဟုညွှန်းမည်]

၄ စက်တင်ဘာ ၁၉၄၅ မြန်မာကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်ရေးရာဆွေးနွေးရန် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ကန္ဒီမြို့သို့ ကလကတ္တားမှ တစ်ဆင့် သွားရောက်သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့

တွင် တပ်မတော်ကိုယ်စားလှယ် ၇ ဦး (ဗိုလ်အောင်ဆန်း၊ ဗိုလ်လကျာ်၊ ဗိုလ်နေဝင်း၊ ဗိုလ်ဇေယျ၊ ဗိုလ်ကျော်ဇော၊ ဗိုလ်မောင်မောင်၊ ဗိုလ်ဇော်မင်း) ပြောက်ကြားကိုယ်စားလှယ် ၂ ဦး (ကိုညိုထွန်း၊ သခင်သန်းထွန်း) အမျိုးသားကိုယ်စားလှယ် ၂ ဦး (ဦးဘဘော၊ စောဘဦးကြီးတို့ ပါဝင်သည်။
[မြန်မာ့အလင်း ၅–၉–၄၅]
[ဂျာနယ်ကျော် အုပ်တွဲသစ်၊ အတွဲ–၁၊ အမှတ်–၄။ စာ ၂၅။ ၈–၉–၄၅]

■ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ဗိုလ်လကျာ်တို့ ကလကတ္တားမြို့တွင် ဦးသိန်းဖေနှင့် တွေ့ဆုံဆွေးနွေးသည်။
[သိန်းဖေမြင့် စစ်တွင်းခရီးသည် စတုတ္ထအကြိမ်၊ ရန်ကုန်။ ပုဂံစာအုပ်တိုက်နှင့်ကုမာရပုံနှိပ်တိုက်၊ ၁၉၆၈။ စာ ၃၉၆။ နောင်ကိုးကားလျှင် သိန်းဖေမြင့် စစ်အတွင်းခရီးသည် ဟုညွှန်းမည်]

၆ စက်တင်ဘာ ၁၉၄၅ အာရှအရှေ့တောင်ပိုင်းစစ်သေနာပတိချုပ် မောင့်ဘက်တန်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာတပ်မတော်ရေးရာ ဆွေးနွေးပွဲ စတင်ကျင်းပသည်။
[**Burma Struggle Vol.I:** *PP 436-456*]

■ ဆင်းရဲသား အကျိုးဆောင်အဖွဲ့ Fabian အစည်းအဝေး ကျင်းပ၍ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်တို့ကို ထုတ်ပြန်သည်။ ထို့နောက်ယာယီအလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့သည်။ အတွင်းရေးမှူးများအဖြစ် ဦးသာဒင်နှင့် ဦးအုန်းမြင့်တို့ကို ခန့်အပ်သည်။
[ဂျာနယ်ကျော်အတွဲ–၁၊ အမှတ်–၇။ စာ ၂၄။ ၂၉–၉–၄၅]

၇ စက်တင်ဘာ ၁၉၄၅ အာရှအရှေ့တောင်ပိုင်းစစ်သေနာပတိချုပ် မောင့်ဘက်တန်နှင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်းတို့ ကန္ဒီသဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။
[**Mountbatten's Report,***P 206*]
[**Burma Struggle Vol.I:** *PP 456-459*]

■အာရှအရှေ့တောင်ပိုင်း စစ်သေနာပတိချုပ် မောင့်ဘက်တန်က ဗိုလ်ချုပ်အောင်ဆန်းအား မြန်မာ့တပ်မတော်တွင် ဒုတိယစစ်ဆေးရေး အရာရှိချုပ် (Deputy Inspector General) ရာထူးတွင် ဗိုလ်ချုပ်အဆင့် လစာ ၃၈၀၀ ဖြင့် ခန့်အပ်ရန် ၎င်းအဆိုပြုထားသည်ကို ဗြိတိသျှ အစိုးရက သဘောတူကြောင်း ပြန်ကြားထားသည်ကို ဗိုလ်ချုပ်အောင်ဆန်းအား အသိပေးသည်။
[**Burma Struggle Vol.I:** *PP 459-460*]

■ ကန္ဒီကွန်ဖရင့် တက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။
[ဂျာနယ်ကျော်အုပ်တွဲသစ်–၁၊ အမှတ်–၅။ စာ ၄။ ၁၅–၉–၄၅]

၈ စက်တင်ဘာ ၁၉၄၅ အာရှအရှေ့တောင်ပိုင်း စစ်သေနာပတိချုပ်မောင့်ဘက်တန်က မဟာမိတ်စစ်ဦးစီးချုပ်များထံ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်သို့ မြို့ပြရေးရာအုပ်ချုပ်ရေးတာဝန်များ လွှဲပြောင်းမည့်ကိစ္စအား အစီရင်ခံသည်။
[**Mountbatten's Report,***P 206*]
[**Burma Struggle Vol.I:** *PP 464-465*]

၁၀ စက်တင်ဘာ ၁၉၄၅ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ်တွင် သတင်းစာဆရာများ အစည်းအဝေးပွဲကျင်းပသည်။ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးဘဘောတို့က မြန်မာကိုယ်စားလှယ်အဖွဲ့ သီဟိုဠ်နိုင်ငံ ကန္ဒီမြို့သို့သွားရောက်ခဲ့သည့် အကြောင်းများကို ခရီးစဉ်နှင့်တကွ ရှင်းလင်းပြောကြားသည်။
[မြန်မာ့အလင်း ၁၁–၉–၄၅]

၁၂ စက်တင်ဘာ ၁၉၄၅ စင်္ကာပူမြို့ မြူနီစီပယ်ခန်းမကြီးတွင် အာရှအရှေ့တောင်ပိုင်း စစ်သေနာပတိချုပ်မောင့်ဘက်တန်ထံ တောင်ပိုင်းဒေသရှိ ဂျပန်တပ်များ လက်နက်ချသည့် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပသည်။
[**Mountbatten's Report,***P 186*]

■ ဗြိတိသျှ စစ်ဘက်ဆိုင်ရာ အုပ်ချုပ်ရေးဌာန မြန်မာပြည်မှ ဂျပန်ငွေစက္ကူများနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်သည်။ ဂျပန်ငွေစက္ကူများသည် တရားဥပဒေအရ သုံးစွဲနိုင်သော ငွေစက္ကူမဟုတ်ကြောင်း၊ ဂျပန်ငွေစက္ကူတို့အား မြန်မာပြည်ဗြိတိသျှစစ်ဘက်ဆိုင်ရာ အုပ်ချုပ်ရေးဌာနကသော်လည်းကောင်း၊ မြန်မာပြည်ရှိ မဟာမိတ် တပ်မတော်များကသော်လည်းကောင်း၊ လက်ခံလိမ့်မည် မဟုတ်ကြောင်း။ ထို့ပြင် မြန်မာပြည်အစိုးရ ပြန်လည်ဆိုက်ရောက်လာပါကလည်း လက်ခံလိမ့်မည် မဟုတ်ကြောင်း ဂျပန်ငွေစက္ကူများတွင် နံပါတ်မပါ အချည်းနှီးသက်သက်သာ ဖြစ်သည်ဟု ပါရှိသည်။

၁၃ စက်တင်ဘာ ၁၉၄၅ ရန်ကုန်မြို့ အစိုးရအိမ်တော်၌ မြန်မာပြည်ရှိ ဂျပန်စစ်တပ်များ၏ သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ကီမူရာ၏ လက်အောက်အရာရှိ ဗိုလ်ချုပ် အိချိဒါးနှင့် မြန်မာပြည်ရှိ ဗြိတိသျှအမှတ် ၁၂

တပ်မတော်မှ ဗိုလ်ချုပ်ကြီးစတော့ဖို့၏စစ်ဦးစီးအရာရှိချုပ် ဗိုလ်မှူးချုပ် အမ်းစထရောင်းသည် အရှေ့အာရှတောင်ပိုင်း စစ်သေနာပတိချုပ်ကိုယ်စား မြန်မာပြည်နယ်နမိတ်အတွင်းရှိ ဂျပန်လက်နက်ကိုင် ကြည်း၊ ရေ၊ လေ တပ်များ လက်နက်ချ၍ စစ်ရပ်စဲရန် စာချုပ်ကို လက်မှတ်ရေးထိုးသည်။

[လူထုဦးလှ စစ်ပြီးစဗမာပြည်(၁) စာ ၂၀-၂၅]

[**A Chronology of Burma's International Relation** ,1945-58, *P 1, hereafter cited as* **A Chronology of Burma's International Relation.**]

၁၄ စက်တင်ဘာ ၁၉၄၅ ဖတပလ အဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင် အစည်းအဝေးတွင် ကန္ဒီကိုယ်စားလှယ်အဖွဲ့၏ အစီရင်ခံစာကို ကြားနာဆွေးနွေးသည်။ ဖတပလ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့တပ်မတော်နှင့်ပတ်သက်၍ ကျေနပ်လောက်သော သဘောတူညီချက်ရရှိအောင် ဆောင်ရွက်နိုင်ကြသည့်အတွက် ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ရန် ဆုံးဖြတ်သည်။

[ဖဆပလအစည်းအဝေးမှတ်တမ်း စာ ၄-၅။ ၁၄-၉-၄၅]

[ကန္ဒီကွန်ဖရင့်အစီရင်ခံစာ DR 269/ DR 662]

၁၆ စက်တင်ဘာ ၁၉၄၅ သခင်စိုး အိန္ဒိယနိုင်ငံ ကလကတ္တားမြို့ရှိ ဦးသိန်းဖေရှိရာ ဘီဟာလာစခန်း သို့ရောက်ရှိသည်။

[သိန်းဖေမြင့် စစ်အတွင်းခရီးသည် စာ ၃၉၉]

■ ရန်ကုန်မြို့ အိုရီယမ်တယ်ကလပ် (ကန်တော်မိတ်သဘင်) တွင် စစ်အောင်ပွဲ ညစာစားပွဲ ကျင်းပသည်။ ညစာစားပွဲတွင် အာရှအရှေ့တောင်ပိုင်း မဟာမိတ် စစ်သေနာပတိချုပ် မောင့်ဘက်တန်က ဂျပန်တပ်တို့အား မျိုးချစ်မြန်မာ့တပ်မတော်က ပါဝင်တိုက်ခိုက်မှုကို ချီးကျူးစကားပြောကြားသည်။ ထိုပြင် မျိုးချစ်မြန်မာ့တပ်မတော်အား သစ္စာဖောက်သော စစ်တပ်ဟု ခေါ်ဝေါ်သုံးစွဲခြင်း မပြုရန် အမိန့်ထုတ်ခဲ့ကြောင်းနှင့် ၎င်းအနေနှင့် မြန်မာလူမျိုးများအပေါ် ယုံကြည် အားကိုးခဲ့ခြင်းမှာ မှန်ကန်ခဲ့ကြောင်း ပြောကြားသည်။ မျိုးချစ်မြန်မာ့တပ်မတော်မှ ဗိုလ်ချုပ်အောင်ဆန်းက မျိုးချစ်မြန်မာ့တပ်မတော်ကိုယ်စား ဂျပန်စစ်ဗိုလ်တစ်ဦးထံမှ သိမ်းဆည်းရရှိလိုက်သော ဂျပန်ဓားရှည်ကြီးကို မောင့်ဘက်တန်အားပေးအပ်သည်။

[လူထုဦးလှ စစ်ပြီးစဗမာပြည်(၁) စာ ၇၂-၇၃]

၁၇ စက်တင်ဘာ ၁၉၄၅ ရန်ကုန်မြို့ ပဒုမ္မာလမ်း အမှတ် ၈၁ ဒေါ်ခင်ခင်ကြီးနေအိမ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး လွတ်လပ်ရေးအဖွဲ့ချုပ် အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် စက်တင်ဘာ ၂၃ ရက်နေ့တွင် အမျိုးသမီးများ၏ မြို့လုံးကျွတ်အစည်းအဝေး ခေါ်ယူရန်နှင့် တင်သွင်းမည့်အဆိုများကို ဆုံးဖြတ်သည်။

[လူထုဦးလှ စစ်ပြီးစဗမာပြည်(၁) စာ ၈၀-၈၁]

[မြန်မာ့အလင်း ၁၉-၉-၄၅]

■မြန်မာလွတ်လပ်ရေး အမျိုးသမီး အဖွဲ့ချုပ်အမှုဆောင် အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် ဥက္ကဋ္ဌဒေါ်လှ ကျန်းမာရေးမကောင်း၍နုတ်ထွက်ခွင့်တောင်းလွှာကို လက်ခံသည်။ သင်းလုံးကျွတ် အစည်းအဝေး မကျင်းပနိုင်မီ

ဥက္ကဋ္ဌ ဒေါ်စောရှင်

ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လှ

အတွင်းရေးမှူး ဒေါ်စိုးမြင့်

တွဲဖက်အတွင်းရေးမှူး ဒေါ်မကြည်တို့အား ယာယီအမှုဆောင်များအဖြစ် ရွေးကောက်သည်။

[မြန်မာ့အလင်း ၂၆-၉-၄၅]

၂၀ စက်တင်ဘာ ၁၉၄၅ ရန်ကုန်မြို့ ကိုယ့်မင်းကိုယ်ချင်းလမ်း အမှတ် ၈ တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံး ဖွင့်ပွဲကျင်းပသည်။

[မြန်မာ့အလင်း ၂၁-၉-၄၅]

၂၂ စက်တင်ဘာ ၁၉၄၅ ဖတပလ ဗဟိုဦးစီးအဖွဲ့က မြန်မာနိုင်ငံဘုရင်ခံဆာဒေါ်မန်စမစ်ထံ

၁။ နိုင်ငံခြားရေး

၂။ ကာကွယ်ရေး

၃။ အဖွဲ့ချုပ်မှ ထောက်ခံသူကို အမှုဆောင်ခန့်ရန်

၄။ ကက်ဘိနက် အစိုးရ အနေဖြင့် အလုပ်လုပ်ရန်နှင့် ဘုရင်ခံ၏ ဗီတိုအာဏာကို အရမ်းမသုံးရန်။

၅။ ယာယီအစိုးရဖြစ်စေ နောင်လာမည့်အစိုးရဖြစ်စေ ဆောင်ရွက်ရမည့်လုပ်ငန်း ကြပ်တည်းအောင် မပြုလုပ်ရန် အချက်တို့ပါဝင်သည့် စာတစ်စောင်ပေးပို့သည်။

[**New Burma in the new world**, *PP-63-68*]

[လူထုဦးလှ စစ်ပြီးစဗမာပြည်(၁) စာ ၁၆၈-၁၆၉/၁၈၇]

၂၃ စက်တင်ဘာ ၁၉၄၅ ရန်ကုန်မြို့ ကန်တော်ကြီးရှိ မြင်ရုံကြီး၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး၏ မြို့လုံး

ကျွတ်အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် ဒေါ်ခင်ခင်ကြီး ဘီအေဘီအယ်လ် အက်စီအက်စ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဒေါ်ခင်ခင်ကြည် ဘီအေက အတွင်းရေးမှူး အဖြစ် ဆောင်ရွက်သည်။ အစည်းအဝေးတွင် ဥက္ကဋ္ဌဒေါ်ခင်ခင်ကြီးက ယခုအချိန်သည် အလွန်ပင် အရေးကြီးသောအချိန်ပင်ဖြစ်ကြောင်း၊ မြန်မာပြည်သည် စစ်ဘေး စစ်ဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရသဖြင့် ဒုက္ခအတိရောက်ခဲ့ကြောင်း။ အမျိုးသမီးများ စည်းရုံးကာ တိုင်းပြည်အတွက် နေရာတကာ လိုအပ်သည့်ကိစ္စများကို အကူအညီပေးရမည့်အချိန် ဖြစ်သည် စသည်ဖြင့် အမျိုးသမီးအဖွဲ့ချုပ်၏ ရည်ရွယ်ချက်ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။
[မြန်မာ့အလင်း ၂၅-၉-၄၅]

၂၄ စက်တင်ဘာ ၁၉၄၅ ဂျပန်ခေတ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သော သခင်မြ၊ သခင်လွန်းဘော်၊ ဦးထွန်းအောင်၊ ဦးလှဖေနှင့် သခင်အောင်ဇံဝေ၊ ဗိုလ်လရောင်၊ ဗိုလ်စိုးနိုင်တို့ မော်လမြိုင်မှ ရန်ကုန်မြို့သို့ ရောက်ရှိသည်။
[မြန်မာ့အလင်း ၂၇-၉-၄၅]

၂၅ စက်တင်ဘာ ၁၉၄၅ ဗိုလ်ချုပ်အောင်ဆန်းက အရှေ့ အရှေ့တောင်ပိုင်း မဟာမိတ် စစ်သေနာပတိချုပ် မောင့်ဘက်တန်အား မြန်မာတပ်မတော် ဒုတိယစစ်ဆေးရေးအရာရှိချုပ်ရာထူးတွင် ဗိုလ်မှူးချုပ်အဆင့်ဖြင့် ဆောင်ရွက်ရန် ကမ်းလှမ်းမှုအား စာဖြင့် ပြန်ကြားသည်။ ထိုပြန်စာတွင် မိမိ၏ ပုဂ္ဂိုလ်ရေးဆန္ဒအရ တပ်မတော်သားဘဝကို နှစ်ခြိုက်သော်လည်း မပြီးဆုံးသေးသော မြန်မာ့လွတ်လပ်ရေး လုပ်ငန်းစဉ်များကို ဆက်ဆက် ဆောင်ရွက်ရန်အတွက် တပ်မတော်ကို စွန့်ခွာမည်ဖြစ်ကြောင်း ပါရှိသည်။

၂၆ စက်တင်ဘာ ၁၉၄၅ ကရင်အမျိုးသားအစည်းအရုံး Karem National Association ဥက္ကဋ္ဌ စောဘာဒင်၊ အတွင်းရေးမှူး မန်းဘခင်၊ ကရင်ဆိုရှယ်ဆားဗစ် Karem Social Services ဒုတိယဥက္ကဋ္ဌ စောဘဦးကြီး၊ စောမြသိန်း၊ စောပွန်ဆင်ကန်ကြီးတို့က The Hono Memorial of Karem စာတမ်းကို လက်မှတ်ရေးထိုး၍ ဗြိတိသျှအစိုးရ မြန်မာနိုင်ငံဆိုင်ရာ အတွင်းဝန်ထံ ပေးပို့သည်။ [**Burma Struggle Vol.I:** *PP 492-497*]

၂၉ စက်တင်ဘာ ၁၉၄၅ ပြည်သူ့အာဏာဂျာနယ်စတင်ထုတ်ဝေသည်။

စက်တင်ဘာ ၁၉၄၅ ကွတ်ခိုင်မြို့တွင် ဒူဝါခွန်ဖုံဦးစီး၍ ရှမ်းပြည်ကချင်အမျိုးသားအဖွဲ့ Sammung Jinghpaw Mugnbaung Hpung ဖွဲ့စည်းသည်။ ရည်ရွယ်ချက်မှာ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းရန်ဖြစ်သည်။ ဥက္ကဋ္ဌ အဖြစ် ဒူဝါခွန်ဖုံ ဆောင်ရွက်သည်။
[မရမ်ဘောက်လာ ဆမားဒးဒူးဝါဆင်ဝါးနောင်။ ရန်ကုန်။ နေရီရိုပုံနှိပ်။ ၁၉၈၀ ။ စာ ၂၂၆-၂၂၇။ နောင်ကိုးကားလျှင် မရမ်ဘောက်လာ ဆမားဒူးဝါဆင်ဝါးနောင်ဟု ညွှန်းမည်]

## အောက်တိုဘာလ

၁ နှင့် ၃ အောက်တိုဘာ ၁၉၄၅ ကရင်ဗဟိုအဖွဲ့ချုပ် Karem Central Organization အစည်းအဝေးကို ကြည့်မြင်တိုင် ဦးလူနီလမ်း အမှတ် ၂ တွင် ကျင်းပသည်။ အစည်းအဝေးတွင် ကရင်ဗဟိုအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖြစ်
ဥက္ကဋ္ဌနှင့်ငွေထိန်း စောသာဒင်
လက်ထောက်ဘဏ္ဍာရေးမှူး
စောဘဦးကြီး
အတွင်းရေးမှူး
မန်းဘခင်
တွဲဘက်အတွင်းရေးမှူး
သရာသာထို
အဖွဲ့ဝင် စောမြသိန်း၊ မန်းဘခိုင် တို့အား ရွေးကောက်တင်မြှောက်သည်။ [**Burma Struggle Vol.I:** *PP 498-499*]

၆ နှင့် ၈ အောက်တိုဘာ ၁၉၄၅ ဖတပလ ဌာနချုပ်တွင် ဖတပလ ဗဟိုဦးစီးအဖွဲ့ ပထမအကြိမ်အစည်းအဝေးကို ကျင်းပသည်။ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း အစီရင်ခံသည့်ကန္ဒီသွား မြန်မာကိုယ်စားလှယ်အဖွဲ့၏ အစီရင်ခံစာကို သဘောတူလက်ခံသည်။ ဖတပလ အဖွဲ့ဝင်များ နိုင်ငံရေးကိစ္စနှင့်ပတ်သက်၍ ဘုရင်ခံသို့မဟုတ် ဗြိတိသျှကိုယ်စားလှယ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ဆွေးနွေး အတည်ပြုသည်။ ထို့နောက် အစည်းအဝေးမှ ဆုံးဖြတ်ချက် ၉ ရပ်ကို ချမှတ်ခဲ့သည်။
၎င်းတို့မှာ
၁။ တရုတ်ပြည်အရေး
၂။ အင်ဒိုချိုင်းနား အင်ဒိုနီးရှားအရေး
၃။ အပြစ်ဒဏ်ငြိမ်းချမ်းရေး
၄။ ဂျပန်ငွေစက္ကူများအား မူလတန်ဖိုးအတိုင်း ပြန်လည်ရုတ်သိမ်းသောနိုင်ငံက ဂျပန်နိုင်ငံမှ စစ်လျော်ကြေးတောင်းရေး
၅။ လူဝင်လူထွက်ဆိုင်းငံ့ထားရန်

၆။ စစ်ရာဇဝတ်ကောင်များအရေး
၇။ အရှေ့တိုင်းကော်မရှင်တွင် မြန်မာပြည်အဖွဲ့ဝင်အဖြစ်ပါရေး
၈။ မြန်မာပြည်ဘုရင်ခံ အနေဖြင့် ရာထူးအသစ်များ ခန့်ထားခြင်းကို ဆိုင်းငံ့ထားရေး
၉။ စစ်အုပ်ချုပ်ရေးကို တစ်ကြိမ်တစ်ခါတည်း ရုတ်သိမ်းရေး တို့ဖြစ်သည်။
[**New Burma in the new world**, *PP-68-72*]
[မြန်မာ့အလင်း ၇-၁၀-၄၅]
[ဂျာနယ်ကျော် အတွဲ(၁)၊ အမှတ်(၉)၊ စာ ၂၊ ၁၃-၁၀-၄၅]

၈ အောက်တိုဘာ ၁၉၄၅ ဖတပလ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး တတိယနေ့တွင် ဂျာနယ်ကျော်ဦးချစ်မောင် တင်သွင်းသည့် ဘိလပ်အစိုးရထံ အဖွဲ့ချုပ်ကြီးမှ ကိုယ်စားလှယ်သွားရောက်ဆွေးနွေးရန်အဆိုကို ခေတ္တဆိုင်းငံ့သည်။ ထို့နောက် ဘဏ္ဍာရေး စည်းမျဉ်းနှင့် အဖွဲ့ချင်း ပူးပေါင်းဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းတို့ကို အတည်ပြုသည်။
[ဂျာနယ်ကျော် အတွဲ(၁)၊ အမှတ်(၉)၊ စာ ၂၊ ၁၃-၁၀-၄၅]

■ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့တွင် ဗြိတိသျှစစ်ဘက်ဆိုင်ရာတို့က မြန်မာစစ်ပြေးအစိုးရ အဓိပတိဒေါက်တာဘမော်နှင့်ဇနီး သားတစ်ယောက် သမီးလေးယောက်နှင့် ယင်း၏လုံခြုံရေးအရာရှိ ဗိုလ်ရန်နိုင်တို့အား ဖမ်းဆီးသည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၃၅]

၉ အောက်တိုဘာ ၁၉၄၅ အာရှအရှေ့တောင်ပိုင်း မဟာမိတ်စစ်သေနာပတိချုပ် လော့ဒ်လူဝီမောင့်ဘက်တန် ရန်ကုန်မြို့သို့ ရောက်ရှိသည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၃၄]

၁၄ အောက်တိုဘာ ၁၉၄၅ ရွှေတိဂုံစေတီတော်တွင် လူထုအစည်းအဝေး ကျင်းပ၍ ရန်ကုန်မြို့တော်အုပ်ချုပ်ရေးကို စစ်အုပ်ချုပ်ရေးမှ မြို့ပြအုပ်ချုပ်ရေးသို့ အမြန်ဆုံး လွှဲပြောင်းပေးရန် တောင်းဆိုသည်။
[လက်ရုံးဂျာနယ်တွဲ(၁)၊ အမှတ်(၃)၊ စာ -၅။ ၁၈-၁၀-၁၉၄၅]

■ ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ်၈ တွင် အစည်းအဝေး တစ်ရပ်ကျင်းပသည်။ အစည်းအဝေး နာယကအဖြစ် ဆရာကြီးဦးဘလွင်က ဆောင်ရွက်၍ ဦးဘသန်း (သူရိယ)က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေးတွင် မြန်မာတရုတ် ယဉ်ကျေးမှုအသင်းကြီး ထူထောင်ရန် ဆုံးဖြတ်ပြီး အသင်း၏ နာယကနှင့် အမှုဆောင်လူကြီးများ ခန့်အပ်သည်။
[မြန်မာ့အလင်း ၁၇-၁၀-၄၅]

၁၅ အောက်တိုဘာ ၁၉၄၅ မြန်မာနိုင်ငံ စစ်တောင်းမြစ်အရှေ့ဘက်ရှိ တနင်္သာရီခရိုင်မှအပ ကျန်မြန်မာပြည် ဒေသများတွင် စစ်အုပ်ချုပ်ရေး ရပ်စဲသည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၃၅]
[နိုင်ငံလုံးဆိုင်ရာဖဆပလညီလာခံတွင် တင်သွင်းသော ဖဆပလအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး၏အစီရင်ခံစာ ၁၉၄၆၊ ဇန်နဝါရီ။ စာ ၅။ နောင်ကိုးကားလျှင် ဖဆပလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၏ အစီရင်ခံစာဟုညွှန်းမည်]

၁၆ အောက်တိုဘာ ၁၉၄၅ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ကလီယိုပတ်ထရာ H.M.S Cleopatra သင်္ဘောဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။
[**Mountbatten's Report,***P 161*]
[ဂျာနယ်ကျော် အတွဲ(၁)၊ အမှတ်(၁၀)၊ စာ ၁၊ ၂၀-၁၀-၄၅]

၁၇ အောက်တိုဘာ ၁၉၄၅ ရန်ကုန်မြို့တော်ခန်းမတွင် မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်အား မြို့သူမြို့သားများက ကြိုဆိုပွဲကျင်းပသည်။ ကြိုဆိုပွဲတွင် မြန်မာနိုင်ငံဘုရင်ခံက အပိုဒ်ပေါင်း ၇၉ ပိုဒ်ပါသော မိန့်ခွန်းကို ပြောကြားသည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၄၄-၁၄၇]

■ ဘုရင်ခံအိမ်တော်တွင် ည ၆နာရီအချိန်၌ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ် သတင်းစာဆရာများနှင့် တွေ့ဆုံသည်။
[သူရိယသတင်းစာ ၁၉-၁၀-၄၅။ နောင်ကိုးကားလျှင် သူရိယ ဟုညွှန်းမည်]

■ မြန်မာနိုင်ငံဘုရင်ခံက ဘုရင်ခံ ၏ အမှုဆောင်ကောင်စီ (ဝန်ကြီးအဖွဲ့)နှင့် ဥပဒေပြုလွှတ်တော်နှင့် စပ်လျဉ်းသည့်ကြေညာချက် ထုတ်ပြန်သည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၅၄-၁၅၅]

■ ဖတပလ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပ၍ မြန်မာနိုင်ငံ ဘုရင်ခံ၏ မြို့တော်ခန်းမတွင် ပြောကြားသော မိန့်ခွန်းနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။
[**New Burma in the new world**, *P-73-76*]
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၄၉]

■ ဦးသိန်းဖေ အိန္ဒိယနိုင်ငံ ကလကတ္တားမြို့မှ မြန်မာနိုင်ငံ ပြန်လည်

ရောက်ရှိသည်။
[သိန်းဖေမြင့်စစ်အတွင်းခရီးသည် စာ၂၇]
[သူရိယ ၁၉-၁၀-၄၅]

၁၈ အောက်တိုဘာ ၁၉၄၅ ဖတပလ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဖတပလဌာနချုပ်တွင် ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံ ဘုရင်ခံ၏ မိန့်ခွန်းမှာ နေသူရိန်ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်ကြောင်း၊ ဖတပလအဖွဲ့ချုပ်ကို သာမန်သဘောမျိုး သုံးနှုန်းထားကြောင်း ဆွေးနွေးသည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၅၃-၁၅၄]

■ မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါ်မန်စမစ်က မြန်မာပြည် အသံလွှင့်ရုံမှ မြန်မာပြည်သူ ပြည်သားများထံ အသံလွှင့် မိန့်ခွန်းပြောကြားသည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၅၅-၁၅၆]

၁၉ အောက်တိုဘာ ၁၉၄၅ ဖတပလဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံဘုရင်ခံက ဖတပလ ဦးစီးအဖွဲ့ဝင်ကိုယ်စားလှယ်များနှင့် တွေ့ဆုံလိုကြောင်းဖိတ်ကြားသည်နှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး ကိုယ်စားလှယ်လွှတ်ရန် သဘောတူ ဆုံးဖြတ်သည်။ ထို့နောက် ဘုရင်ခံနှင့်တွေ့ဆုံရန် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဦးဘဘေ၊ တို့အား ကိုယ်စားလှယ်အဖြစ် ခန့်အပ်သည်။ ထို့နောက် ဘုရင်ခံ၏ မိန့်ခွန်းကို ပြန်ကြားသည့် ဆုံးဖြတ်ချက်များကို အားလုံးသဘောတူ အတည်ပြုကာ ဒီဇင်ဘာလအတွင်း ညီလာခံသဘင်ကြီးကို ရန်ကုန်မြို့တွင် ကျင်းပရန် ဆုံးဖြတ်သည်။
[မြန်မာ့အလင်း ၂၀-၁၀-၄၅]

၂၀ အောက်တိုဘာ ၁၉၄၅ ဖတပလ ဦးစီးအဖွဲ့မှ ၁၇-၁၀-၄၅ တွင် ပြောကြားသည့် ဘုရင်ခံ၏မိန့်ခွန်းနှင့် စပ်လျဉ်း၍ ကြေညာစာတမ်းကို ထုတ်ပြန်သည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၆၃-၁၆၇]
[ဂျာနယ်ကျော် အတွဲ(၁)၊ အမှတ်(၁၁)၊ စာ ၄၊ ၂၇-၁၀-၄၅]
[**New Burma in the new world**, *P-73-76*]

■ ဖတပလအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံဘုရင်ခံနှင့် ဖဆပလ ကိုယ်စားလှယ်များ တွေ့ဆုံသည့် ကိစ္စရပ်များကို အစီရင်ခံသည်။ ထို့နောက် မြန်မာနိုင်ငံဘုရင်ခံ၏ စည်းကမ်းချက်များမှာ ကျေနပ်စရာမရှိလှသော်လည်း ဖတပလချမှတ်ထားသည့် စည်းကမ်းချက်အတိုင်းဖြစ်နိုင်မည်ဆိုလျှင် ဘုရင်ခံ၏အမှုဆောင်ကောင်စီ (ဝန်ကြီးအဖွဲ့) တွင် ပါဝင်ရန် ဆုံးဖြတ်ကြောင်း။ ထို့ပြင် အမှုဆောင်ကောင်စီသို့ ဝင်ရောက်မည့် ဖတပလ အဖွဲ့ဝင်များ လိုက်နာရန် စည်းကမ်းချက်များရေးဆွဲရန် ဦးချစ်မောင်၊ ဦးသိန်းဖေနှင့် ဒေါက်တာဆက်တို့အား ရွေးချယ်လိုက်ကြောင်း ဆုံးဖြတ်သည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၆၈]
[မြန်မာ့အလင်း ၂၁-၁၀-၄၅]
[သူရိယ ၂၁-၁၀-၄၅]

၂၃ အောက်တိုဘာ ၁၉၄၅ မျိုးချစ်မြန်မာတပ်မတော် ဖဆပလအဖွဲ့ချုပ်မှ နှုတ်ထွက်ကြောင်း ကြေညာသည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၇၉]

■ ဖတပလအဖွဲ့ချုပ်က ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ပါဝင်မည့် ဗဟိုဦးစီးအဖွဲ့ဝင်များအား ဗဟိုဦးစီးအဖွဲ့က သတ်မှတ်သော စည်းကမ်းချက်များကို ထုတ်ပြန်သည်။
[**New Burma in the new world**, *P-277*]

■ ဖတပလအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက ဖတပလအဖွဲ့ချုပ်သည် မြန်မာတစ်မျိုးလုံးအတွက် ဆောင်ရွက်ခဲ့ကြောင်း။ မြန်မာပြည်၏ အနာဂတ်အုပ်ချုပ်ရေးနှင့် စီးပွားရေးစသော ကြီးလေးသော တာဝန်ကြီးများကို ဆက်လက် ဆောင်ရွက်ရန် အဖွဲ့ချုပ်ရံပုံငွေအတွက် မြန်မာတစ်မျိုးသားလုံးက တတ်စွမ်းသမျှကူညီ ထည့်ဝင်ကြရန် တိုက်တွန်းကြောင်း ကြေညာချက် ထုတ်ပြန်သည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၅၈၂]

၂၄ အောက်တိုဘာ ၁၉၄၅ ဖတပလအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပပြီး ဘုရင်ခံ၏ အမှုဆောင်ကောင်စီသို့ ဝင်ရောက်မည့် ဖတပလ ဗဟိုဦးစီးအဖွဲ့ဝင် ၉ ဦးကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရာ
ဗိုလ်ချုပ်အောင်ဆန်း
ဦးဘဘေ
ဦးမြ (ပျော်ဘွယ်)
ဦးဘအုန်း
သခင်မြ
ဦးညိုထွန်း
ဦးရာဇတ်
ဦးသိန်းဖေ
ဦးအေးတို့ကို ရွေးချယ်ခဲ့ကြသည်။

အမှုဆောင်ကောင်စီသို့ တင်သွင်းရမည့် အမည်စာရင်းမှာ ၁၁ ဦးဖြစ်၍ ကျန်နှစ်ဦးကို ကရင်အမျိုးသား မန်းဘခင်နှင့် စောဘဦးကြီးတို့အား ပြိုင်ဘက်မရှိ ရွေးကောက် တင်မြှောက်သည်။

■ ရန်ကုန်မြို့ ယုဒသန်ကောလိပ်ဘွဲ့နှင်းသဘင် မျက်နှာစာတွင် အာရှအရှေ့တောင်ပိုင်း ဂျပန် စစ်သေနာပတိချုပ် ၏ ကိုယ်စား အမှတ် ၂၈ ဂျပန်တပ်မကြီးမှ ဗိုလ်ချုပ်ကြီး ကီမူရာ ခေါင်းဆောင်သော ဂျပန်စစ်ကိုယ်စားလှယ်အဖွဲ့က အာရှအရှေ့တောင်ပိုင်း မဟာမိတ်စစ်သေနာပတိချုပ် ကိုယ်စား မြန်မာပြည် ဗြိတိသျှ အမှတ် ၁၂ တပ်မကြီးမှ ဒုတိယဗိုလ်ချုပ်ကြီး စတော့ဖို့ အမှူးပြုသည့် မဟာမိတ် စစ်ကိုယ်လှယ်များ လက်သို့ "ဆာမူရိုင်း" ခေါ် ဂျပန်သူရဲကောင်းများ စွဲကိုင်သော ဓားရှည်များ အပ်နှင်းပွဲကျင်းပသည်။

■ ဖတပလအဖွဲ့ချုပ်မှ ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ပါဝင်မည့် ဗဟိုဦးစီးအဖွဲ့ဝင် ၁၁ ဦး၏အမည်စာရင်းကိုဘုရင်ခံထံ တင်သွင်းသည်။

[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၈၂–၁၈၃]

[မြန်မာ့အလင်း ၂၅–၁၀–၄၅]

[**Burma Struggle Vol.I:** *PP 522-525*]

[**New Burma in the new world**, *P-86-87*]

[ဖဆပလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၏ အစီရင်ခံစာ စာ?]

၂၅ အောက်တိုဘာ ၁၉၄၅ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်သည် မြန်မာပြည်အစိုးရ၏ အကြံပေးအရာရှိ ဦးတင်ထွဋ်ကို ဖတပလအဖွဲ့ချုပ်သို့ စေလွှတ်ပြီး အမှုဆောင်ကောင်စီတွင် အဖွဲ့ဝင် ၁၅ ဦးအစား ၁၁ ဦး သာ ခန့်ထားမည်ဖြစ်ကြောင်း။ အဆိုပါ ၁၁ ဦးအတွက် ဌာနများမှာ

၁။ ကျေးလက်တောရွာနှင့် လယ်ယာစိုက်ပျိုးရေးဌာန
၂။ လက်မှုစက်မှုနှင့် အလုပ်သမားဌာန
၃။ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဌာန
၄။ ပညာရေးဌာန
၅။ ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးဌာန
၆။ ရွေးကောက်ပွဲနှင့် ပြန်လည်ထူထောင်ရေး
၇။ ပြည်သူ့ကောင်းစားရေး
၈။ ပြည်ထဲရေးဌာန
၉။ ဘဏ္ဍာရေးနှင့်အခွန်တော်
၁၀။ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာန
၁၁။ တောင်တန်းနယ် အုပ်ချုပ်ရေးဌာန

အဆိုပါ ၁၁ ဌာနတွင် ဆာပေါ်ထွန်းအား ပြည်ထဲရေး မက္ကဒူးဂဲလ် Sir Raibert Mac Dougall အား ကာကွယ်ရေးနှင့် နိုင်ငံခြားရေး မစ္စတာပီးယားစ် Charles F Pearce အား တောင်တန်းနယ် အုပ်ချုပ်ရေးအတွက် ဘုရင်ခံက ရာထားပြီးဖြစ်ကြောင်း ဖတပလ ဦးစီးအဖွဲ့မှ တင်သွင်းသော အမည်စာရင်း ၁၁ ဦး အနက် ၇ ဦးသာ ဘုရင်ခံက လက်ခံမည် ဖြစ်ကြောင်းနှင့် အထူးသဖြင့် သခင်သိန်းဖေ မပါဝင်စေရန် မျှော်လင့်ကြောင်း ပြောကြားသည်။

[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၈၄–၁၈၅]

[ဂျာနယ်ကျော်၊ အတွဲ–၁၊ အမှတ်–၁၂။ စာ ၄။ ၃–၁၁–၄၅]

[**New Burma in the new world**, *P-91-93*]

■ ဖတပလ အဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပပြီး ဖတပလအဖွဲ့ချုပ်မှ ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ပြည်ထဲရေး ဝန်ကြီးဌာနကို ဖတပလမှ တင်သွင်းသည့် ပုဂ္ဂိုလ်များအနက် တစ်ဦးဦးကို လွှဲအပ်ရန်တောင်းဆိုချက်ကို၊ ဘုရင်ခံက လက်မခံသည့်အတွက် အဆိုပါ တောင်းဆိုချက်ကို လည်းကောင်း၊ ဘုရင်ခံ၏ အမှုဆောင်ကောင်စီအဖွဲ့တွင် ပါဝင်ရန် အမည်စာရင်းတင်သွင်းထားသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို လည်းကောင်း၊ ပြန်လည် ရုတ်သိမ်းရန် ဆုံးဖြတ်သည်။

[ဖဆပလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၏ အစီရင်ခံစာ စာ၁၆]

[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၈၄–၁၈၅]

၂၇ အောက်တိုဘာ ၁၉၄၅ မျိုးချစ်မြန်မာတပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးဘက်တွင် ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ပြီး မျိုးချစ်မြန်မာတပ်မတော်၏ စစ်သေနာပတိ ရာထူးမှ နုတ်ထွက်လိုက်ပြီဟု မြန်မာအသံလွှင့်ဌာနသတင်းတွင် ဖော်ပြသည်။

■ ဖတပလဌာနချုပ်၌ ဥက္ကဋ္ဌဗိုလ်ချုပ်အောင်ဆန်း၊ အတွင်းရေးမှူး သခင်သန်းထွန်းတို့နှင့် သတင်းစာဆရာများ အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးက ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးအခြေအနေများကို အသေးစိတ်ရှင်းပြသည်။ ထို့နောက် ဖတပလ အဖွဲ့ချုပ် ရှေ့လုပ်ငန်းစဉ်များအဖြစ် စည်းလုံးညီညွတ်ရေး၊ မြန်မာပြည်၏အခြေအနေမှန်ကို အင်္ဂလန်ပြည်သူများ သိရှိရေးနှင့် ပြည်သူများ

သက်သာချောင်ချိရေးတို့ကို ဆောင်ရွက်မည် ဖြစ်ကြောင်း ပြောကြားသည်။

■ ဂျပန်ခေတ် မြန်မာအစိုးရအဖွဲ့ဝင် သာသနာရေးနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီး ဗန္ဓုလဦးစိန် ယိုးဒယားနိုင်ငံမှ ရန်ကုန်သို့ ပြန်လည်ရောက်ရှိသည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၈၉-၁၉၀]

၂၈ အောက်တိုဘာ ၁၉၄၅ ဖတပလအဖွဲ့ချုပ် အလုပ်အမှုဆောင်အထူးအစည်းအဝေးကျင်းပ၍ လက်ရှိနိုင်ငံရေး အခြေအနေများကို ဆွေးနွေးသည်။ ထို့နောက်မြန်မာနိုင်ငံလက်ရှိနိုင်ငံရေးအခြေအနေများကို သတင်းစာဆရာများအား ရှင်းပြရန်နှင့်ပြည်သူများသိရှိအောင် ပြည်သူ့အစည်းအဝေးများ ကျင်းပပြီး ရှင်းလင်းပြောကြားရန် ဆုံးဖြတ်သည့် ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၈၉]
[**New Burma in the new world**, *PP 80-83*]
[ဖဆပလအစည်းအဝေးမှတ်တမ်း စာ ၂၆]

■ဖေဘီယန်အဖွဲ့ ဦးစီးအစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ဘုရင်ခံက ဖတပလ၏ တောင်းဆိုချက်ကို မလိုက်လျော၍ ဝမ်းနည်းကြောင်း၊ ဖတပလ၏ ဆုံးဖြတ်ချက်ကို မိမိတို့အဖွဲ့အနေနှင့် ထောက်ခံကြောင်း၊ အခြားနိုင်ငံရေးအဖွဲ့အစည်းများအားလုံး ဖတပလနှင့် ရေးကထက်ပို၍ သွေးစည်းရန် မေတ္တာရပ်ခံကြောင်းဆုံးဖြတ်သည်။
[မြန်မာ့အလင်း ၂-၁၁-၄၅]
[ဂျာနယ်ကျော်၊ အတွဲ-၁၊ အမှတ်-၁၂။ စာ ၂၅။ ၃-၁၁-၄၅]

၂၉ အောက်တိုဘာ ၁၉၄၅ ဖတပလ အဖွဲ့ချုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းက သတင်းစာဆရာများနှင့် အစည်းအဝေးကျင်းပပြီး ဖတပလအဖွဲ့ချုပ်သည် စည်းလုံးညီညွတ်စွာဖြင့် အပြင်အပမှနေပြီး တသမတ်တည်းဆောင်ရွက်မည် ဖြစ်ကြောင်း ပြောကြားပြီး လက်ရှိနိုင်ငံရေးအခြေအနေများကို သတင်းစာဆရာများအား ရှင်းလင်းပြောကြားသည်။
[မြန်မာ့အလင်း ၃၀-၁၀-၄၅]

၃၀ အောက်တိုဘာ ၁၉၄၅ မျိုးချစ်ပါတီခေါင်းဆောင်ကြီးများ အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ဖတပလအဖွဲ့ချုပ်အတွင်း ဝင်ရောက်ဆောင်ရွက်နေကြသော မျိုးချစ်ခေါင်းဆောင်များက ယနေ့မှစ၍ ဆက်လက်ဆောင်ရွက်ခြင်းမှ ရပ်စဲရန် ဆုံးဖြတ်သည်။ မျိုးချစ်အဖွဲ့ဝင် ဦးအေးနှင့် ဦးဘအုန်းတို့က ဖတပလအဖွဲ့ချုပ် အတွင်းရေးမှူးထံ ဖတပလမှ နှုတ်ထွက်စာများ ပေးပို့သည်။
[မြန်မာ့အလင်း ၁-၁၁-၄၅]

■ မြန်မာပြည်လုံးဆိုင်ရာ မျိုးချစ်အဖွဲ့များ၏ဥက္ကဋ္ဌ ဦးမြ(ဟသာ်တ)က ဖတပလအဖွဲ့ချုပ်ဥက္ကဋ္ဌထံ အစီရင်ခံစာပေးပို့သည်။ အစီရင်ခံစာတွင် မျိုးချစ်အဖွဲ့ ခေါင်းဆောင်များက မျိုးချစ်အဖွဲ့ကို ဖတပလမှ နှုတ်ထွက်ရန် တိုက်တွန်းကြောင်း။ ၎င်းက မထွက်လိုကြောင်း၊ ထိုပုဂ္ဂိုလ်များ သဘောကွဲလွဲပါက မျိုးချစ်အဖွဲ့မှ နှုတ်ထွက်မည်ဖြစ်ကြောင်း ဖတပလအဖွဲ့မှ ၎င်းက တစ်သီးပုဂ္ဂလအနေဖြင့် လက်ခံပါက ဆက်လက်ဆောင်ရွက်မည်ဟု ပါရှိသည်။
[ဦးမြထံမှ ဖ.တ.ပ.လအဖွဲ့ချုပ်ထံ အစီရင်ခံစာ ၃၀အောက်တိုဘာ၁၉၄၅]

၃၁ အောက်တိုဘာ ၁၉၄၅ မြန်မာနိုင်ငံအစိုးရက ဖတပလနှင့် ဘုရင်ခံ စေ့စပ်၍မရဘဲရှိခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းချက်ကို ထုတ်ပြန်သည်။
[**New Burma in the new world**, *P-106*]
[ဂျာနယ်ကျော်၊ အတွဲ-၂၊ အမှတ်-၁။ စာ ၆။ ၁၀-၁၁-၄၅]

■ ဖတပလအဖွဲ့ချုပ်က အစိုးရ၏ "ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် နှင့် ဘုရင်ခံ စေ့စပ်၍ရဘဲ ရှိခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းချက်" နှင့် စပ်လျဉ်း၍ "ဖတပလအဖွဲ့ချုပ်၏ချေပချက်" The League's Rejoinder ထုတ်ပြန်ကြေညာသည်။
[**New Burma in the new world**, *PP 83-85*]

အောက်တိုဘာ ၁၉၄၅ မြန်မာနိုင်ငံကရင်လူငယ်များအစည်းအရုံး Karen Youth Organization ကိုဖွဲ့စည်းသည်။
[**Burma Struggle Vol.I:** *P 462*]

## နိုဝင်ဘာလ

၁ နိုဝင်ဘာ ၁၉၄၅ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်က ဘုရင်ခံ၏ အမှုဆောင်ကောင်စီအဖွဲ့ (ဝန်ကြီးအဖွဲ့) ကိုခန့်အပ်သည်။ အဖွဲ့ဝင်များမှာ
ဆာပေါ်ထွန်း ပြည်ထဲရေး၊ နိုင်ငံရေးနှင့် တရားရေး ဌာန။
ဆာထွန်းအောင်ကျော် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန
ဦးပု လယ်ယာ စိုက်ပျိုးရေးနှင့် ကျေးလက်တောရွာစည်ပင်ရေးဌာန
ဦးအေး ကူးသန်းရောင်းဝယ်ရေးနှင့် ရိက္ခာဌာန

ဦးဘအုန်း –
ဦးရန်အောင် ပညာရေးဌာန
မန်းဘခင် ပေါင်းသင်းဆက်ဆံရေးနှင့် ကြီးပွားရေးဌာန
ဦးလွန်း လမ်းပန်းအဆောက်အဦနှင့် ပြန်လည်ထူထောင်ရေးဌာန
ဆာမဏ္ဍူးဂဲလ် ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာန
မစ္စတာပီးယားစ် တောင်တန်းနယ် အုပ်ချုပ်ရေး
[မြန်မာ့အလင်း ၂–၁၁–၄၅]

■ ရန်ကုန်မြို့ ဗဟန်း ရေတာရှည်လမ်း အမှတ် ၆၉ တို့ဗမာအစည်းအရုံးဌာနချုပ်တွင် သတင်းစာဆရာများ အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ဖ.တ.ပ.လအဖွဲ့ချုပ်သို့ တို့ဗမာအစည်းအရုံးမှ ပေးပို့လိုက်သော အဖွဲ့ချုပ်နှင့် ပူပေါင်းရန် ရုတ်သိမ်းလိုက်ကြောင်းစာကို သတင်းစာဆရာများအား ဝေငှသည်။
[မြန်မာ့အလင်း ၂–၁၁–၄၅]
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၁၉၉]

၂ နိုဝင်ဘာ ၁၉၄၅ ဗြိတိသျှပါလီမန်အောက်လွှတ်တော်တွင် အိန္ဒိယပြည်နှင့် မြန်မာပြည်ဆိုင်ရာ အတွင်းဝန် မစ္စတာ အာသာဟင်ဒါဆင်က မြန်မာပြည်အား စည်းကမ်း ကျနသော ဒီမိုကရေစီဝါဒအရ လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးကို အမြန်ဆုံးဖြစ်နိုင်သည့်အချိန်တွင် ရရှိအောင် ဆောင်ရွက်သွားမည်ဟု ပြောကြားသည်။
[မြန်မာ့အလင်း ၄–၁၁–၄၅]

၃ နိုဝင်ဘာ ၁၉၄၅ မြန်မာနိုင်ငံဘုရင်ခံ၏အမှုဆောင်(ဝန်ကြီး) အဖွဲ့ ကျမ်းသစ္စာကျိန်ဆိုသည်။
[မြန်မာ့အလင်း ၄–၁၁–၄၅]

■ ဖတပလ ဦးစီးအဖွဲ့ဝင်များဖြစ်သော ဒီးဒုတ်ဦးဘချို၊ သခင်ချစ်၊ ဦးသိန်းဖေတို့က ဖတပလဌာနချုပ်သို့ သတင်းစာဆရာများအား ဖိတ်ခေါ်၍ မြန်မာနိုင်ငံရေး အခြေအနေများ ရှင်းလင်းသည်။ ဖတပလအနေဖြင့် တိုင်းပြည် ပြန်လည် ထူထောင်ရေး၊ ပြည်သူများ သက်သာချောင်ချိရေး၊ ရွေးကောက်ပွဲဆောလျင်စွာ ကျင်းပနိုင်ရေး၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေး၊ စသောကိစ္စများကိုသာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် အစိုးရက ၎င်းတို့အကူအညီအလိုရှိက အပြင်အပမှနေ၍ နိုင်ငံအကျိုးငှာ အစွမ်းကုန် ကူညီဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ပြောကြားသည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၂၀၀]

၄ နိုဝင်ဘာ ၁၉၄၅ ရန်ကုန်မြို့ တာမွေ ကျိုက္ကဆံလမ်း အမှတ် ၂၂၅ တွင်
?
ဥက္ကဋ္ဌ ဒီးဒုတ်ဦးဘချို
ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီး (ဝန်ကြီးဟောင်း)
အထွေထွေအတွင်းရေးမှူး သခင်လွင်
ဒုတိယ အထွေထွေအတွင်းရေးမှူး သခင်လှကျွေ
ဘဏ္ဍာရေးမှူး ဦးတင်ညွန့်
[သခင်လှကျွေ ဒီးဒုတ်ဦးဘချိုနှင့်အလုပ်သမား ညီညွတ်ရေး၊ စာ ၂၀–၂၁]

၅ နိုဝင်ဘာ ၁၉၄၅ မြန်မာနိုင်ငံဘုရင်ခံ၏အမှုဆောင်ကောင်စီ (ဝန်ကြီး) အဖွဲ့ အစည်းအဝေး ကျင်းပသည်။
[**Burma Struggle Vol.I:** *P XLVII*]

၆ နိုဝင်ဘာ ၁၉၄၅ မြန်မာနိုင်ငံဘုရင်ခံ၏အမှုဆောင်ကောင်စီ (ဝန်ကြီး) အဖွဲ့ဝင်များ ဖြစ်ကြသော ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်၊ ဦးပု၊ ဦးအေး၊ ဦးဘအုန်း၊ ဦးရန်အောင်၊ ဦးလွန်းနှင့် မန်းဘခင်တို့က အမှုဆောင်အဖွဲ့ စည်းမျဉ်းဝါဒကို ထုတ်ဖော်ကြေညာသည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၂၀၄–၂၀၅]
[မြန်မာ့အလင်း ၆–၁၁–၄၅]

၁၀ နိုဝင်ဘာ ၁၉၄၅ မြန်မာနိုင်ငံဘုရင်ခံ၏ အစည်းအဝေး ခန်းမ၌ မြန်မာနိုင်ငံဘုရင်ခံ ဒေါ်မန်စမစ်က သတင်းစာဆရာများနှင့် တွေ့ဆုံဆွေးနွေးသည်။ ထိုသို့ဆွေးနွေးရာတွင် ဘုရင်ခံ၏အမှုဆောင် ကောင်စီကို မိမိသဘောအတိုင်း ဖွဲ့စည်းထားခြင်း ဖြစ်ကြောင်း။ မိမိသည် စက္ကူဖြူစာတမ်းအရ မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေး စီမံကိန်းကို အထမြောက်အောင်ဆောင်ရွက်သွားမည်ဟု ကြေညာသည်။
[မြန်မာ့အလင်း ၁၃–၁၁–၄၅]
[ဂျာနယ်ကျော်အတွဲ–၂၊ အမှတ်–၂။ စာ ?။ ၁၇–၁၁–၄၅]

၁၄ နိုဝင်ဘာ ၁၉၄၅ မြန်မာနိုင်ငံ အတွင်းဝန်ချုပ်က ဗြိတိသျှအစိုးရ မြန်မာနိုင်ငံအတွင်းဝန်ထံ စာတစ်စောင်ရေးသားပေးပို့သည်။ ထိုစာတွင် ၁၉၄၂ ခုနှစ်က ဂျပန်တပ်မတော်နှင့် မြန်မာ့လွတ်လပ်ရေးတပ်မတော် မုတ္တမမှ သထုံသို့ ချီတက်လာစဉ် သထုံခရိုင် ပေါင်မြို့နယ် သဲဖြူချောင်းရွာ (သထုံမှ ၃၃ မိုင်ကွာ) သူကြီး အဗ္ဗဒူရာရှစ် (A bdul Rashid) အား သထုံဘောလုံးကွင်း အတွင်း သတ်ဖြတ်မှုတွင် ဗိုလ်ချုပ်အောင်ဆန်းပါဝင် ပတ်သက်နေကြောင်း ဖော်ပြထားသည်။
[**Burma Struggle Vol.I:** *PP 52-*

*538-539/ 728*]

၁၅ နိုဝင်ဘာ ၁၉၄၅ သာယာဝတီ ဦးမောင်မောင်သည် ဘုရင်ခံ၏အမှုဆောင် ကောင်စီတွင် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။

[မြန်မာ့အလင်း ၁၈–၁၁–၄၅]

[**Burma Struggle Vol.I:** *P LI*]

၁၈ နိုဝင်ဘာ ၁၉၄၅ ဖတပလအဖွဲ့ချုပ်မှ ကြီးမှူး၍ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံတွင် မြန်မာပြည်မြန်မာလူမျိုးတို့၏ ဆန္ဒကိုပြသသော ပြည်သူ့အင်အားပြပွဲကြီးကို ကျင်းပသည်။ ပြည်သူ့အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ သခင်သန်းထွန်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ယနေ့ပြည်သူ့အစည်းအဝေးကြီးခေါ်ယူရခြင်းမှာ ဩဂုတ် ၁၉ ရက်နေ့က ကျင်းပခဲ့သော နေသူရိန်ပြည်သူ့အစည်းအဝေးကြီး ဆုံးဖြတ်ချက်အတိုင်း ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးက ဆောင်ရွက်ခဲ့သည်များကို အစီရင်ခံရန်နှင့် ရှေ့လုပ်ငန်းစဉ်များကို ပြဋ္ဌာန်းရန်တို့အတွက်ဖြစ်ကြောင်း။ အထူးသဖြင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးနှင့် ဘုရင်ခံတို့ ယာယီ အမျိုးသားအစိုးရ ထူထောင်ရေးကိစ္စတို့တွင် သဘောထားကွဲလွဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းသူပြည်သားများအား ရှင်းလင်းပြရန်နှင့် ရှေ့တွင်မည်သို့ စခန်းသွားသင့်သည်ကို ဆွေးနွေးရန်ပင် ဖြစ်ကြောင်း၊ မြန်မာတပ်မတော်ကိစ္စနှင့် ပတ်သက်၍ မြန်မာတပ်မတော် ဆက်လက်တည်ရှိရန် ကြိုးပမ်းခဲ့ရာ အောင်မြင်ကြောင်း။ မြန်မာတပ်မတော်သည် မြန်မာပြည် လွတ်လပ်ရေးလုပ်ငန်းအတွက် စွမ်းအားရှိသ၍ ဆောင်ရွက်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာတပ်မတော်၏ စစ်ရေးလုပ်ငန်းများသည် ပြီးဆုံးခဲ့ပြီ၊ မြန်မာတပ်မတော်သည် တာဝန်ကျေခဲ့ပြီ ဖြစ်ကြောင်း။ ယခုအခါ တပ်မတော်အပြင်ဘက်ရှိ နိုင်ငံရေးသမားများနှင့် တိုင်းသူပြည်သားများက ကျန်ရှိနေသေးသော လွတ်လပ်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်သာ ရှိတော့ကြောင်း။ ယာယီအမျိုးသားအစိုးရ ဖွဲ့စည်းရေးနှင့်ပတ်သက်၍ အဖွဲ့ချုပ်နှင့်ဘုရင်ခံ သဘောထားကွဲလွဲခဲ့ကြောင်း။ကျွန်ုပ်တို့နှင့်ဘုရင်ခံ သဘောကွဲလွဲရာတွင် ပုဂ္ဂိုလ်စွဲ သဘောနှင့်ချည်း ကွဲလွဲခဲ့သည့်မဟုတ်။ စနစ်သဘော ပေါ်လစီ သဘောဖြင့် ကွဲလွဲခဲ့ကြောင်း။ လက်ရှိနိုင်ငံရေး အခြေအနေကို သုံးသပ်ပြီးနောက် ရှေ့နိုင်ငံရေးအလားလာနှင့်လုပ်ငန်းစဉ်များကို ဆွေးနွေးလိုကြောင်း။ နိုင်ငံတွင်း၌ ညီညွတ်ရေးခိုင်မာအောင် ကြိုးပမ်း၍ မြန်မာလွတ်လပ်ရေး ရရှိရန်တောင်းဆိုချက်များကို တရားသဖြင့် ဆောင်ရွက်ရာတွင် အေးဆေးစွာ ဆောင်ရွက်မည်ဖြစ်ကြောင်း။ ဤကဲ့သို့ အေးဆေးစွာ ဆောင်ရွက်လိုသည့်အကြောင်းမှာ စစ်ဒုက္ခအမျိုးမျိုး ကျရောက်ခဲ့သည့်မြန်မာပြည်သူ ပြည်သားများကို ထောက်ထားညှာတာခြင်းသာ ဖြစ်ကြောင်း၊ ကြောက်ရွံ့၍မဟုတ်ကြောင်း ရှင်းလင်းစွာ သိစေလိုကြောင်း ပြောကြားခဲ့သည်။ သခင်သန်းထွန်းက နေသူရိန်လူထုအစည်းအဝေးမှ ရွှေတိဂုံအလယ်ပစ္စယံလူထုအစည်းအဝေးပွဲအထိ ဖတပလအဖွဲ့ချုပ် ဆောင်ရွက်ချက်များကို အစီရင်ခံဖတ်ကြားသည်။ ထို့နောက်လူထုအစည်းအဝေးကြီးမှ အဆို ၄ရပ်ကို တင်သွင်း ပြဋ္ဌာန်းရန် ဆုံးဖြတ်ခဲ့သည်။

ထိုအဆို ၄ ရပ်မှာ

၁။ ဘုရင်ခံ အမှုဆောင်အဖွဲ့

၂။ တိုင်းပြည်ပြုလွှတ်တော်

၃။ စီးပွားရေးနှင့်

၄။ ပြစ်ဒဏ်ငြိမ်းအေးရေး

ဖြစ်သည်။

[ပြည်သူ့အစည်းအဝေး၊ ရန်ကုန်။ သံတော်ဆင့်သတင်းစာပုံနှိပ်။ ၁၉၄၆။ စာ ၃–၇/ ၈–၂၄/ ၂၄–၄၂]

[ဂျာနယ်ကျော် အတွဲ(၂)၊အမှတ်(၃) စာ ၁၁]

[ဗမာ့ခေတ်သတင်းစာ ၂၁–၁၁–၄၅]

၂၄ နိုဝင်ဘာ ၁၉၄၅ ဖတပလအဖွဲ့ချုပ်ဦးစီးအဖွဲ့ အလုပ်အမှုဆောင် အစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင်

၁။ တစ်နိုင်ငံလုံးတွင် အစိုးရက အဖမ်းအဆီး အချုပ်အချယ်ပြုလုပ်လျက်ရှိခြင်းနှင့် ပတ်သက်သည့် အမှုတွဲများကို သေချာစွာ စီစဉ်၍ အဖွဲ့ချုပ်၏ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံဘုရင်ခံထံ သွားရောက်ဆွေးနွေးရန်။

ထို့သို့ဆွေးနွေးရာတွင်

(က) ရွေးကောက်ပွဲကိစ္စ

(ခ) ဘိလပ်သို့ ကိုယ်စားလှယ်လွှတ်မည့်ကိစ္စ

၂။ ရွေးကောက်ပွဲကိစ္စ ပြောသည့်အခါ နောက်အကျဆုံးအချိန်ကန့်သတ်ရန်။

၃။ ဗြိတိသျှပါလီမန် ဧပြီလတွင် မနားမီ ဘိလပ်သို့ ကိုယ်စားလှယ်လွှတ်ရန်။

၄။ ဖတပလ၏ နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်ကို ၁၇–၁–၄၆ မှစ၍ ကျင်းပရန်။

၅။ နိုင်ငံလုံးဆိုင်ရာ ကွန်ကရက်

ကို ရွှေတိဂုံဘုရား အလယ်ပစ္စယံတွင် ကျင်းပရန်။

၆။ မြန်မာ့လွတ်လပ်ရေး လုပ်ငန်းကြီးအတွက် ရန်ပုံငွေ နှစ်သိန်းကို ၁၉၄၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မတိုင်မီ အပြီးကောက်ရန်။

၇။ ဥပဒေပြုလွှတ်တော်သို့ တစ်ဦးချင်း ဖိတ်သည်ကို လက်မခံရန် ဤစည်းမျဉ်းသည် ဦးစီးအဖွဲ့ဝင်များနှင့်သာ ဆိုင်၍ အခြားပုဂ္ဂိုလ် တစ်ဦးချင်း ဝင်လိုက ဝင်ရန်။

၈။ ရွေးကောက်ပွဲ ကော်မတီ၊ အချက်အလက် စုဆောင်းရေး ကော်မတီ စသော အစိုးရဖွဲ့သည့်အဖွဲ့ငယ်များသို့ ဖတပလအဖွဲ့ဝင်များ ဝင်လိုက ဝင်ခွင့်ပြုရန်။

တို့ကို ဆုံးဖြတ်သည်။

[မြန်မာ့အလင်း ၂၈–၁၁–၄၅]
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ ? ]

၂၇ နိုဝင်ဘာ ၁၉၄၅ ဗြိတိသျှအမှတ် ၁၂ တပ်မကြီး၏ ခေတ္တအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး ရီဒဗလျူဆိုင်း (Lt- General Gearge W Symes) က ကန္ဒီသဘောတူညီချက်အတိုင်း မြန်မာပြည်တပ်မတော်သစ်တွင် မျိုးချစ်တပ်မတော်မှ တပ်မတော်သားများကို လက်ခံလျက်ရှိကြောင်း စစ်တပ်သစ်တွင် ပါဝင်မည့် မျိုးချစ်မြန်မာ့တပ်မတော်မှ စစ်သားဦးရေမှာ ကျန်းမာရေးဆေးစစ်အောင်မြင်သူများ ဦးရေအပေါ်တွင် တည်နေကြောင်း ပြောကြားသည်။

[မြန်မာ့အလင်း ၂၉–၁၁–၄၅]

■ လယ်ယာစိုက်ပျိုးရေးဌာန ဝန်ကြီးဦးပု ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော မဲဆန္ဒပေးခွင့် စုံစမ်းရေးကော်မတီ ဖွဲ့စည်းသည်။

[မြန်မာ့အလင်း ၂၉–၁၁–၄၅]

## ဒီဇင်ဘာလ

၁ ဒီဇင်ဘာ ၁၉၄၅ ဗိုလ်ချုပ်အောင်ဆန်း စစ်သေနာပတိအဖြစ် ဦးစီး၍ ပြည်သူ့ရဲဘော်အဖွဲ့ (Peoples' Volunteer Organization) ကိုဖွဲ့စည်းတည်ထောင်သည်။

[ပြည်သူ့ရဲဘော်အဖွဲ့ချုပ် ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်။ ရန်ကုန်။ ပြည်သူ့ရဲဘော်အဖွဲ့ချုပ်(မြန်မာနိုင်ငံ)ပုံနှိပ်။ ခုနှစ်မသိ။ စာ ၂။ နောင်ကိုးကားလျှင်ပြည်သူ့ရဲဘော်ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ် ဟုညွှန်းမည်]
[ပြည်သူ့ရဲဘော်ဂျာနယ်၊ တွဲ ၁၊ အမှတ် ၁။ ၁၅ မေ ၁၉၄၆။ စာ ၄–၆]

၄ ဒီဇင်ဘာ ၁၉၄၅ မြန်မာနိုင်ငံ ဆာဒေါ်မန်စမစ် မန္တလေးမြို့ကို လှည့်လည်ကြည့်ရှုသည်။ ဘုရင်ခံမန္တလေးမြို့တွင် ပြောကြားသော မိန့်ခွန်းတွင် ဖတပလအား တံခါးဖွင့်လျက်ပင် ရှိသေးကြောင်း ပါရှိသည်။

[မြန်မာ့အလင်း ၁၀–၁–၄၆]
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၃၁၅]

၇ နှင့် ၁၃ ဒီဇင်ဘာ ၁၉၄၅ ဗကပ ဗဟိုကော်မတီအစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် ဗကပ၏ နိုင်ငံရေးအစီရင်ခံစာကို တင်သွင်းသည်။

[ဂျာနယ်ကျော်အတွဲ–၂၊ အမှတ်–၆။ စာ ၁၀။ ၁၅–၁၂–၄၅]
[သန်းထွန်းဖက်ဆစ်ကျွန်ဘဝမှ လွတ်လပ်ရေးသို့။ရန်ကုန်။ နေဝင်းကြည်ပုံနှိပ်။ ၁၉၄၆။ စာ ?။ နောင်ကိုးကားလျှင် သန်းထွန်းဖက်ဆစ်ကျွန်ဘဝဟုညွှန်းမည်]

၁၃ ဒီဇင်ဘာ ၁၉၄၅ ပတပလ အဖွဲ့ချုပ် အမှုဆောင်အစည်းအဝေးတွင် အဖွဲ့ချုပ်၏ အမည်အတိုကောက်ကို ဖဆပလဟု ခေါ်ရန်အတည်ပြု ဆုံးဖြတ်သည်။

[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ ၃၅–၃၆ ]

■ ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌဗိုလ်ချုပ်အောင်ဆန်းက မြန်မာပြည်သူတို့အား ဖဆပလ၏ ဆောင်ရွက်ရန် လုပ်ငန်းများအတွက် ရန်ပုံငွေထည့်ဝင်လှူဒါန်းရန် တိုက်တွန်းနှိုးဆော်သည်။

[မြန်မာ့အလင်း ၁၃–၁၂–၄၅]

၁၄ ဒီဇင်ဘာ ၁၉၄၅ ဗိုလ်ချုပ်အောင်ဆန်းအား ရိုက်တာ သတင်းထောက်က မြန်မာနိုင်ငံဘုရင်ခံ၏ မန္တလေး မိန့်ခွန်းတွင် ဖဆပလအတွက် တံခါးဖွင့်ထားပါသည်ဟု ပါရှိကြောင်း။ ဖဆပလသည် ဘုရင်ခံ၏အမှုဆောင်ကောင်စီ ၁၁ နေရာတွင် ၇ နေရာကို ငြင်းပယ်ခဲ့ကြောင်း ယခု ကျန်နေသော ၃ နေရာကို မည်ကဲ့သို့ လက်ခံမည်နည်းဟု ပြောကြားသည်။

[**Burma Struggle Vol.I:** *P 568*]

၁၅ ဒီဇင်ဘာ ၁၉၄၅ ဖဆပလအဖွဲ့ချုပ်ကိုယ်စားလှယ်များ မြန်မာနိုင်ငံဘုရင်ခံနှင့် တွေ့ဆုံရာ ဖဆပလကိုယ်စားလှယ်များ ဘိလပ်သို့ သွားရောက်ရေး စီစဉ်ပေးရန် တင်ပြရာ မြန်မာနိုင်ငံဘုရင်ခံက ခရီးစဉ်များ စီစဉ်ပြုလုပ်ပေးဖို့ နည်းလမ်းထုံးတမ်းတကျစာတစ်စောင်ရေးသား ပေးပို့ရန် ဦးဘဘေအား မှာကြားသည်။

[**Burma Struggle Vol.I:** *PP 520-573*]
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ

၃၁၅]

၁၇ ဒီဇင်ဘာ ၁၉၄၅ ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌဗိုလ်ချုပ်အောင်ဆန်းက အမေရိကန် သမ္မတ ထရူးမင်းထံ လက်အောက်ခံ နိုင်ငံကလေးများ၏ လွတ်မြောက်ရေးကိစ္စတွင် အမေရိကန် သမ္မတ ထုတ်ပြန်ကြေညာခဲ့သည့် အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝါဒအရ ဦးစီးခေါင်းဆောင်ကာ ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံသည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၂၅၆]

၂၀ ဒီဇင်ဘာ ၁၉၄၅ ဖဆပလ အလုပ်အမှုဆောင် အစည်းအဝေးတွင် ဦးဘဘော၊ ဦးကျော်ငြိမ်း၊ ဦးညိုထွန်းတို့က မြန်မာနိုင်ငံ ဘုရင်ခံနှင့် သွားရောက် တွေ့ဆုံသည့်အကြောင်း အစီရင်ခံစာ တင်သွင်းသည်။ ဘုရင်ခံက အင်္ဂလန်သို့ ဖဆပလကိုယ်စားလှယ် လွှတ်ရန်နှင့်ပတ်သက်၍ ဗြိတိသျှအစိုးရက လွယ်လွယ်ကူကူနှင့် သဘောတူမည် မထင်ကြောင်း။ ခရီးသွားရန် သင်္ဘော လေယဉ်ပျံ အစရှိသည့်တို့ရရန် ခဲယဉ်းကြောင်း၊ ၎င်းကိုယ်တိုင်က မကန့်ကွက်လိုကြောင်း ဗြိတိသျှအစိုးရသို့ အဖွဲ့ချုပ်က အခွင့်တောင်းစာကို ပေးလျှင် ၎င်းကပို့ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ အစည်းအဝေးမှ အင်္ဂလန်သို့ ကိုယ်စားလှယ်စေလွှတ်ရန် ပုဂ္ဂိုလ် ၇ ဦး ရွေးရန်သဘောတူ ဆုံးဖြတ်သည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ ၃၇–၃၈]

၂၃ ဒီဇင်ဘာ ၁၉၄၅ ဖဆပလအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များက မြန်မာ့အရေးကို ဘိလပ်သို့သွား၍ အရေးဆိုရန်အတွက် ရန်ပုံငွေ ၂ သိန်းကို ရပ်ကွက်တိုင်း အိမ်တိုင်းစေ့ လိုက်ကောက်ခံမည်ဟု ကြေညာသည်။
[မြန်မာ့အလင်း ၂၃–၁၂–၄၅]
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၂၆၁]

၂၆ ဒီဇင်ဘာ ၁၉၄၅ ဖဆပလ အမှုဆောင်အဖွဲ့က ပြန်တမ်းထုတ်ပြန်၍ ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်အား အတိုကောက်အားဖြင့် ဖဆပလ ဟုခေါ်ဝေါ်သုံးစွဲရန် ကြေညာသည်။
[မြန်မာ့အလင်း ၂၆–၁၂–၄၅]
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၂၆၃]

၂၇ ဒီဇင်ဘာ ၁၉၄၅ ဖဆပလအဖွဲ့ချုပ်အမှုဆောင်အစည်းအဝေး ကျင်းပပြီး ပြည်လုံးကျွတ်ညီလာခံ ကိစ္စရပ်များ ဆွေးနွေးသည်။ ထို့နောက်ဘိလပ်သွားသည့်အခါ ဆောင်ရွက်ရန်လိုအပ်သည်တို့ကို ပြင်ဆင်ရန်သခင်သန်းထွန်းအား တာဝန်လွှဲအပ်သည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ ၃၉–၄၂]

၂၈ ဒီဇင်ဘာ ၁၉၄၅ ဖဆပလဗဟိုဦးစီးအဖွဲ့၏ လစဉ်အစည်းအဝေးပွဲကျင်းပသည်။ အစည်းအဝေးတွင် နာယက ဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံရေးအခြေအနေများကို ရှင်းလင်းပြောကြားပြီး တိုင်းပြည်က ဖဆပလကိုအားပေးကြောင်း။ မိမိတို့ကလည်း တိုင်းသူ ပြည်သားများအပေါ် ယုံကြည်ပြီးဖြစ်၍ ဒီမိုကရေစီနည်းအရ အေးချမ်း သာယာသော နည်းဖြင့် လွတ်လပ်ရေးရအောင် ကြိုးစားမည်ဖြစ်ကြောင်းပြောကြားသည်။အတွင်းရေးမှူးသခင်သန်းထွန်းက အထွေထွေအစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။ ထို့နောက် အထက်မြန်မာပြည်သွားအဖွဲ့ အစီရင်ခံစာ၊ မော်လမြိုင်သွားအဖွဲ့ အစီရင်ခံစာ၊ ဗမာမွတ်စလင်ကွန့်ဖရင့်အကြောင်း အစီရင်ခံစာ၊ ငွေနှစ်သိန်းကောက်ခံခြင်း အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် နိုင်ငံလုံးဆိုင်ရာ ညီလာခံကိစ္စများကို ဆွေးနွေး အတည်ပြုသည်။
[မြန်မာ့အလင်း ၂၉–၁၂–၄၅]
[လူထုဦးလှ စစ်ပြီးစ ဗမာပြည်(ပ) စာ ၂၆၅/၂၇၀–၂]

■ ဖဆပလအဖွဲ့ချုပ် အတွင်းရေးမှူး သခင်သန်းထွန်းက မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်ထံ စာတစ်စောင်ပေးပို့သည်။ ထိုစာတွင် ဖဆပလကိုယ်စားလှယ်များ အင်္ဂလန်နိုင်ငံသွားရေးအတွက် လေကြောင်းခရီးစီစဉ်ပေးရန်နှင့် ခရီးစဉ်၏ ရည်ရွယ်ချက်မှာ စက္ကူဖြူစီမံကိန်းအစား ဖဆပလအဖွဲ့ချုပ်၏စီမံကိန်းများကို ဗြိတိသျှအစိုးရနှင့် ပါလီမန်နှင့် ဗြိတိသျှ ပြည်သူတို့အား တင်ပြရန်ဟူ၍ ပါရှိသည်။
[ဗေယျာမောင်စက္ကူဖြူပြဇာတ်(ခေါ်)မြန်မာ့နိုင်ငံရေးအခြေပြ။(ဒုတိယအကြိမ်)။ ရန်ကုန်။ ပြည်တော်ကျက်သရေပုံနှိပ်။ ၁၉၇၈။ စာ ၂၀၄–၂၀၅။ နောင်ကိုးကားလျှင် ဗေယျာမောင်စက္ကူဖြူပြဇာတ်ဟုညွှန်းမည်]
[**Burma Struggle Vol.I:** *PP 577-578*]
[မြန်မာ့အလင်း ၁၀–၁–၄၆]

၂၉ ဒီဇင်ဘာ ၁၉၄၅ ဖဆပလအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့လစဉ် အစည်းအဝေး ဒုတိယနေ့ကို ဖဆပလဌာနချုပ်တွင် ကျင်းပသည်။ အစည်းအဝေးတွင် အင်္ဂလန်သို့ ကိုယ်စားလွှတ်ရန်ကိစ္စအဆိုကို ဆွေးနွေးကြသည်။ အင်္ဂလန်သွား ကိုယ်စားလှယ်ရွေးရန်အတွက် နိုင်ငံလုံးဆိုင်ရာညီလာခံသို့ ရွှေ့ဆိုင်းလိုက်ပြီး ဘိလပ်သွား ကိုယ်စားလှယ်များအတွက် စည်းမျဉ်း စီစဉ်ရေးဆွဲရန် တာဝန်ပေးအပ်သည်။ ထို့နောက် အရှေ့တိုင်းညီလာခံသဘင်ကိစ္စကို အလုပ်

အမှုဆောင်အဖွဲ့မှ စီမံရန် ဆုံးဖြတ်သည်။
[လူထုဦးလှ စစ်ပြီးစ ဗမာပြည်(ပ) စာ ၂၆၉–၂၇၀]

၃၁ ဒီဇင်ဘာ ၁၉၄၅ မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါ်မန်စမစ်က ဥပဒေပြုလွှတ်တော်အဖွဲ့ဝင် ၃၄ ဦးကို ရွေးချယ်ခန့်အပ်သည်။
[မြန်မာ့အလင်းအချပ်ပို ၁–၁–၄၆]

ဒီဇင်ဘာ နောက်ဆုံးအပတ် ၁၉၄၅ ဂျပန်ခေတ် မြန်မာနိုင်ငံအစိုးရ အဓိပတိ ဒေါက်တာဘမော် တိုကျိုမြို့သို့ သွားရောက်၍ ဗြိတိသျှတပ်ဖွဲ့မှ ဗိုလ်မှူးကြီးဖစ်ဂျက်စ် Colonel Figesse ထံ လက်နက်ချသည်။
[Ba Maw **Breakthrough in Burma.** *P 413* ]

၁
၉
၄
၆

၁ ဇန်နဝါရီ ၁၉၄၆ အရှေ့အာရှတောင်ပိုင်း မဟာမိတ် စစ်သေနာပတိချုပ် မောင့်ဘက်တန်က ကြေညာချက်အမှတ် ၁ ကို ထုတ်ပြန်ကြေညာ၍ ဗြိတိသျှ စစ်အုပ်ချုပ်ရေး ရုတ်သိမ်းကြောင်းကြေညာသည်။
[**Burma Struggle Vol.I:** *PP 579*]
[**Mountbatten's Report,** *P 207*]

■ မြန်မာ့မျိုးချစ်တပ်မတော် ဒုတိယစစ်သေနာပတိ ဗိုလ်မှူးကြီးလက်ျာက မြန်မာ့တပ်မတော်ထောက်ပံ့ရေးအဖွဲ့ချုပ်မှ လက်ခံရရှိသည့် အလှူရန်ပုံငွေ စာရင်းရှင်းတန်းကို ထုတ်ပြန်သည်။
[လူထုဂျာနယ်အတွဲ၁၊ အမှတ် ၁၂၊ ၁–၁–၄၆]

၂ ဇန်နဝါရီ ၁၉၄၆ မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် သတင်းစာဆရာများ တွေ့ဆုံသည်။ ထို့သို့ တွေ့ဆုံရာတွင် ဘုရင်ခံက မြန်မာပြည်တွင် ဆောင်ရွက်ရန် ပြုလုပ်ထားသော စီမံကိန်းများကို ရှင်းပြသည်။ ထို့နောက် ဖဆပလအဖွဲ့ချုပ်မှ အင်္ဂလန်သို့ ကိုယ်စားလှယ်လွှတ်ရေးကိစ္စတွင် ခရီးအစီအစဉ်၌ မိမိတာဝန်မယူနိုင်ခြင်း အကြောင်းမှာ ဖဆပလ ကိုယ်စားလှယ်များသည် မြန်မာပြည်၏ လွတ်လပ်ရေးကိစ္စ ဆွေးနွေးရန်နှင့် ကမ္ဘာသိရန်ကိစ္စမှာ ထုံးစံနည်းလမ်းအားဖြင့် မြန်မာပြည်ဘုရင်ခံမှ တစ်ဆင့် ဆက်သွယ်ရန်သာဖြစ်ကြောင်း၊ ထို့ပြင် ခရီးလမ်းပန်းတာဝန်မှာလည်း မိမိသြဇာမရှိဘဲ ဘုရင့်အစိုးရနှင့် သြဇာညောင်းသောလေကြောင်းခရီး စီစဉ်ရေးအဖွဲ့တစ်ခုရှိကြောင်း၊ ထိုအဖွဲ့ကသာ ဆောင်ရွက်ပေးနိုင်၍ ဘုရင့်အစိုးရကို စုံစမ်းထားလျက်ပင် ရှိကြောင်း ပြောကြားသည်။
[လူထုဦးလှ စစ်ပြီးစ ဗမာပြည်(ပ) စာ ၂၈၉–၂၉၁]

■ လယ်ယာစိုက်ပျိုးရေးဌာန ဝန်ကြီး ဦးပုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော မဲဆန္ဒပေးခွင့် စုံစမ်းရေးအဖွဲ့မှ မဲဆန္ဒပေးခြင်းနှင့် ပတ်သက်၍ ဖြေကြားရန် မေးခွန်း ၁၀ ခု ထုတ်ပြန်သည်။
■ ဖဆပလအဖွဲ့ချုပ်မှ အင်္ဂလန်သွား ရန်ပုံငွေ ကောက်ခံခြင်းကို ရန်ကုန်တွင် ၁–၁–၄၆ ရက်နေ့တွင် လည်းကောင်း၊ နယ်များတွင် ၁၀–၁–၄၆ ရက်နေ့မှစ၍ လုံးဝရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ကြေညာသည်။
[မြန်မာ့အလင်း ၂–၁–၄၆]

၃ ဇန်နဝါရီ ၁၉၄၆ ပြည်သူ့ရဲဘော်တပ်ဖွဲ့ စည်းရုံးရေးမှူးက ပြည်သူ့ရဲဘော်တပ်ဖွဲ့ စည်းရုံးကြေညာချက် ၁ ကို ထုတ်ပြန်သည်။

■ ရန်ကုန်မြို့ ပြည်လမ်း အမှတ် ၂၇၅ တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆင်းရဲသားဝံသာနုအဖွဲ့ချုပ် အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် အလုပ်အမှုဆောင် အဖွဲ့ကို

ဥက္ကဋ္ဌ ဓားမဦးဘသိမ်း
ဒုတိယဥက္ကဋ္ဌ ဦးမြ(ပျော်ဘွယ်)
အထွေထွေအတွင်းရေးမှူး
ဦးလှကျော် **B.A.B.L**
အတွင်းရေးမှူး
ဗိုလ်စိုးလွင် (မိတ္ထီလာ)
ဦးထွန်းမြင့် (ထီးတန်း)
ဘဏ္ဍာရေးမှူး ဦးထွန်းရွှေ တို့ဖြင့် ပြန်လည် ဖွဲ့စည်းသည်။

[မြန်မာ့အလင်း ၃/၄-၁-၄၆]
[သံတော်ဆင့်သတင်းစာ ၆-၁-၄၆ နောင်ကိုးကားလျှင် သံတော်ဆင့် ဟုညွှန်းမည်]

၄ ဇန်နဝါရီ ၁၉၄၆ ကိုလိုနီခေတ်ဦး ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေးရေး ခေါင်းဆောင်တစ်ဦးဖြစ်သူ စောရန်ပိုင် (ချောင်းခွမင်းသား) အသက် ၈၀ နှစ်သည် တရုတ်နိုင်ငံ ယူနန်ပြည်နယ် မန်ရှီမြို့၊ အင်ကင်းရပ် တွင် ကွယ်လွန်သည်။

[ဓမ္မရပ်စုံမဂ္ဂဇင်း၊ ၁၉၉၆၊ ဒီဇင်ဘာ၊ စာ ၃၃]

၅ ဇန်နဝါရီ ၁၉၄၆ ဂျပန်ခေတ် မြန်မာအစိုးရအဖွဲ့ဝင် ဝန်ကြီး ဗန္ဓုလ ဦးစိန်အင်းစိန်ထောင်မှ လွတ်မြောက်သည်။

[လူထုဦးလှ စစ်ပြီးစ ဗမာပြည်(ပ) စာ ၂၈၆-၂၉၀]

၆ ဇန်နဝါရီ ၁၉၄၆ တို့ဗမာ့အစည်းအရုံးအလုပ်အမှုဆောင် အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် တို့ဗမာအစည်းအရုံးဝင် သခင်လေးဦးဖြစ်သော သခင်ညို၊ သခင်အေး၊ သခင်လူထွန်း၊ သခင်ကျော်စိန်တို့ ဥပဒေပြု လွှတ်တော်ဝင်ခြင်းကိစ္စကို အရေးယူရန် ဆွေးနွေးသည်။

[လူထုဦးလှ စစ်ပြီးစ ဗမာပြည်(ပ) စာ ၃၀၀/၃၀၈/၃၃၁]
[မြန်မာ့အလင်း ၉-၁-၄၆]

၇ ဇန်နဝါရီ ၁၉၄၆ မြန်မာပြည် လွတ်လပ်ရေး အမျိုးသမီး အစည်းအရုံး၏နာယက ဒေါ်မမခင် မြန်မာဘုရင်ခံ၏ ဥပဒေပြု လွှတ်တော် အမတ်ရာထူးကို လက်ခံ၍ အယုံအကြည်မရှိကြောင်းဆုံးဖြတ်သည်။

[သံတော်ဆင့် ၁၂-၁-၄၆]

■ ဖဆပလ အလုပ်အမှုဆောင် အစည်းအဝေးကျင်းပ၍ ကွန်မြူနစ်ပါတီဌာနချုပ်မှ ၄-၁-၄၆ ရက်စွဲနှင့် စာအမှတ် ဗက ၄၆ ကိုဖတ်ကြားပြီး နောက် သခင်မြသွင်၊ သခင်ဗဟိန်း တို့ကို ဖဆပလ ဦးစီးအဖွဲ့မှ နုတ်ထွက်ခွင့်ပြု၍ သခင်ဘိုထွန်း၊ သခင်ချစ်၊ ဦးသိန်းဖေတို့အား ဗဟိုဦးစီး အဖွဲ့ဝင်အဖြစ် လက်ခံသည်။ ထို့နောက် ဖဆပလ နိုင်ငံလုံးဆိုင်ရာ ညီလာခံသို့ ကိုယ်စားလှယ်အဖြစ် ဖိတ်ကြားမည့်ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများစာရင်းကို ဆွေးနွေးညှိနှိုင်းသည်။ အထွေထွေအတွင်းရေးမှူး ဖိတ်ကြားသည့် အောက်ပါကိုယ်စားလှယ်များထံ ကိုယ်စားလှယ်ဖိတ်ကြားသည်ကို မှတ်တမ်းတင်သည်။

၁။ ကွန်မြူနစ်ပါတီ
၂။ ဆိုရှယ်လစ်ပါတီ
၃။ ဆင်းရဲသားဝံသာနုပါတီ
၄။ ကရင်အမျိုးသား ဗဟိုအဖွဲ့ချုပ်
၅။ ရခိုင်အမျိုးသား အစည်းအရုံး
၆။ အလုပ်သမားသမဂ္ဂ
၇။ အလုပ်သမားအစည်းအရုံး
၈။ တောင်သူလယ်သမား အစည်းအရုံး
၉။ တောင်သူလယ်သမားသမဂ္ဂ
၁၀။ မြန်မာပြည်လွတ်လပ်ရေး အမျိုးသမီးအဖွဲ့ချုပ်
၁၁။ မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးလွတ်လပ်ရေးအဖွဲ့ချုပ်
၁၂။ ကျောင်းဆရာများသမဂ္ဂ
၁၃။ ကျောင်းသားများသမဂ္ဂ
၁၄။ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံး
၁၅။ ပြည်သူ့ရဲဘော်အဖွဲ့
၁၆။ မြန်မာမွတ်စလင်အဖွဲ့
၁၇။ မြန်မာကုန်သည်ကြီးများ အသင်း

တို့အပြင် အောက်ပါအဖွဲ့များကိုလည်း ဖိတ်ကြားရန် သဘောတူသည်။

၁။ မျိုးချစ်အဖွဲ့
၂။ တို့ဗမာ့အစည်းအရုံး
၃။ တရုတ်ကပြားအသင်း
၄။ မြန်မာခရစ်ယန်အသင်း

[သံတော်ဆင့် ၁၃-၁-၄၆]
[ဖဆပလ အစည်းအဝေးမှတ်တမ်း (၁၉၄၅-၄၆) စာ ၄၃-၄၈]

၈ ဇန်နဝါရီ ၁၉၄၆ ဗြိတိသျှအစိုးရက ဖဆပလ ကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံ လာရောက်ဆွေးနွေးမည့်ကိစ္စကို လက်မခံကြောင်း ပြန်ကြားသည်။

[**Burma Struggle Vol.I:** *PP 584-587*]

၉ ဇန်နဝါရီ ၁၉၄၆ မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါ်မန်စမစ်၏ အတွင်းဝန်မှ ဖဆပလအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးထံ စာပြန်ကြားရာတွင် အင်္ဂလန်သို့ ဖဆပလကိုယ်စားလှယ်စေလွှတ်ရေးနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရသည် တစ်သီးပုဂ္ဂလ ပါတီအဖွဲ့အစည်းများနှင့် အစည်း

အရုံးများမှ စေလွှတ်သော ကိုယ်စားလှယ်များကို လက်မခံကြောင်းနှင့် တိုင်းရေးပြည်ရေးနှင့် ပတ်သက်၍ ပြောဆိုလျှင် ဘုရင်ခံမှတစ်ဆင့်ပြောကြားရမည်ဟု ပါရှိသည်။
[ဖေယျာမောင်စက္ကူဖြူပြဇာတ် စာ ၂၀၅–၂၀၇]
[ခေတ်သစ်သတင်းစာ၁၄–၁–၄၆ နောင်ကိုးကားလျှင် ခေတ်သစ် ဟုညွှန်းမည်]

■ ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌဗိုလ်ချုပ်အောင်ဆန်းက အဖွဲ့ချုပ်ကိုယ်စားလှယ်များကို လက်မခံနိုင်ကြောင်း ဗြိတိသျှအစိုးရ၏ ပြန်ကြားချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ဖဆပလ၏ထင်မြင်ချက်များ တင်ပြရန် အခွင့်အရေးပေးဖို့ကိစ္စတွင် ဗြိတိသျှအစိုးရက ငြင်းပယ်လိမ့်မည်ဟု မမျှော်လင့်ခဲ့ကြောင်း၊ ဖဆပလ အဖွဲ့ချုပ်သည် တိုင်းပြည်၏ ကိုယ်စားလှယ်ဖြစ်သည်။သို့မဟုတ် တိုင်းပြည် ကိုယ်စားလှယ် အဖြစ် အခိုင်အမာပြောဆိုနိုင်သည် ဟူသော အချက်မှာ ဤကိစ္စနှင့်မဆိုင်ကြောင်း၊ ဖဆပလသည် သီးခြား နိုင်ငံရေးပါတီ တစ်ခုမဟုတ်ကြောင်း၊ ဗြိတိသျှအစိုးရထံ ထင်မြင်ချက်များ တင်ပြလိုသည်ဆိုရာ၌ တင်ပြချက်များကို လက်ခံရမည်ဟု မဆိုလိုကြောင်း၊ အဖွဲ့ချုပ်သည် မြန်မာလူထုကြီး၏ ကိုယ်စားလှယ် အစစ်အမှန် ဟုတ်မဟုတ် ရွေးကောက်ပွဲဖြင့် စမ်းသပ်ကြည့်ဖို့လိုသေးကြောင်း၊ အစိုးရ ပြန်ကြားရေးအရာရှိ၏ ကြေညာချက်နှင့် ပတ်သက်၍ ရွေးကောက်ပွဲများ ဘာကြောင့် မကျင်းပသေးသနည်း။ ဖဆပလက ရွေးကောက်ပွဲ ကျင်းပဖို့ တသမတ်တည်း တောင်းဆိုခဲ့ကြောင်း၊ အစိုးရက ရွေးကော်ပွဲကျင်းပလိုသော ဆန္ဒရှိပါက ရွေးကောက်ပွဲအစီအစဉ်များကို ခြောက်လအတွင်း ပြီးစီးအောင် ပြုလုပ်နိုင်ကြောင်း စသည်ဖြင့် ပြောကြားသည်။
[မြန်မာ့အလင်း ၁၁–၁–၄၆]
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၂၂၄–၂၂၅]

၁၁ ဇန်နဝါရီ ၁၉၄၆ ရန်ကုန်စီရင်စုတို့ဗမာအစည်းအရုံး အမှုဆောင် အစည်းအဝေးကျင်းပ၍ ဌာနချုပ် တို့ဗမာအစည်းအရုံး ခေါင်းဆောင်လေးဦး ဖြစ်သော သခင်ညီ၊ သခင်အေး၊ သခင်လူထွန်း၊ သခင်ကျော်စိန် တို့အား ၁၉၄၅ ခု ဒီဇင်ဘာလ ၂ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပသော နိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး အမှုဆောင် ညီလာခံက သတ်မှတ်ဆုံးဖြတ်ထားသော ရာထူးယူရေးစည်းမျဉ်းကို ဖောက်ဖျက်ကာ ဥပဒေပြုအမတ်ရာထူးကို လက်ခံလိုက်သည့်အတွက်တို့ဗမာအစည်းအရုံးမှ ထုတ်ပစ်ရန် တောင်းဆိုကြောင်း ဆုံးဖြတ်သည်။ သခင်ကိုယ်တော်မှိုင်းသည် တို့ဗမာ အစည်းအရုံးမှ နုတ်ထွက်သည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၃၃၁]

၁၂ ဇန်နဝါရီ ၁၉၄၆ မြန်မာနိုင်ငံအစိုးရ ပြန်ကြားရေးအရာရှိက ကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် ဘုရင်မင်းမြတ်အစိုးရက ဖဆပလအဖွဲ့ချုပ်ကိုယ်စားလှယ်များကို လက်ခံဆွေးနွေးမည်မဟုတ်ဟု ဆုံးဖြတ်ချက်ချလိုက်ကြောင်း။ တိုင်းရေးပြည်ရေးနှင့်ပတ်သက်၍ ပြောဆိုလိုလျှင် ဘုရင်မင်းမြတ်အစိုးရသို့ တိုက်ရိုက်မဟုတ်ဘဲ ဘုရင်ခံ မင်းကြီးမှတစ်ဆင့် ဖြစ်သင့်ကြောင်း။ ဖဆပလအဖွဲ့ မိမိတို့အဖွဲ့ကသာလျှင် တိုင်းပြည်ကိုယ်စားဆောင်ရွက်နိုင်သူ ဟူ၍ အခိုင်အမာပြောဆိုချက်ကို လွတ်လပ်သောရွေးကောက်ပွဲကျင်းပ၍ စစ်ဆေးရန်လိုသေးကြောင်း။ ဖဆပလက ဘုရင်ခံမင်းကြီး၏ အမှုဆောင်ကောင်စီနှင့် ဥပဒေပြု လွှတ်တော်တို့တွင် ပါဝင်ဆောင်ရွက်ခြင်း မပြုနိုင်သည်မှာ အလွန်ဝမ်းနည်းကြောင်း။ ထိုသို့ပါဝင်ဆောင်ရွက်ပါက မိမိတို့ထင်မြင်ချက်များကို စည်ကမ်းအတိုင်း ထုတ်ဖော်ပြောဆိုနိုင်ကြောင်း၊ မြန်မာနိုင်ငံပြန်လည်ထူထောင်ရေးအတွက် ကြီးလေးသော တာဝန်ကြီးများရှိကြောင်း ထိုတာဝန်ထမ်းဆောင်ရာတွင် မြန်မာပြည်သူတို့၏ အကူအညီ လိုအပ်ကြောင်း။ ဖဆပလအဖွဲ့အတွက်ဆိုလျှင် လုပ်သင့်လုပ်ထိုက်သော အရာအားလုံး ပြည့်စုံအောင် ဆောင်ရွက်ရန် လိုသေးကြောင်း၊ ၎င်းတို့ဆောင်ရွက်ရန်ကြံစည်သည် မကြံစည်သည်ကို စောင့်ကြည့်ရန်သာရှိကြောင်း ပါရှိသည်။
[မြန်မာ့အလင်း ၁၂–၁–၄၆]

၁၅ ဇန်နဝါရီ ၁၉၄၆ ဖဆပလအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး သခင်သန်းထွန်း က မြန်မာပြည်ဘုရင်ခံ၏ အတွင်းဝန်ထံ စာတစ်စောင်ပေးပို့သည်။ ထိုစာတွင် ဖဆပလ၏ တောင်းဆိုချက်မှာ အင်္ဂလန်နိုင်ငံသွားရန်အတွက် လေကြောင်းခရီးစီစဉ်ပေးရန် အကူအညီတောင်းခြင်းသာ ဖြစ်သည်။ သာမန်အချိန်တွင် မိမိတို့ဘာသာ ငွေပေးပြီးသွားနိုင်သော်လည်း ယခုအခါ အသွားအလာမှန်သမျှကို အစိုးရက ချုပ်ကိုင်ထားသဖြင့် အစိုးရကို အကူအညီတောင်းခြင်းသာ ဖြစ်ကြောင်း။ ဖဆပလသည် နိုင်ငံရေးပါတီ တစ်ခုမဟုတ်ဘဲ ပါတီပေါင်းစုံစုဝေးရာ ညီညွတ်ရေးတပ်ဦး ဖြစ်ကြောင်း ဖဆပလ ညီလာခံ မစမီ မြန်မာနိုင်ငံဘုရင်ခံသည် ကိုယ်စားလှယ် စေ

လွတ်ရေးကို ပြန်လည် စဉ်းစားဖို့ ဘုရင်မင်းမြတ်အစိုးရထံ ကြေးနန်း ရိုက်ပေးပို့မည်ဟု မျှော်လင့်ကြောင်း ပါရှိသည်။
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၃၃၃]

၁၆ ဇန်နဝါရီ ၁၉၄၆ ဖဆပလဌာနချုပ်တွင် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် အတွင်းရေးမှူးက နိုင်ငံလုံးဆိုင်ရာ ညီလာခံသို့ တင်သွင်းမည့်အဆိုပေါင်း ၄၀၀ကျော်ကို ဖတ်ကြားပြသသည်။ ထိုအဆိုများကို အချောပြင်ဆင်ရန်တာဝန်ပေးအပ်သည်။
[မြန်မာ့အလင်း ၁၇-၁-၄၆]

■ ဂျပန်ခေတ်ကာလအတွင်း မြန်မာပြည်သူများ ရက်စက်စွာ ညှင်းပမ်းခံရမှု၊ အတင်းအဓမ္မအလုပ်ခိုင်းစေမှု၊ အစရှိသည့် ဂျပန်တို့၏ စစ်ရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ ပုလိပ်ဌာန(သို့) စစ်တပ်သို့ တိုင်ကြားနိုင်ကြောင်း ကြေညာချက်ထုတ်ပြန်သည်။
[မြန်မာ့အလင်း ၁၆-၁-၄၆]
[လူထုဦးလှ စစ်ပြီးစဗမာပြည်(ပ) စာ ၃၃၂]

၁၇ ဇန်နဝါရီ ၁၉၄၆ ဂျပန်နိုင်ငံ တိုကျိုရှိ ဗြိတိသျှစစ်မစ်ရှင်ထံ လက်နက်ခဲ့သည့် ဂျပန်ခေတ်မြန်မာအစိုးရ အဓိပတိ ဒေါက်တာဘမော် အား ဗြိတိသျှတပ်ဖွဲ့မှ *ဒုတိယဗိုလ်မှူးကြီး ဖစ်ဂျက်စ်က မေးမြန်းစစ် ချက်ယူသည်။
[**Burma Struggle Vol.I:** *PP 596-663/ 946-649*]

၁၇ နှင့် ၂၃ ဇန်နဝါရီ ၁၉၄၆ ဖဆပလနိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်ကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံတွင် ကျင်းပသည်။ ညီလာခံတွင် ဖဆပလ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားရာတွင် အဖွဲ့ချုပ်၏ ရည်မှန်းချက်မှာ အရွယ်ရောက်သူတိုင်း မဲပေးနိုင်သော ရွေးကောက်ပွဲဖြင့် တိုင်းပြုပြည်ပြုလွှတ်တော် ဖွဲ့စည်းရေး ဖြစ်ကြောင်း။ ကြားဖြတ်ကာလအတွင်း အမျိုးသားအစိုးရဖွဲ့စည်းပြီး မြန်မာပြည်သူတို့၏ လက်ဝယ်သို့ အာဏာလွှဲပြောင်းပေးရေးအတွက် အစီအစဉ်များ ပြုလုပ်ရေး ဖြစ်ကြောင်း။ ဤမြန်မာပြည်သူတို့၏ လိုလားချက်များကို ဗြိတိသျှအစိုးရထံ တောင်းဆိုမည်ဖြစ်ကြောင်း။ ဗြိတိသျှအစိုးရက မပေးက အကြပ်ကိုင်မည်ဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးကို ဖော်ဆောင်နေသည့် အဖွဲ့ချုပ်ကြီးတွင် ပြည်သူများဝင်ရောက်ဆောင်ရွက်ရန်နှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးကို ငြိမ်းချမ်းစွာနှင့် စောလျှင်စွာ အရယူမည်ဖြစ်ကြောင်းပြောကြားသည်။ ထို့နောက် ဖဆပလအတွင်းရေးမှူး သခင်သန်းထွန်းက ဖလပလအဖွဲ့ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ အစီရင်ခံစာတွင် ဖဆပလအဖွဲ့ချုပ်ဖွဲ့စည်းပုံ၊ ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့ပုံ၊ မျိုးချစ်မြန်မာ့တပ်မတော်အား အမြဲတမ်း တပ်မတော်အဖြစ် ဖွဲ့စည်းရေးဆောင်ရွက်ပုံနှင့် ဖဆပလအဖွဲ့ချုပ်၏ ဆောင်ရွက်ခဲ့မှုများပါဝင်သည့် ညီလာခံအတွင်း ၂၁-၁-၄၉ မှ ၁၂-၁-၄၆ အထိ အဆို ၁၇ ခုကို တင်သွင်းဆုံးဖြတ်ခဲ့ရာ

၁။ နိုင်ငံတကာရေးရာ
၂။ လုံးဝလွတ်လပ်ရေး
၃။ အင်္ဂလန်သွားရေးကိစ္စ
၄။ မဲဆန္ဒပေးပိုင်ခွင့်
၅။ ပြည်သူ့လွတ်လပ်ရေး
၆။ တိုင်းရင်းသားလူနည်းစုအရေး
၇။ ဖယ်ထားသောနယ်များပူးပေါင်းရေး
၈။ စီးပွားရေး
၉။ ပညာရေး
၁၀။ တောင်သူလယ်သမားအရေး
၁၁။ အလုပ်သမားအခွင့်အရေး
၁၂။ သက်သာချောင်ချိရေး
၁၃။ စစ်လျော်ကြေး
၁၄။ စတီးလ်သပိတ်
၁၅။ လူဝင်လူထွက်
၁၆။ ကမ္ဘာတွင်မြန်မာနေရာရရေး
၁၇။ ပြည်သူ့ရဲဘော်အရေး
၁၈။ အမျိုးသားညီညွတ်ရေး

[**Burma Struggle Vol.I:** *PP 617-662*]
[သံတော်ဆင့် ၁၈/၁၉/၂၀/၂၁/၂၂/၂၃/၂၄-၁-၄၆]
[ဒီးဒုတ်ဂျာနယ်အတွဲ(၁၉)၊ အမှတ်(၂၅)၊ ၂၈-၁-၄၆၊ စာ ၈/၉/၁၅]
[ဒီးဒုတ်ဂျာနယ်အတွဲ(၁၉)၊ အမှတ်(၂၆)၊ ၄-၂-၄၆၊ စာ ၁၆/၁၇/၃၁/၃၇]
[ဒီးဒုတ်ဂျာနယ်အတွဲ(၁၉)၊ အမှတ်(၂၇)၊ ၁၁-၂-၄၆၊ စာ ၁၉/၂၀]

၁၈ ဇန်နဝါရီ ၁၉၄၆ ရှမ်းပြည်တောင်ပိုင်းနယ်နှစ်ခုဖြစ်သည့် ကျိုင်းတုံနှင့် မိုင်းပန်နယ်များကို ဗြိတိသျှလက်အောက် ပြန်လည် လွှဲပြောင်းပေးအပ်သည်။
[ရိုက်တာကြေးနန်း၊ ရန်ကုန်၊ ၁၈-၁-၄၆]

၁၉ ဇန်နဝါရီ ၁၉၄၆ မြန်မာနိုင်ငံဘုရင်ခံက ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့ကို ဖိတ်ခေါ်၍ အင်္ဂလန်သို့ နှစ်ဦးတည်းသွားလိုလျှင် စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦးတည်း သွားနိုင်ခြင်း ရှိမရှိကို ဘုရင်ခံက မေးမြန်းသည်။ ဗိုလ်ချုပ်

* လက်နက်ချစဉ်က ဗိုလ်မှူးကြီးဟုဖော်ပြထားသည်။

အောင်ဆန်းနှင့် သခင်သန်းထွန်းတို့ ယင်းကိစ္စသည် မိမိတို့နှစ်ဦးတည်း ဆုံးဖြတ်၍ မရနိုင်ကြောင်း အဖွဲ့ချုပ် အမှုဆောင်အဖွဲ့သို့ တင်ပြပြီး အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာမည် ဖြစ်ကြောင်း ဖြေကြားသည်။
[ဖေယျာမောင်စက္ကူဖြူပြဇာတ် စာ ၂၁၁]
[မြန်မာ့အလင်း ၂၀-၁-၄၆]

၂၀ ဇန်နဝါရီ ၁၉၄၆ ရန်ကုန်ခရိုင် တို့ဗမာ အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ဥပဒေပြုအမတ်လက်ခံသည့် သခင် ၄ ဦးကို အစည်းအရုံးမှ ထုတ်ပစ်ရန် တို့ဗမာအစည်းအရုံးဌာနချုပ်သို့ တောင်းဆိုရာ ဌာနချုပ်က သခင် ၄ ဦး၏မျက်နှာကိုထောက်နေသည့်အတွက်ဌာနချုပ်နှင့်အဆက်အသွယ်ဖြတ်ကြောင်း ဆုံးဖြတ်၍ ရန်ကုန်ခရိုင် တို့ဗမာအစည်းအရုံးကို

ဥက္ကဋ္ဌ သခင်ဗသောင်း
ဒုဥက္ကဋ္ဌ သခင်အောင်ဗလ
အထွေထွေအတွင်းရေးမှူး သခင်ပန်းမြိုင်

စသည်တို့ဖြင့် ပြန်လည်ဖွဲ့စည်းသည်။
[သံတော်ဆင့် ၂၂-၁-၄၆]

၂၁ ဇန်နဝါရီ ၁၉၄၆ တို့ဗမာ အစည်းအရုံးဌာနချုပ်နှင့် ရန်ကုန်ခရိုင်တို့ဗမာအစည်းအရုံးတို့ အတိအလင်းကွဲပြီ ဖြစ်ကြောင်း ကြေညာသည်။
[မြန်မာ့အလင်း ၂၃-၁-၄၆]

၂၂ ဇန်နဝါရီ ၁၉၄၆တို့ဗမာအစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင် အစည်းအဝေး ကျင်းပပြီး သခင်ဗသောင်းအား ဌာနချုပ်မှ ထုတ်ပယ်၍ ရန်ကုန်ခရိုင် တို့ဗမာအစည်းအရုံးကို ပြန်လည်ဖွဲ့စည်းရန် ဆုံးဖြတ်သည်။
[သံတော်ဆင့် ၂၂-၁-၄၆]
[ဟံသာဝတီသတင်းစာ ၂၃-၁-၄၆]

၂၄ ဇန်နဝါရီ ၁၉၄၆ ဖဆပလ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပ၍ အလုပ်အမှုဆောင်များကို အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်သည်။

၁။ ဗိုလ်ချုပ်အောင်ဆန်း ဥက္ကဋ္ဌ
၂။ သခင်သန်းထွန်း အတွင်းရေးမှူး
၃။ ဦးတင် ငွေထိန်း
၄။ ဦးဘဘော(အဖွဲ့ဝင်)
၅။ ဦးမြ - ဟင်္သာတ (အဖွဲ့ဝင်)
၆။ ဦးမြ - ပျော်ဘွယ် (အဖွဲ့ဝင်)
၇။ မန်းဘခိုင် (အဖွဲ့ဝင်)
၈။ ဦးအောင်ဇံဝေ (အဖွဲ့ဝင်)
၉။ ဦးကျော်ငြိမ်း (အဖွဲ့ဝင်)
၁၀။ သခင်ချစ် (အဖွဲ့ဝင်)
၁၁။ ဦးဘဂျမ်း (အဖွဲ့ဝင်)
၁၂။ ဒီးဒုတ်ဦးဘချို (အဖွဲ့ဝင်)
၁၃။ သခင်မြ* (အဖွဲ့ဝင်)
၁၄။ ဒေါက်တာဆက် (အဖွဲ့ဝင်)

[သံတော်ဆင့် ၂၅-၁-၄၆]
[မြန်မာ့အလင်း ၂၅-၁-၄၆]

၂၆ ဇန်နဝါရီ ၁၉၄၆ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကို အတည်ပြုသည်။
[ပြည်သူ့ရဲဘော် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ စာ ၂၃]

၂၇ ဇန်နဝါရီ ၁၉၄၆ ဒုတိယကမ္ဘာစစ်အတွင်း ယူဂန်ဒါနိုင်ငံတွင် ၄ နှစ်ကျော် အကျယ်ချုပ်နေခဲ့ရသော ဦးစော မြန်မာနိုင်ငံ ပြန်လည်ရောက်ရှိသည်။
[မြန်မာ့အလင်း ၂၉-၁-၄၆]
[တိုးတက်ရေးဂျာနယ် ၂-၂-၄၆ စာ ၂၆]
[အရှေ့တိုင်းလစဉ်တွဲ(၁)၊ အမှတ်(၄)၊ ဖေဖော်ဝါရီ၊ ၁၉၄၆]
[အရှေ့တိုင်းလစဉ်တွဲ(၁)၊ အမှတ်(၅)၊ မတ်၊ ၁၉၄၆]

၂၈ ဇန်နဝါရီ ၁၉၄၆ မြန်မာနိုင်ငံ ဥပဒေပြုကောင်စီ ဥက္ကဋ္ဌအဖြစ် ဦးချစ်လှိုင်အား ခန့်အပ်သည်။
[**Civil List for Burma Vol.I: 1946** ,*P 2*]

၂၉ ဇန်နဝါရီ ၁၉၄၆ ဦးစောက သတင်းစာဆရာများ အစည်းအဝေး ကျင်းပသည်။
[မြန်မာ့အလင်း ၃၁-၁-၄၆]

၃၀ ဇန်နဝါရီ ၁၉၄၆ မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါ်မန်စမစ်က အမှုဆောင်ကောင်စီ (ဝန်ကြီးအဖွဲ့) ၌ သခင်ထွန်းအုပ်အား အမျိုးသားစီမံကိန်းဌာန Planning Department တွင် ခန့်အပ်သည်။
[**Burma Struggle Vol.I:** *P XLV*]

■ မြန်မာနိုင်ငံ ဘုရင်ခံက ဦးစောအား ခေါ်ယူတွေ့ဆုံ ဆွေးနွေးသည်။
[**Burma Struggle Vol.I:** *P XLVIII*]

၃၁ ဇန်နဝါရီ ၁၉၄၆ ရှမ်းပြည်ရှိ စဝ်ဖများ အစည်းအဝေးကို မိုင်းကိုင်မြို့တွင် ကျင်းပသည်။
[ဦးအုန်းဖေ ပင်လုံစစ်တမ်း။ ရန်ကုန်။ စပယ်ဦးပုံနှိပ်။ ၁၉၈၄။ စာ ၃၀၁-၈။ နောင်ကိုးကား ဦးအုန်းဖေ ပင်လယ်စစ်တမ်း ဟုညွှန်းမည်]

## ဖေဖော်ဝါရီလ

၁ ဖေဖော်ဝါရီ ၁၉၄၆ သခင်ထွန်းအုပ် ဘုရင်ခံ၏အမှုဆောင်ကောင်စီ



* ဂျပန်ခေတ် မြန်မာအစိုးရအဖွဲ့ဝင်ဝန်ကြီး

ဝင် (ဝန်ကြီး) ရာထူးကို လက်ခံသည်။
[အရှေ့တိုင်းလစဉ် တွဲ ၁။ အမှတ် ၄။ ၁၉၄၆၊ ဖေဖော်ဝါရီ။ တွဲ ၁။ အမှတ် ၅။ ၁၉၄၆၊ မတ်။ စာ ၄၉]

၂ ဖေဖော်ဝါရီ ၁၉၄၆ မျိုးချစ်အဖွဲ့ အလုပ်အမှုဆောင် အစည်းအဝေး၌ မျိုးချစ်ဝန်ကြီး ၃ ဦး ဘုရင်ခံအလုပ်အမှုဆောင်ကောင်စီမှ နုတ်ထွက်ခိုင်းလျှင် ထွက်ပါမည်ဟူသော ကတိကို မှတ်တမ်းတင်သည်။
[သူရိယသတင်းစာ ၃၁–၁–၄၆]

၄ ဖေဖော်ဝါရီ ၁၉၄၆ ဗြိတိသျှ ပါလီမန်တွင် လေဘာအမတ် ဒရိုင်ဘတ်က ဖဆပလ ကိုယ်စားလှယ် အင်္ဂလန်နိုင်ငံ လာရောက်ရေးကိစ္စ အမြန်ဆောင်ရွက် ပေးနိုင်မပေးနိုင် မေးမြန်းရာ မြန်မာနှင့်အိန္ဒိယဆိုင်ရာ အတွင်းဝန်ကလေး မစ္စတာ ဟန်ဒါဆင်က ဗြိတိသျှအစိုးရသည် မည်သည့်တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ကိုမျှ လက်ခံခြင်း မပြုနိုင်ကြောင်း၊ သို့သော် ဖဆပလကိုယ်စားလှယ်နှစ်ဦး ကိုယ်ရေးကိုယ်တာကိစ္စဖြင့် လာလိုလျှင် အသွားအလာ အဆင်ပြေသည်နှင့်တစ်ပြိုင်နက် သဘော်ဖြင့် လာနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ဤအခွင့်အရေးမျိုးကို အခြားပါတီများက တောင်းဆိုလျှင်လည်း ပေးရမည်ဟု ဖြေကြားသည်။
[ဂျာနယ်ကျော် တွဲ ၃။ အမှတ် ၂။ ၉–၂–၄၆ စာ ၁၅]

၄ နှင့် ၆ ဖေဖော်ဝါရီ ၁၉၄၆ ရန်ကုန်မြို့ အောက်ကြည့်မြင်တိုင်လမ်း အမှတ် ၅၂၈ တွင် ကရင်ဗဟိုအဖွဲ့ချုပ်၏ ဆော်ဩမှုဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကရင်အမျိုးသား ကိုယ်စားလှယ်များ၏ အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ကရင်အမျိုးသားတို့၏ ဖွံ့ဖြိုးရေး လုံခြုံရေးအတွက် မြန်မာနိုင်ငံအုပ်ချုပ်ရေးဆိုင်ရာ တိုးတက်မှုများကို အဟန့်အတားမဖြစ်စေဘဲ သီးခြားကရင်ပြည်နယ်ရရှိရေးအတွက် ဗြိတိသျှအစိုးကဆောင်ရွက်ပေးရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်ကို ချမှတ်သည်။ ထို့ပြင် ကရင်ပြည်နယ် အမြဲတမ်းကော်မတီ Karen State Standing Committee ကို ဖွဲ့စည်းသည်။
[**Note on Various Karen Association** *P 3*]

၆ ဖေဖော်ဝါရီ ၁၉၄၆ ရန်ကုန်မြို့ ဆန်းကဖေးတွင် သခင်နု၊ ဒီးဒုတ်ဦးဘချို၊ ဦးတင်(မြန်မာ့အလင်း)၊ ဂျာနယ်ကျော် ဦးချစ်မောင် အပါအဝင် ပုဂ္ဂိုလ်တစ်စုက ဦးသိန်းဖေ (သိန်းဖေမြင့်)အား အိန္ဒိယနိုင်ငံသွားရောက်၍ မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအတွက် ဂုဏ်ပြုပွဲကျင်းပသည်။
[သိန်းဖေမြင့်စစ်အတွင်းခရီးသည် စာ ၄ဝ၆–၄ဝ၈]

၇ ဖေဖော်ဝါရီ ၁၉၄၆ ဖဆပလ အဖွဲ့ချုပ်က ကုလသမဂ္ဂသို့ ကြေးနန်းရိုက်ကာ ကုလသမဂ္ဂနှင့် အရှေ့တိုင်းကော်မရှင်တွင် ဖဆပလကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရန်တောင်းဆိုသည်။
[သူရိယ ၁၉–၂–၄၆]
[တိုးတက်ရေးဂျာနယ် အမှတ် ၃/၁၆–၂–၄၆ စာ ၃]

၁၂ ဖေဖော်ဝါရီ ၁၉၄၆ ကရင်ပြည်နယ် အမြဲတမ်းကော်မတီ အစည်းအဝေးကျင်းပပြီး တနင်္သာရီတိုင်းကို ကရင်များအတွက် သီးသန့်ပြည်နယ်အဖြစ်သတ်မှတ်ရေး ထိုပြည်နယ်အတွက် မြန်မာပြည်မရရှိသော ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေအောက် မနိမ့်သော ဥပဒေမျိုး တောင်းဆိုရေးအတွက် ဆစ်ဒနီလူနီ၊ စောဘိုးချစ်နှင့် စောဘဦးကြီးတို့အား အင်္ဂလန်စေလွှတ်ရန် ဆုံးဖြတ်သည်။
[**Note on Various Karen Association** *P 3*]

ဖေဖော်ဝါရီ(လလယ်)၁၉၄၆ ဆင်းရဲသားအကျိုးဆောင်အဖွဲ့ ဖေလိယန်နှင့် မြန်မာပြည်ဆိုရှယ်လစ်ပါတီပူးပေါင်းသည်။
[ဂျာနယ်ကျော် တွဲ ၃၊ အမှတ် ၃၊ ၁၆–၂–၄၆ စာ ၅]

၁၆ ဖေဖော်ဝါရီ ၁၉၄၆ ဖဆပလ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ၍ ဆုံးဖြတ်ချက်များ ချမှတ်သည်။ ဆုံးဖြတ်ချက်မှာ

၁။ ပြည်သူ့ အာဏာဂျာနယ်တွင် သခင်စိုးက ဦးဘဘော အပေါ်ရေးသားချက်များနှင့် ပတ်သက်၍ သခင်စိုးအား ကွန်မြူနစ်ပါတီမှတစ်ဆင့် ရှင်းလင်းစေရန်။
၂။ မျိုးချစ်အဖွဲ့နှင့် ဆင်းရဲသားဝံသာနုအဖွဲ့ဝင်ဖြစ်သူများကို
  - (က) အဖွဲ့ဝင် သဘောဝင်ခြင်းလော။
  - (ခ) ပုဂ္ဂိုလ်သဘော ဝင်ခြင်းလောဟု အတိအကျ မေးရန်။
  - (က) အဖွဲ့ဝင်သဘော ဝင်ပါက သက်ဆိုင်ရာအဖွဲ့သည် ဖဆပလ ဆုံးဖြတ်ချက် ဝါဒ စည်းကမ်းအတိုင်း လိုက်နာရမည်။ မလိုက်နာလျှင် အရေးယူမည်။
  - (ခ) ပုဂ္ဂိုလ်သဘော ဝင်လျှင် သက်ဆိုင်ရာအဖွဲ့နှင့် ဖဆပလမှ နုတ်ထွက်ရမည်။ ဤကိစ္စနှင့် ပတ်သက်၍

သက်ဆိုင်ရာ ပုဂ္ဂိုလ်များသည် ဖဆပလအဖွဲ့ဥက္ကဋ္ဌထံသို့ ၁၆–၃–၄၆ နေ့တွင် အတိအကျ အစီရင်ခံရမည်။

၃။ (က) အဖွဲ့ချုပ်နှင့် မဆက်သွယ်ရသေးသော အခြားမည်သည့် နိုင်ငံရေးအဖွဲ့မဆို ဖဆပလသို့ ဆက်သွယ်ပါက ဖဆပလက အဖွဲ့ဝင်အဖြစ် လက်ခံမည်။

(ခ) ဖဆပလညီလာခံမှ ဦးစီးအဖွဲ့အတွက်တသီးပုဂ္ဂလ အဖြစ် ရွေးချယ်ထားသူများသည် ပါတီတစ်ခုခုသို့ ဝင်ရောက်သွားလျှင် ဦးစီးအဖွဲ့မှ လည်းကောင်း ဆိုင်ရာအဖွဲ့မှ လည်းကောင်း နုတ်ထွက်ရမည်။

၄။ လူမျိုးများ၊ လူမျိုးရေးအဖွဲ့များနှင့် ပတ်သက်၍ ၎င်းအတိုင်း လိုက်နာရမည်။

[သံတော်ဆင့် ၁၉–၂–၄၆]
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ ၆၆]

၁၉ ဖေဖော်ဝါရီ ၁၉၄၆ မျိုးချစ်အဖွဲ့ခေါင်းဆောင် ဦးစောက မျိုးချစ်အဖွဲ့ တောင်းဆိုချက်များကို ဗြိတိသျှအစိုးရထံ ပေးပို့သည်။

[မြန်မာ့အလင်း ၂၇–၉–၄၆]

၂၀ ဖေဖော်ဝါရီ ၁၉၄၆ ဖဆပလ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး ကျင်းပသည်။ အင်္ဂလန်သွားရန် ဖဆပလ ကိုယ်စားလှယ် အဖွဲ့ဝင်များအဖြစ်

(၁) ဦးဘဘော
(၂) သခင်သန်းထွန်း
(၃) သခင်မြ
(၄) ဦးချစ်မောင် (ဂျာနယ်ကျော်)
(၅) မြန်အောင်ဦးတင် (အတွင်းရေးမှူး)

တို့အား ရွေးချယ်သည်။ အင်္ဂလန်နိုင်ငံသွား မြန်မာ ကိုယ်စားလှယ်များအဖြစ် ပုဂ္ဂိုလ် ၅ ဦးကို ရာထားပြီးဖြစ်ကြောင်း၊ အင်္ဂလန်သွားရန်အတွက် လေယာဉ်ပျံ စီစဉ်ပေးရန် အင်္ဂလန်သွားရေးကိစ္စနှင့် ပတ်သက်၍ ၁၄ ရက်အတွင်း အကြောင်းပြန်ကြားရန် အင်္ဂလန်သွားမည့် ရက်ကိုလည်း မတ်လကုန်ထက် နောက်မကျစေရန် တို့ကို အကြောင်းကြားရန် ဆုံးဖြတ်သည်။

အင်္ဂလန်သွားရသည့် ရည်ရွယ်ချက်မှာ မြန်မာပြည် အရေးကိစ္စကို အင်္ဂလန်နှင့်ကမ္ဘာက သိစေရန်။ မြန်မာနိုင်ငံ လွတ်လပ်ရေး အတွက် ကူညီလိုသူများနှင့် အဆက်အသွယ်ရစေရန်သာ ဖြစ်ကြောင်း သဘောတူဆုံးဖြတ်သည်။

ဘိလပ်သွားရုံမျှနှင့် လွတ်လပ်ရေးရမည်ဟု အထင်အမြင်မှားရှိခဲ့လျှင် မရှိစေရန် ဆောင်ရွက်ရန် သဘောတူသည်။

၂။ ရခိုင်ခေါင်းဆောင်များ ဖိတ်ကြားချက်အရ ရခိုင်ပြည်သို့ ဗိုလ်ချုပ်အောင်ဆန်း၊ ဟသ်ာတဦးမြ၊ ဦးအောင်ဇံဝေတို့ မတ်လ ပထမပတ်တွင် သွားရောက်ရန်။ ရှမ်းပြည်မှ ကိုယ်စားလှယ်များက ဖိတ်ကြားချက်အတိုင်း ရှမ်းပြည်သို့ သခင်နုနှင့် ဦးဘဂျမ်းသွားရောက်ရန်။

၃။ မတ်လ ၂၇ ရက်ကို တော်လှန်ရေးနေ့အဖြစ်ဖြင့် အသိအမှတ်ပြုပြီးလျှင် တော်လှန်ရေးအထိမ်းအမှတ်ပွဲ တစ်တိုင်းတစ်ပြည်လုံးတွင် ကျင်းပရန်။ ဖက်ဆစ်တော်လှန်ရေးသည် မြန်မာနိုင်ငံလွတ်လပ်ရေး အတွက်ဖြစ်သဖြင့် ညီလာခံတါင် ဆုံးဖြတ်ခဲ့သော လွတ်လပ်ရေး ဆုံးဖြတ်ချက်ကို ထိုနေ့တွင် လူထုအစည်းအဝေးများဖြင့် ရှင်းလင်းရန် ထပ်မံဆုံးဖြတ်ချက်များချမှတ်ရန်။ ဖက်ဆစ်တော်လှန်ရေးသည် မတရားသော စနစ်ကို တော်လှန်ခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံတွင် ယခုအခါ ဖက်ဆစ်ဆန်ဆန် ကျင့်ကြံနေသည်တို့ကို ထိုနေ့တွင် တိုင်းပြည်နှင့်အဝှန်း ကန့်ကွက်ရေးဆုံးဖြတ်ချက်များကို ထိုနေ့တွင် ထပ်မံချမှတ်ရန် လိုအပ်သည့်အချက်အလက်များကို ၁၄ ရက်အတွင်း ဦးကျော်ငြိမ်းက စုဆောင်းပေးရန်။ ဖက်ဆစ် တော်လှန်ရေးတွင် လူထုနှင့် တော်လှန်ရေး ဖြစ်သည့် အတိုင်း အများဆုံးဖြစ်သည့် တောင်သူလယ်သမားများကို ထိုနေ့အထိမ်းအမှတ်ပွဲတွင် ပါဝင်စေရန်။ ညီလာခံသဘင်တွင် ချမှတ်ခဲ့သော တောင်သူလယ်သမားအရေး ဆုံးဖြတ်ချက်ကို ထိုနေ့တွင် ထပ်မံချမှတ်ရန်။ စားနပ်ရိက္ခာ ခေါင်းပါးရေး ကာကွယ်ရန်အတွက် နောင်နှစ် လယ်ယာစိုက်ပျိုးရေး အတွက်လည်း လယ်သမားထုအား ထိုနေ့တွင် နှိုးဆော်ရန်။

အထက်ပါ တော်လှန်ရေး အထိမ်းအမှတ်နေ့နှင့် ပတ်သက်၍ အဖွဲ့ချုပ်မှ နယ်အဖွဲ့ခွဲများသို့ ညွှန်ကြားချက်ထုတ်ရန်။ ရန်ကုန်တွင် ကျင်းပရေးအတွက် ဗဟိုအဖွဲ့ချုပ်နှင့် ရန်ကုန်အဖွဲ့ချုပ်ပူးပေါင်း၍ ဆောင်ရွက်ရန်။

[သံတော်ဆင့် ၂၀–၂–၄၆ စာ ၆၈–၇၀]
[ဂျာနယ်ကျော် ၂၃–၂–၄၆]
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ ၂]

■ ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်းလမ်း လူငယ်အစည်းအရုံးတွင် ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက သတင်းစာဆရာများနှင့် တွေ့ဆုံ၍ ကမ္ဘာအခြေအနေ မြန်မာပြည်တွင်းရေး အခြေအနေများကို

ရှင်းလင်းပြောကြားသည်။
[သံတော်ဆင့် ၂၂-၁-၄၆]

၂၂ ဖေဖော်ဝါရီနှင့်မတ် ၁၁ ၁၉၄၆ ဗမာပြည်ကွန်မြူနစ်ပါတီ ဗ.က.ပ ဗဟိုကော်မတီအစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် သခင်စိုးက ဘရောက်ဒါဒအပါအဝင် ကွန်မြူနစ်ပါတီ၏ အမှားများကို ဝေဖန်ပြောကြားသည်။
[ဗမာ့ပြည်ကွန်မြူနစ်ပါတီ (ဗ.က.ပ) ဗဟိုကော်မတီ ကြေညာချက် ပြည်သူ့အာဏာ တွဲ၊ အမှတ် ၂၄၊ ၉ မတ် ၁၉၄၆]
[အောင်ထွန်း ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအစည်းအဝေး ပြည်သူ့အာဏာ တွဲ ၁၊ အမှတ် ၂၅၊ ၁၆ မတ် ၁၉၄၇]

၂၃ ဖေဖော်ဝါရီ ၁၉၄၆ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး လွတ်လပ်ရေးအဖွဲ့ချုပ် အစည်းအဝေးကျင်းပသည်။ အလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းရာ ဥက္ကဋ္ဌဒေါ်ခင်ကြည်၊ အတွင်းရေးမှူးများအဖြစ် ဒေါ်ခင်ကြည်ကြည်နှင့် မစ္စမေအောင်တို့ကို တင်မြှောက်သည်။ ဤအမှုဆောင်အဖွဲ့သည် မူလ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး လွတ်လပ်ရေးအဖွဲ့ချုပ်မှ ခွဲထွက်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကွန်ဂရက်ဖြစ်လာသည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ နိုင်ငံလွတ်လပ်ရေးကို ဦးတည်၍ တိုက်ပွဲဝင်၍ အမျိုးသမီးနစ်နာချက်များနှင့် လိုလားချက်များကို အရေးဆိုရန်ဖြစ်သည်။
[သံတော်ဆင့် ၂၆-၂-၄၆]
[တက္ကသိုလ်ကြည်မာ မြန်မာအမျိုးသမီးလောက။ ? ပုံနှိပ်။ ? ခုနှစ်။ စာ ၅၉-၆၀]

■ မျိုးချစ်အဖွဲ့ခေါင်းဆောင် ဂဠုန်ဦးစောသည် မြန်မာနိုင်ငံဘုရင်ခံ ဒေါ်မန်စမစ်နှင့် သွားရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံရေး အခြေအနေ၊ မျိုးချစ်ပါတီအကြောင်းများ ပြောကြားသည်။ ထို့နောက် ဘုရင်ခံအား သထုံတွင် သခင်အောင်ဆန်း ရာသူကြီး တစ်ဦးအား သတ်မှု အဘယ်ကြောင့် အရေးမယူသနည်းဟု မေးမြန်းသည်။
[**Burma Struggle Vol.I:** *PP 660-662*]

၂၅ ဖေဖော်ဝါရီ ၁၉၄၆ ဦးပုဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော မဲဆန္ဒပေးခွင့် စုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာကို တင်သွင်းသည်။
[**Burma Struggle Vol.I:** *PP 662-664* ]

၂၆ ဖေဖော်ဝါရီ ၁၉၄၆ ဗကပဗဟိုကော်မတီအစည်းအဝေးတွင် ဖဆပလ အင်္ဂလန်သွားလျှင် ဗကပမှ ကိုယ်စားလှယ် မထည့်ရန်နှင့် ဖဆပလလည်းမသွားရန် ကွန်မြူနစ်ပါတီက ဖဆပလသို့ အကြောင်းကြားသည်။
[ပြည်သူ့အာဏာ တွဲ ၁၊ အမှတ် ၂၅၊ ၁၆ မတ် ၁၉၄၆ စာ ၄-၅]

ဖေဖော်ဝါရီနောက်ဆုံးပတ် ၁၉၄၆ ဒူဝါဇောရစ် ဦးစီး၍ ကချင်လူငယ်အစည်းအဝေးကျင်းပသည်။
[မရမ်ဘောက်လာ ဆမားဒူးဝါဆင်ဝါးနော် စာ ၂၁၇]

ဖေဖော်ဝါရီနောက်ဆုံးပတ် ၁၉၄၆ မြန်မာပြည်လုံးဆိုင်ရာ ကရင်အမျိုးသား ကွန်ဂရက် ကျင်းပသည်။ ကွန်ဂရက် အစည်းအဝေးတွင် ကရင်အမျိုးသားအစည်းအရုံး Karen National Associaton ကို စတင် တည်ထောင်သည်။
[သရာသာထို ကရင်နှင့်နိုင်ငံရေး စာ ၁၁ - ၁၂]

## မတ်လ

၁ မတ် ၁၉၄၆ မြန်မာနိုင်ငံဘုရင်ခံ ဒေါ်မန်စမစ်က ဖဆပလကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံ သွားရေးနှင့် စပ်လျဉ်း၍ လေယာဉ်ပျံဖြင့် မဟုတ်ဘဲ သင်္ဘောဖြင့် စီစဉ်ပေးမည်ဟု အကြောင်းကြားသည်။
[ဂျာနယ်ကျော် တွဲ ၃၊ အမှတ် ၅၊ ၂-၃-၄၆၊ စာ ၁၄]
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅-၄၆) စာ ၃၉-၄၂]

■ ဖဆပလအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် အင်္ဂလန်သွားရေးခရီးစီစဉ်ရာ၌ ရေကြောင်းခရီးဖြင့် လူ ၂ ဦးသာ သွားလာခွင့်ရရှိမည်ဟု သိရကြောင်း၊ တောင်းဆိုသည့် ၅ ဦးအစား ၂ ဦးသာ ရသည့်အတွက် အလုပ်တွင်ကျယ်စရာ မရှိကြောင်း။ လေကြောင်းခရီးအစား ရေကြောင်းခရီးဖြင့် သွားရမည်ဖြစ်၍ ခရီးကြန့်ကြာမည်ဖြစ်ကြောင်း၊ ထို့ပြင် မည်သည့်အခါတွင် သွားရမည်ဟု တိတိကျကျမသိခြင်းတို့ကြောင့် အဆိုပါခရီးစဉ်ကိစ္စကို ဆက်လက်ဆောင်ရွက်ခြင်း မပြုတော့ရန် ဆုံးဖြတ်သည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅-၄၆) စာ ၇၂]

၄ မတ် ၁၉၄၆ ဗိုလ်ချုပ်အောင်ဆန်း ရခိုင်တစ်ခွင် ခရီးစဉ် စတင်သည်။ ဗိုလ်ချုပ် နှင့်အတူ ဟသ်ာတဦးမြ၊ သခင်မြ၊ ဦးအောင်ဇံဝေ၊ ဗိုလ်အောင်မင်း၊ ဗိုလ်ထွန်းလှ (စာရေးဆရာ တက္ကသိုလ်နေဝင်း) နှင့် ဗိုလ်လှကြည်တို့ ပါဝင်သည်။

[သံတော်ဆင့် တွဲ ၃၊ အမှတ် ၅၊ ၂-၃-၄၆၊ စာ ၁၄]

၇ မတ် ၁၉၄၆ ဗြိတိသျှအစိုးရ မြန်မာနိုင်ငံလုံးဆိုင်ရာ အတွင်းဝန်က မြန်မာနိုင်ငံဘုရင်ခံထံ ဂျပန်ခေတ်က သခင်ထွန်းအုပ်ရေးသားသည့် 'ကျွန်ုပ်စွန့်စားခန်း' စာအုပ်တွင် ဗြိတိသျှ စစ်သုံ့ပန်း ၁၁ ဦးအား သတ်ဖြစ်ရန် အမိန့်ထုတ်သည်ဟု ပါရှိကြောင်း သခင်ထွန်းအုပ်အား အမှုဆောင်ကောင်စီမှ ဖယ်ရှားရန် သံကြိုးရိုက်သည်။
[**Burma Struggle Vol.I:** *PP 620*]

■ ဖဆပလအတွင်းရေးမှူး သခင်သန်းထွန်းက ဖဆပလကိုယ်စားလှယ်များ အင်္ဂလန်သွားရေးကိစ္စတွင် မြန်မာနိုင်ငံ ဘုရင်ခံက ကိုယ်စားလှယ် ၅ ဦးအစား ၂ ဦးသာပေးခြင်းကြောင့်လည်းကောင်း၊ လေယာဉ်ပျံဖြင့်သွားလာရေးအစား သင်္ဘောဖြင့်သာ စီစဉ်ပေးခြင်းကြောင့် လည်းကောင်း ဖဆပလ ကိုယ်စားလှယ် အင်္ဂလန် သွားရေးကို ဆက်လက်ဆောင်ရွက်တော့မည် မဟုတ်ကြောင်း ကြေညာချက်ထုတ်ပြန်သည်။
[ဗေယျာမောင်စက္ကူဖြူပြဇာတ် စာ ၂၁၁-၂၁၂]

၉ မတ် ၁၉၄၆ ဗမာပြည်ကွန်မြူနစ်ပါတီကို တည်ထောင်သူတစ်ဦးဖြစ်သူ သခင်စိုးသည် ပါတီဗဟိုကော်မတီနှင့် အမှုဆောင်အဖွဲ့တွင် သခင်သန်း၊ ဦးသိန်းဖေတို့နှင့် သဘောကွဲလွဲသဖြင့် ၎င်း၏ အဖော်တစ်စုနှင့်အတူ ကွန်မြူနစ်ပါတီမှ နုတ်ထွက်သည်။
[သံတော်ဆင့် ၁၀-၃-၄၆]

၁၀ မတ် ၁၉၄၆ ဗမာပြည် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး ဦးသိန်းဖေက ပါတီမှ နုတ်ထွက်သွားကြသော သခင်စိုး၊ သခင်တင်မြ အစရှိသော လူငယ်တစ်စုသည် ဂိုဏ်းခွဲထောင်ရန် ကြိုးစားနေကြဖြင့် ပါတီဗဟိုကော်မတီမှ အပြီးထုတ်ပစ်လိုက်ပြီဖြစ်ကြောင်း ကြေညာသည်။
[သံတော်ဆင့် ၁၂-၃-၄၆]

■ ဘူတစ်ပါတီက 'မြန်မာပြည်အဘယ်သို့ ခြေလှမ်းမည်နည်း' ကြေညာချက်ထုတ်ပြန်သည်။ ပါတီဝင် ၁၁ ဦးရှိ၍ ဘူတစ်ပါတီဟု ခေါ်ခြင်းဖြစ်ပြီး ထိုသူများမှာ
၁။ ဦးလှဘူး-ရန်ကုန်
၂။ ဦးဘိုးဗျော-ရန်ကုန်
၃။ ဦးဘသိန်း(ရွှေပေါက်ပင်)-ရန်ကုန်
၄။ ဦးထွန်းသန်း-ရန်ကုန်
၅။ ဦးဘဒင်(ချပ်သင်း)-ရန်ကုန်
၆။ သခင်ကိုယ်တော်မှိုင်း
၇။ ဦးစံလှဘော် -မန္တလေး
၈။ ဦးမင်းအို-ရန်ကုန်
၉။ ဦးသော်(သမိုင်း)-အင်းစိန်
၁၀။ ဦးစ-ရန်ကုန်
၁၁။ ဦးထွန်းကြိုင်-ရန်ကုန်။
[သူရိယ ၁၀-၃-၄၆]

၁၁ မတ် ၁၉၄၆ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေး ကျင်းပပြီးစီးသည်။
[ပြည်သူ့အာဏာ တွဲ ၁၊ အမှတ် ၂၅၊ ၁၆-၃-၄၆]

၁၂ မတ် ၁၉၄၆ သခင်စိုးက "တိုင်းပြည်သို့ သခင်စိုးပြန်ကြားချက် စာတမ်း" တစ်ရပ်ထုတ်ပြန်ကာ ကွန်မြူနစ်ပါတီ (ဗမာပြည်) အမည်ဖြင့် ပစ္စည်းမဲ့ပါတီတစ်ရပ် တည်ထောင်ကြောင်း ကြေညာသည်။ ၎င်းစာတမ်းတွင် ဗဟိုကော်မတီ၌ စေ့စပ်မရကြ၍ ကွန်မြူနစ်ပါတီမှ နုတ်ထွက်ရကြောင်း ပါတီသစ် ထူထောင်ရကြောင်း ပါရှိသည်။ ပါတီဌာနချုပ်မှာ အမှတ် ၁၁ မင်္ဂလာလမ်း စမ်းချောင်းမြို့နယ်တွင် ဖြစ်သည်။ (သခင်စိုး၏ပါတီကို နောင်အခါ အလံနီကွန်မြူနစ်ပါတီ ဟုခေါ်ဝေါ်ခဲ့ကြသည်)
[သံတော်ဆင့် ၁၂-၃-၄၆]

၁၃ မတ် ၁၉၄၆ သခင်စိုးက ကွန်မြူနစ်ပါတီ (မြန်မာပြည်) ဌာနချုပ်၌ သတင်းစာ ရှင်းလင်းပွဲ ကျင်းပ၍ ကွန်မြူနစ်ပါတီ အကွဲအပြဲများကို ထုတ်ဖော်ပြောဆိုသည်။ ကွန်မြူနစ်ပါတီမှ သခင်စိုးအပါအဝင် ၇ ဦး ထွက်သည်။ ကွန်မြူနစ်ပါတီတွင် ၁၉ ဦးကျန်ရစ်ခဲ့သည်။
[သံတော်ဆင့် ၁၄-၃-၄၆]
[သူရိယ ၁၄-၃-၄၆]

၁၄ မတ် ၁၉၄၆ မြန်မာပြည်ကွန်မြူနစ်ပါတီက မြန်မာပြည်ကွန်မြူနစ်ပါတီဌာနချုပ်၌ သခင်စိုး ဂိုဏ်းခွဲထောင်မှုနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။
[သံတော်ဆင့် ၁၆-၃-၄၆]

၁၈ မတ် ၁၉၄၆ ပြည်သူ့လွတ်လပ်ရေး (ဆိုရှယ်လစ်) ပါတီ အထွေထွေအတွင်းရေးမှူး ဦးဗဆွေက ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲခြင်းမှာ အချောင်သမားဂိုဏ်းနှင့် အယူသည်းဂိုဏ်း ဗိုလ်လု၍ ကွဲခြင်းဖြစ်ကြောင်း သဘောထား တစ်ရပ် ထုတ်ပြန်သည်။
[ပြည်သူ့လွတ်လပ်ရေး(ဆိုရှယ်လစ်) ပါတီဌာနချုပ် စာအမှတ် ဆ.လ.ရ (ဒ) ၂၁၄။ နေ့စွဲ ၁၈-၃-၄၆]

၂၀ မတ် နှင့် ၂၈ မတ် ၁၉၄၆ လဲချားမြို့နယ် ပင်လုံမြို့တွင် ရှမ်းစော်

ဘွားများ နီးနှောဖလှယ်ပွဲ ကျင်းပသည်။ ထိုအစည်းအဝေးသို့ ဖဆပလ အဖွဲ့ချုပ် ကိုယ်စားလှယ်များအဖြစ် သခင်နု၊ ဦးဘဂျမ်း၊ မန်းဘခိုင်၊ မျိုးချစ်ပါတီခေါင်းဆောင် ဦးစော တို့တက်ရောက်သည်။ အစည်းအဝေးတွင် (– – – – ) ကို ဖွဲ့စည်းရန်ဆုံးဖြတ်သည်။ အစည်းအဝေးကျင်းပစဉ်အတွင်း ၂၈–၃–၄၆ တွင် ရှမ်းမြန်မာ ယဉ်ကျေးမှုအသင်းကိုဖွဲ့စည်းသည်။ ဥက္ကဋ္ဌမှာ ညောင်ရွှေစော်ဘွား စပ်ရွှေသိုက်ဖြစ်၍ အတွင်းရေးမှူးမှာ ဦးစောဖြစ်သည်။
[သူရိယ ၄–၄–၄၆]
[မြန်မာ့အလင်း ၄–၄–၄၆]
[ဦးအုန်းဖေ ပင်လုံစစ်တမ်း စာ ၃၁၀–၃၃၅/၃၅၀/၅၁၂]
[**Burma Struggle Vol.I:** *P XLVIII PP 710-711 / 719* ]

၂၁ မတ် ၁၉၄၆ မြန်မာနိုင်ငံ ဘုရင်ခံ၏ ဥပဒေပြုအဖွဲ့ အစည်းအဝေးတွင် ဝန်ကြီးသခင်ထွန်းအုပ်က ဗိုလ်ချုပ်အောင်ဆန်း လူသတ်မှုကျူးလွန်ကြောင်း ပြောကြားသည်။
[သူရိယ ၈–၄–၆၄]

၂၄ မတ်လ ၁၉၄၆ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ ရခိုင်ဒေသခရီးစဉ်မှ ပြန်လည်ရောက်ရှိသည်။

[သံတော်ဆင့် ၂၆–၃–၄၆]

၂၅ မတ်လ ၁၉၄၆ မြန်မာနိုင်ငံ ဘုရင်ခံက ဗြိတိသျှအစိုးရ မြန်မာနိုင်ငံ အတွင်းဝန်ထံ ၂၄–၃–၄၆ က ရေးသည့်စာတွင် ဥပဒေပြုလွှတ်တော် အစည်းအဝေး၌ သခင်ထွန်းအုပ်ပြောကြားသည့် ၁၉၄၂ ခုနှစ်က သခင်အောင်ဆန်း လူသတ်မှုကျူးလွန်ရာတွင် မျက်မြင်သက်သေ ဖြစ်ကြောင်း ထုတ်ဖော်ခဲ့သည်ဟု ပါရှိသည်။

၂၆ မတ် ၁၉၄၆ ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် အိန္ဒိယ အမျိုးသား ခေါင်းဆောင် နေရူး (Jawaharlal Nehru)နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ တွေ့ဆုံဆွေးနွေးသည်။

■ ဖဆပလ အဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေးတွင် ကွန်မြူနစ်ပါတီမှ ပေးစာအရ သခင်စိုးအား ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ်မှ ရုတ်သိမ်း၍ ဦးသိန်းဖေအား ဖဆပလဗဟို ဦးစီးအဖွဲ့ဝင်အဖြစ် တင်မြှောက်ခြင်းကို လက်ခံသည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ ၇၇–၇၈]

၂၇ မတ် ၁၉၄၆ ဖက်ဆစ်တော်လှန်ရေး ပထမအကြိမ် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနား ကျင်းပသည်။ အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းက တော်လှန်ရေးနေ့ မိန့်ခွန်းပြောကြားသည်။
[သူရိယ ၂၈–၃–၄၆]

■ မြန်မာနိုင်ငံ ဘုရင်ခံ စံအိမ်တော်၌ ကျင်းပသော အစည်းအဝေးတွင် ဗိုလ်ချုပ် အောင်ဆန်းအား ဂျပန်ခေတ်က ရွာသူကြီးတစ်ဦး သတ်မှုကျူးလွန်သည့်အတွက် ဖမ်းဆီးရန် ဆွေးနွေးသည်။
[**Burma Struggle Vol.I:** *P703-6*]

၂၈ မတ် ၁၉၄၆ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်က ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းလျှင် မြန်မာနိုင်ငံတဝှမ်းဆူပူလှုပ်ရှားလာနိုင်၍ ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းဆီးမည့်ကိစ္စကို သဘောမတူကြောင်း ဆုံးဖြတ်သည်။
[**Burma Struggle Vol.I:** *P 712*]

ဧပြီလ

၁ ဧပြီ ၁၉၄၆ ကုလားကုန်းရွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု နံပါတ် ၁ တရားခံ အိချိကာဝအား စစ်ဆေးသည်။
[သူရိယ ၂–၄–၄၆]

၃ ဧပြီ ၁၉၄၆ ဂျပန်စစ်တရားခံ ၁၃ ယောက်အနက် ဗိုလ်ကြီး ဆကာမာကို ကိုစစ်ဆေးသည်။ ကုလားကုန်းရွာတွင် အိမ်ခြေ ၁၃၀၊ လူဦးရေ ၇၀၀ ရှိကြောင်း ရွာသားများသည် မဟာမိတ် လေထီးစစ်သားများအား ကူညီနေသည်ဟု ထင်မြင်ကြောင်း ဗိုလ်မှူး အိချိကာဝ ထံမှ ရွာသားများကို သတ်ဖြတ်၍ မီးရှို့ရန် အမိန့်ရ၍ ၈ ဇူလိုင် ၁၉၄၅ တွင် အမိန့်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း တွက်ဆိုသည်။
[မြန်မာ့အလင်း ၄–၄–၄၆]

■ ဂျပန်ခေတ် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဒေါက်တာသိမ်းမောင်အား မြန်မာနိုင်ငံသို့ပြန်ပို့ရန် ဆူဂါမိုထောင်မှ ခေါ်ထုတ်သွားသည်။
[သူရိယ ၅–၄–၄၆]

■ ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်သည်။
[ဂျာနယ်ကျော် တွဲ ၃၊ အမှတ် ၁၀၊ ၆–၄–၄၆၊ စာ ၇]

၅ ဧပြီ ၁၉၄၆ ဗြိတိသျှပါလီမန် အောက်လွှတ်တော် အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံဆိုင်ရာ လက်ထောက်အတွင်းဝန် မစ္စတာ ဟင်ဒါဆင်က မြန်မာနိုင်ငံဘုရင်ခံ

အား ပုဒ်မ ၁၃၉ အရ အာဏာပေးထားသည်မှာ ၉-၄-၄၆ တွင် သက်တမ်း ကုန်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဘုရင်ခံ၏ အခွင့်အာဏာသက်တမ်းတိုးပေးသင့်ကြောင်း၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပကာ တာဝန်ခံအစိုးရ တက်သည်အထိ အုပ်ချုပ်ခွင့်ပြုရန် အဆိုတင်သွင်းရာ ဗြိတိသျှပါလီမန် အောက်လွှတ်တော်မှ မြန်မာနိုင်ငံဘုရင်ခံ၏ အခွင့်အရေးများ ကြေညာချက်များကို သက်တမ်း တိုးမြှင့်ပေးရန် အတည်ပြုသည်။
[ရှေ့ဆောင် ၈-၄-၄၆]
[လက်ရုံးဂျာနယ် ၁၈-၄-၄၆]

■ သခင်ဗစိန် စင်္ကာပူမှ မြန်မာနိုင်ငံ ပြန်လည်ရောက်ရှိသည်။
[ဟံသာဝတီသတင်းစာ ၇-၄-၄၆ နောင်ကိုးကားလျှင် ဟံသာဝတီ ဟု ညွှန်းမည်]
[သူရိယ ၇-၄-၄၆]

၆ ဧပြီ ၁၉၄၆ ဖဆပလ အလုပ်အမှုဆောင်အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် သခင်နုက ဦးစောနှင့် ပတ်သက်၍ ဆွေးနွေးသည်ကို အစီရင်ခံရာတွင် သခင်နုက ဦးစောအား

(က) အစိုးရ ဝန်ကြီးအဖွဲ့မှ မျိုးချစ်အဖွဲ့ဝင်များကို နှုတ်ထွက်စေရန်။
(ခ) ပြီးလျှင် ဖဆပလအဖွဲ့ချုပ်သို့ ပါဝင်ရန်။
(ဂ) အလုပ်အမှုဆောင်အဖွဲ့တစ်ခု ဖွဲ့စည်းရန်

အကြံပေးရာ ဦးစောက ဤကိစ္စများကို စဉ်းစားနေကြောင်း ပြန်ကြားသည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅-၄၆) ၆-၄-၄၆ စာ ၈၂]

■ ဟံသာဝတီသတင်းစာ၌ ဗိုလ်ချုပ်အောင်ဆန်းက "ကျွန်ုပ်လိပ်ပြာမှာ အမြဲသန့်ရှင်းလျက်" ဆောင်းပါးရေးကာ မြန်မာ့လွတ်လပ်ရေးတပ်မတော် မြန်မာနိုင်ငံအတွင်း ချီတက်လာစဉ်က ရွာသူကြီး တစ်ဦးအား သတ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းသည်။
[Speech By **Bogyoke Aung Sun**]
[**Burma Struggle Vol.I:** *P 725-727* ]

၈ ဧပြီ ၁၉၄၆ သဲဖြူကုန်းရွာ ရွာသူကြီး အဗ္ဗဒူရာရှစ်ဇ်၏ ဇနီး မအမာ (လက်မှတ်ထိုးရာတွင် Ma May ဟု ထိုးသည်)က ၎င်းယောကျ်ားအသတ်ခံရမှုကို မြန်မာနိုင်ငံ ဘုရင်ခံ၏ ကောင်စီ အတွင်းရေးမှူးထံ လိပ်တပ်၍ တိုင်ကြားသည်။
[**Burma Struggle Vol.I:** *P 728*]

၁၀ ဧပြီ ၁၉၄၆ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကုလားကုန်းရွာမှ ယောကျ်ား၊ မိန်းမနှင့် ကလေး စုစုပေါင်း ၆၃၇ ဦးအား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကျူးလွန်ရာတွင် ပါရှိသည့် ဂျပန်စစ်ရာဇဝတ်ကောင် ၇ ဦးကို ကြိုးဒဏ်၊ ထောင်ဒဏ် အသီးသီး ချမှတ်သည်။
[သူရိယ ၂၆-၄-၆၄]

၁၆ ဧပြီ ၁၉၆၄ သခင်စိုး၏ကွန်မြူနစ်ပါတီ (မြန်မာပြည်) မှ ဖဆပလအဖွဲ့ချုပ်သို့ ပါတီအလိုက်ဝင်ရောက်လိုကြောင်း စာပေးပို့သည်။
[ဟံသာဝတီ ၁၈-၄-၆၄ နှင့် ၁၉-၄-၆၄]

၁၉ ဧပြီ ၁၉၆၄ တို့ဗမာအစည်းအရုံးဌာနချုပ် အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့အား အလုပ်အမှုဆောင်အဖြစ် ခန့်အပ်ရန် သဘောတူသည်။
[ဟံသာဝတီ အချုပ်ပို (က) ၂၃-၄-၄၆]

၂၀ ဧပြီ ၁၉၄၆ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆင်းရဲသားဝံသာနု အဖွဲ့ချုပ် အစည်းအဝေးကျင်းပ၍ အလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းရာ ဥက္ကဋ္ဌ ဦးဘဝင်း (ဝတ်လုံတော်ရ) ဒုတိယဥက္ကဋ္ဌ ဓားမဦးဘသိမ်း တို့ဖြစ်လာကြသည်။
[သူရိယ ၂၉-၄-၄၆]
[ဂျာနယ်ကျော် တွဲ၄၊ အမှတ်၂၊ ၄-၅-၄၆၊ စာ ၁၀]

■ တို့ဗမာအစည်းအရုံးကို ပြန်လည်ဖွဲ့စည်းသည်။
[သူရိယ ၂၁-၄-၄၆]

၂၃ ဧပြီ ၁၉၄၆ အင်းစိန်ခရိုင်ဝန်ကကာကွယ်ရေးဥပဒေပုဒ်မ ၅၈ (၁) အရ စစ်ရေးသဘောသက်ဝင်သည့် လေ့ကျင့်ခန်းများ လှုပ်ရှားမှုများကို တားမြစ်သည့် အမိန့်တစ်ရပ်ကို ထုတ်ပြန်သည်။
[**Burma : The Struggle for independence (1944-48)** Vol .I Edited by Huge Tinker, London Her Majesty Stationery Office 1983.*P 515*: hereafter Cited as **Burma Struggle Vol** II]
[**Tartabin Ineident Enquring Committee's Reports** *P 2*]

■ ကချင်မနော်ပွဲကိစ္စနှင့် ပတ်သက်၍ဗိုလ်ချုပ်အောင်ဆန်းက ပြန်ကြားချက်တစ်ရပ် ထုတ်ပြန်သည်။
[သူရိယ ၂၄-၄-၄၆]

၂၅ ဧပြီ ၁၉၄၆ ဖဆပလအဖွဲ့ချုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းက သတင်းစာ ဆရာများအား အစည်းအဝေး ကျင်းပသည်။
[မြန်မာ့အလင်း ၂၆-၄-၄၆]
[သူရိယ ၂၆-၄-၄၆]

[ဟံသာဝတီ ၂၆-၄-၄၆]

■ ဗိုလ်ချုပ်အောင်ဆန်းက မျိုးချစ်အဖွဲ့မှာ ယခုတိုင် ဖဆပလနှင့်ပေါင်းရန် စကားကမ်းလှမ်းခြင်း မရှိသေးကြောင်း ပြောကြားသည်။
[ဂျာနယ်ကျော် တွဲ ၄၊ အမှတ် ၂၊ ၄-၅-၄၆ စာ ၁၂]

၂၅ ဧပြီနှင့် ၂၇ ဧပြီ ၁၉၄၆ တောင်ငူမြို့တွင် ကရင်လူထုတို့၏ လိုလားချက်များကို တင်သွင်းတောင်းဆို အတည်ပြုခဲ့ကြသည်။
[**Burma Struggle Vol.I:** *PP 740-742 / 849-885*]

၂၇ ဧပြီ ၁၉၄၆ မျိုးချစ်အဖွဲ့ ဥက္ကဋ္ဌ ဦးမြ(ဟသ်ာတ)သည် မျိုးချစ်အဖွဲ့ ဥက္ကဋ္ဌအဖြစ်မှ လည်းကောင်း၊ ဖဆပလ အလုပ်အမှုဆောင် အဖြစ်မှ လည်းကောင်း နှုတ်ထွက်ကြောင်း ကြေညာသည်။
[သူရိယ ၂၈-၄-၄၆]

■ ပြည်သူ့ရဲဘော် တပ်ဖွဲ့မှ ရန်ပုံငွေအဖြစ် ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံများကို ရောင်းချသည်။
[မြန်မာ့အလင်း ၂၇-၄-၄၆]

၂၈ ဧပြီ ၁၉၄၆ ဖဆပလ အလုပ်အမှုဆောင် အစည်းအဝေးကျင်းပ၍ ဦးမြ(ဟသ်ာတ)၏ နှုတ်ထွက်စာကို စဉ်းစားသည်။ ဦးမြက
(က) မိမိသည် မကျန်းမာသဖြင့် လည်းကောင်း၊ အချိန် မပေးနိုင်သဖြင့် လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့မှ နှုတ်ထွက်ခြင်း ဖြစ်သည်။
(ခ) ဦးစီးအဖွဲ့တွင် ဆက်လက်နေပါမည်။
(ဂ) မျိုးချစ်အဖွဲ့ ဥက္ကဋ္ဌအနေနှင့်မူ လုံးလုံးထွက်ခြင်းဖြစ်ကြောင်း ရှင်းပြသည်။ ဖဆပလအလုပ်အမှုဆောင်အဖွဲ့ ဦးမြ (ဟသ်ာတ)၏ထွက်စာကို လက်ခံသည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅-၄၆) ၂၈-၄-၆၄ စာ ၈၈]

■ အပျော်တမ်း ပြည်သူ့ရဲဘော်တပ်ဖွဲ့နှင့် ပတ်သက်၍ ကြေညာချက်ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် အပျော်တမ်း ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များသည်။ ယခုအခါ စစ်ရေးပြခြင်း၊ လေ့ကျင့်ခြင်းများ ပြုလုပ်နေကြရာ ရိုးရိုးဒရိမ်းပြခြင်း၊ ကိုယ်လက် ကျန်းမာရေးအတွက် ဒရိမ်းပြခြင်းများကို မကန့်ကွက်သော်လည်း စစ်အတတ်နှင့် ပတ်သက်၍ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းကိုမူ မြန်မာပြည်ကာကွယ်ရေး ဥပဒေ ၃၈ အရ တားမြစ်ထားကြောင်း မလိုက်နာပါက တရားဥပဒေအရ အရေးယူမည်ဟု ပါရှိသည်။
[သူရိယ ၂၈-၄-၄၆]

၂၉ ဧပြီ ၁၉၄၆ တိုကျိုစစ်ခုံးရုံးမှ ဂျပန်နန်းရင်းဝန် တိုဂျိုနှင့် အခြားစစ်တရားခံ ၂၇ ဦးတို့အပေါ် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် စာချုပ်များကို ဖောက်ဖျက်လျက် မတရားသက်သက် စစ်မက်တိုက်ခိုက်ခြင်း၊ စစ်တိုက်ရန် စီမံခြင်း၊ အစုလိုက်အပြုံလိုက် လူသတ်မှုများကို ကျူးလွန်ခြင်းနှင့် လူ့လောကနှင့် ဆန့်ကျင်သည့် မြောက်များလှသော ရာဇဝတ်မှုများ ကျူးလွန်ခြင်း အမှုများဖြင့် စွဲချက်တင်သည်။ ထိုတရားခံများတွင် မြန်မာနိုင်ငံ၏ နောက်ဆုံး စစ်သေနာပတိ ကီမူရာ ပါဝင်သည်။
[သူရိယ ၁-၅-၄၆]

၃၀ ဧပြီ ၁၉၄၆ ဗိုလ်ချုပ်အောင်ဆန်း ကယားပြည်နယ် မိတ်ဆက်အဖွဲ့ဝင်များနှင့် အတူတွဲ၍ ဓာတ်ပုံရိုက်သည်။
[မြန်မာ့အလင်း ၄-၁-၅၂]

မေလ

၃ မေ ၁၉၄၆ ရန်ကုန်မြို့တော်ခမ်းမတွင် ရန်ကုန်မြို့ ပုလိပ်ကင်ပေတိုင်ထောင်၌ ၁၉၄၃ ဧပြီလမှ ၁၉၄၅ မတ်လအထိ အမေရိကန်လေတပ်သားများနှင့် စစ်သားများအား စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးထား၍ ညှဉ်းပမ်း နှိပ်စက်သဖြင့် သုံ့ပန်း ၁၁ ယောက် သေဆုံးမှုနှင့် ပတ်သက်၍
ကင်ပေတိုင်ထောင်တာဝန်ခံ
ဗိုလ်ကြီး ကင်ဂိုနဂါဟာရာ
ဒုတိယဗိုလ် မဆာအိုယိုကိုကာ
ဆေးဆရာဝန် ကနမဲရာမာဆကီ
တပ်ကြပ် မဆီမိနီဒါ
တို့အား စစ်ဆေးသည်။
[သူရိယ ၄-၅-၄၆]

၄ မေ ၁၉၄၆ မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါမန်စမစ်က သတင်းစာအစည်းအဝေးတစ်ရပ် ကျင်းပ၍ သတင်းရေးသားမှုများကို ဆင်ခြင်ရန်နှင့် ပြည်သူ့ရဲဘော်တပ်ဖွဲ့ စစ်ရေးလေ့ကျင့်နေမှုများကို ဝေဖန်ပြောကြားပြီး ပြည်သူ့ရဲဘော်တပ်ဖွဲ့တည်ရှိနေမှုကို မလိုလားအပ်ကြောင်း ပြောကြားသည်။
[သံတော်ဆင့် ၇-၅-၄၆]

၅ မေ ၁၉၄၆ မျိုးချစ်ပါတီကွန်ဖရင့်ကျင်းပရာ ကွန်ဖရင့်တွင် ဦးစောက ဘုရင်ခံ၏အလုပ်အမှုဆောင်ကောင်စီနှင့် ဥပဒေပြုလွှတ်တော်အတွင်းမှ မျိုးချစ်ပါတီဝင်များ ထွက်ရန် အမိန့်ပေးသည်။ ၁၉၃၅ မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှု အက်ဥပဒေအရ အာဏာ

များရှိသော အစိုးရအဖွဲ့မျိုးတွင်သာ မျိုးချစ်အဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက် ချမှတ်သည်။
[သူရိယ ၆–၅–၄၆]
[မြန်မာ့အလင်း ၂၇–၉–၄၆]

၈ မေ ၁၉၄၆ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်၏ အုပ်ချုပ်ရေးသက်တမ်း ၅ နှစ် ပြည့်သွားသည်ကို နောက်ထပ်သက်တမ်း တစ်နှစ်ထပ်မံ တိုးမြှင့်ပေးသည်။
[တို့အောင်မြေစာစောင်၊ အတွဲ ၁၊ အမှတ် ၃၈၊ ?ပုံနှိပ်၊ ?မြို့၊ ၁၉၄၅။ ၂၅–၁၀–၄၅ နောင်ကိုးကားလျှင် တို့အောင်မြေ ဟုညွှန်းမည်]

■ ပြည်သူ့ရဲဘော်တပ်ဖွဲ့ သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်၏ ပြည်သူ့ရဲဘော်တပ်ဖွဲ့နှင့် စပ်လျဉ်း၍ ပြောကြားချက်ကို ပြန်လည်ချေပသည်။ ထိုပြင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များကို ဖော်ပြသည်။
[ဂျာနယ်ကျော် တွဲ ၄၊ အမှတ် ၄၊ ၁၈–၅–၄၆ စာ ၉–၁၂]

၈ မေနှင့် ၉ မေ ၁၉၄၆ ထန်းတပင်မြို့သူကြီးက အစိုးရအသိအမှတ်ပြုထားသော မီးသတ်နှင့် ကာကွယ်ရေးအဖွဲ့မှတစ်ပါး စစ်ရေးမလေ့ကျင့်ရန် မောင်းထု၍ ကြေညာသည်။
[ထန်းတပင်သေနတ်ပစ်မှု ဒုတိယ အစီရင်ခံစာ စာ ၁။ နောင်ကိုးကားလျှင် ထန်းတပင်သေနတ်ပစ်မှု(ဒု) ဟုညွှန်းမည်]

၉ မေ ၁၉၄၆ မြန်မာနိုင်ငံအစိုးရသည် ကာကွယ်ရေးပုဒ်မ ၅၈(၁)ကို ထုတ်ပြန်ကာ အင်းစိန်၊ ဟံသာဝတီ၊ ရန်ကုန်၊ ပဲခူး၊ သာယာဝတီ ခရိုင်များတွင် စစ်ရေးသဘောသက်ဝင်သည့် လေ့ကျင့်မှုများ မလုပ်ရဟု တားမြစ်သည်။
[ပြည်သူ့ရဲဘော်ဂျာနယ် အတွဲ ၁၊ အမှတ် ၁၁။ ၂၄–၇–၄၆ စာ ၉]

■ မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး (ဗတလစ)၏ ပဌမအကြိမ်မြောက် ညီလာခံကို ဟင်္သာတမြို့တွင် ကျင်းပသည်။
[သခင်မြ၏ဥယျောဇဉ်၊ ဝိဓူရ ဗိုလ်ချုပ်အောင်ဆန်း သဝဏ်လွှာဦးကာ ရန်ကုန်၊ ၁၉၄၆]

၁၁ မေ ၁၉၄၆ ပြည်သူ့ရဲဘော်ဌာနချုပ်မှ ကိုယ်စားလှယ်များဖြစ်သော ဗိုလ်ထွန်းလင်း(အထွေထွေဌာနမှူး) ဗိုလ်လှအေး(ဥပဒေဌာနမှူး) ဗိုလ်အောင်မင်း (စည်းရုံးရေးမှူး) တို့သည် ပြည်ထဲရေးဝန်ကြီး ဆာပေါ်ထွန်းနှင့် သွားရောက်တွေ့ဆုံကာ ပြည်သူ့ရဲဘော်တပ်ဖွဲ့နှင့် စပ်လျဉ်းသည့်ကိစ္စများ ဆွေးနွေးသည်။
[ဂျာနယ်ကျော် တွဲ ၄၊ အမှတ် ၄၊ ၁၈–၅–၄၆ စာ ၁၃]

■ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်က ဗြိတိသျှဝန်ကြီးချုပ် ကလီမင်အက်တလီထံ အင်္ဂလန်နိုင်ငံလာရောက်၍ မြန်မာနိုင်ငံရေးတိုင်ပင်ဆွေးနွေးလိုကြောင်း စာရေးသားသည်။
[**Burma Struggle Vol.I:** *P 782*]

၁၄ မေ ၁၉၄၆ ဖဆပလ အဖွဲ့ချုပ်က "မျိုးချစ်အဖွဲ့သို့ချေပချက်" ကို သတင်းစာအသီးသီးသို့ ထုတ်ပြန်သည်။

၁၄ မေနှင့် ၁၇ မေ ၁၉၄၆ မြန်မာနိုင်ငံ လက်ဝဲတပ်ဦး တည်ထောင်သည်။
[မြန်မာ့အလင်း ၁၉–၅–၄၆]

၁၆ မေနှင့် ၂၃ မေ ၁၉၄၆ ဖဆပလ အဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ်မြောက် အစည်းအဝေးမှ အောက်ပါ ဆုံးဖြတ်ချက် ၈ ရပ်ကို ချမှတ်သည်။
၁။ လွတ်လပ်ရေးတိုက်ပွဲ
၂။ မဲဆန္ဒပေးပိုင်ခွင့်
၃။ သမဝါယမ
၄။ ရိက္ခာပြဿနာ
၅။ ၁၉၄၆–၄၇ ခုနှစ် စိုက်ပျိုးရေး
၆။ ကရင်နီပြည်အရေး
၇။ မြန်မာနိုင်ငံအား အပိုင်းအပိုင်းအစိတ်စိတ် ပြုလုပ်ရေး
၈။ မြန်မာပြည်ကာကွယ်ရေး
[သံတော်ဆင့် ၁၇/၁၈/၁၉/၂၀/၂၁/၂၂/၂၃/၂၄–၅–၄၆]
[ဖဆပလအဖွဲ့ချုပ်ဒုတိယအကြိမ်မြောက် ဗဟိုဦးစီးအဖွဲ့၏ဆုံးဖြတ်ချက်။ ရန်ကုန်။ ဖဆပလပုံနှိပ်။ ၁၉၄၆]
[**Burma Struggle Vol.I:** *PP 749-793*]

၁၇ မေ ၁၉၄၆ ညောင်ရွှေစော်ဘွား စပ်ရွှေသိုက်က ရှမ်းနယ်ရှင်များ ကောင်စီဖွဲ့စည်းရေးနှင့် ပတ်သက်၍ ကြေညာချက် တစ်ရပ် ထုတ်ပြန်သည်။
[ဦးအုန်းဖေ ပင်လုံစစ်တမ်း စာ ၃၃၆–၃၄၂]

၁၈ မေ ၁၉၄၆ နံနက် ၁၀ နာရီအချိန် အင်းစိန်ခရိုင် ထန်းတပင်မြို့၌ တောင်သူလယ်သမားများ၊ လယ်သူမများနှင့် ပြည်သူ့ရဲဘော် အင်အား ၁၀၀၀ ကျော်ခန့်သည် ကာကွယ်ရေးဥပဒေပုဒ်မ ၅၆ နှင့် ၅၈ အရ ပြည်သူ့ရဲဘော်များအား ဖမ်းဆီးနေခြင်းကို ကန့်ကွက်သည့်အနေ

ဖြင့် စည်းကမ်းသေဝပ်စွာ စီတန်းလှည့်လည်လာစဉ် ထန်းတပင်ရဲဌာနအုပ် ဦးမောင်ကလေး၏အမိန့်ဖြင့် ပစ်ခတ်နှိမ်နင်းသည်။
[**Burma Struggle Vol.I:** *PP 515-518*]
[မြန်မာ့အလင်း အချပ်ပို ၂၁–၅–၄၆]
[သူရိယ ၂၀–၅–၄၆]

၁၉ မေ ၁၉၄၆ ဖဆပလအဖွဲ့ချုပ်က ထန်းတပင် သေနတ်ပစ်မှုနှင့် စပ်လျဉ်း၍ စုံစမ်းရန် ဦးကျော်ငြိမ်း၊ ဗိုလ်အောင်မင်း၊ သခင်တင်နှင့် ဗိုလ်မြင့်သန်းတို့ကို ထန်းတပင်မြို့သို့ စေလွှတ်သည်။
[ဂျာနယ်ကျော် အတွဲ ၄၊ အမှတ် ၅၊ ၂၅–၅–၄၆ စာ ၁၀]

၂၀ မေ ၁၉၄၆ ဖဆပလအဖွဲ့ချုပ်က ထန်းတပင်မြို့သို့ စေလွှတ်သည့် စုံစမ်းရေးအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး ထန်းတပင် သေနတ်ပစ်မှုနှင့် ပတ်သက်၍ အစီရင်ခံသည်။
[ဂျာနယ်ကျော် အတွဲ ၄၊ အမှတ် ၅၊ ၂၅–၅–၄၆ စာ ၁၀]

■ ဖဆပလအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးတွင် ထန်းတပင် သေနတ်ပစ်မှုနှင့်ပတ်သက်၍ ဗြိတိသျှနယ်ချဲ့သမား၏ အပြုအမူကို ပြင်းထန်စွာ ရှုတ်ချကြောင်းနှင့် ဗြိတိသျှ အစိုးရထံ တောင်းဆိုချက် ၇ ချက်ကို တောင်းဆိုကြောင်း ထုတ်ပြန်ကြေညာသည်။
[ဂျာနယ်ကျော် အတွဲ ၄၊ အမှတ် ၅၊ ၂၅–၅–၄၆ စာ ၁၁]

၂၀ မေ ၁၉၄၆ ဗိုလ်ချုပ်အောင်ဆန်း ဦးဘဘေနှင့် သခင်မြတို့ မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါ်မန်စမစ်ထံ သွားရောက်တွေ့ဆုံ၍ ပြည်သူ့ရဲဘော်တပ်ဖွဲ့ ယူနီဖောင်းဝတ်၍ စစ်ရေးလေ့ကျင့်မှုများကို တားမြစ်သောအမိန့်နှင့် ပတ်သက်၍ ဆွေးနွေးသည်။
[မြန်မာ့အလင်း ၂၁–၅–၄၆]

၂၂ မေ ၁၉၄၆ မြန်မာနိုင်ငံအစိုးရက ဖဆပလအဖွဲ့ချုပ်၏ ထန်းတပင် သေနတ်ပစ်မှုနှင့် ပတ်သက်သည့် တောင်းဆိုချက်များကို ပြန်ကြားသည်။ ပြန်ကြားချက်တွင် ပုလိပ်ကို ယခုအထိ အရေးမယူနိုင်သေးကြောင်း၊ ပဲခူးမင်းကြီး မစ္စတာ ဘစ်ဖို့ (William R. Bickford)၊ သခင်မြ၊ ဦးထွန်းတို့ပါဝင်သော စုံစမ်းရေးကော်မတီတစ်ခု ဖွဲ့စည်းရန်၊ စုံစမ်းရေးကော်မတီဆုံး ဖြတ်ချက်အရ အရေးယူသင့်ကယူရန်၊ စုံစမ်းစစ်ဆေးပြီးမှ လျော်ကြေး ပေးသင့်က ပေးရန်နှင့် ထန်းတပင်ရှိ စစ်တပ်များမှာ ရာဇဝတ်မှုနှိပ်ကွပ်ရေးအတွက်သာဖြစ်ကြောင်း ဖော်ပြသည်။
[မြန်မာ့အလင်း ၂၃–၅–၄၆]

■ ဖဆပလအဖွဲ့ချုပ် ဗဟိုဦးစီးအစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက ထန်းတပင်သေနတ်ပစ်မှုသည် လွတ်လပ်ရေး တိုက်ပွဲကြီးအခြေအနေသို့ ရောက်လာလိမ့်မည်ဖြစ်ကြောင်း၊ တိုက်ပွဲဝင်ရန်လည်း အဆင်သင့်ဖြစ်နေပြီ ဖြစ်ကြောင်း တိုင်းပြည်အခြေအနေကို ထောက်၍ ငြိမ်းချမ်းစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။
[ဖဆပလဗဟိုဦးစီးအစည်းအဝေးမှတ်တမ်း ၂၂ မေ ၁၉၄၆ ]
[မြန်မာ့အလင်း ၂၃–၅–၄၆]

၂၃ မေ ၁၉၄၆ ဖဆပလအဖွဲ့ချုပ် ဒုတိယအကြိမ်မြောက် ဦးစီးအဖွဲ့အစည်းအဝေးမှ ဖဆပလအဖွဲ့ချုပ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ပြုသည်။
[ဖဆပလအဖွဲ့ချုပ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ရန်ကုန်။ ဖဆပလ အဖွဲ့ချုပ်။ ၁၉၄၆]

■ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့တွေ့ဆုံ ဆွေးနွေးရာတွင် ဘုရင်ခံက ထန်းတပင်သေနတ်ပစ်မှုတွင် သက်ဆိုင်ရာအရာရှိကို အရေးယူရန်မဖြစ်နိုင်ကြောင်း၊ ပြောင်းရွှေ့ရန် စဉ်းစားမည်ဖြစ်ကြောင်း၊ ပြည်သူ့ရဲဘော်အဖွဲ့ဝင်အားလုံးကို လွှတ်ပေးနိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်း၊ တိုင်းပြည်ကြီး မီးမလောင်မီ မိမိနှင့်ဗိုလ်ချုပ်အောင်ဆန်းတို့ ပူးပေါင်းဆောင်ရွက်ရန် ဘုရင်ခံ၏အလုပ်အမှုဆောင်ကောင်စီ(ဝန်ကြီးအဖွဲ့) သို့ ဖဆပလ ပါဝင်စေလိုကြောင်း၊ မိမိ၌ ရှိသောအခွင့်အာဏာ လွှဲပြောင်းပေးရန် အသင့်ရှိကြောင်း၊ ဗြိတိသျှအစိုးရသို့ အကြောင်းကြားထားကြောင်း၊ ဖဆပလအဖွဲ့ချုပ်အနေနှင့် အလုပ်အမှုဆောင်ကောင်စီတွင် ပါဝင်ပြီးပါက အင်္ဂလန်သို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရေးကို ထပ်မံ ကြိုးစားနိုင်ကြောင်း ပြောကြားသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဘုရင်ခံ ပြောကြားသည့်ကိစ္စများကို ဖဆပလအဖွဲ့ချုပ်အမှုဆောင်အဖွဲ့သို့ တင်ပြမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) ၂၄–၅–၄၆ စာ ၉၄]

■ ဂျပန်ခေတ်မြန်မာအစိုးရ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါက်တာသိမ်းမောင်အား မဟာမိတ်တို့က ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ခေါ်ဆောင်လာရာ လမ်းခရီးတွင်

အဖျားရောဂါဖြင့် ကွယ်လွန်သွားသည့်အတွက် ရေချသဂြိုဟ်သည်။
[ဟံသာဝတီ အချပ်ပို(က) ၂၉–၅–၄၆]

■ ရန်ကုန်မြို့ မြန်မာအမျိုးသမီးအသင်းကြီးက အမှတ် ၁၁၃ ဟယ်လ်ပင်လမ်း (ယခုအလုံလမ်း) အမျိုးသမီးကယ်ဆယ်ရေးဌာနသို့ သတင်းစာဆရာများအား ဖိတ်ကြား၍ ရှင်းလင်းသည်။ ထိုရှင်းလင်းပွဲ၌ ဥက္ကဋ္ဌ ဒေါ်ဒေါ်စိုး အကျိုးဆောင် ဒေါ်မမတို့က အသင်းကြီးသည် အမျိုးသမီးကယ်ဆယ်ရေးဌာန ဖွင့်လှစ်ပြီးခဲ့ကြောင်း၊ ဆင်းရဲသားရပ်ကွက်တို့တွင် အထည်အလိပ်များအသင့်အတင့်ဝေငှခဲ့ကြောင်း၊ နှင်းဆီကုန်းလူအိုရုံအတွက် ဂျင်မခါနာ မြင်းပွဲမှ ငွေ ၅၀၀၀ နှင့် ဝတ်ရေးအတွက် သက်ဆိုင်ရာတို့ထံမှ လေထီးစ ၅၀ ရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားသည်။
[သံတော်ဆင့် ၂၄–၅–၄၆]

၂၄ မေ ၁၉၄၆ ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါမန်စမစ်နှင့် သွားရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်အောင်ဆန်းက တက္ကသိုလ်မှ ထွက်လာသည်မှစ၍ အတွေ့အကြုံများကို ပြန်ပြောင်းပြောပြသည်။ ဘုရင်ခံက ရွာသူကြီးသတ်မှုနှင့် ပတ်သက်၍ မေးမြန်းရာ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာ့လွတ်လပ်ရေးတပ်မတော် သထုံခရိုင်၊ ပေါင်မြို့နယ် သဲဖြူချောင်းရွာသို့ရောက်ရှိစဉ် ရွာသူရွာသားများက ၎င်းတို့ရွာသူကြီးက ၎င်းတို့အား ဖိနှိပ်အုပ်ချုပ်ကြောင်း ထိုအမှုကို စစ်ဆေး၍ သေဒဏ်ချမှတ်ခဲ့ကြောင်း ထို့နောက် ၎င်းကိုယ်တိုင် သူကြီးကို စီရင်ခဲ့ကြောင်း ပြောပြသည်။
[**Burma Struggle Vol.I:** *PP 811-814* ]

၂၅ မေ ၁၉၄၆ ဒုတိယအကြိမ်မြောက် ဖဆပလ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးက အင်းစိန်စီရင်စုထန်းတပင်မြို့တွင် လက်နက်ကိုင်ပုလိပ်တို့က လူထုကို သေနတ်ဖြင့်ပစ်ရေး၊ အရပ်ရပ်တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များကို ဖမ်းဆီးနှိပ်ကွပ်ရေး စသည်တို့နှင့်ပတ်သက်၍ အလုပ်ညွှန်ကြားရန် ဖဆပလအဖွဲ့ချုပ် ဦးစီးအဖွဲ့မှ ခန့်အပ်ထားသော အလုပ်ကော်မတီမှ တင်သွင်းသော အဆင့် ၃ ဆင့်ကို အတည်ပြုသည်။
လုပ်ငန်းစဉ် ပထမအဆင့်မှာ စက်ရုံ၊ ကျောင်း၊ ဈေး၊ လမ်းနှင့် ရပ်ကွက်အစည်းအဝေးကလေးများ ကျင်းပ၍က။ ထန်းတပင်မြို့တွင် လက်နက်ကိုင်ပုလိပ်တို့က လူထုကို သေနတ်ဖြင့် အရမ်းမဲ့ ပစ်ခတ်သည့်ကိစ္စ။
ခ။ အရပ်ရပ်တွင် ပြည်သူ့ရဲဘော်များကို ဖမ်းဆီးခြင်း၊ နှိပ်ကွပ်ချုပ်ချယ်ခြင်းကိစ္စ။
ဂ။ မြန်မာပြည်အရပ်ရပ်တွင် အများပြည်သူတို့၏ လွတ်လပ်မှု အခွင့်အရေးများကို ချုပ်ချယ်ခြင်း၊ လူထုကို ငြင်းပန်းခြင်းကိစ္စများကို ရှင်းပြရန်။
လုပ်ငန်းစဉ် ဒုတိယအဆင့်မှာ ၂၅–၅–၄၆ ထန်းတပင်ဆန္ဒပြပွဲတွင် ကျဆုံးသွားသော လယ်သမားများ၏ ဈာပနအခမ်းအနားကို အထူးစည်ကားသော လူထုအင်အားပြပွဲဖြစ်သွားအောင် အင်းစိန် စီရင်စုအနီးတစ်ဝိုက်မှ မသာပို့လိုက်ကြရန်။
လုပ်ငန်းစဉ် တတိယဆင့်မှာ ဇွန်လ ၇ ရက်နေ့တွင် မြန်မာတစ်ပြည်လုံးတွင် ကန့်ကွက်ပွဲအစည်းအဝေးများ ကျင်းပရန်တို့ဖြစ်သည်။
[သံတော်ဆင့် ၂၃–၅–၄၆]

■ ထန်းတပင်မြို့၌ လူထုဆန္ဒပြပွဲတွင် ကျဆုံးသွားသည့် လယ်သမားများ၏ ဈာပနအခမ်းအနားကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်မိန့်ခွန်းပြောကြားသည်။
[သံတော်ဆင့် ၂၆–၅–၄၆]
[ဟံသာဝတီ ၂၈–၅–၄၆ အထူးအချပ်ပို(စ)]

၂၇ မေ ၁၉၄၆ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါမန်စမစ် ဝမ်းကိုက်ရောဂါ (Amoebic Sysentery )ဖြစ်ပွားသည်။
[Mourice Collis **Last and First in Burma 1941-48 ,** London, Faber & Faber Limited 1956 *P 280*: hereafter cited as Collis **Last and First in Burma,** ]

၂၉ မေ ၁၉၄၆ အလံနီကွန်မြူနစ် ခေါင်းဆောင် သခင်စိုးအား ၂၈ မေ ၁၉၄၆ က တရားမဝင်အစည်းအဝေးကျင်းပသည့်အတွက် တွေ့သည့်နေရာတွင် ဖမ်းဆီးရန် ဝရမ်းထုတ်ပြန်သည်။
[**Burma Struggle Vol.I:** *P 817*]

၃၀ မေ ၁၉၄၆ အာရှအရှေ့တောင်ပိုင်း မဟာမိတ်စစ်သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန် ရာထူးသက်တမ်းကုန်ဆုံးသည်။
[**Burma Struggle Vol.I:** *P XLVIII*]

၃၁ မေ ၁၉၄၆ မျိုးချစ်အဖွဲ့အစည်းအဝေးကျင်းပ၍ ဘုရင်ခံ၏ အမှုဆောင်အဖွဲ့မှ ဦးအေး၊ ဦးလွန်းနှင့် ဦးဘအုန်းတို့အား ချက်ချင်းထွက်ရန် အမိန့်ထုတ်သည်။
[သူရိယ ၁–၆–၄၆]
[ဟံသာဝတီ ၁–၆–၄၆]

## ဇွန်လ

၁ ဇွန် ၁၉၄၆ ရန်ကုန်မြို့ မြို့တော်ခမ်းမတွင် မော်လမြိုင်မြို့ ရေတွင်းကုန်းရွာသားများအား ညှင်းပမ်းနှိပ်စက်မှုဖြင့် ဂျပန်စစ်တရားခံ ကိုးယောက်အမှုကို စစ်ဆေးပြီးနောက် အမိန့်ချမှတ်သည်။
ဗိုလ်မှူးကြီး အီဒီတာ
ဗိုလ်ကြီး ဟီဂါရှီ
ဒုတိယဗိုလ် နကာရာမာ
တို့အား ထောင်ဒဏ် ၈ နှစ်။
အုပ်ခွဲတပ်ကြပ်ကြီး ကိုဘာရာရှီ
တပ်ကြပ်ကြီး တိုရာမား
တို့အား ထောင်ဒဏ် ၆ နှစ်။
တပ်ကြပ်ကြီး နကာရှီမား
တပ်ကြပ်ကြီး အိုဂါဝါး
လွှတ်။
[သူရိယ ၂-၆-၄၆]
[ဟံသာဝတီ အချပ်ပို (က) ၂-၆-၄၆]

၃ ဇွန် ၁၉၄၆ မြန်မာနိုင်ငံအစိုးရ ပြည်သူ့ဆက်ဆံရေးဌာနက သတင်းစာဆရာများ အစည်းအဝေးကျင်းပကာ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ် ဝမ်းကိုက်ဝေဒနာ ပြင်းထန်စွာ ခံစားနေရ၍ ထိုအတောအတွင်း ဆာဟင်နရီနိုက် (Sir Henry Knight) အား မြန်မာနိုင်ငံ ဘုရင်ခံ အဖြစ် ခေတ္တခန့်ထားရန် ဘုရင်မင်းမြတ်က သဘောတူညီပြီးကြောင်း သတင်းထုတ်ပြန်သည်။
[သူရိယ ၄-၆-၄၆]

၅ ဇွန် ၁၉၄၆ တောင်တန်းသားစည်းလုံးညီညွတ်ရေးအဖွဲ့ ပမာဏညီလာခံ ကျင်းပသည်။
[ ခေတ်မီရှမ်းပြည်၊ ? ၊ ၁၈-၇-၄၆၊ စာ ၅]

■ ဘုရင်ခံ၏အမှုဆောင် ကောင်စီမှ မျိုးချစ်အဖွဲ့ဝင် ဝန်ကြီးနှစ်ဦးဖြစ်သည့် ဦးစောနှင့် ဦးဘအုန်းတို့နုတ်ထွက်သည်။
[**Burma Struggle Vol.I:** *P L*]

၇ ဇွန် ၁၉၄၆ ပုသိမ်မြို့တွင် ကရင်အမျိုးသားခေါင်းဆောင်ကြီး ဆာစ်စီဖိုး ကွယ်လွန်သည်။
[သူရိယ ၁၃-၆-၄၆]

■ ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင် (ဝန်ကြီး) ဦးလွန်းကို မျိုးချစ်အဖွဲ့မှ ထုတ်ပယ်သည်။
[သူရိယ ၈-၆-၄၆]
[ဟံသာဝတီ ၈-၆-၄၆]

■ ဖဆပလအဖွဲ့ချုပ်က ဦးဆောင်၍ ကန်တော်မင်ပန်းခြံ (ယခုကန်တော်မင်္ဂလာပန်းခြံ)၌ ပြည်သူ့လွတ်လပ်ခွင့် ချုပ်ချယ်ခြင်းကို လူထုဆန္ဒပြ ကန့်ကွက်ပွဲ ကျင်းပသည်။
[သူရိယ ၈-၆-၄၆]
[ဟံသာဝတီ အချပ်ပို (ခ)၈-၆-၄၆]

၇ ဇွန် ၁၉၄၆ ဗြိတိသျှပါလီမန်အောက်လွှတ်တော် အစည်းအဝေးတွင် လေဘာအမတ် မစ္စတာဒရိုင်းဘတ် (Mr. Tom Driberg) က မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် အမှုဆောင်ကောင်စီအဖွဲ့တွင် ဦးအောင်ဆန်းနှင့်တကွ ၎င်း၏ ပြည်သူ့ရဲဘော်အဖွဲ့တို့၏ အကူအညီ ရယူသင့်ကြောင်း ပြောကြားသည်။
[House of Commons, parliamentary Debates (Hansand) 7-6-46. Vol 423. Cols 2314-2318]

■ ဗြိတိသျှပါလီမန် အောက်လွှတ်တော် အစည်းအဝေးတွင် ကွန်ဆာဗေးတစ်အမတ် ကပ္ပတိန် ဂမ်းမင်း (Capt. Gammans) က ဦးအောင်ဆန်းသည် တပ်သားဦးရေ ၉၀၀၀ ခန့်ရှိ စစ်တပ်တစ်တပ်ကို ဖွဲ့ထားကြောင်း၊ မဲဆန္ဒရှင်များကို ထိုစစ်တပ်နှင့် ငြိမ်းခြောက်မည်ကို စိုးရိမ်ရကြောင်း၏၊ ထိုအခြေအနေဆိုက်ရောက်လျှင် ဖက်ဆစ်အုပ်ချုပ်ရေးနှင့် ခြားနားမည် မဟုတ်ကြောင်း ပြောကြားသည်။
[House of Commons, parliamentary Debates (Hansand) 7-6-46. Vol 423. Cols 23198-2323]
[တိုးတက်ရေးဂျာနယ် အမှတ် ၂၀၊ ၁၆-၆-၄၆ စာ ၃၃]
[**Burma Struggle Vol.I:** *P 848*]

၁၀ ဇွန် ၁၉၄၆ ဗိုလ်ချုပ်အောင်ဆန်းက ဇွန် ၇ ရက် ဗြိတိသျှပါလီမန်အောက်လွှတ်တော် အစည်းအဝေးတွင် ကွန်ဆာဗေးတစ် အမတ် ကပ္ပတိန်ဂမ်းမင်း စွပ်စွဲချက်ကို ကန့်ကွက်ကြောင်း ကြေးနန်းပေးပို့သည်။
[ဂျာနယ်ကျော် တွဲ ၄၊ အမှတ် ၈၊ ၁၅-၆-၄၆]

■ မြန်မာနိုင်ငံ ခေတ္တဘုရင်ခံ ဆာဟင်နရီနိုက်သည် ရန်ကုန်မြို့သို့ လစ်ဘရေတာလေယာဉ်ဖြင့် ဆိုက်ရောက်လာသည်။
[ဟံသာဝတီ အချပ်ပို(ခ) ၁၁-၆-၄၆]
[တိုးတက်ရေးဂျာနယ် အမှတ် ၂၀၊ ၁၆-၆-၄၆]

၁၁ ဇွန် ၁၉၄၆ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်က ခေတ္တဘုရင်ခံ ဆာဟင်နရီနိုက်အား ရာထူးတာဝန်များ လွှဲပြောင်းပေးသည်။
[**Burma Struggle Vol.I:** *P 844*]
[**Burma Gezette** 22-6-46]

၁၂ ဇွန်နှင့် ၁၄ ဇွန် ၁၉၄၆ ကရင်ဗဟိုအဖွဲ့ချုပ် ကိုယ်စားလှယ်အစည်း

အဝေးတွင် အင်္ဂလန်နိုင်ငံသို့ ကရင်ကိုယ်စားလှယ်အဖွဲ့ သွားရောက်အရေးဆိုရန် ကရင်မိတ်ဆက်အဖွဲ့ စေလွှတ်ရေးကို ထပ်မံ အတည်ပြုလျက် အင်္ဂလန်နိုင်ငံသွား ကရင်အဖွဲ့ဝင်များအဖြစ်

၁။ မစ္စတာဆစ်ဒနီလူနီ

၂။ စောဘိုးချစ်

၃။ စောသာဒင်

၄။ စောဘဦးကြီးတို့ကို တင်မြှောက်ကြသည်။

[ဦးသန့် ပြည်တော်သာခရီး (ဒုတိယပိုင်း) ရန်ကုန်စာပေဗိမာန်ပုံနှိပ်။ ၁၉၆၁။ စာ ၁၀၀။ နောင်ကိုးကားလျှင် ဦးသန့် ပြည်တော်သာခရီး(ဒု) ဟုညွှန်းမည်]

၁၄ ဇွန် ၁၉၄၆ မြန်မာနိုင်ငံဘုရင်ခံဟောင်း ဆာဒေါ်မန်စမစ်၊ လေဒီဒေါ်မန်စမစ်နှင့်သမီး ပက်ထရစ်ရှားတို့ အော်ဒူးနား (S.S ORDUNA) သင်္ဘောဖြင့် မြန်မာနိုင်ငံ ထွက်ခွာသည်။

[ဟံသာဝတီ ၁၅-၆-၄၆]

၁၅ ဇွန် ၁၉၄၆ ဌာနချုပ်တို့ဗမာအစည်းအရုံး အစည်းအဝေးကျင်းပ၍ အလုပ်အမှုဆောင် အဖွဲ့ဝင်များအဖြစ် ဥက္ကဋ္ဌ သခင်ဗစိန်၊ အထွေထွေအတွင်းရေးမှူး သခင်သိန်းမောင်တို့အား ရွေးချယ် တင်မြှောက်သည်။

[ဟံသာဝတီ အချပ်ပို (က) ၁၉-၆-၄၆]

၂၀ ဇွန်နှင့် ၂၁ ဇွန် ၁၉၄၆ မြန်မာနိုင်ငံလုံးဆိုင်ရာ ကရင်အမျိုးသားအဖွဲ့ချုပ်ကြီး (ဘီကေအင်အေ)က မောင်ဂိုမာရီလမ်း (ယခုဗိုလ်ချုပ်အောင်ဆန်းလမ်း)ရှိအဖွဲ့ချုပ်ရုံးတွင် အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ကရင်ပြည်နယ်တောင်းဆိုရေးနှင့် ပတ်သက်၍ ဘာသာမရွေး၊ အဖွဲ့အစည်းမရွေး၊ မြန်မာနိုင်ငံလုံးရှိ ကရင်အမျိုးသားများ၏ ညီလာခံ ကျင်းပရန် သဘောတူခဲ့သည်။

**[Note on Verious Karen Association ]**

၂၈ ဇွန် ၁၉၄၆ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလွတ်လပ်ရေးအဖွဲ့ချုပ် အမှုဆောင်အစည်းအဝေးကျင်းပသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး လွတ်လပ်ရေးအဖွဲ့ချုပ်သည် မြန်မာနိုင်ငံအတွင်းရှိ လူတန်းစားမရွေး မြန်မာတိုင်းရင်းသူအားလုံး၏ အဖွဲ့ဖြစ်ကာ မြန်မာတိုင်းရင်းသူများ အကျိုးအတွက် ရည်ရွယ်ချက် ၄ ရပ်ချမှတ်ခဲ့သည်။ ထိုရည်ရွယ်ချက်များမှာ အမျိုးသမီးများအား စည်းရုံး၍ တိုင်းပြည်ပြန်လည်ထူထောင်ရေး၊ သက်သာချောင်ချိရေး၊ ကျန်းမာရေးလုပ်ငန်းတို့တွင် ပါဝင်ဆောင်ရွက်ရန်၊ အမျိုးသမီးများ၏ တရားဝင်အခွင့်အရေး ရယူရန်၊ အမျိုးသမီးများအား လူမှုရေးလုပ်ငန်း ကြိုးပမ်းဆောင်ရွက်လိုစိတ်ရင့်သန်လာအောင် လေ့ကျင့်ပေးရန်။ အမျိုးသမီးများ စည်းလုံးဆောင်ရွက်မှုတွင် လေ့ကျင့်ပေးရန်တို့ ဖြစ်သည်။

[သူရိယ ၇-၇-၄၆]

ဇွန်လ နောက်ဆုံးပတ် ရခိုင်အမျိုးသမီးအဖွဲ့ထူထောင်သည်။ အလုပ်အမှုဆောင်အဖွဲ့ဝင်များမှာ ဥက္ကဋ္ဌ ဒေါ်စောမြ၊ အတွင်းရေးမှူး ဒေါ်ကြာဖုံ တို့ဖြစ်သည်။

[ဦးအောင်ဇံဝေ A Surviours Memors (လက်နှိပ်စက်မူ)]

## ဇူလိုင်လ

၅ ဇူလိုင် ၁၉၄၆ မြန်မာနိုင်ငံအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနမှ ထန်းတပင် သေနတ်ပစ်မှုအစီရင်ခံစာ ထုတ်ပြန်သည်။

[**Tantabin Reports** *P 844*]

၈ ဇူလိုင် ၁၉၄၆ မြန်မာ့လွတ်လပ်ရေး အမျိုးသမီးအဖွဲ့ချုပ်ကို ဗမာပြည်လွတ်လပ်ရေး အမျိုးသမီးအစည်းအရုံး ဗလမစ ဟူ၍ အမည်ပြောင်းသည်။ အမှုဆောင်အဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းရာ ဥက္ကဋ္ဌ ဒေါ်ခင်လှ ဒု-ဥက္ကဋ္ဌ ဒေါ်သဲညွန့် အတွင်းရေးမှူး ဒေါ်မြတင်တို့ ဖြစ်သည်။

[ဟံသာဝတီ ၂၁-၇-၄၆]

[ကြည်မာ မြန်မာအမျိုးသမီးလောက စာ ၆၁-၆၂]

[တို့ဗမာအစည်းအရုံးသမိုင်းပြုစုရေးအဖွဲ့၊ တို့ဗမာအစည်းအရုံးသမိုင်း(ဒုတိယတွဲ) ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်။ ၁၉၇၆။ စာ ၁၄၈။ နောင်ကိုးကားလျှင်တို့ဗမာအစည်းအရုံးသမိုင်း(ဒု)ဟုညွှန်းမည်]

၉ ဇူလိုင် ၁၉၄၆ မြန်မာနိုင်ငံ အစိုးရ ပြည်ထဲရေးဝန် ကြီးဌာနမှ ကာကွယ်ရေး ပုဒ်မ ၅၈ (၁) ကို ရုတ်သိမ်းသည်။

[ပြည်သူ့ရဲဘော်ဂျာနယ် အတွဲ ၁၊ အမှတ် ၁၁၊ ၂၄-၇-၄၆]

၁၀ ဇူလိုင် ၁၉၄၆ မြန်မာနိုင်ငံ ခေတ္တဘုရင်ခံချုပ် ဟင်နရီနိုက်က သခင်စိုးဦးဆောင်သည့် ကွန်မြူနစ်ပါတီ (ဗမာပြည်) အား အင်္ဂလိပ်? 

ကြေညာသည်။
[ဟံသာဝတီ ၁၆-၇-၄၆]
[သံတော်ဆင့် ၂၈-၇-၄၆]
[တိုးတက်ရေးဂျာနယ် အမှတ် ၂၅၊ ၂၁-၇-၄၆]
[**Burma Struggle Vol.I:** *PP 894-895* ]

၁၁ ဇူလိုင် ၁၉၄၆ ရန်ကုန်မြို့ ရွှေတိဂုံစေတီ အလယ်ပစ္စယံ ဒိုက်ဦးဇရပ်တွင် အမျိုးသမီး ကွန်ကရက်က မြန်မာပြည် အမျိုးသမီးတစ်ဖွဲ့တည်းဖြစ်ရန် ရန်ကုန်မြို့ရှိ အမျိုးသမီးအဖွဲ့အသီးသီးအား ဘိတ်ကြား၍ အစည်းအဝေးကျင်းပသည်။
[သူရိယ ၁၂-၇-၄၆]

၁၃ ဇူလိုင် ၁၉၄၆ ဗြိတိသျှ နန်းရင်ဝန် မစ္စတာ အက်တလီက ဆာဟူးဘတ်ရန်(စ်)ကို မြန်မာနိုင်ငံဘုရင်ခံအဖြစ် ခန့်အပ်သည်။
[Mourice Collis **Last and First in Burma** *P 282*]

၁၃ ဇူလိုင် ၁၉၄၆ မြန်မာနိုင်ငံ ခေတ္တဘုရင်ခံ ဆာဟင်နရီနိုက်က ကရင် ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်သည့် ဆစ်ဒနီလူနီ၊ မန်းဘခင်၊ စောသာဒင်၊ စောဘိုးချစ်၊ စောစိန်တင်နှင့် သာရာသာထိုတို့ကို လက်ခံတွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် ကရင်ကိုယ်စားလှယ်အဖွဲ့က ကရင်ပြည်နယ် တည်ဆောက်ရေးနှင့် အင်္ဂလန်နိုင်ငံသို့ ကရင်ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရေးတို့ကို တင်ပြသည်။
[**Burma Struggle Vol.I:** *PP 892-893/ 949-945* ]

၁၄ ဇူလိုင်နှင့် ၂၄ ဇူလိုင် ၁၉၄၆ တောင်ကြီးမြို့တွင် စပ်ဖများကောင်စီအစည်းအဝေးကျင်းပသည်။
[ဦးအုန်းဖေ ပင်လုံစစ်တမ်း စာ ၃၅၀-၃၅၁]

၂၀ ဇူလိုင် ၁၉၄၆ ဖဆပလ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက အတွေတွေ အတွင်းရေးမှူး သခင်သန်းထွန်းသည် အလုပ်အမှုဆောင် အစည်းအဝေး၌ ဦးဘဘော၊ ဒီးဒုတ်ဦးဘချိုတို့ ပြောဆိုသော စကားများအား ဝေဖန်ရေးသားခြင်းသည် စည်းကမ်းချိုးဖောက်ခြင်းဖြစ်ကြောင်း အလုပ်အမှုဆောင် လူကြီးလည်းဖြစ် အထွေထွေအတွင်းရေးမှူးလည်း ဖြစ်၍ သာလွန်၍ အရပ်ဆိုးကြောင်း ပြောကြားသည်။ ထိုပြင် သခင်သန်းထွန်းသည် မကျန်းမာ၍ ဖဆပလအဖွဲ့ချုပ်၏ အချက်အချာဖြစ်သော အထွေထွေအတွင်းရေးမှူးတာဝန်များကို ဆက်လက်ထမ်းဆောင်နိုင်မည် မထင်ကြောင်း ပြောဆိုရာ သခင်သန်းထွန်းက မကျန်းမာ၍တစ်ကြောင်း၊ အလုပ်လုပ်ရာတွင် အပြန်အလှန်ယုံကြည်မှုရှိရန်လိုကြောင်း၊ ယခုမူ အပြန်အလှန်ယုံကြည်မှုလည်း မရှိတော့ကြောင်း ယခုအခါ နယ်ချဲ့သမားတို့သည် တိုက်စစ်ဆင်လာပြီဖြစ်ရာ အမျိုသားလွတ်လပ်ရေးလုပ်ငန်း၏ အုတ်မြစ်ဖြစ်သော ဗမာပြည်ကွန်မြူပါတီ ကိုယ်စားလှယ်တစ်ဦးအဖြစ် တက်ရောက်ရန် စောစောကပင် ပြင်ဆင်ရန်လိုသည် တစ်ကြောင်း၊ အင်္ဂလန်သို့ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်တစ်ဦး အဖြစ်တက်ရောက်ရန် လိုသည်က တစ်ကြောင်းကြောင့် အထွေထွေအတွင်းရေးမှူး ရာထူးမှ နှုတ်ထွက်ကြောင်း ပြောဆိုသည်။ သခင်သန်းထွန်း၏ နှုတ်ထွက်ချက်ကို အလုပ်အမှုဆောင်ကော်မတီက လက်ခံသည်။ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်သော အထွေထွေအတွင်းရေးမှူ နေရာတွင် ကိုကျော်ငြိမ်းဆောင်ရွက်ရန်နှင့် ကွန်မြူနစ်ပါတီတစ်ဦးအား တွဲဖက် အတွင်းရေးမှူးအဖြစ် ခန့်ထားရန် အကြံပေးသည်။ ဥက္ကဋ္ဌ၏ အကြံပေးချက်ကို ဦးဘဖေနှင့် ဒီးဒုတ်ဦးဘချိုတို့က ထောက်ခံသည်။ သခင်သန်းထွန်းက ကန့်ကွက်၍ လစ်လပ်သော အထွေထွေအတွင်းရေးမှူနေရာတွင် ကိုသိန်းဖေအား ခန့်ထားရန်ဆိုရှယ်လစ်ပါတီတစ်ဦးကို တွဲဖက်အတွင်းရေးမှူး ခန့်ထားရန်အဆိုတင်သွင်းသည်။ သခင်သန်းထွန်း၏ အဆိုကို ဥက္ကဋ္ဌဦးဘဘောနှင့် ဒီးဒုတ်ဦးဘချိုတို့က ကန့်ကွက်သည်။ ဤကိစ္စကို အပြန်အလှန်ဆွေးနွေးကြပြီးနောက် လူများစု၏ ဆန္ဒအတိုင်း ကိုသိန်းဖေ၏ သဘောတူညီချက်အရ ကိုကျော်ငြိမ်းအား ယာယီအတွင်းရေးမှူးခန့်ထား၍ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ တင်ပြရန် သဘောတူကြသည်။
အစည်းဝေးတွင် အထွေထွေကိစ္စ ဆွေးနွေးရာ ဖဆပလသည် ပြည်သူ့လွတ်လပ်ရေး ချုပ်ချယ်မှု ကျင်းပရေးနှင့် ပတ်သတ်၍ တစ်ပြည်လုံးတွင် သော်လည်းကောင်း၊ ရန်ကုန်မြို့တွင် လည်းကောင်းစီစဉ်မည်ဖြစ်သော်လည်း ၂၆ဇူလိုင် ၁၉၄၆တွင် ကျင်းပမည့် ပြည်သူ့လွတ်လပ်ရေး ချုပ်ချယ်မှု ကန့်ကွက်ပွဲတွင် ဖဆပလပါဝင်မည်မဟုတ်ဟု ဆုံးဖြတ်သည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅-၄၆) ၂၀-၇-၄၆ စာ ၁၀၅-၁၀၈]

၂၅ ဇူလိုင် ၁၉၄၆ ရန်ကုန်မြို့ မောင့်ဂိုမာရီလမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း)အမှတ် ၂၅၃၌ မြန်

မာနိုင်ငံလုံးဆိုင်ရာ ကရင်အမျိုးသား အဖွဲ့ချုပ်ကြီး (ဘီကေအင်အေ) အမှုဆောင် ကော်မတီ၏ အထူး အစည်းအဝေးတွင် အင်္ဂလန်သို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ်မည့် ကရင်ဗဟိုအဖွဲ့ချုပ်၏ ဆောင်ရွက်ချက်နှင့် ကရင်ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုလည်း ကန့်ကွက်သည်။
[**Note on Various Karn Association** *P6*]

၂၆ ဇူလိုင် ၁၉၄၆ ကရင်ဗဟိုအဖွဲ့ချုပ်မှ ကရင်ကိုယ် စားလှယ်အဖွဲ့ဝင်များဖြစ်သည့် ဆစ်ဒနီလူနီ၊ စောဘဦးကြီး ကရင်ဗဟိုအဖွဲ့ချုပ် အလုပ်အမှုဆောင်နှင့် ကိုယ်စားလှယ်အဖွဲ့တွင် အတွင်းရေးမှူး စောဦးချစ်တို့ အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသည်။
[ဦးသန့် ပြည်တော်သာခရီး (ဒုတိယပိုင်း) ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်။ ၁၉၆၁။ စာ၈၀။ နောင်ကိုးကားလျှင် ဦးသန့် ပြည်တော်သာခရီး(ဒု) ဟုညွှန်းမည်]
[**Note on Various Karn Association** *P6*]
[**Burma Struggle Vol.I:** *PP 950*]

၂၇ ဇူလိုင် ၁၉၄၆ ဆာဟူးဘတ်ရန့်က မြန်မာနိုင်ငံဘုရင်ခံရာထူးကမ်းလှမ်းလာခြင်းကို လက်ခံသည်။ သို့သော်သတင်းကို ၅-၈-၄၆ မတိုင်မီ မထုတ်ပြန်ရန် မေတ္တာရပ်ခံသည်။
[**Burma Struggle Vol.I:** *PP 920-921*]

ဇူလိုင် (နောက်ဆုံးပတ်) ၁၉၄၆ ဗိုလ်မှူးကြီး ဖစ်ရက်က ဂျပန်ခေတ်မြန်မာအစိုးရ အဓိပတိ ဒေါက်တာဘမော်အား ဂျပန်နိုင်ငံရှိ ဆူကာမိအကျဉ်းထောင်မှထုတ်၍ ဗြိတိသျှသံရုံးသို့ ခေါ်ဆောင်သွားသည်။
[Ba Maw **Breakthrough in Burma.** *P 416* ]

## သြဂုတ်

၁ သြဂုတ် ၁၉၄၆ ဂျပန်ခေတ်မြန်မာအစိုးရအဓိပတိ ဒေါက်တာဘမော် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။
[Ba Maw **Breakthrough in Burma.** *P 416* ]

၈ သြဂုတ် ၁၉၄၆ ကရင်ဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ စောသာဒင် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသည်။
[**Note on Various Karn Association** *P 4*]

၂၄ သြဂုတ် ၁၉၄၆ ရန်ကုန်မြို့ပေါ်ရှိ ရပ်ကွက်များတွင် အသင်းအဖွဲ့ပေါင်းစုံက ဦးစီး၍ ပြည်သူ့လွတ်လပ်ရေး အုပ်ချုပ်မှုကန့်ကွက်ပွဲများ ကျင်းပပြီး ကြွေးကြော်သံများ ကြွေးကြော်သည်။ (ကြွေးကြော်သံ ၂၄ ချက်ကို ရန်ကုန်ခရိုင် ဖဆပလအဖွဲ့ချုပ်မှ ထုတ်ပြန်သည်)
[**Burma Struggle Vol.I:** *PP 973*]

၂၅ နှင့် ၂၇ သြဂုတ် ၁၉၄၆ ဖဆပလအဖွဲ့ချုပ် ဦးစီးအဖွဲ့၏ တတိယ အကြိမ်မြောက် အစည်းအဝေးကို အမှတ် ၈ ကိုယ့်မင်းကိုယ့်ချင်းလမ်း ရန်ကုန်မြို့ရှိ ဖဆပလဌာနချုပ်၌ ကျင်းပသည်။ အစည်းအဝေးတွင် ဆုံးဖြတ်ချက် ၈ ရပ် ချမှတ်ဆုံးဖြတ်သည်။ ၎င်းတို့မှာ

၁။ ရေဘေးဒုက္ခ
၂။ ယိုးဒယား မြန်မာ မီးရထားလမ်းကိစ္စ
၃။ မီးရထားလမ်းများ
၄။ မြန်မာပြည်ငွေကြေးစနစ်
၅။ ပြည်သိမ်းမဟာမိတ်စစ်တပ်များ
၆။ ငွေရေးကြေးရေးအရှုပ်အထွေး
၇။ သခင်စိုးဂိုဏ်းကိစ္စ
၈။ နိုင်ငံရေးအကျဉ်းသမားများအား မတရားညဉ်းပန်းခြင်း တို့ဖြစ်သည်။

[**Burma Struggle Vol.I:** *PP 965-966*]
[ဖဆပလဗဟိုဦးစီးအဖွဲ့(ဒုတိယအကြိမ်) အစည်းအဝေးမှတ်တမ်း ၁၉၄၆၊ သြဂုတ်လ]
[ဒီးဒုတ်ဂျာနယ် အတွဲ ၂၀၊ အမှတ် ၈၊ စာ ၁၄-၁၆၊ ၂-၉-၄၆ ]

၂၈ သြဂုတ် ၁၉၄၆ ဖဆပလ အဖွဲ့ချုပ်အတွင်းရေးမှူးရာထူးအတွက် ဦးကျော်ငြိမ်းနှင့် ဦးသိန်းဖေ ယှဉ်ပြိုင်အရွေးခံရာ ဦးကျော်ငြိမ်းက ၅၂ မဲ၊ ဦးသိန်းဖေက ၃၃ မဲရရှိသည်။
[ဒီးဒုတ်ဂျာနယ် အတွဲ ၂၀၊ အမှတ် ၈၊ စာ ၁၄၊ ၂-၉-၄၆]
[**Burma Struggle Vol.I:** *PP 967*]

၃၀ သြဂုတ် ၁၉၄၆ ဖဆပလ အလုပ်အမှုဆောင်အဖွဲ့ အထူးအစည်းအဝေး ကျင်းပရာ ဦးသိန်းဖေအား တွဲဘက်အထွေထွေအတွင်းရေးမှူး အဖြစ် ခန့်ထားရန် သဘောတူသည။ တွဲဘက်အတွင်းရေးမှူးနှင့် အထွေထွေအတွင်းရေးမှူး မရှိသည့်အခါ ၎င်း၏နေရာတွင် ဆောင်ရွက်ရန် အခွင့်အရေးရှိကြောင်း ဆုံးဖြတ်သည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅-၄၆) ၃၀-၈-၄၆၊ စာ ၁၁၂-၁၁၄]

■ မြန်မာနိုင်ငံ ဘုရင်ခံသစ် ဆာဟူးဘတ်ရန့်စ် (Sir Hubert Elvin Rance) မြန်မာနိုင်ငံရောက်ရှိသည်။
[ဟံသာဝတီ ၄-၁၀-၄၆]

၃၁ သြဂုတ် ၁၉၄၆ မြန်မာနိုင်ငံ ခေတ္တဘုရင်ခံ ဆာဟင်နရီနိုက်ထံမှ ဘုရင်ခံသစ် ဆာဟူးဘတ်ရန့်စ်က ရာထူးလွှဲပြောင်းယူပြီး ကျမ်းသစ္စာ

ကျိန်ဆိုသည်။
[ဟံသာဝတီ အချပ်ပို (က) ၁-၉-၄၆]

## စက်တင်ဘာလ

၂ စက်တင်ဘာ ၁၉၄၆ မြန်မာနိုင်ငံ ဘုရင်ခံသစ် ဆာဟူးဘတ်ရန်စ်ကို ကြိုဆိုပွဲ အခမ်းအနား ရန်ကုန်မြို့တော်ခမ်းမတွင် ကျင်းပသည်။
[ဟံသာဝတီ ၃-၉-၄၆]

၃ စက်တင်ဘာ ၁၉၄၆ ပြည်သူ့ရဲဘော်တပ်ဖွဲ့ သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းက ပြည်သူ့ရဲဘော်တပ်ဖွဲ့ဌာနချုပ် (မြန်မာနိုင်ငံ) အထွေထွေညွှန်ကြားချက်အမှတ် ၄ ကို ထုတ်ပြန်ကာ နိုင်ငံရေးပါတီများက သီးခြားဆောင်ရွက်သော လုပ်ငန်းများတွင် တပ်ဖွဲ့ဝင်များအနေနှင့် တစ်ဦးချင်း သော်လည်းကောင်း တပ်ဖွဲ့အနေနှင့် သော်လည်းကောင်း ပါဝင်ခြင်း မပြုရဟု ညွှန်ကြားသည်။
[ပြည်သူ့ရဲဘော်ဂျာနယ် တွဲ ၁၊ အမှတ် ၁၉၊ စာ ၂၀၊ ၁၈-၉-၄၆]

၅ စက်တင်ဘာ ၁၉၄၆ မြန်မာနိုင်ငံ ပုလိပ်အဖွဲ့ဝင်အင်အား ၃၀၀၀ ကျော်ခန့်က ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ရာဟုထောင့် သံတန်ဆောင်းကြီး၌ အထူးအစည်းအဝေး ကျင်းပကာ သပိတ်မှောက်ရန် ဆုံးဖြတ်သည်။
[ဟံသာဝတီ ၆-၉-၄၆]

■ ပြည်သူ့ရဲဘော်အဖွဲ့ သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းက ပြည်သူ့ရဲဘော်အဖွဲ့ ကြေညာချက် ၁၇ ကို ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် ရန်ကုန်မြို့ရှိ ရာဇဝတ်ဌာနအမှုထမ်းများ၊ အရာထမ်းများသည် ရသင့်ရထိုက်သော အခွင့်အရေးတောင်းဆိုမှုများကို နယ်ချဲ့အစိုးရက မလိုက်လျောသဖြင့် စက်တင်ဘာ ၅ ရက်၊ ညနေ ၃ နာရီတွင် သပိတ်မှောက်လိုက်ကြောင်း။ ထိုသပိတ်ကြီး ပေါ်ပေါက်လာသည့်အတွက် ပြည်သူပြည်သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် အထူးလိုအပ်လာကြောင်း။ ထို့ကြောင့် ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင်များသည် တိုင်းပြည်ငြိမ်ဝပ်ပိပြားအောင် အစွမ်းကုန် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရပိုင်းမှ ဆောင်ရွက်ချက်များနှင့် နားလည်မှုရအောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။ သပိတ်သားများအား လိုအပ်သော အကူအညီ ပေးရမည်ဖြစ်ကြောင်း ပါရှိသည်။
[ဟံသာဝတီ ၆-၉-၄၆]
[ပြည်သူ့ရဲဘော်ဂျာနယ် တွဲ ၁၊ အမှတ် ၁၉၊ စာ ၂၀၊ ၄-၁၀-၄၆]

■ ရန်ကုန်အရေးပိုင် ဦးဘသွယ်က မြန်မာပြည်ကာကွယ်ရေး နည်းဥပဒေ ၅၃ အရ ရန်ကုန်ခရိုင်အတွင်း ည ၂၂း၃၀ မှ နံနက် ၀၄း၀၀ နာရီအတွင်း မည်သူမဆို အိမ်မှထွက်ခွာသွားလာခြင်းမပြုရဟူသော နေဝင်မီးငြိမ်း အမိန့်ထုတ်ပြန်သည်။
[ဟံသာဝတီ ၇-၉-၄၆]

၆ စက်တင်ဘာ ၁၉၄၆ ရန်ကုန်မြို့တွင် ပုလိပ်သပိတ်မှောက်နေခြင်းကိစ္စနှင့် စပ်လျဉ်း၍ ဖဆပလအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့မှ ကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် ပုလိပ်အမှုထမ်း အရာထမ်းများသည် တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးကို စောင့်ရှောက်ကာကွယ်နေသူများဖြစ်ရာ ပုလိပ်သပိတ်ပေါ်လာခြင်းကြောင့် တိုင်းပြည်အုပ်ချုပ်ရေးကို ထိခိုက်ကြောင်း၊ ရန်ကုန်ပုလိပ်များ လိုလားချက်များ မကျေနပ်ချက်များကို ဝေဖန်ကြည့်ရှုရာတွင် ထိုအချက်များ လိုက်လျောပြုပြင်ပေးသင့်သည်ဟု ထင်မြင်ကြောင်း၊ ပုလိပ်အဖွဲ့ကြီးကို ပြန်လည်ပြုပြင်ပေးသင့်သည်ဟု ယူဆကြောင်း၊ ယခုလိုဖြစ်သည်မှာ စက္ကူဖြူစာတမ်းအရ ဗြိတိသျှအစိုးရတို့၏ ဝါဒစနစ်ဖြင့် အုပ်ချုပ်စီမံမှုမှ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရက ပုလိပ်သပိတ်ကို ခုအခြေအနေထက် မဆိုးမီအချိန်အတွင်း ကြေအေးအောင် အမြန်စေ့စပ် ဆောင်ရွက်ပေးရန် တောင်းဆိုကြောင်း၊ ထိုပြင့်တိုင်းသူပြည်သားများ ငြိမ်ဝပ်ပိပြားစွာဖြင့် အမြန်စေ့စပ်ဆောင်ရွက်ပေးရန် တောင်းဆိုကြောင်း၊ တိုင်းသူပြည်သားများ ငြိမ်ဝပ်ပိပြားစွာနှင့် စည်းကမ်းသေဝပ်စွာ နေထိုင်ကြရန် သပိတ်မှောက်နေကြသော ပုလိပ်များကို စွမ်းအားရှိသမျှ ကူညီထောက်ပံ့ကြရန်မေတ္တာရပ်ခံကြောင်း ပါရှိသည်။
[ဟံသာဝတီ ၇-၉-၄၆]

၉ စက်တင်ဘာ ၁၉၄၆ မြန်မာပြည်ကွန်မြူနစ်ပါတီက ဖဆပလအဖွဲ့ချုပ်အား ဂိုဏ်းပေါင်းစုံကွန်ဖရင့်ခေါ်ရန် တိုက်တွန်းသော ကြေညာစာတမ်းကို ထုတ်ပြန်သည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅-၄၆) စာ ၁၂၈-၁၃၀ ၁၄-၉-၄၆]

■ ပုလိပ်မင်းကြီးက သပိတ်မှောက်သည့် ပုလိပ်များ စက်တင်ဘာ ၅ ရက်နေ့မှစ၍ အလုပ်ပြုတ်စေဟုကြေညာသည်။
[ဟံသာဝတီ ၄-၁၀-၄၆]

၁၂ စက်တင်ဘာ ၁၉၄၆ ပုလိပ်မင်းကြီးက ပုလိပ်သပိတ် လုန်ရန်နှင့် မလှန်ပါက ပုလိပ်ပြေးတွေအနေနှင့်

အရေးယူမည်ဟု ကြေညာသည်။
[ဟံသာဝတီ ၄-၁၀-၄၆]

၁၄ စက်တင်ဘာ ၁၉၄၆ ဖဆပလ အဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေးကျင်းပနေစဉ် မြန်မာနိုင်ငံ ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်က ဗိုလ်ချုပ်အောင်ဆန်းထံ ပေးပို့သောစာကိုရရှိသည်။ ထိုစာတွင်လက်ရှိဘုရင်ခံ၏ အမှုဆောင်အဖွဲ့ကို ဖျက်သိမ်း၍ ကျယ်ဝန်းသော (Brood based) အမှုဆောင်ကောင်စီ အဖွဲ့သစ် ဖွဲ့စည်းလိုကြောင်း၊ ဖဆပလ၏သဘောထားကို သိလိုကြောင်း ပါရှိသည်။ ဖဆပလအမှုဆောင်အဖွဲ့က ဘုရင်ခံ၏ပေးစာကို စဉ်းစားကြပြီးနောက် အမျိုးသားအစိုးရ တောင်းဆိုရန် ဆုံးဖြတ်သည်။ ထိုဆုံးဖြတ်ချက်အတိုင်း ဘုရင်ခံအား တွေ့ဆုံတောင်းဆိုရန် ဦးဘဘေ၊ သခင်မြနှင့် ဦးကျော်ငြိမ်းတို့အား လွှဲအပ်သည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅-၄၆) စာ ၁၂၈-၁၃၀ ၁၄-၉-၄၆]

၁၄ နှင့် ၁၉ စက်တင်ဘာ ၁၉၄၆ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့တွင် ရှမ်းပြည်လုံးဆိုင်ရာ အရေးပေါ်ကွန်ဖရင့် ကျင်းပသည်။ ကွန်ဖရင့်တွင် သဘာပတိအဖြစ် ဒေါက်တာခွန်သာအေး၊ အတွင်းရေးမှူးအဖြစ် ကိုစံဖေက ဆောင်ရွက်သည်။ ကွန်ဖရင့်တွင်

၁။ ရှမ်းတိုင်းရင်းသား မျိုးချစ်ပုဂ္ဂိုလ်များကို စနစ်တကျစုရုံးပေါင်းစည်းရန်။
၂။ တိုင်းခြား နယ်ချဲ့စနစ် လက်အောက်မှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဆက်ဆံရေးစသည်ဖြင့် လုံးဝလွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ရန်။
၃။ ရှမ်းပြည်၏ ကံကြမ္မာကို ရှမ်းတိုင်းရင်းသားများကသာ စီမံဖန်တီးရန် စသည်တို့ကို ရည်ရွယ်သည်။

ရှမ်းပြည်နယ် လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းသည်။ ရှမ်းပြည်နယ် လွတ်လပ်ရေးအဖွဲ့ချုပ်ကြေညာစာတမ်း အမှတ် ၁ ကိုထုတ်ပြန်သည်။ အမှုဆောင်များမှာ

၁။ ဒေါက်တာခွန်သာအေး ဥက္ကဋ္ဌ
၂။ ဦးထွန်းမြင့်
အထွေထွေအတွင်းရေးမှူး
၃။ ဦးဘဘေ
ဘဏ္ဍာရေးမှူး
၄။ ဦးစံဖေ
ပြန်ကြားရေးမှူး
၅။ ဦးထွန်းဖေ
စည်းရုံးရေးမှူး
၆။ ဦးအုန်းဖေ(လွိုင်လင်)အဖွဲ့ဝင်
၇။ ဗိုလ်တရီ အဖွဲ့ဝင်
၈။ ဦးစံတင် အဖွဲ့ဝင်
၉။ ဦးလှမင်း အဖွဲ့ဝင်
၁၀။ ဦးအေးမောင်(မိုးနဲ) အဖွဲ့ဝင်
၁၁။ ဦးသန်းဖေ(မိုးမိတ်) အဖွဲ့ဝင်
၁၂။ ဦးထွန်းဦး(သီပေါ) အဖွဲ့ဝင်
တို့ဖြစ်သည်။

[ရှမ်းပြည်မြောက်ပိုင်း ပဒေသရာဇ် ဆန့်ကျင်တော်လှန်ရေးမှတ်တမ်း (ကန့်သတ်) လက်နှိပ်စက်မူ၊ တောင်ကြီးမြို့။ ၃၀-၁၀-၁၉၈၆။ နောင်ကိုးကားလျှင် ပဒေသရာဇ်ဆန့်ကျင်ရေး ဟုညွှန်းမည်။]
[ဦးအုန်းဖေ ပင်လုံစစ်တမ်း စာ ၃၄၆-၃၄၇]
[မြန်မာ့အလင်း ၂၉-၉-၄၆]

၁၅ စက်တင်ဘာ ၁၉၄၆ မြန်မာနိုင်ငံ စာပို့နှင့်ကြေးနန်းဆက်သွယ်ရေးဌာနက သပိတ်မှောက်သည်။ ရွှေတိဂုံတွင် သပိတ်နှစ်လုံး ဆုံသည်။
[၃၅ ရက်ဇာတ်ကွက်ဒိုင်ယာရီ ဟံသာဝတီ ၄-၁၀-၄၆]
[စာတိုက်သပိတ်ဌာနချုပ် သပိတ်လှန်ကြေညာစာတမ်း ဟံသာဝတီ ၄-၁၀-၄၆]

၁၆ စက်တင်ဘာ ၁၉၄၆ အမှုထမ်းပေါင်းစုံ ကော်မတီက မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်ထံ ရှားပါး စားရိတ်တိုးမြှင့်ပေးရန် တောင်းဆိုသည်။ ထိုတောင်းဆိုချက်ကို စက်တင်ဘာ ၂၁ ရက်နေ့ နောက်ဆုံးထားပြီး လိုက်လျောရန် အကယ်၍ မလိုက်လျောပါက စက်တင်ဘာ ၂၃ ရက်နေ့တွင် သပိတ်တိုက်ပွဲ ဆင်နွှဲမည်ဟု ရာဇသံပေးသည်။
[**Burma Struggle Vol.I:** *PP 32*]

၁၇ စက်တင်ဘာ ၁၉၄၆ ဖဆပလ အဖွဲ့ချုပ်က ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် အလုပ်သမားများ တောင်းဆိုနေသည့် ရှားပါးစရိတ်ချက်ချင်းပေးရန် ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများ ရုပ်သိမ်းပေးရန်နှင့် အမျိုးသားအစိုးရဖွဲ့စည်းပေးရန်တို့ ပါရှိသည်။
[**Burma Struggle Vol.I:** *PP 43*]

■ မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်၏ အမှုဆောင်ကောင်စီ (ဝန်ကြီးအဖွဲ့)မှ အောက်ဖော်ပြပါပုဂ္ဂိုလ်များ နုတ်ထွက်သည်။
ဆာပေါ်ထွန်း ပြည်ထဲရေးနှင့်တရားရေးဌာန
ဆာထွန်းအောင်ကျော် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန
ဦးပု လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်တောရွာစည်ပင်ရေးဌာန
ဦးရန်အောင် ပညာရေးဌာန
ဦးလွန်း ပြည်သူ့လုပ်ငန်းနှင့် ပြန်လည် ထူထောင်ရေးဌာန
မန်းဘခင် ပေါင်းသင်းဆက်ဆံရေးနှင့် ကြီးပွားရေးဌာန
သာယာဝတီမောင်မောင် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်

သွယ်ရေးဌာန
ဦးထွန်းအုပ် စီမံကိန်းဌာန
[**New Times of Burma :** *18-9-46*]
[မြန်မာ့ရေ့ဆောင်သတင်းစာ ၁၈-၉-၄၆]

၁၈ စက်တင်ဘာ ၁၉၄၆ မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်က ဗိုလ်ချုပ်အောင်ဆန်းအိမ်သို့ လာရောက်တွေ့ဆုံဆွေးနွေးသည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅-၄၆) စာ ၁၃၁။ ၁၉-၉-၄၆]

၁၉ စက်တင်ဘာ ၁၉၄၆ ဖဆပလ အမှုဆောင် အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ် ၎င်းအိမ်လာရောက်စဉ်က ဆွေးနွေးခဲ့သည်များကို အစီရင်ခံသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဘုရင်ခံသည်သပိတ်မှောက်နေသော ပုလိပ်များအားအလုပ်ထုတ်ပစ်ရန် သဘောတူညီချက် ပေးလိုက်ပြီဖြစ်ကြောင်း၊ ဤကဲ့သို့ ပေးလိုက်ရခြင်းမှာလည်း ကန့်သတ်ထားသောရက်တွင် အလုပ် ပြန်မဆင်းလျှင် အလုပ်မှ ထုတ်ပယ် ရပ်စဲမည် ဟူသောပြန်ထမ်းထုတ်စဉ်က ၎င်းကိုယ်တိုင် သဘောတူညီထားခြင်းကြောင့် ဖြစ်ကြောင်း၊ သို့သော် ၎င်းတို့ကို အလုပ် ပြန်သွင်းရန်မှာ ဖြစ်နိုင်ကြောင်း၊ အမှုထမ်းသမဂ္ဂပေါင်းစုံနှင့် ပုလိပ်သပိတ်ကိစ္စတွင် နိုင်ငံရေးသမားများ၏ ပယောဂပါသည်ထင်ကြောင်း ပြောပြသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဆာဟူးဘတ်ရန့်စ်အား မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ် မြန်မာနိုင်ငံရောက်လာသည်ကစ၍ မြန်မာနိုင်ငံရေးအခြေအနေများကို ပြောပြ၍ မြန်မာပြည်သူလူထုသည် အစိုးရအား စိတ်နာ၍ အယုံအကြည်ကင်းမဲ့နေကြောင်း၊ ပြည်သူ့ရဲဘော်များကို ဖမ်းဆီးခြင်းကိစ္စနှင့် ပတ်သက်၍ ပိုမိုစိတ်နာခဲ့ကြောင်း၊ သပိတ်သမားများ နစ်နာချက်ကို ကြေအေးအောင် ပြုလုပ်ရန်အတွက် ခုံအဖွဲ့တစ်ဖွဲ့ အမြန်ဖွဲ့သင့်ကြောင်း၊ ထိုခုံအဖွဲ့တွင် ဖဆပလ ကိုယ်စားလှယ်အချို့ပါဝင်၍ အဖွဲ့ချုပ် ဆုံးဖြတ်ချက်ချနိုင်ခွင့်အာဏာ ရှိသင့်ကြောင်း၊ သို့မှသာ တိုင်းပြည်နှင့် သပိတ်သမားများက ထိုအဖွဲ့ကို အယုံအကြည်ရှိမည်ဖြစ်ကြောင်း၊ ဘုရင်ခံ၏အမှုဆောင်ကောင်စီ ဝင်ရောက်ရေးနှင့် ပတ်သက်၍ ဖဆပလ၏လိုလားတောင်းဆိုချက်မှာ အမျိုးသားအစိုးရပင်ဖြစ်ကြောင်း၊ ဝန်ကြီးအဖွဲ့တွင် ဘဏ္ဍာရေးအာဏာကောင်းစွာပြည့်စုံ၍ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာနကို ဖြစ်စေ၊ ကာကွယ်ရေးနှင့် ချွင်းချန်ထားသော ဌာနကိုဖြစ်စေ တိုင်းပြည်ဘက်သို့ လွှဲပေးနိုင်မှသာ ဖဆပလက အဖျဉ်းဆုံး လက်နိုင်ကောင်း လက်ခံနိုင်မည့်အခြေအနေကို ရပေလိမ့်မည် ဟုယူဆကြောင်း ပြောပြရာ ဘုရင်ခံက မည်သို့သော ဘဏ္ဍာရေး အခွင့်အာဏာများကို တောင်းဆိုလိုသနည်း တောင်းလိုသောအချက်များကို ဘိလပ်သို့ သံကြိုးရိုက်ပေးမည်ဟု ပြောသည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းကအသေးစိတ်အချက်အလက်များကို ဖဆပလ အမှုဆောင်အဖွဲ့နှင့် တိုင်ပင်ပြီးမှသာလျှင် အကြောင်းပြန်နိုင်မည် ဖြစ်ကြောင်း ပြောခဲ့သည်များကို အစီရင်ခံသည်။

ထို့နောက် သပိတ်ကိစ္စနှင့် စပ်လျဉ်း၍ တွဲဖက်ခုံ ဖွဲ့စည်းရေ မဖွဲ့စည်းရေးကို ရှေးဦးစွာ အမှုထမ်းပေါင်းစုံ သမဂ္ဂကိုယ်စားလှယ်များနှင့် ဆွေးနွေးပြီး ၎င်းတို့သဘောတူညီချက် ရမှသာလျှင် ဖွဲ့သင့် မဖွဲ့သင့်ကို ဘုရင်ခံအား အကြံဉာဏ်ပေးရန် ဆုံးဖြတ်သည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅-၄၆) စာ ၁၃၁-၁၃၃၊ ၁၉-၉-၄၆]

၂၀ စက်တင်ဘာ ၁၉၄၆ ဖဆပလ အမှုဆောင်အဖွဲ့နှင့် အမှုထမ်းသမဂ္ဂပေါင်းစုံ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ အမှုထမ်းသမဂ္ဂပေါင်းစုံကိုယ်စားလှယ်များက အထွေထွေပေါင်းစုံသပိတ်ကို ၂၃ ရက်နေ့တွင် မှောက်မှဖြစ်မည်ဖြစ်ကြောင်း သို့မဟုတ်ပါက မိမိတို့အင်အားပျက်စီးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅-၄၆) စာ ၁၃၃-၁၃၄၊ ၁၉-၉-၄၆]

■ ဖဆပလ အလုပ်အမှုဆောင် အစည်းအဝေးသည်။ အစည်းအဝေးတွင် အမှုထမ်းပေါင်းစုံသမဂ္ဂကိုယ်စားလှယ်များတင်ပြသည့် ကန့်သတ်ထားသော ရက်အတိုင်းစက်တင်ဘာ ၂၃ ရက်နေ့တွင် အထွေထွေသပိတ်ကြီး မှောက်ခြင်းကို သဘောတူညီရန်နှင့်ဖဆပလက ကူညီရန်သဘောတူဆုံးဖြတ်သည်။
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅-၄၆) စာ ၁၃၃-၁၃၄၊ ၂၀-၉-၄၆]

၂၁ စက်တင်ဘာ ၁၉၄၆ မြန်မာပြည်ဆိုရှယ်လစ်ပါတီ တီယူစီဘီအဖွဲ့ချုပ်က ဦးစီး၍ ရန်ကုန်မြို့ ကန်တော်မင်ပန်းခြံ(ယခုကန်တော်မင်္ဂလာ)တွင် အလုပ်သမားသပိတ် ထောက်ခံပွဲကျင်းပသည်။
[ဦးဗဆွေ တော်လှန်ရေး၏ရှုပ်ကွက်မြုပ်ကွက်များ ရွှေတူဂျာနယ် တွဲ-၁၊ အမှတ်-၁၃၊ စာ ၂၀။ ၁၅-၈-၁၉၇၁]

■ ဖဆပလ အလုပ်အမှုဆောင် အစည်းအဝေးကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းက အလုပ်အမှုဆောင်အဖွဲ့အား ယနေ့ နံနက် ၁၀း၀၀ မှ ၁၂း၀၀ အထိ မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်နှင့် ဆွေးနွေးခဲ့ရကြောင်း၊ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံဘုရင်ခံအား ကြားဖြတ်အစိုးရဖွဲ့စည်းရန် ကြေးနန်းဖြင့် ခွင့်ပြုကြောင်း ဘုရင်ခံက အစိုးရဖွဲ့ရာတွင်

က။ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာနကို အတိုင်ပင်ခံဝန်ကြီးတစ်ဦးအား လွှဲပေးမည်ဖြစ်ကြောင်း။ ဗြိတိသျှပါလီမန်သည် အောက်တိုဘာလ လောက်မှ ကျင်းပမည်ဖြစ်၍ ထိုအခါတွင်မှ ဝန်ကြီးဌာနပြောင်းလွှဲနိုင်မည်ဟု မျှော်လင့်ရကြောင်း။ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာန ကိုင်တွယ်ရသော ဝန်ကြီးသည် ကောင်ဆယ်လာဝန်ကြီးအဖြစ်သာမက ဘုရင်ခံ၏ အတိုင်ပင်ခံ ဝန်ကြီးအဖွဲ့တွင် ဒုတယိသဘာပတိအဖြစ် ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

(ခ) ဗြိတိသျှအစိုးရက မြန်မာပြည်အစိုးရ၏ ငွေသုံးစွဲခွင့်အာဏာများကို ချုပ်ချယ်ထားမှု လျှော့ပေးမည်ဖြစ်ကြောင်း။

(ဂ) မြန်မာနိုင်ငံ ဘုရင်ခံ၏ လက်ဝယ်ရှိ ဗီတိုအာဏာကို သာမန်အားဖြင့် အသုံးပြုမည်မဟုတ်ကြောင်း။

(ဃ) ကာကွယ်ရေးနှင့် နိုင်ငံခြားရေးကိစ္စအဝဝတွင် ဘုရင်ခံနှင့်ကောင်ဆယ်လာ ဝန်ကြီးတိုင်ပင်၍ တာဝန်ယူဆောင်ရွက်ရမည်။ ဘုရင်ခံနှင့်ကောင်ဆယ်လာဝန်ကြီးတို့က အတိုင်ပင်ခံဝန်ကြီး အဖွဲ့တွင် တင်ပြသင့်သည်ဟုယူဆသော ကိစ္စများကိုသာလျှင် အတိုင်ပင်ခံဝန်ကြီးအဖွဲ့သို့ တင်ပြရမည်။

(င) အစိုးရအဖွဲ့တွင် ဖဆပလအဖွဲ့သာမက ပါတီစုံ ပုဂ္ဂိုလ်စုံပါဝင်သင့်ကြောင်း။

(စ) အစိုးရအဖွဲ့၏ ဒုတိယသဘာပတိရာထူးကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ယူစေလိုကြောင်း။

ဘုရင်ခံ၏ပြောကြားချက်များကို ဖဆပလအမှုဆောင်အဖွဲ့ဝင်များက ဆွေးနွေးကြရာ ဒီးဒုတ်ဦးဘချိုက ဖဆပလအဖွဲ့အနေနှင့် ဘုရင်ခံ၏အလုပ်အမှုဆောင်ကောင်စီ (ဝန်ကြီးအဖွဲ့) တွင်ပါဝင်ရန် အခြေခံသဲလွန်စရပြီဟု ဆိုရမည်ဖြစ်ကြောင်း ပြောဆိုသည်။ ထို့နောက် ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဖဆပလအနေနှင့် နေရာမည်မျှတောင်းဆိုရန်နှင့်အခြားပါတီများ၏ သဘောထားကို တောင်းခံရန် ဆွေးနွေးကြသည်။ ကွန်မြူနစ်ပါတီမှ ဦးသိန်းဖေက ကွန်မြူနစ်ပါတီသည် ရာထူး ၂ နေရာ ရသင့်ကြောင်း ပြောပြသည်။

[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ ၁၃၅–၁၃၇၊ ၂၁–၉–၄၆]

၂၁ စက်တင်ဘာ ၁၉၄၆ ညနေ ၅ နာရီခန့်တွင် ဦးစောသည် မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်နှင့်တွေ့ဆုံပြီး ဘုရင်ခံအိမ်တော်မှ ပြည်လမ်းအတိုင်း ကားနှင့်ပြန်လာခဲ့ရာ မြေနီကုန်းလမ်းဆုံ အဝိုင်းကြီးကို ကျော်လွန်၍ စိန့်ဗင်းဆင့် ကျောင်းရှေ့အရောက်တွင် သေနတ်ပစ်ခံရသည်။ ဦးစော၏ လက်ဝဲဘက် မျက်လုံးအောက် ပါးအထက်ပိုင်း ကျည်ဆန်ရှပ်မှန်သည်။

[ဒီးဒုတ်ဂျာနယ် တွဲ–၂၀၊ မှတ်–၁၁၊ စာ–၄၊ ၂၃–၉–၄၆]

[**Burma Struggle Vol.I:** *PP 55-56*]

၂၂ စက်တင်ဘာ ၁၉၄၆ ဖဆပလအမှုဆောင် အထူးအစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ဘုရင်ခံ၏အမှုဆောင်ကောင်စီ (ဝန်ကြီး) အဖွဲ့တွင် ဝင်ရောက်ရေးနှင့်ပတ်သက်ပြီးဆွေးနွေးရာ ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဖဆပလမှ ၉ ဦးဝင်ရောက်သင့်ကြောင်း၊ ပါဝင်မည့်ပုဂ္ဂိုလ် ၇ ဦး၏ စာရင်းကို ဘုရင်ခံထံ တင်ပြရန် သဘောတူကြသည်။ ထို့နောက် အစိုးရအဖွဲ့ဖွဲ့ပြီးနောက် လုပ်ဆောင်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။ ကွန်မြူနစ်ပါတီမှ ဦးသိန်းဖေက အစိုးရအဖွဲ့ဖွဲ့လျှင် ၁၁ နေရာရှိသင့်ကြောင်း၊ ကွန်မြူနစ်ပါတီမှ ၂ နေရာ၊ ဆိုရှယ်လစ်ပါတီမှ ၂ နေရာ၊ ဗိုလ်ချုပ်အောင်ဆန်း ဦးဘဘေပါ ၆ နေရာရှိသင့်ကြောင်းဆွေးနွေးရာ၊ သခင်မြနှင့် ဦးကျော်ငြိမ်းတို့က ကွန်မြူနစ်ပါတီအနေနှင့် ၂ နေရာတောင်းဆိုခြင်းမှာ တရားသော တောင်းဆိုချက်ဖြစ်ကြောင်း၊ ဖဆပလအဖွဲ့ကြီးတွင် ကိုယ်ထိလက်ရောက် စွမ်းစွမ်းတမံဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များမှာ အများအားဖြင့် ကွန်မြူနစ်နှင့် ဆိုရှယ်လစ်ပါတီဝင်များ ဖြစ်ကြောင်း၊ ဆိုရှယ်လစ်ပါတီကလည်း ၂ နေရာရထိုက်သည်ဟု မိမိတို့အား ညွှန်ကြားထားကြောင်း။ သို့သော်လည်း ဤအချိုးအစားတိုင်း ယူလျှင် တိုင်းရင်းသားလူနည်းစုများမှာ အစိုးရအဖွဲ့တွင် ပါဝင်နိုင်တော့မည် မဟုတ်ကြောင်း၊ သို့အတွက် ပါတီစုံ ပုဂ္ဂိုလ်စုံပါဝင်နိုင်ရန် ၎င်းတို့က မိမိတို့ပါတီအစား တာဝန်ယူ၍ ဝန်ကြီးတစ်နေရာသာ တောင်းဆိုလိုကြောင်း၊ ကွန်မြူနစ်ပါတီအနေနှင့်လည်း တစ်နေရာသာ ယူသင့်ကြောင်း ဆွေးနွေးရာ သဘောတူကြသည်။ ဦးသိန်းဖေက မိမိတို့ ကွန်မြူနစ်ပါတီ၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ရန် မိမိ၌ အခွင့်အာ

ဏာမရှိကြောင်း၊ ပါတီနှင့်ပြန်လည်တိုင်ပင်ရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။ ထို့နောက် ဘုရင်ခံ၏အမှုဆောင်ကောင်စီအား အောက်ပါအာဏာများကို ပေးအပ်ရန် တောင်းဆိုကြောင်း ဆုံးဖြတ်သည်။

၁။ အစိုးရအဖွဲ့ ဖွဲ့စည်းရန် တာဝန်ကို ဘုရင်ခံက ဖဆပလဥက္ကဋ္ဌအား လွှဲအပ်ရမည်။ ဖဆပလဥက္ကဋ္ဌ ကလည်း ဝန်ကြီးများရွေးချယ်ရာတွင် ဘုရင်ခံနှင့် တိုင်ပင်၍ ရွေးချယ်မည်။

၂။ မြန်မာနိုင်ငံအစိုးရအဖွဲ့ ငွေသုံးစွဲခြင်းအာဏာကိုလည်းကောင်း၊ ငွေကြေးလဲလှယ်မှုစနစ် ကြိုးကိုင်အာဏာ (Monetary Policy)ကိုလည်းကောင်း ဗြိတိသျှအစိုးရက ချုပ်ကိုင်ထားမှုမှ ပယ်ဖျက်ပေးရမည်။

၃။ ချွင်းချန်ထားသော နယ်မြေဒေသများနှင့် မြန်မာပြည်ကို နောင်မကြာသော အနာဂါတ်ကာလတွင် လမ်းခင်းပေးသော သဘောဖြင့် ၎င်းနယ်မြေများ အုပ်ချုပ်ရေးကိစ္စတို့ကို အစိုးရအဖွဲ့အား အသိပေးတိုင်ပင်ရမည်။ တိုင်းရင်းသားများ ခန့်ထားနိုင်သမျှ ခန့်ထားရမည်။

[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ ၁၃၈–၁၄၀၊ ၂၂–၉–၄၆]

■ ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်တို့ တွေ့ဆုံဆွေးနွေးသည်။

[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ ၁၄၅၊ ၂၃–၉–၄၆]
[ဟံသာဝတီ ၄–၁၀–၄၆]

၂၃ စက်တင်ဘာ ၁၉၄၆ ရန်ကုန်မြို့ ကန်တော်ကြီးစောင်း နေသူရိန်ရုံကြီးတွင် မြန်မာပြည်အစိုးရအမှုထမ်းပေါင်းစုံ သမဂ္ဂအဖွဲ့ချုပ်ကြီး၏ ဆော်ဩချက်ဖြင့် အစိုးရအမှုထမ်းများ အစည်းအဝေးကျင်းပသည်။ ထိုအစည်းအဝေးမှ သပိတ်မှောက်ကြေညာစာတမ်းကို ဖတ်ကြားကာ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ အစိုးရအမှုထမ်းများ သပိတ်မှောက်လိုက်ကြောင်း ကြေညာသည်။

[ဟံသာဝတီ ၂၄–၉–၄၆]

■ အစိုးရအမှုထမ်းပေါင်းစုံ သပိတ်မှောက်သည့်အတွက် မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် အထွေထွေ သပိတ်ကြီး ပေါ်ပေါက်လာသည်။

[ဟံသာဝတီ ၄–၁၀–၄၆]

■ မြန်မာနိုင်ငံအစိုးရ ပြည်သူ့ဆက်ဆံရေးဌာနမှ အထွေထွေ သပိတ်မှောက်ခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

[ဟံသာဝတီ ၂၃–၉–၄၆]

■ ဖဆပလအလုပ်အမှုဆောင်အဖွဲ့ အထူးအစည်းအဝေးကို နံနက် ၁၀ နာရီတွင် ကျင်းပရာ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက စက်တင်ဘာ ၂၂ ရက်နေ့က မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်နှင့် ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင် ရွေးချယ်မှု၊ ဝန်ကြီးဌာန ခွဲဝေမှုများဆွေးနွေးခဲ့သည်ကို အစီရင်ခံသည်။

[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ ၁၄၁–၁၄၄၊ ၂၃–၉–၄၆]

■ ဖဆပလအလုပ်အမှုဆောင်အဖွဲ့ အထူးအစည်းအဝေးကို ၁၈း ၀၀ နာရီတွင် ကျင်းပသည်။ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ စက်တင်ဘာ ၂၃ ရက်နေ့ နေ့လည် ၁ နာရီက မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်နှင့် ဘုရင်ခံ၏အမှုဆောင်ကောင်စီဝင် ရွေးချယ်မှု၊ ဌာနခွဲဝေမှုဆိုင်ရာ အစီရင်ခံချက်ကို ဆွေးနွေးသုံးသပ်ကြရာ ကွန်မြူနစ်ပါတီမှ သခင်သန်းထွန်းက ရာထူးကိုလက်မခံမီ ဘုရင်ခံထံ အလုပ်သမားအရေးနှင့် ပြည်သူ့လွတ်လပ်ခွင့်များပေးရန် တောင်းဆိုရန် တင်ပြရာ ဗိုလ်ချုပ်အောင်ဆန်းက တောင်းဆိုချက်များ တစ်မျိုးပြီးတစ်မျိုး မတောင်းဆိုသင့်ကြောင်း၊ ကွန်မြူနစ်ပါတီဝင်များသည် ဖဆပလအလုပ်အမှုဆောင် အစည်းအဝေးသို့ မှန်မှန်မတက်ကြကြောင်း၊ မကြာမီက (နေ့လည် ၁ နာရီက) ပြုလုပ်သည့် အစည်းအဝေးကို တက်ရောက်ပြီး တောင်းဆိုချက်များတောင်းဆိုပါက လက်ခံနိုင်ကြောင်း၊ သပိတ်သမားများ တောင်းဆိုချက်ကို ကြေနပ်လောက်အောင် မဆောင်ရွက်နိုင်ပါက ဖဆပလသည် ဘုရင်ခံ၏အမှုဆောင်ကောင်စီမှ နုတ်ထွက်မည်ဟု ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ကွန်မြူနစ်ပါတီမှ ထပ်မံတောင်းဆိုသည့် အချက်သုံးချက်ကို ဘုရင်ခံသို့ထပ်မံ မတောင်းဆိုလိုတော့ကြောင်း၊ ဤအတိုင်း သဘောမတူ၍ ဘုရင်ခံ၏အမှုဆောင်ကောင်စီတွင် မပါဝင်လိုပါက အခြားတစ်ဦးဦးအား ပေးရလိမ့်မည် ဖြစ်ကြောင်း ပြောကြားသည်။ နောက်ဆုံးတွင် ကွန်မြူနစ်ပါတီက တောင်းဆိုချက် သုံးချက်နှင့် ပတ်သက်၍ မရသော်လည်း အစိုးရအဖွဲ့တွင် ဝန်ကြီး တစ်နေရာ ရယူလိုကြောင်း၊ စိုက်ပျိုးရေးဌာနကို လိုချင်ကြောင်း၊ ထိုနေရာကို ဦးသိန်းဖေအား ရာထားကြောင်း၊ ကွန်မြူနစ်ပါတီသည် အစိုးရအဖွဲ့ကို ကူညီသည့်အနေဖြင့် လူထုတိုက်ပွဲများ ဆက်လက်ဆင်နွှဲမည်ဖြစ်ကြောင်း ပြောကြားသည်။ ဗိုလ်ချုပ်အောင်ဆန်းက အစိုးရအဖွဲ့ကို ကူညီအားပေးလိုပါက လူထုတိုက်ပွဲများကို

ကွန်မြူနစ် ဆိုရှယ်လစ် တစ်ညီတစ်ညွတ်တည်း ဆောင်ရွက်မည်ဆိုပါက မိမိသဘောတူကြောင်း၊ အဆိုပါနှစ်ပါတီ ပဋိပက္ခဖြစ်ပါက ဖဆပလအနေနှင့် စေ့စပ်ပေးရန်မှာ မလွယ်ကူကြောင်း အစိုးရအဖွဲ့အနေနှင့်မူ ပိုမိုခက်ခဲမည်ဖြစ်ကြောင်း ပြောကြားသည်။

[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅-၄၆) စာ ၁၄၅-၈၊ ၂၃-၉-၄၆]

၂၅ စက်တင်ဘာ ၁၉၄၆ မြန်မာနိုင်ငံလုံးဆိုင်ရာ ကရင်အမျိုးသားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဘုန်းတော်ကြီး ဦးပဏ္ဍာဝံသသည် နံနက် ၁၀း ၃၀ တွင် ရန်ကုန်မြို့ အဆိုပါအဖွဲ့ချုပ်ရုံးတည်ရာ ဌာနတွင် လေဖြတ်ရောဂါဖြင့် ပျံလွန်တော်မူသည်။

[မြန်မာ့အလင်း ၂၇-၉-၄၆]

၂၆ စက်တင်ဘာ ၁၉၄၆ ရန်ကုန်မြို့ တာဝါလိမ်းလမ်း (ယခုဗိုလ်ချုပ်အောင်ဆန်းပြတိုက်လမ်း) အမှတ် ၂၅ ရှိ ဗိုလ်ချုပ်အောင်ဆန်း၏နေအိမ်တွင် သတင်းစာဆရာများ အစည်းအဝေးကျင်းပသည်။ ဖဆပလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ငြိမ်းက ဘုရင်ခံ၏အမှုဆောင်ကောင်စီ (အစိုးရအဖွဲ့) တွင် ပါဝင်ရန် အချို့ပါတီများနှင့် ဌာနခွဲဝေရေးကိစ္စများ ဆက်လက်ဆွေးနွေးနေဆဲဖြစ်၍ ဘုရင်ခံ၏အမှုဆောင်ကောင်စီစာရင်းကို ည ၇း၀၀ နာရီခန့်မှသာ ထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

[မြန်မာ့အလင်း ၂၇-၉-၄၆]

■ ဖဆပလအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်ကို ၁၈း ၁၅ နာရီတွင် သတင်းထောက်များကို ထုတ်ပြန်သည်။ ထိုသတင်းထုတ်ပြန်ချက်တွင် ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌသည် အဖွဲ့ချုပ်၏ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံဘုရင်ခံ၏အမှုဆောင်ကောင်စီမှ ဖွဲ့စည်းမည့်"ကြားဖြတ်အစိုးရအဖွဲ့"တွင် ဒုတိယသဘာပတိအဖြစ်လည်းကောင်း၊ ဘုရင်ခံ၏အမှုဆောင်ကောင်စီတွင် ကောင်ဆယ်လာဝန်ကြီးအဖြစ် ပါဝင်ရန်လက်ခံလိုက်ပြီဖြစ်ကြောင်း၊ ကြားဖြတ် အစိုးရအဖွဲ့တွင် ပါဝင်မည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကိုလည်း တင်ပြလိုက်ပြီ ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဖဆပလအဖွဲ့ချုပ်အနေနှင့် ဘုရင်ခံ၏အမှုဆောင်ကောင်စီတွင်လည်းကောင်း၊ အဆိုပါကောင်စီမှ ဖွဲ့သည့် ကြားဖြတ်အစိုးရတွင်လည်းကောင်းပါဝင်ရန် ဆုံးဖြတ်ချမှတ်လိုက်သည့် အရင်းခံအကြောင်းတို့မှာ ဖဆပလအဖွဲ့ချုပ်နှင့် ဗြိတိသျှအစိုးရတို့ စေ့စပ်မှုပျက်ပြားခဲ့သည့်အချိန်မှစ၍ တိုင်းပြည်အခြေအနေမှာ ဆိုးရွားသော ဂယက်ရိုက်မှုများ တိုးတက်လာခဲ့ကြောင်း၊ ဘုရင်ခံ၏ကြားဖြတ်အစိုးရဖွဲ့စည်းရေး ကမ်းလှမ်းချက်များ ရရှိခဲ့ရာ လက်ခံနိုင်လောက်သော အချက်များ ပါရှိကြောင်း၊ ပထမအချက်မှာ အဖွဲ့ချုပ်၏ဥက္ကဋ္ဌအား ဘုရင်ခံ၏အမှုဆောင်ကောင်စီတွင် ကောင်ဆယ်လာ ဝန်ကြီးအဖြစ်နှင့် ကာကွယ်ရေးနှင့် ပြည်ပရေးရာဌာနတို့ကို ကိုင်တွယ်ရမည်ဖြစ်သည်သာမက ကြားဖြတ်အစိုးရအဖွဲ့၏ ဒုတိယ သဘာပတိအဖြစ် ဆောင်ရွက်ခွင့်ရရှိကြောင်း၊ ချွင်းချန်သော နယ်ပယ်ဒေသများ အုပ်ချုပ်ရေးကို ဘုရင်ခံကိုယ်တိုင် ကိုယ်တွယ်မည်မှန်သော်လည်း အစိုးရအဖွဲ့နှင့်တိုင်ပင်မည်ဖြစ်ပြီး အုပ်ချုပ်ရေးတွင် မြန်မာများတတ်နိုင်သမျှ ပါဝင်အောင် စီစဉ်ပေးပါမည်ဟူသော ဘုရင်ခံ၏ကမ်းလှမ်းချက်ကြောင့် လည်းကောင်း၊ တတိယအချက်မှာ ကြားဖြတ်အစိုးရအဖွဲ့ဝင်များသည် ကတ်ဘိနပ်ဝန်ကြီးများအဖွဲ့အနေနှင့် ဆောင်ရွက်ခွင့်ရမည်ဖြစ်ပြီး ဘုရင်ခံသည် ဗီတိုအာဏာကိုသာမန်အားဖြင့် အသုံးပြုလိမ့်မည်မဟုတ် ဟူသော အချက်ပင်ဖြစ်ကြောင်း၊ အဆိုပါအချက်များကြောင့် မိမိတို့အဖွဲ့ချုပ်သည် ဘုရင်ခံ၏အမှုဆောင်ကောင်စီတွင်လည်းကောင်း၊ ကြားဖြတ်အစိုးရအဖွဲ့တွင် လည်းကောင်း ပါဝင်မည် ဖြစ်ကြောင်း၊ ကြားဖြတ်အစိုးရအဖွဲ့သည် အမျိုးသားလွတ်လပ်ရေးကို ပိုမိုစိတ်ချလျှင်မြန်စွာ ရယူစေမည်ဖြစ်သော နိုင်ငံရေးအခြေအနေများကို ဖန်တီးရန်အားထုတ်ပါမည်ဟု ကတိပြုကြောင်း ပါရှိသည်။

[ဟံသာဝတီ ၂၇-၉-၄၆]
[မြန်မာ့အလင်း ၂၇-၉-၄၆]

■ ရေဝန် သပိတ်မှောက်ရာတွင် ကျန်ရစ်ခဲ့သော ကုန်တင်ကုန်ချ စတီဗီဒိုအလုပ်သမား ၁၅၀၀ ကျော်တို့သည် အထွေထွေသပိတ်ကို ကူညီသောအားဖြင့် သပိတ်မှောက်သည်။

[ဟံသာဝတီ ၂၇-၉-၄၆]

၂၇ စက်တင်ဘာ ၁၉၄၆ မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်၏ အမှုဆောင်ကောင်စီကို အောက်ပါပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းကြောင်းကြေညာသည်။

၁။ ဦးအောင်ဆန်း (ဖဆပလ)
ဒုတိယဥက္ကဋ္ဌ၊ ကာကွယ်ရေးနှင့် ပြည်ပရေးရာဌာန

၂။ သခင်မြ (ဖဆပလ)(ဆိုရှယ်လစ်)
ပြည်ထဲရေးနှင့်တရားရေးရာဌာန

၃။ ဦးဘဘေ (ဖဆပလ)
ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဌာန

၄။ ဦးသိန်းဖေ (ဖဆပလ)(ဗကပ)
လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်
စီးပွားရေးဌာန
၅။ မန်းဘခိုင် (ဖဆပလ)
စက်မှုလက်မှုနှင့် အလုပ်သမားဌာန
၆။ ဦးအောင်ဇံဝေ (ဖဆပလ)
လူမှုဝန်ထမ်းဌာန
၇။ ဦးစော (မျိုးချစ်ပါတီ)
ပညာရေးနှင့် အမျိုးသားစီမံကိန်း
ဌာန
၈။ ဦးတင်ထွဋ် (တစ်သီးပုဂ္ဂလ)
ဘဏ္ဍာရေးနှင့်အခွန်တော်ဌာန
၉။ သခင်ဗစိန်(တို့ဗမာအစည်းအရုံး)
သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်း
ဆက်သွယ်ရေး
၁၀။ ကရင်အမျိုးသားတစ်ဦး
၁၁။ – – – – – –

[**New Time of Burma** 27-9-46]
[မြန်မာ့အလင်း ၂၇–၉–၄၆]

■ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်၌ သတင်းစာဆရာများအား ဖိတ်ခေါ်၍ လောလောဆယ် အရေးတကြီးဖြေရှင်းရမည် ပြဿနာမှာ သပိတ်ပြဿနာနှင့် ပြည်သူ့လွတ်လပ်မှုပြဿနာပင်ဖြစ်ကြောင်း၊ မြန်မာစီးပွားရေးပြန်လည်ထူထောင်ရေးနှင့် နောက် ၆ လ အတွင်း လွတ်လပ်သောရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။
[မြန်မာ့အလင်း ၂၈–၉–၄၆]

■ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နုနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ ဗိုလ်ထွန်းလှတို့ ရန်ကုန်ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသနေသော မျိုးချစ်အဖွဲ့ခေါင်းဆောင်နှင့် ဘုရင်ခံ၏အမှုဆောင်ကောင်စီဝင် (ဝန်ကြီး) ဦးစောအား သွားရောက်ကြည့်ရှုကာ ရောဂါအခြေအနေ မေးမြန်းအားပေးသည်။
[မြန်မာ့အလင်း ၂၈–၉–၄၆]

■ ဆင်းရဲသားအဖွဲ့ အမှုဆောင်အစည်းအဝေးကျင်းပရာ ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် မိမိတို့အဖွဲ့အနေနှင့် ရာထူးမယူရန် စက်တင်ဘာ ၂၄ က ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို ပြင်ဆင်ရန် အကြောင်းမရှိကြောင်း ထပ်မံဆုံးဖြတ်၍ အကယ်၍ ရာထူးယူသင့်သည်ဟု ဆုံးဖြတ်ပါက စက်တင်ဘာ ၂၂ ကဆုံးဖြတ်ခဲ့သည့်အတိုင်း ဒေါက်တာဘမော်အား ရာထူးလက်ခံရန် ပုဂ္ဂိုလ်ရွေးချယ်ရေးကို အာဏာကုန်လွှဲအပ်မည်ဟု ဆုံးဖြတ်သည်။
[မြန်မာ့အလင်း ၂၈–၉–၄၆]

■ မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်က မြန်မာပြည်အစိုးရအဖွဲ့သစ်နှင့်စပ်လျဉ်း၍ အသံလွှင့်ပြောကြားရာတွင် မြန်မာနိုင်ငံရေးခေါင်းဆောင်များအား ချီးကျူးပြီး အစိုးရအဖွဲ့သစ်ဖြစ်ထွန်းပေါ်ပေါက်လာရေး ဆောင်ရွက်မှုများအား မြန်မာပြည်သူတစ်ရပ်လုံးက အားပေးယုံကြည်ကိုးစားရန် တိုက်တွန်းသည်။
[မြန်မာ့အလင်း ၂၈–၉–၄၆]

■ ဖဆပလအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ အထူးအစည်းအဝေးကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌဖြစ်သောမိမိသည် အစိုးရအဖွဲ့တွင် အလုပ်များနေမည်ဖြစ်သဖြင့် ဒုတိယဥက္ကဋ္ဌရာထူးကို တီထွင်ကာ ထိုနေရာတွင် သခင်နုအား ခန့်ထားရန် တင်ပြရာ အများသဘောတူကြသည်။
[ဟံသာဝတီ ၂–၁၀–၄၆]
[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ ၁၅၅၊ ၂၇–၉–၄၆]

၂၈ စက်တင်ဘာ ၁၉၄၆ ရန်ကုန်မြို့ ကန်တော်မင်ပန်းခြံ (ယခုကန်တော်မင်္ဂလာပန်းခြံ)တွင် သပိတ်မှောက်ထားသော အစိုးရလခစားအမှုထမ်းများ၏ လူထုအင်အားပြပွဲကို ကျင်းပသည်။ သပိတ်မှောက်ခဲ့သည့် ၆ ရက်အတွင်း အင်အားမှာ

| | |
|---|---|
| ရုံးစာရေးစာချီများ | ၅၀၀၀ |
| မီးရထားအလုပ်သမား | ၅၀၀၀ |
| ကြေးနန်းဆက်သွယ်ရေး | ၆၅၀ |
| ရေဝန်အလုပ်သမား | ၁၃၀၀၀ |
| ရန်ကုန်စည်ပင် | ၂၀၀၀ |
| အစိုးရပုံနှိပ်တိုက် | ၆၈၀ |
| စုစုပေါင်း | ၂၆၃၃၀ |

အခြားသပိတ်မှောက် နေရာများတွင် သပိတ်သား အင်အားမှာ ၈၂၀၀၀ ကျော်ရှိသည်။
[ဟံသာဝတီ ၂၉–၉–၄၆]
[ဒဂုန်မဂ္ဂဇင်း နိုဝင်ဘာ၊ ၁၉၄၆၊ စာ၇၆]

■ မြန်မာနိုင်ငံ ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင်များ (ဝန်ကြီးများ) ဖြစ်ကြသည့် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဘေ၊ သခင်မြ၊ ဦးသိန်းဖေ၊ ဦးအောင်ဇံဝေ၊ သခင်ဗစိန်နှင့် ဦးတင်ထွဋ်တို့ ကျမ်းသစ္စာကျိန်ဆိုသည်။
[ဟံသာဝတီ ၂၉–၉–၄၆]
[မြန်မာ့အလင်း ၃၀–၉–၄၆]

■ ပြည်သူ့အာဏာ ဂျာနယ်တွင် ဘုရင်ခံအမှုဆောင်ကောင်စီ အသစ်ဖွဲ့စည်းသည့်ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့၏ ကြေညာချက်ကို ထုတ်ပြန်သည်။
[ပြည်သူ့အာဏာဂျာနယ် တွဲ–၂။ မှတ်–၂၀။ ၂၈–၉–၄၆]

၂၉ စက်တင်ဘာ ၁၉၄၆ ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဘော၊ ဦးသိန်းဖေတို့ ဦးဆောင်၍ ရန်ကုန်မြို့ ကန်တော်မင်ပန်းခြံယခု ကန်တော်မင်္ဂလာပန်းခြံတွင် စက္ကူဖြူစာတမ်း ဖျက်သိမ်းပေးရန် လူထုဆန္ဒပြပွဲကျင်းပ၍ တောင်းဆိုသည်။
[ဟံသာဝတီ ၁-၁၀-၄၆]

၃၀ စက်တင်ဘာ ၁၉၄၆ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် အစိုးရအဖွဲ့သည် သပိတ်မှောက်ခေါင်းဆောင်များ ဖြစ်ကြသည့် ဦးဝမ်းမောင်၊ ဦးအေး၊ စာတိုက်သပိတ်မှ ဦးထွန်း၊ မီးရထားမှ မစ္စတာဘားနဒ်၊ ကြေးနန်းမှ ဦးအောင်ခင်မှ ရေဝန်မှ ဦးစံလွင်တို့နှင့် ဆွေးနွေးသည်။
[မြန်မာ့အလင်း ၁-၁၀-၄၆]

## အောက်တိုဘာလ

၁ အောက်တိုဘာ ၁၉၄၆ ဘုရင်ခံ၏အမှုဆောင်ကောင်စီဝင် နှစ်ဦးဖြစ်သည့် ဆာမောင်ကြီး (ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးဌာန) နှင့် မန်းဘခိုင်တို့ ကျမ်းသစ္စာကျိန်ဆိုသည်။
[ဟံသာဝတီ ၄-၁၀-၄၆]
[**Burma Struggle Vol.I:** *P 7*]

၂ အောက်တိုဘာ ၁၉၄၆ ဗိုလ်ချုပ်အောင်ဆန်းက သတင်းစာဆရာများနှင့် တွေ့ဆုံ၍ အစိုးရနှင့် သပိတ်အသီးသီးမှ ကိုယ်စားလှယ်များ စေ့စပ်ရေး အောင်မြင်သွားပြီဟု ပြောကြားသည်။
[ဟံသာဝတီ ၃-၁၀-၄၆]

၃ အောက်တိုဘာ ၁၉၄၆ မြန်မာနိုင်ငံအစိုးရအဖွဲ့ သပိတ်ကိစ္စနှင့်ပတ်သက်၍ ကြေညာချက်တစ်ရပ်ထုတ်ပြန်ရာ အဆိုပါကြေညာချက်တွင် သပိတ်သမားများ တောင်းဆိုသည့် အခွင့်အရေးများကို အစိုးရနှင့်သပိတ်ကိုယ်စားလှယ်များ အသေးစိတ်ဆွေးနွေး သဘောတူပြီဖြစ်ကြောင်း၊ အမှုထမ်းအရာထမ်းများ ရသင့်ရထိုက်သောအခွင့်အရေးများကို လိုက်လျောမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သပိတ်သားများ အောက်တိုဘာ ၄ ရက်နေ့မှစတင်၍ အလုပ်ပြန်ဝင်ကြမည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားသည်။
[ဟံသာဝတီ ၄-၁၀-၄၆]

၄ အောက်တိုဘာ ၁၉၄၆ ပုလိပ်အမှုထမ်းများ သမဂ္ဂ သပိတ်လှန်သည်။
[ဟံသာဝတီ ၅-၁၀-၄၆]

၅ အောက်တိုဘာ ၁၉၄၆ စာတိုက်အမှုထမ်းများ သပိတ်လှန်သည်။
[ဟံသာဝတီ ၅-၁၀-၄၆]

■ မြန်မာပြည်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် သခင်သန်းမြိုင်က ပြည်သူ့အာဏာဂျာနယ်တွင် "သပိတ်အရေးတော်ပုံကြီးနှင့် နယ်ချဲ့သမားတို့၏ မျက်လှည့်ပြပွဲကြီး' ဆောင်းပါးကို ရေးသားသည်။
[ပြည်သူ့အာဏာဂျာနယ် တွဲ-၂။ မှတ်-၂၁။ ၅-၁၀-၄၆]

၆ အောက်တိုဘာ ၁၉၄၆ စည်ပင်သာယာရုံ အမှုထမ်းများ ၇ အောက်တိုဘာတွင် အလုပ်ပြန်ဝင်ရန် ကြေညာချက် ထုတ်ပြန်သည်။
[ဟံသာဝတီ ၆-၁၀-၄၆]

■ ဖဆပလအဖွဲ့ချုပ်က အမျိုးသမီးအဖွဲ့အစည်းနှစ်ခုနှင့် ပတ်သက်၍ သဘောထားကို ထုတ်ပြန်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလွတ်လပ်ရေးအဖွဲ့ချုပ်ဟူ၍ လည်းကောင်း၊ မြန်မာပြည် လွတ်လပ်ရေးအမျိုးသမီးအဖွဲ့ချုပ် (အစည်းအရုံး) ဟူ၍ လည်းကောင်း၊ ရှိကြသည့်အနက် မြန်မာတိုင်းလုံးဆိုင်ရာ အမျိုးသမီးလွတ်လပ်ရေးအဖွဲ့ချုပ်က ၎င်းတို့သည် နိုင်ငံရေးမပါသော လူမှုရေးလုပ်ငန်းသာ ဆောင်ရွက်မည်ဟု ကြေညာသဖြင့် ဖဆပလအဖွဲ့က မြန်မာပြည်လွတ်လပ်ရေး အမျိုးသမီးအဖွဲ့ချုပ်ကို ယာယီအသိအမှတ်ပြုခဲ့သည့်အပြင် အမျိုးသမီးအဖွဲ့ချုပ်တစ်ခုဖြစ်လာအောင် ကူညီအားပေးမည်ဟု ကြေညာခဲ့သည်။ ထိုအတော အတွင်းမြန်မာတိုင်းလုံးဆိုင်ရာ အမျိုးသမီးအဖွဲ့ချုပ်မှ ခွဲထွက်လာသော မြန်မာနိုင်ငံ အမျိုးသမီး ကွန်ကရက်တစ်ခုပေါ်လာပြီး ဖဆပလသို့ ဆက်သွယ်ရန် ခွင့်တောင်းသည်။ ဤအခြေအနေတွင် စင်ပြိုင်အဖွဲ့နှစ်ဖွဲ့ကို တစ်ဖွဲ့တည်းဖြစ်အောင် ဖဆပလက စေ့စပ်ပေးရမည်။ စေ့စပ်မရလျှင် တွဲဘက်ဖွဲ့ပေးရမည်။ ထို့သို့ တွဲဘက် မဖွဲ့စည်းမပြီးမီ မြန်မာလွတ်လပ်ရေး အမျိုးသမီးအဖွဲ့ချုပ်သည် ဖဆပလအသိအမှတ်ပြုသည့် တစ်ခုတည်းသော အဖွဲ့ချုပ်အဖြစ် တည်ရှိမည်။
[ဟံသာဝတီ ၆-၁၀-၄၆]

■ ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်း လမ်း အမှတ် ၈ ဖဆပလအဖွဲ့ချုပ် တွင် အလုပ်အမှုဆောင် အစည်းအဝေးကျင်းပရာ အစည်းအဝေးသို့ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဘော၊ သခင်မြ၊ ဦးဘချို၊ မန်းဘခိုင်၊ ဦးဇဂျမ်း၊ သခင်နု ဒုတိယဥက္ကဋ္ဌ၊ သခင်ဧတင်၊ ဦးသိန်းဖေ တွဲဖက် အတွင်းရေးမှူးနှင့် ဦးကျော်ငြိမ်း အထွေထွေအတွင်းရေးမှူး တို့တက်ရောက်သည်။ အစည်းအဝေးတွင် ၂၉ စက်တင်ဘာလထုတ် ပြည်သူ့အာဏာဂျာနယ်တွင် ပါသော ကွန်မြူနစ်ပါတီကြေညာချက်နှင့် ၅ အောက်တိုဘာလထုတ် ပြည်သူ့အာဏာဂျာနယ်တွင်ပါသော သခင်သန်းမြိုင်၏ နယ်ချဲ့သမားတို့၏ မျက်လှည့်ပြပွဲကြီး ခေါင်းစဉ်ပါ ဆောင်းပါးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီးနောက် ကွန်မြူနစ်ပါတီက ပြည်သူ့အာဏာဂျာနယ် ၂ စောင်တွင်ပါသော ကြေညာချက်နှင့် ဆောင်းပါးပါ ရေးသားချက်နှင့် ပတ်သက်၍ ၃ ရက်အတွင်း ဝန်ချရန် တောင်းဆိုသင့်ကြောင်း ဆုံးဖြတ်သည်။ အကယ်၍ ဝန်ချမတောင်းပန်ပါက ကွန်မြူနစ်ပါတီအား ဖဆပလမှ ထုတ်ပယ်ရန်အထွေထွေအတွင်းရေးမှူး ဦးကျော်ငြိမ်း၏ အဆိုကို ဆက်လက်စဉ်းစားရန် သဘောတူသည်။

[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ? ၆–၁၀–၄၆]

၇ အောက်တိုဘာ ၁၉၄၆ ယိုးဒယားအစိုးရသို့ ယိုးဒယား–မြန်မာ မီးရထားလမ်းကို ပေါင် ၁၅ သန်း ဖြင့် ရောင်းချရန် ဗြိတိသျှအစိုးရက သဘောတူသည်။

[မြန်မာ့အလင်း ၈–၁၀–၄၆]

■ ရန်ကုန်အရေးပိုင်က ၅ စက်တင်ဘာလက ထုတ်ပြန်ထားသော နေဝင်မီးငြိမ်းအမိန့်ကို ရုတ်သိမ်းသည်။

[ဟံသာဝတီ ၈–၁၀–၄၆]

■ သပိတ်ပေါင်းစုံ တစ်ပြိုင်တည်း လုန်သည်။

[ဟံသာဝတီ ၈–၁၀–၄၆]

၉ အောက်တိုဘာ ၁၉၄၆ ဖဆပလအဖွဲ့ချုပ်က မြန်မာပြည်ကွန်မြူနစ်ပါတီသို့ အကြောင်းကြားစာ ပေးပို့သည်။ အဆိုပါစာတွင် ၂၉–၉–၄၆ နှင့် ၅–၁၀–၄၆ နေ့ထုတ် ပြည်သူ့အာဏာဂျာနယ်တွင် ပါသော ရေးသားထားချက်များနှင့် ပတ်သက်၍ မြန်မာပြည်ကွန်မြူနစ်ပါတီမှ ဖဆပလအား တောင်းပန်ကြောင်း သတင်းစာမှ ကြေညာရန်နှင့် ကွန်မြူနစ်ပါတီ၏ ပြန်ကြားချက်ကို အောက်တိုဘာ ၁၀ ရက်နေ့ နေ့လည် ၁၂ နာရီတွင်ကျင်းပမည့် ဖဆပလအမှုဆောင် အစည်းအဝေးသို့ အချိန်မီ ပေးပို့ရန် ဖော်ပြထားသည်။

[ဟံသာဝတီ ၁၂–၁၀–၄၆]

■ ဖဆပလအဖွဲ့ချုပ်က ဒုတိယဥက္ကဋ္ဌ သခင်နုအား မြန်မာပြည် လွတ်လပ်ရေး အမျိုးသမီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးကွန်ကရက်တို့ တွဲဖက်ကော်မတီဖွဲ့စည်းပေးရန် တာဝန်ပေးအပ်သည်။

[ဟံသာဝတီ ၉–၁၀–၄၆]

[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ ၁၅၇–၈။ ၅–၁၀–၄၆]

၁၀ အောက်တိုဘာ ၁၉၄၆ မြန်မာပြည်ကွန်မြူနစ်ပါတီက ဖဆပလအဖွဲ့ချုပ်သို့ ပြန်ကြားစာ ပေးပို့သည်။ ထိုစာတွင် ဖဆပလအဖွဲ့ချုပ်သည် ကိုယ်ပိုင်ဝါဒအသီးသီးရှိသော နိုင်ငံရေးပါတီများ စုပေါင်းထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်အဖွဲ့အစည်းအသီးသီးတွင် သီးခြားလွတ်လပ်မှုရှိကြောင်း၊ ပြည်သူ့အာဏာဂျာနယ်ပါ ရေးသားချက်များသည် ကွန်မြူနစ်ပါတီ၏ မတရားစွပ်စွဲချက်ဟု ဆိုလျှင် ပြန်လည်ချေပနိုင်ကြောင်း၊ ပြန်လည်ချေပခြင်းမပြုဘဲ ဝန်ချတောင်းပန်ရမည် ဆိုသည်မှာ ဒီမိုကရေစီ အစဉ်အလာနှင့် ဆန့်ကျင်နေကြောင်း၊ ထို့ကြောင့် အဆိုပါ ရေးသားမှုများကို ပြန်လည်ရုတ်သိမ်း မည် မဟုတ်ကြောင်း၊ အထက်ပါအခြေအနေနှင့် ပတ်သက်၍ ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေ အနေအားလုံးကို ပြန်လည်စဉ်းစားရန် ဖဆပလဦးစီးအဖွဲ့ အစည်းအဝေး အမြန်ဆုံးခေါ်ရန် တိုက်တွန်းကြောင်း၊ ဖော်ပြထားသည်။

[ဟံသာဝတီ ၁၂–၁၀–၄၆]

■ ဖဆပလ အလုပ်အမှုဆောင် အစည်းအဝေးကို နေ့လည် ၁ နာရီတွင် ဖဆပလဌာနချုပ်၌ ကျင်းပရာ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း ကွန်မြူနစ်ပါတီ၏ ပြန်ကြားစာကို ဖတ်ကြားပြသည်။ ကွန်မြူနစ်ပါတီ၏ ပြန်ကြားစာအရ ဖြစ်ပေါ်လာသော အခြေအနေတွင် မြန်မာပြည်ကွန်မြူနစ်ပါတီကို ဖဆပလမှ ထုတ်ပယ်ရန် သဘောတူ ဆုံးဖြတ်လိုက်ကြသည်။

[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅–၄၆) စာ? ၁၂–၁၀–၄၆]

■ ဖဆပလအဖွဲ့ချုပ်က သတင်းစာရှင်းလင်းပွဲကို ည ၈ နာရီတွင် ကျင်းပပြုလုပ်ရာ ဒုတိယဥက္ကဋ္ဌ သခင်နုက ဖဆပလအဖွဲ့ချုပ်ကြီးမှ မြန်မာပြည်ကွန်မြူနစ်ပါတီအား အဖွဲ့လိုက် ထုတ်ပယ်လိုက်ကြောင်း ကြေညာချက်အမှတ် ၁၀ ကို ဖတ်ကြားရှင်းလင်းသည်။

[နိုင်ငံရေးရှင်းပွဲ ရန်ကုန်။ ဖဆပလပုံနှိပ်။ ပုံနှိပ်ခုနစ်မသိ။ စာ ၂။ နောင်ကိုးကားလျှင် နိုင်ငံရေးရှင်းပွဲဟုညွှန်းမည်]

၁၁ အောက်တိုဘာ ၁၉၄၆ ဖဆပလ အလုပ်အမှုဆောင် အထူးအစည်းအဝေးကျင်းပရာ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အစိုးရအဖွဲ့မှ နုတ်ထွက်စာ (ကွန်မြူနစ်ပါတီအား ဖဆပလမှ ထုတ်ပယ်လိုက်သဖြင့် လူထုလုပ်ငန်းကို ၎င်းကိုယ်တိုင်ကြီးကြပ် ဆောင်ရွက်သင့်သည်ဟု ထင်မြင်သဖြင့် အစိုးရအဖွဲ့မှ နုတ်ထွက်ကြောင်း ဘုရင်ခံထံလိပ်မူတပ်၍ ရေးသားထားသောစာ) ကို စဉ်းစားကြသည်။ ထို့နောက် လက်ရှိအခြေအနေအရ အစိုးရအဖွဲ့မှ နုတ်ထွက်ရန် မသင့်တော်ကြောင်း အများသဘောတူ ဆုံးဖြတ်သည်။ ထို့နောက် ကွန်မြူနစ်ပါတီအား ဖဆပလမှ ထုတ်ပယ်လိုက်ရခြင်းကြောင့် ကွန်မြူနစ်ပါတီခေါင်းဆောင် ဦးသိန်းဖေအား အစိုးရအဖွဲ့မှ ထုတ်ပယ်ရန် သင့်မသင့် ဆွေးနွေးကြသည်။ အပြန်အလှန် ဆွေးနွေးကြပြီးနောက် ဦးသိန်းဖေအား အစိုးရအဖွဲ့မှ ထုတ်ပယ်ရန် ဘုရင်ခံအား တောင်းဆိုရန် သဘောတူကြသည်။

[ဖဆပလအစည်းအဝေးမှတ်တမ်း(၁၉၄၅-၄၆) စာ ?။ ၁၁-၁၀-၄၆]

၁၂ အောက်တိုဘာ ၁၉၄၆ ကွန်မြူနစ်ပါတီဌာနချုပ်တွင် ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်သန်းထွန်းက ရန်ကုန်မြို့ပေါ်ရှိ သတင်းစာတိုက်အသီးသီးမှ သတင်းစာဆရာများအား ဖိတ်ကြား၍ ဖဆပလမှ ကွန်မြူနစ်ပါတီအား ထုတ်ပယ်လိုက်သောကိစ္စနှင့် စပ်လျဉ်း၍ ချေပရှင်းလင်းသည်။ သခင်သန်းထွန်းက "တည်ဆောက်ပေးခဲ့တဲ့ ညီညွတ်ရေး အမျိုးသားတပ်ပေါင်းစုကြီး ဖရိုဖရဲဖြစ်တာဝမ်းနည်းပါတယ်" ဟုပြောကြားပြီးလျှင်

၁။ ဖဆပလမှ ကွန်မြူနစ်ပါတီကို ထုတ်ပယ်လိုက်ခြင်းမှာ မတရား။
၂။ အလုပ်သမားတို့၏ အထွေထွေသပိတ်ကြီးကို ဖြိုခွဲဖျက်ဆီးခြင်း။
၃။ ဖဆပလနှင့် ကွန်မြူနစ်ကွဲခြင်းသည် အင်္ဂလိပ်အကြိုက်ဖြစ်ခြင်း။
၄။ ဖဆပလသည် ပါတီတစ်ခုတည်းအနေနှင့်သာ တည်ရှိတော့ခြင်း။
၅။ ကွန်မြူနစ်ပါတီ၏ ရှေ့သို့ လုပ်ငန်းစဉ်များစသော အချက် (၅) ချက်ကို ဖိတ်ပြ၍ ရှင်းလင်းသည်။ ထို့နောက် အစိုးရအဖွဲ့ဖွဲ့စည်းရေးနှင့် ရာထူးယူရေးတွင် ကွန်မြူနစ်ပါတီက ဝန်ကြီး နစ်နေရာရသည့်တိုင်အောင် ၎င်းမပါကြောင်း ပြောကြားသည်။

[ဟံသာဝတီ ၁၃-၁၀-၄၆]

■ မျိုးချစ်ပါတီခေါင်းဆောင် ဦးစောရန်ကုန်ဆေးရုံကြီးမှ ဆင်းသည်။

[ဟံသာဝတီ ၁၅-၁၀-၄၆]

၁၃ အောက်တိုဘာ ၁၉၄၆ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့တွင် အမေရိကန်တပ်မတော်ကြီး၏ ဆဋ္ဌမ တပ်မှူးဟောင်း အသက် ၆၃ နှစ်ရှိ ဒုတိယဗိုလ်ချုပ်ကြီး ဂျိုးဇက်စတီးဝဲလ်(ဗိနီဂါးဂျိုး) အသည်းရောဂါဖြင့် ကွယ်လွန်သည်။

[ဟံသာဝတီ ၁၆-၁၀-၄၆]

■ ဖဆပလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ငြိမ်းက မြန်မာပြည်ကွန်မြူနစ်ပါတီကို ဖဆပလမှ ထုတ်လိုက်ပြီး ဖြစ်သဖြင့် မြန်မာပြည်ကွန်မြူနစ်ပါတီအဖွဲ့ဝင်များ ဖဆပလဗဟိုဦးစီးအဖွဲ့မှ လွဲ၍ ကျန်ခရိုင်၊ မြို့နယ်ကျေးရွာ ဦးစီးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့နှင့် ဖဆပလ၏ အခြားတာဝန်ခံအသီးသီးမှ ချက်ချင်းနုတ်ထွက်ပေးရမည်ဖြစ်ကြောင်း ညွှန်ကြားချက် ထုတ်ပြန်သည်။

[ဟံသာဝတီ ၁၃-၁၀-၄၆]

■ မြန်မာပြည်ကွန်မြူနစ်ပါတီက ကြေညာချက်တစ်ဆောင် ထုတ်ပြန်၍ ဖဆပလကို တုန့်ပြန်တိုက်ခိုက်သည်။

[ဟံသာဝတီ ၁၃-၁၀-၄၆]

၁၄ အောက်တိုဘာ ၁၉၄၆ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံးဥက္ကဋ္ဌ ဦးဗဂျမ်းက ၁၄-၁၀-၄၆ ဗ-လ-စ ဗဟိုအမှုဆောင်အစည်းအဝေးမှ ချမှတ်သော ကျေညာချက်သည် ဖဆပလအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အပြစ်တင်သည်ဖြစ်၍ ၎င်းသည် ဖဆပလအမှုဆောင်အဖွဲ့ဝင်တစ်ဦး ဖြစ်နေသည့်သာမက ဖဆပလမှ ကွန်မြူနစ်ပါတီကို ထုတ်ပယ်ရန်အစည်းအဝေးတွင် ပါဝင်ဆုံးဖြတ်သူဖြစ်သည့်အတိုင်း မိမိ၏ ဂုဏ်သိက္ခာကို စောင့်သိရိုသေသောအားဖြင့် ဗ-လ-စအစည်းအရုံးဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်စာကို ဗ-လ-စ အမှုဆောင်အဖွဲ့သို့ တင်သွင်းသည်။

[ဟံသာဝတီ ၁၇-၁၀-၄၆]

၁၅ နှင့် ၁၆ အောက်တိုဘာ ၁၉၄၆ ရန်ကုန်မြို့ ၃၇ လမ်းနှင့် ဒါလဟိုဇီလမ်း(မဟာဗန္ဓုလလမ်း) ထောင့်ရှိ မစ္စကွစ်တိုက်ဟောင်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆင်းရဲသားဝံသာနုအဖွဲ့ခေါင်းဆောင်များ အစည်းအဝေးကျင်းပပြီး မဟာဗမာအဖွဲ့ကြီး ပြန်လည်ထူထောင်ရန် ဆုံးဖြတ်သည်။ အတောင် ၉ တောင်ပါ ဒေါင်းနီခြယ်အဝါအောင်လံကို မဟာဗမာအလံအဖြစ် ရွေးချယ်သည်။ ထို့နောက်

မဟာဗမာအဖွဲ့၏ လုပ်ငန်းစဉ်များအဖြစ် မဟာဗမာလွတ်တော်၊ သာသနာရေးနှင့် လယ်သမားအရေးတို့ကို ကြေညာသည်။
[ဟံသာဝတီ ၁၆-၁၀-၄၆/၁၈-၁၀-၄၆]

၁၆ အောက်တိုဘာ ၁၉၄၆ မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်အိမ်တော်တွင် ဘုရင်ခံ၏အမှုဆောင်အဖွဲ့အစည်းအဝေး ကျင်းပသည်။ ကွန်မြူနစ်ပါတီ (မြန်မာပြည်)နှင့် အလံနီလယ်သမားသမဂ္ဂ၊ ၎င်းတို့၏ ကော်မတီ ဆပ်ကော်မတီနှင့် အသင်းခွဲများအား မတရားအသင်းကြေညာထားခြင်းမှ ပယ်ဖျက်ရန် သဘောတူသည်။ ထို့ပြင် ဗိုလ်ချုပ်ကြီးစတီးဝဲလ် ကွယ်လွန်သည်ကို ဝမ်းနည်းကြောင်း အမေရိကန် ကောင်စစ်ဝန်ချုပ်ရုံးသို့ သဝဏ်လွှာပေးပို့ရန် သဘောတူ ဆုံးဖြတ်သည်။
[ဟံသာဝတီ ၁၉-၁၀-၄၆]

■ ရန်ကုန်မြို့ ဟိုက်ကုတ်လွှတ်တော်တွင် မုဒ္ဒံကင်ပေတိုင်အဖွဲ့ဝင်များဖြစ်သော မိုချိရိ မိုရိဟာရ၊ ဆေချို၊ ကင်ဂျီနှင့် ဟင်ရီတို့အား ၇-၈-၄၅ ခုနှစ်က မုဒ္ဒံမြို့အရှေ့တောင်ဘက် ရှမ်းစုနှင့် ရှမ်းရွာ နှစ်ရွာမှ ရွာသား ၇ ဦးအား သတ်မှုဖြင့် စစ်ဆေးသည်။
[မြန်မာ့အလင်း ၁၆-၁၀-၄၆]

■ ဖဆပလအဖွဲ့ချုပ်က သတင်းစာဆရာများအစည်းအဝေးကို ကျင်းပ၍ အထွေထွေအတွင်းရေးမှူး ဦးကျော်ငြိမ်းက ဝမ်းသာစရာစကားကတော့ယနေ့အစိုးရအဖွဲ့ အစည်းအဝေး ကျင်းပပြီးနောက် မတရားအသင်းလို့ ကြေညာထားတဲ့ သခင်စိုးရဲ့ အလံနီသမဂ္ဂအသင်းကို အစိုးရကပြန်လည်ရုတ်သိမ်းလိုက်ကြောင်း၊ သခင်စိုးရဲ့ အလံနီသမဂ္ဂအသင်းဟာ တရားဝင်ဖြစ်သွားပြီဖြစ်ကြောင်း၊ ဆက်လက်၍ သပိတ်ထားသူများကို ဖမ်းဆီးသည့်ကိစ္စနှင့်ပတ်သက်၍ ဦးကျော်ငြိမ်းက ၎င်းတို့သည် မီးနှစ်မီး(ကွန်မြူနစ်မီးနှင့် ဖြူရိုကရက်မီး) ကြားဖြစ်နေရကြောင်း၊ ကွန်မြူနစ်ကလည်းသပိတ်တား၊ ဖြူရိုကရက်ကလည်း မဖမ်းဖို့ပြောထားတဲ့ကြားက ဖမ်းနေကြောင်း ပြောကြားရှင်းလင်းသည်။
[ဟံသာဝတီ ၁၇-၁၀-၄၆]

၁၇ အောက်တိုဘာ ၁၉၄၆ အလံနီကွန်မြူနစ်ပါတီဌာနချုပ်မှ ဖဆပလနှင့် ကွန်မြူနစ်ပါတီကွဲခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက် တစ်စောင်ထုတ်ပြန်သည်။ထိုကြေညာချက်တွင် ယခုအခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆိုရှယ်လစ်များက တစ်ဖက်၊ သိန်းဖေ သန်းထွန်းခေါင်းဆောင်သော အချောင်သမားပါတီက တစ်ဖက်နှင့် အကြီးအကျယ် ဂိုဏ်းကွဲနေပြီး ဤသို့ ဤသို့ ဗြိတိသျှသြဇာခံ လက်ယာအချောင်သမား ဂိုဏ်းကွဲမှုဖြစ်ခြင်းသည် ရာထူးအဝေမတည့်သောကြောင့် ဖြစ်သည်ဟု ပါရှိသည်။
[ဟံသာဝတီ ၁၇-၁၀-၄၆]

■ ဖဆပလအဖွဲ့ချုပ်က သတင်းစာဆရာများ အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် သတင်းစာဆရာများက ဖဆပလအလုပ်အမှုဆောင်အဖွဲ့တွင် ကွန်မြူနစ်ပါတီကို ထုတ်ပစ်ရန် အာဏာရှိမရှိ မေးမြန်းရာ ဖဆပလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ သခင်နုက အလုပ်အမှုဆောင်အဖွဲ့တွင် အာဏာရှိသင့်သလောက် ရှိပါကြောင်း၊ အမှုဆောင်အဖွဲ့ ဆုံးဖြတ်ချက်ကို ဗဟိုဦးစီးအဖွဲ့ကသာအတည်ပြုနိုင်ကြောင်း ဖြေကြားသည်။
[ဟံသာဝတီ ၁၇-၁၀-၄၆]

၁၈ အောက်တိုဘာ ၁၉၄၆ ဖဆပလအမှုဆောင်အဖွဲ့က ဘုရင်ခံ၏ အမှုဆောင်အဖွဲ့ဝင် ဝန်ကြီးဦးသိန်းဖေအား ဖဆပလကိုယ်စားလှယ်အဖြစ်မှ ရုတ်သိမ်းကြောင်း ဆုံးဖြတ်ချက်ကို အစိုးရအဖွဲ့ထံ ပေးပို့သည်။
[မြန်မာ့အလင်း ၂၀-၁၀-၄၆]

၁၉ အောက်တိုဘာ ၁၉၄၆ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေးဝန်ကြီး ဦးသိန်းဖေ (စာရေးဆရာတက်ဘုန်းကြီးသိန်းဖေ) သည် သတင်းစာဆရာများအား ၎င်း၏ရုံးခန်းသို့ ဖိတ်ကြား၍ စက်ာပူရိက္ခာကွန်ဖရင့်သို့ တက်ရောက်ခဲ့ပုံနှင့်၊ ကွန်မြူနစ်ပါတီနှင့် နိုင်ငံရေးရာအဖြာဖြာကို ရှင်းလင်းပြောကြားသည်။ ၎င်းက ဗိုလ်ချုပ်အောင်ဆန်းက မလိုချင်ဘူးဆိုလျှင် ဘုရင်ခံ၏အမှုဆောင်အဖွဲ့ (အစိုးရအဖွဲ့) မှ နုတ်ထွက်ရန် အဆင်သင့်ရှိကြောင်း ပြောကြားသည်။
[ဟံသာဝတီ ၂၁-၁၀-၄၆]

၂၀ အောက်တိုဘာ ၁၉၄၆ ရန်ကုန်မြို့ကန်တော်မင်္ဂလာပန်းခြံတွင် ဆင်းရဲသားဝံသာနုအဖွဲ့ချုပ်ကြီးမှ မဟာဗမာ (ဓားမ) မြို့လုံးကျွတ်အစည်းအဝေးကျင်းပ၍ မဟာဗမာဝါဒကို ကျေညာသည်။
[ဟံသာဝတီ ၂၁-၁၀-၄၆]

■ ဖဆပလအဖွဲ့ချုပ်က ကြီးမှူး၍ ရွှေတိဂုံစေတီ အနောက်မုခ်တွင် လူထု အစည်းအဝေးကျင်းပကာ ဖဆပလအဖွဲ့ချုပ်မှ မြန်မာပြည်ကွန်မြူနစ်ပါတီအား ထုတ်ပယ်ရသည့် နိုင်ငံရေး ရှင်းလင်းပွဲကျင်းပသည်။
[ဟံသာဝတီ ၂၁-၁၀-၄၆]
[နိုင်ငံရေးရှင်းပွဲ စာ ၂]

■ မြန်မာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအစည်းအဝေး ကျင်းပပြီး ဘုရင်ခံ၏အမှုဆောင်အဖွဲ့ဝင် ကွန်မြူနစ်ပါတီမှ ဝန်ကြီး ဦးသိန်းဖေအား အမြန်ဆုံးနုတ်ထွက်ရန် ဆုံးဖြတ်သည်။
[ဟံသာဝတီ ၂၂–၁၀–၄၆]

၂၁ အောက်တိုဘာ ၁၉၄၆ ဘုရင်ခံ၏ အမှုဆောင်အဖွဲ့ဝင် ဝန်ကြီးဦးသိန်းဖေသည် အဖွဲ့မှနုတ်ထွက်စာကို မြန်မာနိုင်ငံဘုရင်ခံထံ တင်သွင်းသည်။
[ဟံသာဝတီ ၂၂–၁၀–၄၆]
[**New Times of Burma** ၂၂–၁၀–၄၆]

■ သခင်စိုး၏ ကွန်မြူနစ်ပါတီ (မြန်မာပြည်)အား မတရားအသင်းကြေညာထားခြင်းမှ ရုတ်သိမ်းကြောင်း ကြေညာသည်။
[**New Times of Burma** ၂၂–၁၀–၄၆]

၂၃ အောက်တိုဘာ ၁၉၄၆ စင်္ကာပူမြို့ ဂျပန်စစ်ရာဇဝတ်မှုစစ်ဆေးရေး မဟာမိတ်တရားရုံးက ယိုးဒယား–မြန်မာ မီးရထားလမ်းနှင့် ပတ်သက်၍ အသက်ပေါင်းများစွာ ဆုံးရှုံးစေသည့် ကိစ္စတွင် တာဝန်မကင်းသည့် ဗိုလ်ကြီး မူရရာမ၊ ဗိုလ်ကြီး ဖုကူးဒါးနှင့် ဒုတိယဗိုလ် အဘေးနှင့် ကိုရီးယားလူမျိုး အစောင့် တိုရိုယာမတို့အား သေဒဏ်ပေးသည်။
[မြန်မာ့အလင်း ၂၉–၁၀–၄၆]

■ ဘုရင်ခံ၏အမှုဆောင်အဖွဲ့တွင် ကရင်အမျိုးသား ဝန်ကြီး တစ်နေရာအတွက် စောဘဦးကြီး (ပြန်ကြားရေးဌာန) အား ခန့်ထားသည်။

၂၅ အောက်တိုဘာ ၁၉၄၆ ဦးမြ (ပျော်ဘွယ်) သည် ဘုရင်ခံ၏အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင် ဝန်ကြီးအဖြစ် လက်ခံသည်။
[**Burma Struggle Vol.II:** *P XLV*]

၃၁ အောက်တိုဘာ ၁၉၄၆ ရာဇဝတ်မှု စုံစမ်းရေးဌာန (စီ၊ အိုင်၊ အေ) မှ ကွန်မြူနစ်ပါတီ (မြန်မာပြည်) ခေါင်းဆောင် သခင်စိုးအား ဖမ်းဆီးထိန်းသိမ်းသည်။
[**Burma Struggle Vol.II:** *PIII* ]
[ဦးသန့် ပြည်တော်သာခရီး(၃) စာ ၂၉]
[ဒီးဒုတ်ဂျာနယ် တွဲ–၂၀။ မှတ်–၁၇။ ၄–၁၁–၄၆]

## နိုဝင်ဘာလ

၁ နှင့် ၃ နိုဝင်ဘာ ၁၉၄၆ စတုတ္ထအကြိမ်မြောက် ဖဆပလဗဟိုဦးစီးအဖွဲ့အစည်းအဝေး ကျင်းပသည်။ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ဖဆပလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ သခင်နုက ဖဆပလအဖွဲ့ချုပ်မှ မြန်မာပြည်ကွန်မြူနစ်ပါတီအား ထုတ်ပယ်ခြင်းကို အတည်ပြုပေးရန် အဆိုတင်သွင်းရာ ထိုအဆိုကို ထောက်ခံကြသည့်အတွက် မြန်မာပြည်ကွန်မြူနစ်ပါတီအား ဖပလအဖွဲ့ချုပ်မှ ထုတ်ပယ်ခြင်းအတည်ပြုပြီး ကွန်မြူနစ်ပါတီအား ဖဆပလဗဟိုဦးစီးအဖွဲ့မှလည်းကောင်း၊ ခရိုင်၊ မြို့နယ် အခြေခံ အဖွဲ့အသီးသီးက လည်းကောင်း ထုတ်ပယ်လိုက်ကြောင်း ကြေညာသည်။
[နိုင်ငံရေးရှင်းပွဲ စာ ၆၇–၇၁]
[ဒီးဒုတ်ဂျာနယ် တွဲ–၂။ မှတ် ၁၇။ စာ ၄။ ၄–၁၁–၄၆]

■ စတုတ္ထအကြိမ်မြောက် ဖဆပလဗဟိုဦးစီးအဖွဲ့အစည်းအဝေးတွင် အဆို ၁၀ ရပ်ကို တင်သွင်းသည်။ ထိုအဆိုများမှာ
၁။ နိုင်ငံပေါင်းစုံ ကုလသမဂ္ဂ ၂။ နိုင်ငံခြားရေး ၃။ အစိုးရစီမံကိန်းအဖွဲ့များ ၄။ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲများ ၅။ နိုင်ငံခြားစစ်တပ်များကို ရုတ်သိမ်းရေး ၆။ နယ်ခြားဒေသအုပ်ချုပ်ရေး ၇။ သက်သာချောင်ချိရေး ၈။ ပုဂ္ဂလိကရိုင်ကိစ္စများ ၉။ စစ်လျော်ကြေး အဆိုနှင့်ဒေသန္တရအုပ်ချုပ်ရေးအဆိုများဖြစ်သည်။
[ဒီးဒုတ်ဂျာနယ် တွဲ–၂၀။ မှတ် ၁၈။ စာ ၁၆–၁၈။ ၁၁–၁၁–၄၆]

၂ နိုဝင်ဘာ ၁၉၄၆ စတုတ္ထအကြိမ်မြောက် ဖဆပလ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ဒုတိယနေ့တွင် ဦးသိန်းဖေက ဗိုလ်ချုပ်အောင်ဆန်းအား "စောလူးမင်းကို ကျန်စစ်သားက တလိုင်းတို့လက်တွင် ခွေးသေသေရစ်ပေတော့ဟုဆိုပြီး စွန့်ပစ်သွားတယ်၊ ခင်ဗျားကိုလည်း ဦးဘဘေ၊ သခင်နုနဲ့ ဦးကျော်ငြိမ်းတို့ကြားမှာ စွန့်ပစ်ခဲ့ရပြီ" ဟုပြောကြားသည်။
[ဒီးဒုတ်ဂျာနယ် တွဲ–၂၀။ မှတ် ၁၈။ စာ ၁၂။ ၁၁–၁၁–၄၆]

■ ဖဆပလအဖွဲ့ချုပ် စတုတ္ထအကြိမ်မြောက် ဦးစီးအဖွဲ့အစည်းအဝေးတွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်ချစ်၊ သခင်ဗတင်၊ သခင်မြသွင်၊ တက်ဘုန်းကြီးသိန်းဖေနှင့် သခင်သန်းထွန်းတို့က ဖဆပလ၏ စွပ်စွဲချက်များကို ပြန်လည်ဖြေကြားခြင်း

အလျင်းမပြုတော့ဘဲ ဖဆပလအဖွဲ့ချုပ်မှာ လက်ရှိဂိုဏ်းသားတို့၏ အဖွဲ့ဟူ၍လည်းကောင်း၊ နယ်ချဲ့သားတို့၏ တုတ်ယူ၍လည်းကောင်း၊ လွတ်လပ်ရေးအတွက်မဟုတ်ဘဲ ဒိုမီနီယံရှေ့တွင် ဒူးထောက်နေသည် ဟူ၍လည်းကောင်း၊ စေ့စပ်ရေးကိုသာ လိုက်နေသည်ဟူ၍ လည်းကောင်း အမျိုးမျိုးပြန်လည်ပြောဆိုပြီးနောက် ချေပမှုတို့ကို မစောင့်ဘဲ ကွန်မြူနစ်အားလုံးကိုခေါ်၍ အစည်းအဝေးမှ ထွက်ခွာသွားသည်။

[ဒီးဒုတ်ဂျာနယ် တွဲ-၂၀။ မှတ် ၁၈။ စာ ၁၂။ ၁၁-၁၁-၄၆]

၄ နိုဝင်ဘာ ၁၉၄၆ သခင်ကျော်စိန်အား ပြည်ထဲရေးဝန်ကြီး သခင်မြထံ လာရောက်၍ သခင်စိုးကိစ္စကို ဆွေးနွေးသည်။ သခင်မြက သခင်စိုးအား ကာကွယ်ရေးပုဒ်မ ၁၂၉ မှ ၁၅၃ သို့ ပြောင်း၍ လက် အောက်ခံလူမျိုးအချင်းချင်း မုန်းတီးမှုဖြစ်လောက်အောင် ဟောပြောချက်ဖြင့် ဖမ်းဆီးထားခြင်းဖြစ်ပြီး သန်လျင်ထောင်တွင် ခေတ္တချုပ်ထားကြောင်း ပြောကြားသည်။

[သံတော်ဆင့် ၅-၁၁-၄၆]

၈ နိုဝင်ဘာ ၁၉၄၆ မြန်မာနိုင်ငံဘုရင်ခံ၏ အမှုဆောင် ကောင်စီတို့၏ ဝါဒကြေညာချက်ကို ထုတ်ပြန်သည်။

ကျွန်ုပ်တို့သည်
ရာထူးမှနုတ်ထွက်ရန်
ဝန်လေးမည်မဟုတ်ကြောင်း
တိုင်းသူပြည်သားများ
စိတ်ချယုံကြည်ကြစေလိုကြောင်း
ဘုရင်ခံမင်းမြတ်အမှုဆောင်ကောင်စီ
အဖွဲ့ဝင်တို့၏ဝါဒကြေညာချက်

*၁။ ခက်ခဲသောအခြေအနေကို ဆက်ခံရခြင်း။*

ဘုရင်မင်းမြတ်၏ အမှုဆောင် ကောင်စီတွင် အဖွဲ့ဝင်များအဖြစ်ဖြင့်၊ ကျွန်ုပ်တို့ရာထူးလက်ခံလိုက်ခြင်းအတွက် ကျွန်ုပ်တို့ခံယူရသော ဝတ္တရားများ ထမ်းရွက်ရာတွင် ကျွန်ုပ်တို့လိုက်နာရွက်ဆောင်ရန်လိုသည့် ရည်ရွယ်ချက် ပေါ်လစီဝါဒတို့ကို ရာထူးလက်ခံပြီးနောက် မကြာမတင် ထုတ်ပြန်ကြေငြာရန် ကျွန်ုပ်တို့ ကြံရွယ်ခဲ့ကြောင်း၊ သို့ရာတွင် ကျွန်ုပ်တို့မှာ ခက်ခဲသောအခြေအနေကို ဆက်ခံလိုက်ရသဖြင့် စလျှင်စခြင်း ရင်ဆိုင်တွေ့ရသည့် ချို့သောလတ်တလော ပြဿနာများကို ဖြေရှင်းနေရသောကြောင့် ယခုထက်စောစွာ ထုတ်ပြန်ကြေညာခြင်း မပြုနိုင်ခဲ့ပေ။ ယခုအခါ၌မူကား ကျွန်ုပ်တို့သည် မလျှော့တမ်း လိုက်နာတော့မည်ဟု သံန္နိဋ္ဌာန်ပြုထားသော ကျွန်ုပ်တို့၏ ပေါ်လစီဝါဒ၏ အခြေခံမူကို တိုင်းပြည်သို့ တင်ပြလိုကြောင်း။

*၂။ သပိတ်ပြဿနာကို ဖြေရှင်းခဲ့ခြင်း*

ကျွန်ုပ်တို့၏ ပထမရှေးဦးစွာ ရင်ဆိုင်တွေ့ရသော လုပ်ငန်းကြီးမှာ အကျယ်အပွားဖြစ်ပေါ်နေသော ရာဇဝတ်အဖွဲ့ဝင်များသပိတ်၊ မီးရထားအလုပ်သမားများသပိတ်၊ စာတိုက်နှင့် ကြေးနန်းအလုပ်သမားများ သပိတ်၊ အစိုးရရုံးသားများ သပိတ်နှင့် အခြားသပိတ်အရေးတော်ပုံများကို ပြေကြေအောင် စေ့စပ်ပေးရန်ပင် ဖြစ်ခဲ့ပေကြောင်း။ အဆိုပါသပိတ်တို့သည် တိုင်းသူပြည်သားတို့ နေထိုင်စားသောက် သွားလာ လုပ်ကိုင်ရေး နဂိုအခြေအနေကို အများဆုံး ချွတ်ယွင်းပျက်ပြားစေခဲ့ကြောင်း၊ သပိတ်သမားတို့ အတော်အတန်ကြေနပ်မှု ရရှိအောင် ကျွန်ုပ်တို့ ထိုသပိတ်များကို ဖြေရှင်းပေးနိုင်ခဲ့ရာ လူထု၏ကျေနပ်မှုကိုလည်း ရရှိသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြောင်း။

*၃။ အမြဲတမ်းတွဲဖက်ခုံများထားမည်*

ကျွန်ုပ်တို့ ရင်ဆိုင်တွေ့ရမည့် အခြားအခြားသော အရေးပေါ်ပြဿနာများကိုလည်း အလားတူပင် လျှင်မြန်စွာ ဖြေရှင်းရန် ကျွန်ုပ်တို့ ဥဿဟပြုမည်ဖြစ်ကြောင်း။ ဖြေရှင်းရန်သပိတ်အချို့ ယခုတိုင်ကျန်ရှိနေသေးကြောင်း။ အလုပ်သမားများသည် မိမိတို့ လုပ်ငန်းအခြေအနေနှင့် ပတ်သက်၍ အကယ်နစ်နာချက်များ ရှိခြင်းကြောင့် သပိတ်မှောက်ရသည်ဟူသမျှတို့၌ ကျွန်ုပ်တို့သည် ၎င်းတို့၏ တောင်းဆိုချက်များ အထူးသက်ညှာစဉ်းစားမည့်အပြင် ကျွန်ုပ်တို့က ဘုတ်အဖွဲ့များကို ဖွဲ့စည်းထူထောင်ပေးလျက် ထိုအလုပ်သမားများ၏ ယခုလက်ငင်း နစ်နာချက်များသာမက လက်မှုစက်မှုလုပ်ငန်းဆိုင်ရာ အခြားအရေးကြီးသော အချက်များနှင့်စပ်လျဉ်းသော နစ်နာချက်များ၌လည်း ထိုဘုတ်အဖွဲ့များသည်ကျွန်ုပ်တို့အား အကြံပေးစေမည် ဖြစ်ကြောင်း။ အနာဂတ်ကာလတွင် အလုပ်သမားတို့ သပိတ်လက်နက်သုံးရလောက်အောင် အကြောင်းမရှိစေခြင်းငှာ ပေါ်ပေါက်လာသမျှသော ဝိဝါဒတို့ကို တရားမျှတစွာ ဖြေရှင်းပေးစေမည့် စက်ယန္တယားကြီး ထာဝစဉ်တည်မြဲစေရန် ဤတွဲဖက်ဘုတ်အဖွဲ့များကိုလည်း အမြဲတမ်းအဖွဲ့များ အဖြစ်နှင့် ထားရှိဖို့တို့ကို ကျွန်ုပ်တို့ ရည်ရွယ်ကြောင်း။

*၄။ လစာကော်မရှင်အဖွဲ့ ဖွဲ့ပေးမည်*

အစိုးရအရာထမ်း အမှုထမ်းတို့၌ ရှိအံ့သော နစ်နာချက် တစုံတ

ရာကို ဆောလျင်စွာ စောကြောစစ်ဆေးရန်အတွက် အမြဲတမ်း စက်ယန္တယားကြီး တည်ရှိစေရန် အစိုးရအမှုထမ်းအရာထမ်းတို့နှင့် ပတ်သက်သည့် ပြဿနာများကို ဖြေရှင်းရေးဆိုင်ရာ အမြဲတမ်း တွဲဖက်အဖွဲ့များကို မကြာမြင့်မီအလားတူ ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ သို့သော် အစိုးရအမှုထမ်း အရာထမ်းများဆိုင်ရာ တွဲဖက်ဘုတ်အဖွဲ့များ၏ လက်တွင် မူလအခြေခံလခနှင့် ဆိုင်သောပြဿနာများ ဖြေရှင်းရေးကို ကျွန်ုပ်တို့အပ်နှင်းထားနိုင်မည် မဟုတ်ပေ။ အသီးအခြားဌာန တစ်ခုနှင့်သော် လည်းကောင်း၊ အမှုထမ်းတစ်မျိုးတစ်စားတည်းနှင့်သော်လည်းကောင်း၊ သက်ဆိုင်သော မူလအခြေခံ ပြဿနာကို တစ်ခုတည်းတည်း ခွဲခြားသီးသန့်၍ ဖြေရှင်းရန် မဖြစ်နိုင်ပေ။ အစိုးရလက်အောက်တွင် အမှုထမ်းလျက်ရှိသည့် အမျိုးအစားများပြားလှသော ဌာနများအမှုထမ်းများအတွက် လျှောက်ပတ်သော မူလအခြေခံလစာများကို အစိုးရအား အကြံပေးနိုင်စိမ့်ငှာ ဌာနအသီးသီး အမှုထမ်းအစားစား အားလုံးတို့၏ လက်ရှိ လစာငွေအဆင့်အတန်း စစ်ဆေးနိုင်သော မျက်နှာမလိုက်သည့် စုံစမ်းရေးကော်မရှင်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းရန် လိုလိမ့်မည်။ လစာငွေကော်မရှင်အဖွဲ့ဟု ကျွန်ုပ်တို့ခေါ်ဆိုမည့် အဆိုပါအဖွဲ့၏ လုပ်ငန်းများ သုံးလခန့်ကြာမည်ဟု ကျွန်ုပ်တို့ တင်ကူးခန့်မှန်းထားသည်ဖြစ်ရာ ထိုလစာငွေကော်မရှင်အဖွဲ့၏ ထောက်ခံချက်များအရ မူလအခြေခံ လစာငွေများကို လိုလျှင်လိုသလို ပြင်ဆင်ပေးခြင်း၌ အနှောင့်အနှေးမရှိစေဘဲပြင်ဆင်ပေးရန် ကျွန်ုပ်တို့ ပြဋ္ဌာန်းထားကြောင်း။

*၅။ ပြည်သူ့လွတ်လပ်ခွင့် ကျပ်ပြည့်ရအောင်လုပ်မည်။*

လွတ်လပ်စွာ စည်းရုံးခွင့်၊ လွတ်လပ်စွာ စည်းဝေးပိုင်ခွင့်၊ လွတ်လပ်စွာရေးပိုင်းခွင့်နှင့် လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်တို့ အကြုံးဝင်သော ကျပ်ပြည့် ပြည်သူ့လွတ်လပ်ခွင့်များကို မြန်မာပြည်သူပြည်သားများ ပြန်လည် ရရှိစေရန်အတွက် အရိုးခံသဘောအားဖြင့် ဖိနှိပ်ချုပ်ခြယ်မှုများဟု ယူဆနိုင်သည့် ဥပဒေအရပ်ရပ်များကို ပြန်လည်ရုတ်သိမ်းပစ်ရန် ကျွန်ုပ်တို့ယခု အပြင်းအထန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဘိနှိပ်ချုပ်ချယ်မှုနှင့် ဆိုင်သော ဥပဒေများအရ ဖမ်းဆီးချုပ်နှောင်မှု ခံရသူ အားလုံးတို့အား ချက်ခြင်း အချုပ်အနှောင်မှ လွတ်ပစ်ရန်နှင့် အဆိုပါ ဥပဒေများအရ ထောင်အတွင်း ကျရောက်နေကြသူများအားလုံးတို့၏ အပြစ်ဒဏ်စီရင်ချက်များကို ပြန်လည်စစ်ဆေးရန်တို့မှာလည်း ကျွန်ုပ်တို့၏ ပေါ်လစီဝါဒပင် ဖြစ်ကြောင်း။

*၆။ ဓားပြနှိမ်နင်းရေး*

တိုင်းပြည်အတွင်းရှိ အချို့ဒေသတို့တွင် အကျယ်အပွား ဓားပြများ သောင်းကျန်းနေသည့်မှ ပေါ်ပေါက်လာသော ပြဿနာကို ကျွန်ုပ်တို့ အဆောတလျင် စဉ်းစား၍ ထိရောက်စွာ အစွမ်းကုန် အရေးယူလိမ့်မည်။ ဤလုပ်ငန်းတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား အကူအညီပေးလိုသည့် ရပ်ရွာကာကွယ်ရေး အဖွဲ့များ ပြည်သူ့ရဲဘော်တပ်ဖွဲ့များနှင့် အခြားအလားတူ အဖွဲ့အစည်းတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီကို တောင်းခံရယူမည်ဖြစ်ကြောင်း၊ ဓားပြများနှင့် အခြားပြင်းထန်သော ရာဇဝတ်မှုတို့ကို နှိပ်ကွပ်ရာ၌ အစိုးရအား အကူအညီပေးလိုသည့် အဆိုပါ အဖွဲ့အသင်းများ၏ အဖွဲ့ဝင်တို့အား ထိထိရောက်ရောက် ကူညီနိုင်ရန် လိုအပ်သော အာဏာနှင့်တာဝန်ဝတ္တရားနှင့် လက်နက်အလုံအလောက် အပ်နှင်းရေးတို့ကို ကျွန်ုပ်တို့စဉ်းစားလျက်ရှိနေကြောင်း၊ သတ်မှတ်သော နေ့ရက်အတွင်း လာရောက်လက်နက်ချသည့် ဓားပြဂိုဏ်းနှင့်ခေါင်းဆောင်တို့အား သင့်တော်သောစည်းကမ်းချက်များနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟူသော ကတိဖြင့် သိမ်းသွင်းရန် ဖြစ်နိုင်မဖြစ်နိုင်ကိုလည်း ကျွန်ုပ်တို့လေးလေးနက်နက် စဉ်းစားလျက်ရှိကြောင်း။ လူထုအဖွဲ့အစည်းများသာမက ကာလအားလျော်စွာ ညွှန်ကြားလျက်ရှိသော အခြားအရေးကြီးသော နိုင်ငံလုံးဆိုင်ရာ ပြဿနာများလည်း ရှိနေပေသေးသည်။ ၎င်းတို့အနက် တစ်ခုသော ပြဿနာမှာ တောင်သူလယ်သမား ပြဿနာပင်ဖြစ်ကြောင်း၊ ထိုပြဿနာနှင့်တကွ သက်ဆိုင်သူတို့ တရားသဖြင့်ရထိုက်သော နစ်နာချက်အစစ်အမှန်တို့ကို ကျေနပ်အောင် အချိန်မကြန့်စေဘဲ ဖြေရှင်းရေးမှာလည်း ကျွန်ုပ်တို့၏ ပေါ်လစီဝါဒပင်ဖြစ်ကြောင်း။

*၇။ ဘဏ္ဍာရေးအာဏာလုံးဝ ရှိရမည်*

မြန်မာပြည်အစိုးရ၏ ဘဏ္ဍာရေးအာဏာများနှင့် စပ်လျဉ်း၍ကား ထိုကိစ္စကို ကျွန်ုပ်တို့မဆွကပင် ဂရုပြုခဲ့သည်ဖြစ်ရာ ကျွန်ုပ်တို့ ပိုင်ဆိုင်သော ဘဏ္ဍာရေးအာဏာများအားလည်း လက်ရှိချုပ်ချယ်ချက်အားလုံးကို ရုတ်သိမ်းရန် အခွန်တော်စည်းကြပ်ပိုင်ခွင့်၊ ပြည်တွင်းပြည်ပငွေကြေးခွင့်နှင့် ရရှိသောငွေများကို ဘုရင်မင်းမြတ်အစိုးရ၏ ခွင့်ပြုချက်ကို မခံယူရဘဲ ကျွန်ုပ်တို့နိုင်ငံအပေါ်ဝယ် အများဆုံးအကျိုးသက်ရောက်

မှုအတွက် ကျွန်ုပ်တို့က အကောင်းဆုံးဟု ထင်မြင်သလို သုံးစွဲနိုင်ခွင့်တို့ကိုရရန် ဘုရင်မင်းမြတ်အစိုးရထံသို့ ကျွန်ုပ်တို့ ကြံရွယ်ချက်များကို ပေးပို့ထားခဲ့လေပြီ။

*၈။ စီမံကိန်းများ ဖျက်ရေးပြင်ရေး*

အစိုးရ စီမံကိန်းများကိုလည်း ကျွန်ုပ်တို့ ယခုအခါ ဂရုပြုလျက်ရှိနေပြီဖြစ်ရာ အဆိုပါ စီမံချက်များ၏ အကျိုးအပြစ်ကို အသေအချာ ဝေဖန်စစ်ဆေးနိုင်ရန်လည်းကောင်း၊ နိုင်ငံတော်ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်ဖန်တီးရေးအတွက် တကယ်အကျိုးသက်ရောက်ခြင်း မရှိသည်တို့ကို ဖျက်သိမ်းပစ်ရန် လည်းကောင်း၊ မြန်မာပြည်သူပြည်သားတို့၏အကျိုးကို အခြေခံထား၍ ပြင်ဆင်ရန်လိုအပ်သမျှတို့ကို အဆိုပါ စီမံကိန်းများဆိုင်ရာ အကြောင်းစုံတို့ကို တောင်းဆိုထားပြီဖြစ်ကြောင်း။

*၉။ စက်မှုလက်မှုနှင့်သမဝါယမ*

ကျွန်ုပ်တို့သည် နိုင်ငံတော်၏ စီးပွားရေး ကောင်းမွန်တိုးတက်မှုကို အခါမလပ် စိတ်ပါလက်ပါ သုံးသပ် သွားကြမည့်အပြင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း တိုးတက်ရန်အတွက် လည်းကောင်း၊ မျက်မှောက်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသာလျှင် လွှမ်းမိုးလျက်ရှိသောကျွန်ုပ်တို့နိုင်ငံ၏ စီးပွားရေးကို မဲတင်းပေးရန် လိုအပ်သည့်အခြား စက်မှုလက်မှု လုပ်ငန်းများလည်း တည်ထောင်ချဲ့ထွင်ရန်တို့ကိုလည်းကောင်း၊ အမြဲစောင့်ရှောက်သွားမည် ဖြစ်ကြောင်း၊ သမဝါယမ လုပ်ငန်းများကို တည်ထွင်အားပေးသွားရန်မှာလည်း ကျွန်ုပ်တို့၏ ဝါဒပင် ဖြစ်ကြောင်း၊ နိုင်ငံခြားနှင့် ကုန်သွင်းကုန်ထုတ်မှစ၍ အခြားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်စည် ကူးသန်းရေးဆိုင်ရာ နယ်ပယ်တွင်းသို့ မြန်မာလူမျိုးများတစ်ဆင့်ထက်တစ်ဆင့် ပိုမိုတိုးတက်ပါဝင် စွပ်ဖက်သွားနိုင်ရန်မှာလည်း ကျွန်ုပ်တို့၏ ပေါ်လစီဝါဒပင်ဖြစ်ကြောင်း၊ လူဝင်လူထွက်ပြဿနာနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့သည် ကျေနပ်လောက်သော စီမံချက်များရရှိအောင် ရှာကြံဆောင်ရွက်မည် ဖြစ်ကြောင်း။

*၁၀။ မြန်မာပြည်သည် မြန်မာများအဖို့*

အစိုးရအမှုထမ်း အရာထမ်းအားလုံးတို့အတွက် တရားမျှတသင့်တော်သောအခြေအနေ အဆင့်အတန်းများ ဖန်တီးပေးရန်လည်းကောင်း၊ ကျွန်ုပ်တို့နိုင်ငံ၏ လျှင်မြန်စွာတိုးတက်လျက်ရှိသော နိုင်ငံရေးအဆင့်အတန်းနှင့် ရင်ဘောင်တန်းမိစေရန် အစိုးရလုပ်ငန်းအရပ်ရပ်များကို ထိရောက်သော စီမံချက်တို့ဖြင့် ပြုပြင်ရန်လည်းကောင်း၊ နိုင်ငံခြားဆက်ဆံရေးနှင့် ကာကွယ်ရေးဌာနတို့တွင် မြန်မာများကို တစ်ဆင့်ထက်တစ်ဆင့် တိုးတက်ခန့်ထားသွားရန်တို့မှာ ကျွန်ုပ်တို့၏ ဝါဒပင်ဖြစ်ကြောင်း၊ ထိုရည်ရွယ်ချက်ဖြင့် ဘုရင်မင်းမြတ်အစိုးရ၏ အတွင်းဝင်ရုံးမှ ဖြည့်သွင်းခန့်အပ်ထားခြင်း ခံရသော အမှုထမ်းအဖွဲ့တို့ကို ဥရောပတိုင်းသားများနောက်ထပ် ခန့်အပ်ခြင်းမပြုရန် ကျွန်ုပ်တို့ တားဆီးပိတ်ပင်လိုက်လေပြီ။ မြန်မာနိုင်ငံတော်ကြီးကို ကာကွယ်ရန်အလို့ငှာ စွမ်းအားလုံလောက်သော အမျိုးသားကာကွယ်ရေးတပ်တစ်ခု အလျှင်အမြန်ထူထောင်ရန်နှင့် တိုင်းရင်းသား မဟုတ်သောတပ်များ ကျွန်ုပ်တို့မြန်မာနိုင်ငံအတွင်းမှ ပြန်လည် ရုတ်သိမ်းစေရန်မှာလည်း ကျွန်ုပ်တို့၏ ရည်စူးချက်တစ်ရပ်ပင် ဖြစ်ပေသည်။

*၁၁။ တောင်တန်းနယ်များနှင့် ဆက်ဆံရေး*

မြန်မာနိုင်ငံတော် အရပ်ရပ်တွင် မှီတင်းနေထိုင်သော တိုင်းရင်းသားလူမျိုးတို့၏ ဆန္ဒအလိုက် သဘောအကြိုက်တူညီချက်အရ မြန်မာနိုင်ငံလုံးဆိုင်ရာ သမဂ္ဂသို့မဟုတ် အဖွဲ့ချုပ်အစိုးရတည်ထောင်ရန် ရာထားချက်ကို ရှေးရှု၍ ထိုဒေသရှိ တိုင်းရင်းသားများနှင့် သင့်တင့်ညီညွတ်အောင် ဆောင်ရွက်ရန်မှာလည်း နယ်ခြားဒေသများအတွက် ကျွန်ုပ်တို့ထားရှိအပ်သော ပေါ်လစီဝါဒပင်ဖြစ်သည်။ ထိုနယ်ခြားဒေသများအကျိုးဖြစ်ထွန်းမှုအတွက် အခါခပ်သိမ်း ငွေအားကြေးအားနှင့် သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း၊ ကူညီရန်ဆန္ဒရှိသော်လည်း၊ သက်ဆိုင်ရာတိုင်းရင်းသားများ အလိုမရှိသော သမဂ္ဂဖွဲ့စည်းပူးပေါင်းမှုကို ထိုဒေသရှိ တိုင်းရင်းသားတို့အပေါ်ဝယ် အတင်ထိုးပေးရန် ကျွန်ုပ်တို့ မရည်ရွယ်ချေ။ အကယ်၍ နိုင်ငံလုံးဆိုင်ရာ သမဂ္ဂသော်လည်းကောင်း၊ အဖွဲ့ချုပ်သော်လည်းကောင်း ဖွဲ့စည်းခဲ့လျှင် အဖွဲ့ဝင် ပြည်နယ်များအား ၎င်းတို့၏ ပြည်တွင်းရေးရာကို ၎င်းတို့ကိုယ်တိုင် စီမံခန့်ခွဲ အုပ်ချုပ်ရန် လိုအပ်သာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အာဏာများကို ၎င်းတို့သဘောအတိုင်းသာလျှင် လွှဲထားမည်ဖြစ်သည်။ မြန်မာပြည်အတွက် တိုင်းပြုပြည်ပြု လွှတ်တော်တစ်ရပ် တင်မြှောက်သောအခါ နယ်ခြားဒေသမှ လူမျိုးတို့သည် မြန်မာပြည‌မနှင့်တွဲဖက်၍ အချုပ်အချာ အာ

ဏာပိုင် လွတ်လပ်ရေးသို့ရောက်သို့ ရောက်ရှိလေအောင် အတူတကွချီတက်ရန် ဆန္ဒရှိပါက နှစ်ဦးနှစ်ဖက် စေ့စပ်ညှိနှိုင်းတွတ်သော စည်းကမ်းချက်များအရ အဆိုပါ တိုင်းပြုပြည်ပြုလွှတ်တော်၏ လုပ်ငန်းများတွင် ဝင်ရောက်စွပ်ဖက်လုပ်ကိုင်ဖို့ နယ်ခြားဒေသမှ လူမျိုးတို့အား ဖိတ်ခေါ်ယူရန်မှာ ကျွန်ုပ်တို့၏ ဝါဒပင်ဖြစ်သည်။

*၁၂။ လူမျိုးရေး*

လူမျိုးရေးကိစ္စတွင် ထားရှိအပ်သော စေတနာဝါဒမှာ မြန်မာပြည်အတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားလူမျိုး ဟူသ၍ အဆင့်အတန်းအခွင့်အရေး လုံးဝတူညီရမည် ဟူသော ဝါဒဖြစ်သည်။ မြန်မာသို့မဟုတ် အခြားလူမျိုးတစ်မျိုးကသာလျှင် ပြည်တွင်းရှိ ကျန်လူမျိုးများအပေါ် လွှမ်းမိုးနိုင်သော အခြေအနေသို့ ဆိုက်ရောက်စေရန်ကို ကျွန်ုပ်တို့ မလိုလား။ မြန်မာပြည်တွင်းရှိ လူနည်းစုတို့ တရားမျှတသော အခွင့်အရေးများ ရရှိစေရန် ကျွန်ုပ်တို့ ကြိုးစားမည်။ ကိုးကွယ်သည့်ဘာသာနှင့် မိရိုးဖလာ ထုံးစံဓလေ့တို့နှင့်စပ်လျဉ်း၍ကား ကျွန်ုပ်တို့၏ဝါဒမှာ လုံးဝလွတ်လပ်ရေးပေးလျက် ကိုယ်ချင်းစာတရားကို ကျင့်သုံးမည်ဖြစ်ကြောင်းကို ထပ်လောင်းပြောရန်ပင် လိုမည်မထင်ပေ။

*၁၃။ ကမ္ဘာတွင်နေရာရမှု*

မြန်မာပြည်၏ နိုင်ငံအချင်းချင်း ဆက်ဆံရေးအဆင့်အတန်း တိုးတက်စေမှုမှာ ကျွန်ုပ်တို့၏ မူရင်းအခြေခံဝါဒများအနက် တစ်ရပ်ပင် ဖြစ်လေရကား မြန်မာ့ကိစ္စနှင့် ပတ်သက်သမျှသော နိုင်ငံပေါင်းစုံကွန်ဖရင့် အစည်းအဝေးများအားလုံးတွင် မြန်မာပြည် ကိုယ်စားလှယ်များက မြန်မာပြည်အတွက် အသီးအခြား လွတ်လပ်စွာ ကိုယ်စားဆောင်ရွက်နိုင်ခွင့်ရရှိနိုင်ရန် အားထုတ်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂထဲတွင် ဖြစ်စေ ထိုသမဂ္ဂကသော်လည်းကောင်း၊ ထိုသမဂ္ဂက ခွဲထုတ်ဖွဲ့စည်းထားသော အခြားအဖွဲ့အစည်းများကသော်လည်းကောင်း တည်ထောင်ထားသည့် နိုင်ငံအချင်းချင်းဆိုင်ရာ အခြားအဖွဲ့များ အားလုံးတွင်ဖြစ်စေ မြန်မာနိုင်ငံကပါ ဝင်ခွင့်ရရန် ကမကထပြုလုပ်ပေးဖို့ကိုလည်း ဘုရင်မင်းမြတ်၏ အစိုးရထံ မေတ္တာရပ်ခံရန် ကျွန်ုပ်တို့ကြံရွယ်ထားကြောင်း၊ ကျွန်ုပ်တို့၏ အဝေးရောက် သံကြီးသံငယ် ကောင်စစ်ဝန်ရုံများအတွက် ရည်စူးကာ ကြိုတင်အလုပ်သင်ကြားပေးထားရန် လိုသည့်မြန်မာလူမျိုးများကို ပထမမူတည်သဘောဖြင့် စုစည်းထားရှိရန်မှာ ကျွန်ုပ်တို့၏လောလောဆယ် လုပ်ငန်းတစ်ရပ်ပင် ဖြစ်ချေသည်။ လာလတ္တံ့သောအုပ်ချုပ်ရေး မတိုင်မီပင် တင်ကြို၍ဆိုခဲ့ပြီးသော ရုံးမျိုးကို ဖွင့်လှစ်ရန် ကျွန်ုပ်တို့က ကြိုးပမ်းမည်ဖြစ်ကြောင်း။

*၁၄။ လာမည့် ရွေးကောက်ပွဲသည် တိုင်းပြုပြည်ပြုလွှတ်တော်အတွက်*

လက်ရှိ အစိုးရကို ရွေးကောက်ပွဲ မတိုင်မီ အချိန်စောစွာကပင် အမျိုးသားအစိုးရတို့၏ အဆင့်အတန်းနှင့် တန်ခိုးအာဏာ ပြည့်ဝသော အမျိုးသားအစိုးရအဖြစ်သို့ ပြောင်းလဲပစ်ရန် ကျွန်ုပ်တို့ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ လာလတ္တံ့သော ရွေးကောက်ပွဲသည် မြန်မာပြည်၏ အနာဂါတ်အုပ်ချုပ်ရေးကို အချုပ်အချယ်မရှိသော တန်ခိုးအာဏာများဖြင့် ပြဋ္ဌာန်း ဆုံးဖြတ်နိုင်သည့်ပြင် မြန်မာလူမျိုးမဟုတ်သူတို့ ပါဝင်စွက်ဖက်ခြင်းမှ လွတ်ကင်းသည့် တိုင်းပြုပြည်ပြု လွှတ်တော်ဖွဲ့စည်းရေးအတွက် ရွေးကောက်ပွဲသာလျှင် ဖြစ်စေရန် တိုင်းပြည်လူထု၏ အကြိုက်ညီ ထောက်ခံချက်ဖြင့် ဘုရင်မင်းမြတ်အစိုးရနှင့် အရေးဆိုဖို့ကိုလည်း ကျွန်ုပ်တို့ ကြံရွယ်ကြောင်း။

*၁၅။ အချုပ်အချာအာဏာပိုင်နိုင်ငံတော်*

ကျွန်ုပ်တို့၏လက်ငင်း လုပ်ငန်းများတွင် လည်းကောင်း၊ ကျွန်ုပ်တို့၏ တစ်ဖြောင့်တည်းသော ရည်မှန်းချက်မှာ အလွန် နီးကပ်သော အနာဂါတ်ကာလတွင် အချုပ်အချာအာဏာပိုင် နိုင်ငံတော်တစ်ရပ် တည်ထောင်ရန်ပင် ဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏ လုပ်ငန်းအရပ်ရပ်တွင် တတ်နိုင်သောအခါတိုင်း၊ တိုင်းသူပြည်သား တိုင်းသူပြည်သားတို့၏အာသီသနှင့် ကိုက်ညီမှုရအောင် တိုင်းသူပြည်သားအများ၏ အာသီသဆန္ဒကို ခံယူကာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏ရည်မှန်းချက်များကိုလည်း လျှင်မြန်သမျှ လျှင်မြန်စွာ ကြန့်ကြာနှောင့်နှေးမှု မရှိစေဘဲ၊ အောင်ပန်းဆွတ်ခူးရန် ကြိုးစားမည်ဟု ကျွန်ုပ်တို့ သံဒိဋ္ဌာန်ချခဲ့ပြီဖြစ်ကြောင်း။

*၁၆။ လုပ်မရလျှင် ထွက်ကြမည်*

အထက်တွင် ကျွန်ုပ်တို့ဖော်ပြခဲ့သော ဝါဒလုပ်ငန်းစဉ်နှင့် ရည်မှန်းချက်များကို အောင်ပန်းဆွတ်ခူးနိုင်လိမ့်မည်ဟူသော ယုံကြည်မျှော်လင့်ချက်ဖြင့်သာ ကျွန်ုပ်တို့သည် ရာထူးကို လက်ခံခဲ့ကြသည် ဖြစ်ရာ ကျွန်ုပ်တို့၏ ကြိုးပမ်းမှုများသည်

အချည်းအနှီးဖြစ်ကြောင်း တွေ့ရှိရသော် သို့မဟုတ် ကျွန်ုပ်တို့၏မျိုးချစ်စိတ်ဓာတ် တိုင်းပြည်၏ဆန္ဒနှစ်ရပ်စလုံးနှင့် ကိုက်ညီသော အဖြေများကို ကျွန်ုပ်တို့ ကြိုးပမ်း၍ မရကြောင်း တွေ့ရှိရသော် ထိုတွေ့ရှိရသည့်ခဏ၌ လက်ရှိအမှုဆောင်ကောင်စီအဖွဲ့ဝင် ကျွန်ုပ်တို့သည် ရာထူးမှ နှုတ်ထွက်ရန် ဝန်လေးမည် မဟုတ်ကြောင်းကို ကျွန်ုပ်တို့ တိုင်းသူပြည်သားများ စိတ်ချ ယုံကြည်ကြစေလိုကြောင်း။
[ဒီးဒုတ်ဂျာနယ် တွဲ-၂၀။ မှတ် ၁၉။ စာ ၁၆-၁၈။ ၁၈-၁၁-၄၆]

၁၂ နိုဝင်ဘာ ၁၉၄၆ ဖဆပလ အလုပ်အမှုဆောင် အစည်းအဝေးတွင် ဘုရင်ခံ၏အတိုင်ပင်ခံ လွှတ်တော်ပြန်လည် ထူထောင်ခြင်း မပြုရန် ဆုံးဖြတ်ချက်ချမှတ်ပြီး ဤဆုံးဖြတ်ချက်အရ ဘုရင်ခံကို တိုက်တွန်းရန် ဖဆပလဗဟိုဦးစီးအဖွဲ့ အစည်းဝေးဆုံးဖြတ်ချက်အရ ဖဆပလ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အစိုးရအဖွဲ့ဝင် ဖဆပလကိုယ်စားလှယ်အား အချက်၃ချက် ဆောင်ရွက်ရန် ညွှန်ကြားသည်။ ထိုအချက် ၃ ချက်မှာ

၁။ ဗြိတိသျှအစိုးရက ၁၉၄၇ ဇန်နဝါရီလ ၃၁ရက်နောက်ဆုံးထား၍ မြန်မာပြည်ကို လုံးဝလွတ်လပ်ရေး တစ်နှစ်အတွင်း ရပါစေမည်ဟု အတိအကျ ကျေညာစေရန်၊ လာမည့်ရွေးကောက်ပွဲကိုလည်း ဖဆပလဗဟိုဦးစီးအဖွဲ့ ဆုံးဖြတ်ချက်အရ နိုင်ငံခြားသား ပါစေမည်ဟု အတိအလင်း ကျေညာပေးရန်

၂။ ဗြိတိသျှ အစိုးရက ၁၉၄၇ ဇန်နဝါရီ ၃၁ရက်နောက်ဆုံးထား၍ ယခုဝန်ကြီးအဖွဲ့ကို လုံးဝအာဏာနှင့်ပြည့်စုံသော အမျိုးသားအစိုးရအဖွဲ့ ဖြစ်အောင် ပြတ်ပြတ်သားသား စီမံပေးစေရန်။

၃။ ပရိဂျက်စီမံကိန်းများနှင့် ပတ်သတ်၍ ဖဆပလ ဗဟိုဦးစီးအဖွဲ့ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ရန်နှင့် အထက်ပါ အချက်များကို ၁၉၄၇ ဇန်နဝါရီလ ၃၁ရက်နေ့အထိ ထိထိရောက်ရောက် မရရှိပါက ဖဆပလ ကိုယ်စားလှယ်များသည် အစိုးရအဖွဲ့မှ နုတ်ထွက်လာရန် တို့ဖြစ်သည်။
[သံတော်ဆင့် ၁၃-၁၁-၄၆]
[**Burma Struggle Vol.II:** *P 138*]
[ **New Times of Burma:** *13-11-1946*]
[Mourice Collis **Last and First in Burma** *P 284* ]

၁၃ နိုဝင်ဘာ ၁၉၄၆ မြန်မာနိုင်ငံဘုရင်ခံဆာဟူးဘတ်ရန့်(စ်) ကလော့ပက်သစ်လောရင့် (က) ကဲ့သို့ ဖဆပလအဖွဲ့ချုပ်၏ တောင်းဆိုချက်ကို ပေးပို့သည်။
[**Burma Struggle Vol.II:** *P 138*]

၁၆ နိုဝင်ဘာ ၁၉၄၆ ကချင်ပြည်နယ် မိုးကောင်းမြို့တွင် ပြည်သူ့ယဉ်ကျေးမှုနှင့် တိုးတက်ကြီးပွားရေးအဖွဲ့ (ပယကဖ) ညီလာခံကျင်းပ၍ ပယကဖအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းသည်။
[မရမ်ဘောက်လာ ဆမားဒူးဝါဆင်ဝါးနောင် စာ ၁၃၅]

၂၀ နိုဝင်ဘာ ၁၉၄၆ သခင်ဗဟိန်းကွယ်လွန်သည်။
[ဟံသာဝတီ ၂၃-၁၁-၄၆]

■ ရှမ်းပြည်မြောက်ပိုင်း သိန္နီမြို့တွင် Federated Shan States အမှုဆောင်ကော်မတီ အစည်းအဝေး ကျင်းပ၍ နယ်ခြားဒေသ အုပ်ချုပ်ရေးအောက်တွင် အချိန်အတိုင်းအတာ တစ်ခုအထိ နေမည်ဟု ဆုံးဖြတ်သည်။
[**Burma Struggle Vol.II:** *P 399*]

၂၄ နိုဝင်ဘာ ၁၉၄၆ သခင်ဗစိန်က သတင်းစာဆရာများကို ဖိတ်ကြား၍ တို့ဗမာအစည်းအရုံး ကွန်ဖရင့်၌ ချမှတ်ခဲ့သည့် တို့ဗမာအစည်းအရုံး၏ ဝါဒကို ကြေညာသည်။ ထိုဝါဒမှာ တို့ဗမာအစည်းအရုံးမှ ဦးဆောင်၍ မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများစုပေါင်း၍ ဒီမိုကရက်တစ်အမျိုးသားညီညွတ်ရေးတပ်ဦး (Democratric National United Front)ဖွဲ့စည်းကာ လက်တွဲဆောင်ရွက်ရန်ဖြစ်သည်။ ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ
အမျိုးသားအစိုးရဖွဲ့စည်းရေး
စက္ကူဖြူစာတမ်းဖျက်သိမ်းရေး
တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ယူရေးနှင့် အမျိုးသားလွတ်မြောက်ရေးတို့ဖြစ်သည်။
[**Burma Struggle Vol.II:** *P 138*]

၂၈ နိုဝင်ဘာ ၁၉၄၆ ဗိုလ်ချုပ်အောင်ဆန်းသည် ကချင်ပြည်နယ်ရှိ ကချင်တပ်များကို စစ်ဆေးရန် မြစ်ကြီးနားမြို့သို့ ရောက်ရှိသည်။
[ဦးညီလေး ငါတို့ဗိုလ်ချုပ်ဘာတွေလုပ်ခဲ့သလဲ (ပထမတွဲ) ရန်ကုန်။ သုမေ္ဓာပုံနှိပ်။ ၁၉၄၇။ စာ ၁၀-၁၄။ နောင်ကိုးကားလျှင် ဦးညီလေး ငါတို့ဗိုလ်ချုပ်(ပ) ဟု ညွှန်းမည်။

■ ညနေပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်အမျိုးသားခေါင်းဆောင် ၃၀ ခန့်တို့ တွေ့ဆုံဆွေးနွေးသည်။
[ဦးညီလေး ငါတို့ဗိုလ်ချုပ် (ပ) စာ ၁၀-၁၄]

၂၈ နှင့် ၃၀ နိုဝင်ဘာ ၁၉၄၆ မြစ်ကြီးနားမြို့တွင် မြောက်သိန္နီ၊ ဗန်းမော်၊ မြစ်ကြီးနားခရိုင်မှ ကချင်အကြီးအကဲများ ဖြစ်သည့်
ဆမားဒူးဝါးဆင်ဝါးနောင် (ကာမိုင်း)
ကရင်လ (မြစ်ကြီးနား)
ဇော်လ (ဗန်းမော်)
ဇော်လွန်း (ဗန်းမော်)
ခွန်ဖုံး
နော်ဆိုင်း တို့တွေ့ဆုံဆွေးနွေးကာ ကချင်ပြည်နယ် ရရှိရေး တောင်းဆိုရန် ဆုံးဖြတ်သည်။
[**Burma Struggle Vol.II:** *P 170*]

၃၀ နိုဝင်ဘာ ၁၉၄၆ မြစ်ကြီးနားမြို့ မန်စိန်ရွာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်အမျိုးသားခေါင်းဆောင်များ ချစ်ကြည်ရေး မိတ်ဆုံစားပွဲ ကျင်းပသည်။
[မရမ်ဘောက်လာ ဆမားဒူးဝါဆင်ဝါးနောင် စာ ၆၉]

နိုဝင်ဘာလ ၁၉၄၆ ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ရှမ်းပြည်လွတ်ရေးအဖွဲ့) အစည်းအဝေးကျင်းပ၍ အလုပ်အမှုဆောင်အဖွဲ့ကို
ဥက္ကဋ္ဌ ဦးခွန်စော (ပင်းတယ)
အထွေထွေအတွင်းရေးမှူး
ဦးထွန်းမြင့် (တောင်ကြီး) တို့ဖြင့် ထပ်မံဖွဲ့စည်းသည်။
[ဦးအုန်းဖေပင်လုံစစ်တမ်းစာ၃၉၉-၄၀၀]

## ဒီဇင်ဘာလ

၁ ဒီဇင်ဘာ ၁၉၄၆ မြစ်ကြီးနားမြို့နယ် မန်စိန်ရွာတွင် ကချင်အကြီးအကဲများက ဗိုလ်ချုပ်အောင်ဆန်းအား ထမင်းစားပွဲဖြင့် ဧည့်ခံပြီး ဓားလွယ်လက်ဆောင်ပေးအပ်သည့် အခမ်းအနား ကျင်းပသည်။
[ဦးညီလေး ငါတို့ဗိုလ်ချုပ် (ပ) စာ ၃၀-၃၅]

၃ ဒီဇင်ဘာ ၁၉၄၆ စင်္ကာပူစစ်ရာဇဝတ်မှု ခုံရုံးမှ ယိုးဒယား-မြန်မာမီးရထားလမ်း ဖောက်လုပ်ရေးနှင့် ပတ်သက်၍ ချွေးတပ်သားပေါင်း ရှစ်သောင်းကျော် သေဆုံးသည့်အတွက် တာဝန်ရှိသော ဂျပန်စစ်တပ်မှ ဒုတိယဗိုလ်ချုပ်ကြီး အိရှိဒါးအား ထောင်ဒဏ် ၁၀ နှစ်၊ ဗိုလ်မှူးကြီး နာကာမူရနှင့် အိရှိတို့အား သေဒဏ်။ ဒုတိယဗိုလ်မှူးကြီး ရာနဂီတအား ထောင်ဒဏ် ၂၀ နှစ်၊ ဗိုလ်မှူး ချီခါအား ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်အသီးသီးချမှတ်သည်။
[မောင်ကျော်လှိုင် ? စာ ၂၅၂-၃]

၂ နှင့်၃ ဒီဇင်ဘာ ၁၉၄၆ ကျိုက်ခမီနယ် ငပရွာ၌ မွန်တိုင်းရင်းသားကွန်ဖရင့် ကျင်းပ၍ ဆုံးဖြတ်ချက် ၁၅ ချက်ချမှတ်သည်။
[မြန်မာ့အလင်း ၁၅-၁၂-၄၆]

၄ ဒီဇင်ဘာ ၁၉၄၆ မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်က ဘုရင်ခံ၏အမှုဆောင်ကောင်စီ အစည်းအဝေးတွင် ဗြိတိသျှအစိုးရက မြန်မာကိုယ်စားလှယ်အဖွဲ့ကို အင်္ဂလန်နိုင်ငံသို့လာရောက် ဆွေးနွေးရန် ဖိတ်ခေါ်ကြောင်းပြောပြရာ အမှုဆောင်ကောင်စီက လက်ခံသည်။
[**Burma Struggle Vol.II:** *P 172*]

■ ညတွင် ဖဆပလ အမှုဆောင်အစည်းအဝေး ကျင်းပရာ အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌသခင်နုက မြန်မာ ကိုယ်စားလှယ်အဖွဲ့အား အင်္ဂလန်နိုင်ငံသို့ လာရောက်ဆွေးနွေးရန် ဗြိတိသျှအစိုးရ၏ ကမ်းလှမ်းချက်ကို လက်ခံသည့်ကိစ္စအား ဗြိတိသျှအစိုးရက မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်ပတ်သက်၍ ကျေညာချက်မျိုး မပါဘဲ သာမန်ဖိတ်ကြားချက်မျိုးဖြစ်ပါက လက်မခံသင့်ကြောင်း ကန့်ကွက်သည်။ ထို့နောက် သခင်နုက အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ဦးကျော်ငြိမ်းကိုခေါ်၍ ဘုရင်ခံနှင့် တွေ့ဆုံကာ ဗြိတိသျှအစိုးရက ပါလီမန်တွင် မြန်မာ့လွတ်လပ်ရေးနှင့် ပတ်သက်၍ ကြေညာချက် ထုတ်ပေးရန်အကျိုးအကြောင်း တင်ပြတောင်းဆိုရာ ဘုရင်ခံက ဗြိတိသျှအစိုးရသို့ ချက်ချင်းအကြောင်းကြားပေးမည်ဟု ပြန်ကြားသည်။
[ဦးနုတာတေစနေသား (ဒုတိယအကြိမ်) ကလက္ကတား၊ ရောဝတီပုံနှိပ်၊ ၁၉၉၈။ စာ ၁၀၈-၁၀၉။ နောင်ကိုးကားလျှင် ဦးနုတာတေစနေသားဟုညွှန်းမည်။]
[ဦးဗဆွေလွတ်လပ်ရေးပန်းတိုင်သို့ ရွှေတူဂျာနယ်၊ တွဲ-၁။ မှတ်-၁၄။ စာ ၂၀-၂၁။ ၁-၉-၇၁]

၅ ဒီဇင်ဘာ ၁၉၄၆ မြန်မာနိုင်ငံ ဆာဟူးဘတ်ရန့်စ်က လော့ပက်သစ်လော့ရင့်စ်ထံ ယနေ့ (၅-၁၂-၄၆) နံနက်တွင် ဗိုလ်ချုပ်အောင်ဆန်း၎င်းထံလာရောက်၍ ဖဆပလအမှုဆောင်အဖွဲ့၏ ကြေညာချက်ကို လာရောက်ပေးအပ်ကြောင်း ကြေးနန်းရိုက်အကြောင်းကြားသည်။ အဆိုပါကြေညာချက်တွင် ဗြိတိသျှအစိုးရသည် အိန္ဒိယအစိုးရ ဝန်ကြီးအဖွဲ့ အင်္ဂလန်နိုင်ငံ လာရောက်ရေးတွင် တိုင်းပြုပြည်ပြုလွှတ်တော် ဖွဲ့စည်းရေးနှင့် ကြားဖြတ်အစိုးရအဖွဲ့နှင့် စပ်လျဉ်း၍ ရှေ့လုပ်ငန်းစဉ်များကို ကြေညာပေးခဲ့ကြောင်း။ ထိုနည်းတူ မြန်မာကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံသို့ လာရောက်ရေးနှင့် စပ်လျဉ်း၍ မြန်မာဝန်ကြီးအဖွဲ့အား လုံးဝအာဏာနှင့်ပြည့်စုံသော အမျိုးသားအစိုးရအဖွဲ့ အဖြစ် စီမံပေးပြီး ဘုရင်ခံအား စည်းမျဉ်းခံ ဘုရင်ခံအဖြစ်သာ ထားရန်။ လာမည့်ရွေးကောက်ပွဲသည်

၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှုဥပဒေအရ ကျင်းပသောရွေးကောက်ပွဲမျိုး မဟုတ်ဘဲ နိုင်ငံခြားသားများ မပါသော တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲဖြစ်ရန်။ စည်းလုံးညီညွတ်၍ လွတ်လပ်သောမြန်မာနိုင်ငံထူထောင်နိုင်ရေး အတွက် ပြင်ဆင်မှု လုပ်ငန်းစဉ်များကို ယခုအချိန်မှ စတင်၍ ချက်ချင်းဆောင်ရွက်ပေးရန်နှင့် မြန်မာပြည်လုံး၀ လွတ်လပ်ရေး တစ်နှစ်အတွင်း ရစေရမည်ဟု အတိအကျ ကြေညာပေးရန် တို့ပါ၀င်သည်။ အထက်ပါအချက်များကို ဗြိတိသျှအစိုးရ ကြေညာမပေးပါက ဖဆပလအလုပ်အမှုဆောင်အဖွဲ့အနေနှင့် အင်္ဂလန်နိုင်ငံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့အနေနှင့် သွားရောက်ရန် ဆန္ဒမရှိကြောင်း၊ ဗြိတိသျှအစိုးရထံမှ ကြေနပ်လောက်သော ကြေညာချက်မရဘဲ ဘုရင်ခံ၏ အမှုဆောင်ကောင်စီက ဗြိတိသျှအစိုးရ၏ ဖိတ်ခေါ်မှုကို လက်ခံမည်ဆိုပါက ဖဆပလအမှုဆောင်အဖွဲ့၏ သဘောတူ ဆုံးဖြတ်ချက်များကို ပြန်လည်စဉ်းစားမည်ဖြစ်ကြောင်းနှင့် ဖဆပလအနေနှင့် ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ ကောင်စီ၀င်များကို နှုတ်ထွက်ရန် မညွှန်ကြားနိုင်သော်လည်း အင်္ဂလန်သွား မြန်မာကိုယ်စားလှယ်အဖွဲ့တွင်မူ ဖဆပလအမှုဆောင်များ မပါ၀င်ရန် ညွှန်ကြားနိုင်ကြောင်း ပါရှိသည်။
[**Burma Struggle Vol.II:** *P 174*]

၇ ဒီဇင်ဘာ ၁၉၄၆ ဗိုလ်ချုပ်အောင်ဆန်းက သတင်းစာဆရာများအား ဖိတ်ကြား၍ ရှင်းလင်းပွဲ ကျင်းပကာ အင်္ဂလန်အစိုးရထံ တောင်းဆိုချက်များ တောင်းဆိုထားပြီး ဖြစ်ကြောင်း၊ တောင်းဆိုချက်များ မရမချင်း လွတ်လပ်ရေးရသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။ ထိုသို့ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ အတွက် ရန်ပုံငွေ လိုအပ်ကြောင်း။ လွတ်လပ်ရေး ရန်ပုံငွေ ၅ သိန်း ကောက်ခံမည်ဖြစ်ကြောင်းနှင့် အဆိုပါရန်ပုံငွေကို ၁၅-၁-၄၇ မတိုင်မီ ကောက်ခံလိုကြောင်း ပြောကြားသည်။
[သံတော်ဆင့် ၇-၁၂-၄၆]

■ သခင်စိုး၏ ကွန်မြူနစ်ပါတီ (မြန်မာပြည်) [အလံနီ] အား မတရားအသင်း ကြေညာထားသည်ကို ရုတ်သိမ်းကြောင်း ပြန်တမ်းထုတ်ပြန်သည်။ ပါတီ၏ စာရွက်စာတမ်းနှင့် ပါတီပိုင်ပစ္စည်းများ ပြန်လည်ပေးအပ်ရန် ညွှန်ကြားသည်။
[သံတော်ဆင့် ၈-၄၂-၄၆]

၁၈ ဒီဇင်ဘာ ၁၉၄၆ ဗိုလ်ချုပ်အောင်ဆန်း သံဖြူဇရပ် ဗြိတိသျှ ခနသဟာယ စစ်သင်္ချိုင်းတွင် ကျင်းပသည့် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့၏ ချွေးတပ်ဆွဲခြင်းခံရ၍ သံဖြူဇရပ်မီးရထားလမ်း ဖောက်လုပ်ရာတွင် သေဆုံးသူများအား ရည်စူးသော သရဏဂုံတင်ပွဲသို့ တက်ရောက်သည်။
[သတင်းစုံဂျာနယ် တွဲ-၁။ မှတ်-၄၁။ ၂၇-၁၂-၄၆]

■ ဗမာပြည်ကွန်မြူနစ်ပါတီ (အလံဖြူ)က ပြည်သူ့အာဇာဂျာနယ်ကို အမည်ပြောင်း၍ ကွန်မြူနစ်နေ့စဉ်သတင်းစာအဖြစ် ထုတ်ဝေသည်။
[ဦးထင်ကြီး မြန်မာနိုင်ငံ သတင်းစာ အညွှန်း(၃) စာ ၃၄၀]

၂၀ ဒီဇင်ဘာ ၁၉၄၆ ဗြိတိသျှပါလီမန် အောက်လွှတ်တော် အစည်းအဝေးတွင် ဗြိတိသျှ၀န်ကြီးချုပ် မစ္စတာ အက်တလီက မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ကြေညာချက် တစ်ရပ်ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် ဤနိုင်ငံ၌ အဆက်ဆက်ပေါ်ပေါက်လာသော အစိုးရများ မြန်မာလူမျိုးတို့အပေါ်တွင် ပြုထားခဲ့သော ကတိများကို မည်သို့နည်းများဖြင့် အတည်ဖြစ်အောင် စွမ်းဆောင်ပေးထိုက်ပါသနည်းဟူသော ပြဿနာများ ပေါ်ထွက်လာပြီ ဖြစ်ရကား ဤပြဿနာများကို သိသာထင်ရှားရစေလေအောင် ဘုရင်မင်းမြတ် အစိုးရသည် မြန်မာနိုင်ငံအရေးကို ဆွေးနွေးတိုင်ပင်လိုသည့်အတွက် ဘုရင်ခံမင်းကြီး၏ အမှုဆောင်ကောင်စီအဖွဲ့မှ မြန်မာ၀န်ကြီးများ၏ ကိုယ်စားလှယ်အဖွဲ့ တစ်ခုကို မကြာမီ အတောအတွင်း ဤနိုင်ငံသို့ ဖိတ်ခေါ်ဖို့ ကြံရွယ်ထားပါကြောင်း။

မြန်မာနိုင်ငံအား အိန္ဒိယနိုင်ငံမှ ခွဲထုတ်ရန် ဆုံးဖြတ်စဉ် ၁၉၃၁ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့က ထုတ်ပြန်ခဲ့သော ကြေညာချက်ထဲတွင် ဗြိတိသျှ-အိန္ဒိယနိုင်ငံ၏ တစ်စိတ်တစ်ဒေသအဖြစ်ဖြင့် မြန်မာနိုင်ငံအား ပေးအပ်ထားသော အုပ်ချုပ်ရေးစနစ်အရ တိုးတက်ဆောင်ရွက်မှုများ၏ အလားအလာမှာ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံအား ခွဲထုတ်ရေးကိစ္စကို ဆက်လက်ဆောင်ရွက်သွားဖို့ ဟူသော ဆုံးဖြတ်ချက်ကြောင့် ထိခိုက်မည် မဟုတ်ပါကြောင်း။

ထိုအချိန် ကတည်းကစ၍ အိန္ဒိယနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် အကြီးအကျယ်ရှေ့ရှုဆောင်ရွက်လုပ်ကိုင်လျက် ရှိနေပြီဖြစ်သည့်အပြင် မြန်မာနိုင်ငံ၌လည်း ထိုနည်းလမ်း အတိုင်းပင် ရှေ့ရှုကာ တိုးတကဆောင်ရွက်လျက် ရှိနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအဖို့ဆိုပါက ဂျပန်တို့တိုက်ခိုက်သိမ်းပိုက်ခြင်း

ကြောင့်၊ အကြီးအကျယ် ရှုပ်ထွေးသွားခဲ့ရာမှ မြန်မာနိုင်ငံမှာ အကြီးအကျယ်ယိုယွင်းပျက်စီးလျက် မြန်မာအစိုးရ အတည်တကျ မရှိဖြစ်ခဲ့ပေကြောင်း။

ထို့နောက်မှ အစိုးရကထုတ်ပြန်၍ ဤလွှတ်တော်က သဘောတူညီခဲ့သော စက္ကူဖြူစာတမ်းထဲတွင် စီမံကိန်းတစ်ရပ် ရေးဆွဲခဲ့ရာ ၎င်းစီမံကိန်းအရ မြန်မာနိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ရေးကို အလျှင်အမြန်ဖြစ်မြောက်အောင် ဆောင်ရွက်လုပ်ကိုင်ပေးနိုင်မည်ဟု မျှော်လင့်ခဲ့ပါကြောင်း။

အိန္ဒိယနိုင်ငံ၌ မကြာမီက ဖြစ်ပျက်ခဲ့သော အကြောင်းများကြောင့် မြန်မာလူမျိုးတို့သည် ကိုယ်ပိုင်အုပ်ချုပ်ရေးသို့ ၎င်းတို့ဘာသာ အလျှင်အမြန်တိုးတက် ဆောင်ရွက်သွားလိုသော စိတ်များ ပေါ်ပေါက်လာပြီးလျှင် ၎င်းတို့၏ခေါင်းဆောင်များကလည်း စက္ကူဖြူစီမံကိန်းအရ ဆောင်ရွက်ချက်များ အထင်အရှားပင် နှောင်နှေးဖင့်နွှဲနေပုံကို စိတ်မကြေမနပ် ဖြစ်နေကြကြောင်းကို ဖော်ပြကြလေသည်။

ဤသို့သော အကြောင်းများကြောင့် ၎င်းစီမံကိန်းများ ပြန်လည်စဉ်းစားထိုက်သည် ဟူ၍ လည်းကောင်း၊ ဆွေးနွေးရာတွင် တင်သွင်းပြောဆိုလိုသော အချက်များ၊ အားလုံးကို ပြောဆိုနိုင်ဖို့ အခွင့်အရေးများကို မြန်မာခေါင်းဆောင်ကြီးများ ဒင်ပြည့်ကျပ်ပြည့် ပေးထိုက်ပါသည်ဟု ဘုရင်မင်းမြတ်အစိုးရက ယူဆထားပါကြောင်း။ ဖြစ်ပွား ပေါ်ပေါက်လျက်ရှိသော အခြေအနေအရ စက္ကူဖြူစီမံကိန်းမှာ မပြောင်းမလွဲ ဟု ဘုရင်မင်းမြတ်က သဘော မထားကြောင်း။ ၎င်းတို့၏ အလိုဆန္ဒမှာ မြန်မာလူမျိုးတို့မှာ အမြန်ဆုံးနှင့် အသက်သာဆုံး နည်းလမ်းဖြင့်ကိုယ်ပိုင်အုပ်ချုပ်ရေးကို ရရှိသည်ဟူသော အကြောင်းပင် ဖြစ်ကြောင်း။ ထို့ပြင် ၁၉၃၁ ခုနှစ်က ပေးခဲ့သော ကတိကို လုံးဝပြည့်ဝအောင် ဆောင်ရွကရမည်ဟု၍လည်း ဘုရငမင်းမြတ်အစိုးရက ယူဆထားပါကြောင်း အထူးသဖြင့် အိန္ဒိယနိုင်ငံနှင့် စပ်လျဉ်း၍ ကျွန်ုပ်ပြောပြထားပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံ အဘို့မှာလည်း ထပ်လောင်းပြောပြလိုပါကြောင်း စိတ်မပါသော လူမျိုးများအား အကျိုးတူပြည်ထောင်စုနှင့် အင်ပိုင်ယာ အတွင်း၌ ဆက်လက်ထားရှိရန် ကျွန်ုပ်တို့၌ ဆန္ဒမရှိပါကြောင်း၊ မိမိတို့ အနာဂတ်အရေးကို ဆုံးဖြတ်ရန်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ တာဝန်ပင်ဖြစ်ကြောင်း သို့ရာတွင် အကယ်၍ ၎င်းတို့သည် အကျိုးတူပြည်ထောင်စုထဲတွင် နေမြဲနေဘို့ ဆုံးဖြတ်ခဲ့ပါလျှင် ကျွန်ုပ်တို့ အဖို့မှာ အကျိုးရှိမည် ဖြစ်သကဲ့သို့ ၎င်းတို့မှာ အကျိုးရှိမည်ဖြစ်သည ဟု ကျွန်ုပ်တို့စိတ်ချယုံကြည်ပါကြောင်း၊ ၎င်းတို့သည် ဤဆုံးဖြတ်ချက်မျိုးကို ချမှတ်လိမ့်မည်ဟူ၍လည်း ကျွန်ုပ်တို့သည် စိတ်ရင်းစေတနာကောင်းနှင့် မျှော်လင့်ပါကြောင်း။

မြန်မာနိုင်ငံအတွက် အုပ်ချုပ်ရေးသစ်ကို မြန်မာနိုင်ငံအမျိုးသားများကသာ ဖြေရှင်းရေးဆွဲထိုက်သည်ဟု ကျွန်ုပ်တို့ ယူဆပါကြောင်း၊ ထို့ပြင် သာမံနယ်ပယ်ဆိုင်ရာ ရွေးကောက်ပွဲများကို အခြေပြုလျက် အိန္ဒိယနိုင်ငံ၌ တိုင်းပြည်ပြုလွှတ်တော်ကို ဖွဲ့စည်းတည်ထောင်ထားသည်ကို စံမူနာထားကာ တိုင်းပြည်ပြုလွှတ်တော်အတွက် ရွေးကောက်ပွဲအသစ်များကို ကျင်းပပြုလုပ်ဖို့ မလိုပဲလာမည့် ရွေးကောက်ပွဲများဖြင့်သာ ဤရည်ရွယ်ချက်အတိုင်း အစီအစဉ်များကို ဆောင်ရွက်လုပ်ကိုင် သွားနိုင်ပါကြောင်း။

ထိုနည်းတူပင်လျှင် ယခု ဖွဲ့စည်းပြီးဖြစ်သော မြန်မာအစိုးရသည် လက်ရှိ အုပ်ချုပ်ရေးစနစ်အရ မြန်မာနိုင်ငံတွင် အခွင့်အာဏာများကို ဒင်းပြည့်သုံးစွဲထိုက်သည်ဟု ဘုရင်မင်းမြတ်က သဘောရှိပါကြောင်း၊အိန္ဒိယအဖြစ်မျိုး၌ ဖော်ပြပြောဆိုထားသည့်အတိုင်းပင် ကြားဖြတ်အုပ်ချုပ်ရေးသစ်တစ်ခုကို ပြုလုပ်ဖို့ရန်မှာ မဖြစ်နိုင်ပါကြောင်း။ ထို့ကြောင့် အုပ်ချုပ်ရေးစနစ်ဟောင်းအရ ဒင်ပြည့်ကျပ်ပြည့် ဆောင်ရွက်သွားရလိမ့်မည် ဖြစ်ကြောင်း၊ သို့ရာတွင် ဘုရင်ခံမင်းကြီးအမှူးဆောင်ကောင်စီအဖွဲ့ဝင် မြန်မာဝန်ကြီးများလက်တွင်းရှိ နေ့စဉ်နှင့်အမျှ ဆောင်ရွက်နေသော အုပ်ချုပ်ရေး ကိစ္စအဝဝတို့တွင် ဘုရင်မင်းမြတ်အစိုးရသည် ဝင်ရောက်စွက်ဖက်လိုသော ဆန္ဒမရှိပါကြောင်း၊ ဤအရေးနှင့်စပ်လျဉ်း၍ အခက်အခဲများတစ်စုံတစ်ရာရှိနေသေးသည်ဟု ကိုယ်စားလှယ်အဖွဲ့က ထင်မြင်ခဲ့ပါလျှင် ၎င်းအခက်အခဲများကို လာမည့်ဆွေးနွေးပွဲ၌ ကျွန်ုပ်တို့ ပြေပျောက်အောင် ကြိုးစား ဆောင်ရွက်သွားလိမ့်မည် ဖြစ်ပါကြောင်း။

ဤအရေး အားလုံးတွင် အကျိုးတူ ပြည်ထောင်စုအတွင်းမှာပင် ဖြစ်စေ၊ အပမှာပင်ဖြစ်စေ၊ မြန်မာနိုင်ငံလွတ်လပ်ရေး ရမည့်အချိန်ကို အဆော့တလျင် ရှေ့ရှုမျှော်မှန်းရန်တို့မှာ ဘုရင်မင်းမြတ်အစိုးရ၏ လိုအင်ဆန္ဒနှင့် ကြံရွယ်ချလျက်ပင် ဖြစ်ပါကြောင်း။ သို့ရာတွင် မြန်မာလူမျိုးတို့၏အကျိုးအတွက် ဤကိစ္စမှာ စနစ်ကျကျနှင့် အလျှင်အမြန်တိုးတက်ဆောင်ရွက်သွားမည့် အချက်

ပင်ဖြစ်ဖို့ အရေးမှာ အလွန်တရာ အရေးကြီးပါကြောင်း။

ဤသို့အားဖြင့် မြန်မာ လူမျိုးတို့အား ဆက်လက် အကူအညီ ပေးဖို့ အခြေအနေတွင် ရှိသင့်ရှိထိုက်ပေသည်ဟု စိုးရိမ် ပူပန်မိသောကြောင့် ဘုရင်မင်းမြတ်အစိုးရသည် ဆွေးနွေးတိုင်ပင်ဖို့အတွက် မြန်မာခေါင်းဆောင်ကြီးများအား ဤနိုင်ငံသို့ လာရောက်ကြဖို့ ဖိတ်ခေါ်ရခြင်း ဖြစ်ပါကြောင်း ပါရှိသည်။
[သံတောင်ဆင့် ၂၂–၁၃–၄၆]
[Statement by the Prime Minister to the Horse of Commons 20 December 1946. Hourse of Commons deballe (hansond) Vol 413 Cols . *P 243-5*]
[**Burma Struggle Vol.II:** *PP 209-210*]

၂၃ ဒီဇင်ဘာ ၁၉၄၆ ဖဆပလအမှုဆောင် အစည်းအဝေး ကျင်းပ၍ အင်္ဂလန်နိုင်ငံသို့ ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင် ဖဆပလဝန်ကြီးများဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဘေနှင့် သခင်မြတို့ကို စေလွှတ်ရန် သဘောတူဆုံးဖြတ်သည်။
[**Burma Struggle Vol.II:** *PP 213-214*]
[သတင်းစုံတွဲ–၁။ မှတ်–၄၅။ ၂၇–၁၂–၄၆]

၂၆ ဒီဇင်ဘာ ၁၉၄၆ ဖဆပလအဖွဲ့ချုပ်က ဗြိတိသျှအစိုးရ၏ ဖိတ်ခေါ်ချက်ကို လက်ခံကြောင်း ပြန်ကြားသည်။

၂၇ ဒီဇင်ဘာ ၁၉၄၆ ဓားပြမှု၊ လုယက်မှု ကျူးလွန်သူများအား လွှတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်သည်။
[**New Time of Burma** *11-12-46*]

# ၁၉၄၇

## ဇန်နဝါရီလ

၁ ဇန်နဝါရီ ၁၉၄၇ ရန်ကုန်မြို့၊ ကန်တော်မင်ပန်းခြံ၌ လွတ်လပ်ရေးဆန္ဒပြပွဲကျင်းပသည်။
[သံတော်ဆင့် ၂–၁–၄၇]

၂ ဇန်နဝါရီ ၁၉၄၇ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒါကိုတာလေယာဉ်ဖြင့် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသည်။
[ဒီးဒုတ်ဂျာနယ်။တွဲ–၂၀။ မှတ်–၂၇။ စာ ၄–၅။ ၁၃–၁–၄၇]

■ ဗိုလ်ချုပ်အောင်ဆန်းနှင့် အိန္ဒိယနိုင်ငံ နယူးဒေလီသို့ ရောက်ရှိသည်။

၃ ဇန်နဝါရီ ၁၉၄၇ ရန်ကုန်ခရိုင် ဖဆပလ အဖွဲ့ချုပ်၌ အာဇာနည်ဗိမာန် တည်ဆောက်ရေး အဖွဲ့ခွဲ အစည်းအဝေးတွင် အာဇာနည်ဗိမာန် တည်ဆောက်ရေးကိစ္စများ ဆွေးနွေးသည်။
[ဒီးဒုတ်ဂျာနယ်။တွဲ–၂၀။ မှတ်–၂၇။ စာ ၁၄။ ၁၃–၁–၄၇]

၅ ဇန်နဝါရီ ၁၉၄၇ ဖဆပလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ငြိမ်း အင်္ဂလန်နိုင်ငံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အဖြစ်သွားရောက်ခြင်းနှင့် အစိုးရအဖွဲ့သို့ ဝင်

ရောက်ခြင်းတို့ကြောင့် ဦးဗဆွေအား ဖဆပလ အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး အဖြစ် ခန့်အပ်သည်။
[ဒုတိယအကြိမ်ပြည်လုံးကျွတ်ဖဆပလ ညီလာခံမှတ်တမ်း။ရန်ကုန်။ ဖဆပလပုံနှိပ်။၁၉၄၈။ စာ ၄၈။နောင်ကိုးကားလျှင် ဖဆပလဒုတိယညီလာခံမှတ်တမ်းဟုညွှန်းမည်။]

၉ ဇန်နဝါရီ ၁၉၄၇ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်အချို့ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ရောက်ရှိသည်။
[**Burma Struggle Vol.II:** *PP 249 -250*]
[Huge Tinker **The Union of Burma**,Oxford University Press, 1957. *P 23*, hereafter cited as Huge Tinker **The Union of Burma**]

၁၀ နှင့် ၁၆ ဇန်နဝါရီ ၁၉၄၇ ဖဆပလအဖွဲ့ချုပ်မှ ကြီးမှူး၍ ရန်ကုန်မြို့နှင့် မြန်မာတစ်ပြည်လုံးတွင် လွတ်လပ်ရေးဆန္ဒနှင့် အင်အားပြပွဲ ရက်သတ္တပတ်ဆင်နွှဲသည်။
[ဦးဗဆွေ လွတ်လပ်ရေးပန်းတိုင်သို့ စာ ၃၈။ ရွှေတူဂျာနယ်။ တွဲ–၁။ မှတ်–၁၄။ ၁–၉–၁၉၇၁]

၁၄ ဇန်နဝါရီ ၁၉၄၇ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှအစိုးရတို့ လန်ဒန်မြို့ အမှတ် ၁၀ ဒေါင်းနင်းလမ်းရှိ ဗြိတိသျှ နန်းရင်းဝန်ရုံး၌ အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက မြန်မာကိုယ်စားလှယ်အဖွဲ့၏ အထွေထွေကြေညာချက် အသင့်မဖြစ်သောကြောင့် တင်ပြသဖြင့် အစည်းအဝေးကို ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်သည်။
[**Burma Struggle Vol.II:** *PP 261 -267*]

၁၅ ဇန်နဝါရီ ၁၉၄၇ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှအစိုးရကိုယ်စားလှယ်တို့ အမှတ် ၁၀ ဒေါင်းနင်းလမ်းတွင် အစည်းအဝေးကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာကိုယ်စားလှယ်အဖွဲ့၌ အထွေထွေကြေညာချက်ကို တင်သွင်းသည်။
[**Burma Struggle Vol.II:** *PP 267 -269*]

၁၆ ဇန်နဝါရီ ၁၉၄၇ ပဒေသရာဇ်မှာ ရှမ်းပြည်နယ်စပ်ဖများကောင်စီတောင်းဆိုရန် "ရှမ်းပြည်နယ်များကိစ္စ အမှာစာ ၁ နှင့် ၂ "ကို အတည်ပြု ဆုံးဖြတ်သည်။
[ဦးအုန်းဖေ ပင်လုံစစ်တမ်း စာ ၃၈၁–၃၄၉]

၁၇ ဇန်နဝါရီ ၁၉၄၇ ရခိုင်ပြည်နယ်တွင် ဦးစိန္တာနှင့်နောက်လိုက် ၃၇ ဦး လက်နက်ချသည်။
[**Burma Struggle Vol.II:** *PP 520*]

၂၁ ဇန်နဝါရီ ၁၉၄၇ ပဒေသရာဇ် ရှမ်းပြည်နယ် စပ်ဖများကောင်စီက မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်မှတစ်ဆင့် ဗြိတိသျှအစိုးရထံ "ရှမ်းပြည်နယ်များကိစ္စ အမှာစာ ၁ နှင့် ၂" ကို ပေးပို့သည်။
[**Burma Struggle Vol.II:** *PP ?*]
[ဦးအုန်းဖေ ပင်လုံစစ်တမ်း စာ ၃၉၅]

■ သခင်စိုး၏ အလံနီကွန်မြူနစ်ပါတီက ဦးဆောင်၍ အတွင်းဝန်များရုံး (ယခု ဝန်ကြီးများရုံး)ကို ဝိုင်း၍ဆန္ဒပြရာ ပုလိပ်များက လူစုခွဲသည်။
[**Burma Struggle Vol.II:** *PP 337 -338*]
[ မြန်မာ့အလင်း ၂၂–၁–၄၇]

■ ဘကြီးဘဘော (ဖဆပလအဖွဲ့ချုပ်၊ ဘုရင်ခံအမှုဆောင်ကောင်စီဝင်) အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ ထွက်ခွာသည်။
[**Burma Struggle Vol.II:** *P 313*]

၂၂ ဇန်နဝါရီ ၁၉၄၇ မြန်မာပြည် ကွန်မြူနစ်ပါတီ (အလံဖြူ) အရေးပေါ်ကွန်ဖရင့်တွင် သခင်သန်းထွန်းအား ဥက္ကဋ္ဌအဖြစ် တင်မြှောက်သည်။*
[သတင်းစုံဂျာနယ်။တွဲ–၁။ မှတ်–၄၆။ စာ?။ ၃၁–၁–၄၇]

၂၃ ဇန်နဝါရီ ၁၉၄၇ မြန်မာနိုင်ငံဘုရင်ခံ၏အမှုဆောင်ကောင်စီက မြန်မာပြည် ကွန်မြူနစ်ပါတီ နှင့် ကွန်မြူနစ်ပါတီ (မြန်မာပြည်) အား မတရားအသင်း အဖြစ် ကြေညာသည်။
[**Burma Struggle Vol.II:** *P 349*]
[မြန်မာ့အလင်း ၂၅–၁–၄၇]
[သူရိယ ၂၂–၁–၄၇]
[မြန်မာနိုင်ငံပြန်တမ်း ၂၄–၁–၄၇]

၂၅ ဇန်နဝါရီ ၁၉၄၇ ?

၂၇ ဇန်နဝါရီ ၁၉၄၇ အောင်ဆန်း–အက်တလီ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည်။ သဘောတူညီချက်၏ နောက်ဆက်တွဲကို ဦးစောနှင့် သခင်ဗစိန်တို့က သဘောမတူညီကြောင်း မှတ်ချက်ဖြင့် လက်မှတ်ရေးထိုးသည်။
[**Burma Struggle Vol.II:** *PP 376 -382*]

၃၁ ဇန်နဝါရီ ၁၉၄၇ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်မှမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာသည်။



* နောက်ပိုင်းတွင် အထွေထွေ အတွင်းရေးမှူးဟု ဖော်ပြထားသည်ကိုတွေ့ရသည်

ဖေဖော်ဝါရီ

၂ ဖေဖော်ဝါရီ ၁၉၄၇ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။
[**Burma Struggle Vol.II:** *PP387*]
[ မြန်မာ့အလင်း ၅-၂-၄၇]
[ သံတော်ဆင့် ၂၂-၁-၄၇]
[ဦးညီလေး ငါတို့ဗိုလ်ချုပ် (ပ) စာ ၂၇၄]

■ ည ၈ နာရီတွင် ဖဆပလအမှုဆောင်အစည်းအဝေးကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းက အောင်ဆန်း–အက်တလီ သဘောတူညီချက်ကို တင်ပြသည်။ အမှုဆောင်အဖွဲ့ဝင်တို့က ဆွေးနွေးပြီး အောင်ဆန်း–အက်တလီသဘောတူညီချက်ကို လက်ခံရန် ဆုံးဖြတ်သည်။

■ မြန်မာအစိုးရ အတွင်းဝန်ချုပ်က ဗြိတိသျှအစိုးရ မြန်မာနိုင်ငံအတွင်းဝန်ထံ မြန်မာနိုင်ငံတွင် တူညီဝတ်စုံဝတ်သည့် အဖွဲ့အစည်း ၈ ဖွဲ့ရှိကြောင်း အစီရင်ခံသည်။

၃ ဖေဖော်ဝါရီ ၁၉၄၇ ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလအဖွဲ့ချုပ်၌ သတင်းစာဆရာများကို ဖိတ်ကြားကာ လန်ဒန်၌ပြုလုပ်ခဲ့သော လွတ်လပ်ရေးဆွေးနွေးပွဲကို ရှင်းလင်းပြောကြားသည်။

■ ပင်လုံညီလာခံ စတင်ကျင်းပသည်။

၄ ဖေဖော်ဝါရီ ၁၉၄၇ ဗိုလ်ချုပ်အောင်ဆန်းက အသံလွှင့်ရုံမှ ဘီလပ်ပြန်မိန့်ခွန်းကို ပြောကြားသည်။

■ ဗြိတိသျှအစိုးရ၏ ဒိုမီနီယံဆိုင်ရာပါလီမန် အတွင်းဝန် အေရီအော်တွန်မလေ (Mr. Arthur George Bottomley) မြန်မာနိုင်ငံရောက်ရှိသည်။

၅ ဖေဖော်ဝါရီ ၁၉၄၇ ကရင်ဗဟိုအဖွဲ့ချုပ်မှ ကြီးမှူး၍ ကရင်ညီလာခံသဘင် ကျင်းပ၍ အောင်ဆန်းအက်တလီသဘောတူညီချက်သည် ကရင်အမျိုးသားတို့၏ အခွင့်အရေးကို ထိပါး နစ်နာစေသဖြင့် ကန့်ကွက်ကြောင်း ဆုံးဖြတ်သည်။ ကန့်ကွက်ချက်ကို မြန်မာနိုင်ငံ ဘုရင်ခံမှတစ်ဆင့် ဗြိတိသျှနန်းရင်းဝန်ထံ ပေးပို့သည်။

■ ညီလာခံတွင် စောဘဦးကြီးအား ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ နုတ်ထွက်ရန် ဆုံးဖြတ်သည်။ ရွေးကောက်ပွဲ သပိတ်မှောက်ရန် ဆုံးဖြတ်သည်။

■ ကရင်ဗဟို အစည်းအရုံးကြီးကို ကရင်အမျိုးသား သမဂ္ဂ (Karen National Union K.U.N) ဟူ၍ အမည်သစ်ပေးသည်။ ဥက္ကဋ္ဌအဖြစ် စောစံဘိုးသင်နှင့် ဒုတိယဥက္ကဋ္ဌ စောဘဦးကြီး၊ အထွေထွေအတွင်းရေးမှူးအဖြစ် သရာသာထို တို့ဖြစ်သည်။

■ မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားရာ၌ တောင်သူလယ်သမားများသည် မြန်မာနိုင်ငံတွင် လူများစုကြီး ဖြစ်ကြောင်း၊ တောင်သူလယ်သမား အခွင့်အရေးမပါသည့် လွတ်လပ်ရေးသည် အဓိပ္ပာယ်မရှိကြောင်း။ တောင်သူလယ်သမားလိုလားသည့် မြေစနစ်ကို ပြုပြင်ပြောင်းလဲလိုကြောင်း ပြောကြားသည်။

၇ ဖေဖော်ဝါရီ ၁၉၄၇ ပင်လုံညီလာခံ ကျင်းပနေစဉ်အတွင်း တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ Supreme Council of United Hill People/ SCOUHP ဖွဲ့စည်းသည်။

■ ရှမ်းစော်ဘွားများနှင့် ရှမ်းပြည်သူ့ကိုယ်စားလှယ်များအား ပူးပေါင်း၍ ရှမ်းပြည်ကောင်စီအမှုဆောင်အဖွဲ့ Shan State Council ဖွဲ့စည်းသည်။

၉ ဖေဖော်ဝါရီ ၁၉၄၇ ပင်လုံညီလာခံသို့ ဘော်တွန်မလေ၊ မစ္စတာလက်ဝဒ်ချ် (Mr. Ledwidge)နှင့် ဂျွန်လေဒင် (John Leyden) တို့ရောက်ရှိသည်။

■ အင်းစိန် အကျဉ်းထောင်တွင် အကျဉ်းသားများ ထကြွမှုပေါ်ပေါက်သည့်အတွက် သေနတ်ဖြင့် ပစ်ခတ်နှိမ်နင်းရာ သုံးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသည်။

၁၀ ဖေဖော်ဝါရီ ၁၉၄၇ မြန်မာနိုင်ငံ ဘုရင်ခံ၏အမှုဆောင်ကောင်စီဝင် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး သခင်ဗစိန် နုတ်ထွက်သည်။

၁၂ ဖေဖော်ဝါရီ ၁၉၄၇ ပင်လုံသဘောတူညီချက်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင် ၂၂ ဦး လက်မှတ်ရေးထိုးသည်။

၁၃ ဖေဖော်ဝါရီ ၁၉၄၇ မြန်မာနိုင်ငံ

ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင် ပညာရေးနှင့်အမျိုးသားစီမံကိန်း ဝန်ကြီး ဦးစော နုတ်ထွက်သည်။

က ကွန်မြူနစ်ပါတီ (မြန်မာပြည်) အလံနီခေါင်းဆောင် သခင်စိုးအား ဖမ်းမိသည်။

၁၅ နှင့် ၁၆ ဖေဖော်ဝါရီ ၁၉၄၇ ဖဆပလ ဗဟိုဦးစီးအဖွဲ့ ပဉ္စမအကြိမ်မြောက် အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက အောင်ဆန်း–အက်တလီ စာချုပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗဟိုဦးစီးအဖွဲ့က အောင်ဆန်း–အက်တလီ စာချုပ်ကို လက်ခံအတည်ပြုသည်။

၂၂ ဖေဖော်ဝါရီ ၁၉၄၇ Karen Concil of Action ၏ ဆုံးဖြတ်ချက်များကို ဥက္ကဋ္ဌ စောစံဘိုးသင် နှင့် အတွင်းရေးမှူး စောစံကေးတို့က ထုတ်ပြန်သည်။

၂၃ ဖေဖော်ဝါရီ ၁၉၄၇ မြန်မာနိုင်ငံဘုရင်ခံ၏ အမှုဆောင်ကောင်စီကို ပြန်လည်ဖွဲ့စည်းသည်။

၂၅ ဖေဖော်ဝါရီ ၁၉၄၇ မြန်မာပြည်ကွန်မြူနစ်ပါတီ (အလံဖြူ) ကဦးဆောင်၍ ဖြူးမြို့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားများ ညီလာခံကို ကျင်းပသည်။

ဖေဖော်ဝါရီ ၁၉၄၇ တောင်တန်းဒေသ စုံစမ်းရေးကော်မတီ (Frontier Area Enquiry Committee) ကို ဖွဲ့စည်းသည်။ ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဗြိတိသျှလွှတ်တော်လေဘာအမတ် မစ္စတာ ရီးစ်ဝီလျံ (Lt. Col. D.R Rees William)က ဆောင်ရွက်ပြီး မြန်မာကိုယ်စားလှယ်များအဖြစ် ဦးနု၊ ဦးတင်ထွတ်၊ ဦးခင်မောင်ကလေး၊ ဦးကျော်ငြိမ်း၊ နယ်ခြားဒေသ ကိုယ်စားလှယ်များအဖြစ် မိုင်းပွန်စော်ဘွား စပ်စံထွန်း (ရှမ်း)၊ ဆမားဒူးဝါးဆင်ဝါးနောင် (ကချင်)၊ ဦးဝမ်ကိုဟော (ချင်း)၊ စောစံကေး (ကရင်အမျိုးသားယူနီယံ) တို့ ပါဝင်ပြီး အတွင်းရေးမှူးအဖြစ် လန်ဒန်ရှိ မြန်မာနိုင်ငံဆိုင်ရာရုံးမှ မစ္စတာ လက်ဝီဂျ် (Mr. W.B.J Ledwidge) တွဲဘက် အတွင်းရေးမှူး အဖြစ် နယ်ခြားဝန်ထမ်းအဖွဲ့ဝင် ဦးထွန်းဖေ၊ လက်ထောက်အတွင်းရေးမှူးအဖြစ် ဗိုလ်မှူးရှမ်းလုံတို့ ပါဝင်သည်။

## မတ်လ

၁ မတ်လ ၁၉၄၇ ကရင်အမျိုးသားယူနီယံ အစည်းအဝေးကို အမှတ် ၅ ဦးလူနီလမ်း စမ်းချောင်းတွင် ကျင်းပသည်။ အစည်းအဝေးတွင် ဥက္ကဋ္ဌ စောစံဘိုးသင်က ကရင်တောင်းဆိုချက် ၆ ရပ်နှင့် ပတ်သက်၍ ကျေနပ်ဖွယ်ရာ ပြန်ကြားချက် မရသေးကြောင်း ပြောကြားသည်။

၂ မတ် ၁၉၄၇ မစ္စတာရီးဝီလျံ မြန်မာနိုင်ငံ ရောက်ရှိသည်။

၃ မတ် ၁၉၄၇ ဗိုလ်ချုပ်အောင်ဆန်းက ကရင်အမျိုးသားယူနီယံ အတွင်းရေးမှူးထံ ကရင်အမျိုးသားအခွင့်ရေးနှင့် စပ်လျဉ်းသည့် စာပြန်ကြားပေးပို့သည်။

၄ မတ် ၁၉၄၇ မြန်မာနိုင်ငံဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင် ဝန်ကြီးစောဘဦးကြီး နုတ်ထွက်သည်။

၄ ရက်နှင့် ၆ ရက် မတ် ၁၉၄၇ ပခုက္ကူခရိုင် ထီးလင်းမြို့တွင် ချင်း–ဗမာချစ်ကြည်ရေးညီလာခံကို ကျင်းပပြီး ညနေ ၅ နာရီတွင် ချင်း–ဗမာချစ်ကြည်ရေး အထိမ်းအမှတ်ကျောက်တိုင်စိုက်ထူရန် အုတ်မြစ်ချအခမ်းအနား ကျင်းပရာ ဒီးဒုတ်ဦးဘချို၊ ဦးဝမ်သူးမောင်နှင့် ဇဟူးတို့ အုတ်မြစ်ချကြသည်။

၇ ရက်နှင့် ၁၇ ရက် မတ် ၁၉၄၇ တောင်တန်းဒေသ စုံစမ်းရေးကော်မတီသည် ကချင်ဒေသ၊ မြစ်ကြီးနား၊ ဗန်းမော်၊ ရှမ်းပြည်နယ်မှ လားရှိုး၊ လွယ်လင်နှင့် တောင်ကြီး၊ ကရင်နီ (ယခုကယား) မှ လွိုင်ကော်နှင့် မော်ဦးမြို့များတွင် ပဏာမစုံစမ်းစစ်ဆေးမှုများ ပြုလုပ်သည်။

၈ မတ် ၁၉၄၇ မြန်မာပြည်ရွေးကောက်ပွဲ မင်းကြီးက မဲပေးပုံပေးနည်းစနစ်ကို ထုတ်ပြန်သည်။

**မြန်မာပြည်**
**ရွေးကောက်ပွဲမင်းကြီးက**
**မဲပေးပုံနည်းကိုထုတ်ပြန်**

မဲပေးရေး အစီအစဉ်တွင် အမတ်နေရာ တစ်နေရာတည်းအတွက် ပေးရာမှ အမတ်နေရာအများအတွက် ပေးခြင်းသို့ ပြောင်းလွဲသွားလိမ့်မည် ဖြစ်ကြောင်း၊ မဲဆန္ဒနယ် တစ်နယ်တွင် အမတ်နှစ်ယောက်ကျ ရွေးမည်။ မဲဆန္ဒရှင်တစ်ဦးသည် နံပါတ်တူ မဲပြား ၂ ခုရမည်။ ၄င်းမဲပြားနှစ်ခုလုံးကို မဲပုံးတစ်ခုထဲသို့ မထည့်နိုင်။

အမတ်လောင်းသည် မဲဆန္ဒရှင်တစ်ဦးထံမှ မဲပြား ၂ ခုမရနိုင်။ အင်္ဂလိပ်ဗမာကပြား၌ သတ်မှတ်နေရာ၌ ယခင်က အမတ် ၂ ယောက်၊ ယခု အမတ် ၄ ယောက်ရွေးကောက်မည်။ မဲဆန္ဒရှင်များသည် ယခင်ကကဲ့သို့ စာတိုက်မှ မဲပေးနိုင်။ မဲအရာရှိက ၂၃-၃-၄၇ ထက်နောက်မကျဘဲ မဲစာရွက်များကို ရေစ္စတြီလုပ်ပို့မည်။ မဲဆန္ဒရှင်က မဲကို သတ်မှတ်ပြီး ချက်ချင်းပြန်ပို့ရမည်။ ၁၂-၄-၄၇ ညနေ ၆ နာရီကျော်မှ ရသော် လက်မခံ။

၁၈ မတ် ၁၉၄၇ မြန်မာပြည်အစိုးရကနိုင်ငံခြားရေးဌာနတစ်ခု သီးသန့်ဖွင့်လှစ်သည်။

■ ညောင်ရွှေမြို့၌ တောင်တန်းသားများ စည်းလုံးညီညွတ်ရေး ဦးစီးအဖွဲ့ အစည်းအဝေးကျင်းပရာ ထိုအစည်းအဝေးအဖွဲ့မှ

(၁) မြန်မာပြည်နှင့် တန်းတူလူဦးရေအချိုးအရ တိုင်းပြုပြည်ပြု လွှတ်တော်သို့ ကိုယ်စားလှယ်အမတ်များ စေလွှတ်ရန်။

(၂) ကချင်နှင့် ချင်းတို့ကိုမူ လူဦးရေအရမဟုတ်ဘဲ အမတ်ဦးရေ ပိုမိုစေလွှတ်ခွင့်ရရန်။

(၃) လွတ်လပ်ပြီးနောက် မြန်မာပြည်မှ အချိန်မရွေး ခွဲထွက်ခွင့် ရရန်။

(၄) ဆိုင်ရာဒေသ (ကချင်၊ ချင်းနှင့် ရှမ်း) ကိုယ်စားလှယ် သုံးပုံနှစ်ပုံ မဲမပေးလျှင် မည်သည့် ဥပဒေမျှ ယင်းနယ်မြေ ဒေသသို့ အာဏာသက်ရောက်ခွင့် မရှိစေရ။

(၅) လောလောဆယ် အခြေအနေအရ နယ်ခြားဒေသများတွင် မဲပုံးထောင် ရွေးကောက်ပွဲ ပြုလုပ်ရန် မဖြစ်နိုင်သေးသောကြောင့် ဒေသအလိုက်ခန့်ထားရွေးချယ်သော စနစ်အရ တိုင်းပြုပြည်ပြု လွှတ်တော်သို့ တက်ရောက်ခွင့်ရရန်။

(၆) တောင်တန်းသားများ စည်းလုံးညီညွတ်ရေး ဦးစီးအဖွဲ့အနေဖြင့်တစ်စုတစ်ရုံးတည်း တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပါဝင်ရန်တို့ကို ဆုံးဖြတ်သည်။

■ တောင်တန်းဒေသ စုံစမ်းရေးကော်မတီ၏ ပထမအစည်းအဝေးကျင်းပသည်။ ထိုအစည်းအဝေးတွင် စုံစမ်းရေးအဖွဲ့မှ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား မေးမြန်းရမည့် မေးခွန်း ၁၈ ခုကို အတည်ပြုဆုံးဖြတ်သည်။

၁၉ မတ် နှင့် ၂၁ ဧပြီ ၁၉၄၇ တောင်တန်းဒေသစုံစမ်းရေး ကော်မတီသည် မြန်မာပြည်မနှင့် တောင်တန်းဒေသရှိ သက်သေများကို စုံစမ်းမေးမြန်းသည်။

၂၁ မတ် ၁၉၄၇ ဖဆပလအဖွဲ့ချုပ်နှင့် မြန်မာပြည်ကွန်မြူနစ်ပါတီ စေ့စပ်ချက် ၃ ချက် သတင်းစာများတွင် ပါရှိသည်။

၂၂ မတ် ၁၉၄၇ ဖဆပလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဗဆွေက ကြေညာချက် ထုတ်ပြန်သည်။ ထိုကြေညာချက်တွင်

ဖဆပလ အဖွဲ့ဝင်အပေါင်းတို့သည် မြန်မာလွတ်လပ်ရေးကို အထူးနှောင့်နှေးကြန့်ကြာစေချင်သော နယ်ချဲ့သမားတို့နှင့် မစားရသည့်အမဲကို သဲနှင့်ပက်ရန် ကြံစည်ကြိုးစားလျက်ရှိသော နိုင်ငံရေးသမားတို့၏ ကြံစည်ကြိုးပမ်းချက်တို့ကို ထောက်ခံအားပေးခြင်းဖြစ်စေသည့် ကိုယ်အမှုအရာ နှုတ်အမှုအရာများကို အထူးသတိပြုရှောင်ရှားကြရန် လေးနက်စွာ သတိပေးလိုက်ကြောင်း

ပါရှိသည်။

၂၄ မတ် ၁၉၄၇ လော့ဒ်လူဝီမောင့်ဘက်တန် အိန္ဒိယနိုင်ငံ၏ ဘုရင်ခံချုပ် အဖြစ် ခန့်အပ်ခြင်းခံရသည်။

■ မြန်မာနိုင်ငံ အစိုးရက ခန့်အပ်ထားသည့် ထန်းတပင် သေနတ်ပစ်မှု စုံစမ်းရေးကော်မတီသည် အစိုးရထံ အစီရင်ခံစာကို တင်သွင်းသည်။

၂၈ မတ် ၁၉၄၇ မျိုးချစ်ပါတီခေါင်းဆောင် ဦးစောက သတင်းစာဆရာများအား ဖိတ်ကြား၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး "အတိုက်အခံနိုင်ငံရေးပါတီတစ်ခုက အကြံအစည်နှစ်ခု စီစဉ်နေကြောင်း။ ထိုအကြံနှစ်ခု အနက်တစ်ခုမှာ ၎င်းကို သေနတ်ဖြင့်ပစ်၍ မသေသဖြင့် မသေမချင်းသတ်ရန် နှင့် မိမိတို့ မျိုးချစ်အဖွဲ့ကို မတရားအသင်း ကြေညာရန် ဖြစ်ကြောင်း။ မိမိမှာ ညမှောင်လျှင် မထွက်ဝံ့တော့ကြောင်း ပြောကြားသည်။

## ဧပြီလ

၁ ဧပြီ ၁၉၄၇ ဗြိတိသျှပါလီမန်က ပင်လုံစာချုပ်ကို အတည်ပြုသည်။

၁ ရက်နှင့် ၃ ရက် ဧပြီ ၁၉၄၇ ရခိုင်ပြည်နယ် မြေပုံမြို့တွင် ရခိုင်တိုင်းလုံးဆိုင်ရာ ညီညွတ်ရေးတပ်ပေါင်းစု ညီလာခံကို ကျင်းပသည်။

၉ ဧပြီ ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ ကျင်းပသည်။ ရွေးကောက်ပွဲတွင်

ဖဆပလ ၁၇၂

ကရင် ၂၄
မြန်မာပြည်ကွန်မြူနစ် ၇
အင်္ဂလိပ်–မြန်မာကပြား ၄
တစ်သီးပုဂ္ဂလ ၃
အသီးသီးရွေးကောက် ခံရသည်။

■ မြန်မာ တစ်နိုင်ငံလုံး အတွက် တိုင်းပြုပြည်ပြု အမတ်နေရာ စုစုပေါင်းမှ ၂၅၅ နေရာဖြစ်သည်။ ထို ၂၅၅ နေရာအနက် ဖဆပလအဖွဲ့ချုပ်က အသိအမှတ်ပြုခြင်းဖြင့် အောင်မြင်စွာ အရွေးချယ်ခံရသော အမတ်ဦးရေမှာ ၂၄၃ ယောက်ဖြစ်သည်။ ဖဆပလက ၉၅.၃ %ဖြင့် ရွေးကောက်ခံရခြင်းဖြစ်သည်။

၉ ဧပြီ ၁၉၄၇ မြန်မာနိုင်ငံဘုရင်ခံက ဘုရင်ခံ၏အမှုဆောင်ကောင်စီဝင်များဖြစ်ကြသည့် စောဘဦးကြီးနှင့် ဆာမောင်ကြီးတို့ အမှုဆောင်ကောင်စီမှ နုတ်ထွက်ခြင်းကို လက်ခံသည်။

၁၈ ဧပြီ ၁၉၄၇ တိုင်းပြုပြည်ပြု လွှတ်တော် မြိတ်မဲဆန္ဒနယ် အမတ် ဦးမောင်မောင်ခင် လိုက်ပါသော ဗြိတိသျှ အိန္ဒိယရေကြောင်းကုမ္ပဏီပိုင် (British Indi Sterm Irrarigation Company)အက်စ်အက်စ်ဆာဖေး အဒင်ဆင် (S.S. Sir Harvery Sd-amsim )သင်္ဘောသည် ရန်ကုန်မှ မြိတ်သို့ ထွက်ခွာလာရာ ထားဝယ်၌ မိုးလေပြင်းထန်စွာ ကျရောက်စဉ် ပျောက်ဆုံးသည်။

၂၃ ဧပြီ ၁၉၄၇ လော့ဒ်လစ္စတိုဝဲလ် (Lord Listowel )အား ဗြိတိသျှအစိုးရက မြန်မာနိုင်ငံဆိုင်ရာ အတွင်းဝန်အဖြစ် ခန့်အပ်သည်။

၂၄ ဧပြီ ၁၉၄၇ တောင်တန်းဒေသ စုံစမ်းရေးကော်မတီ၏ အစီရင်ခံစာကို အဖွဲ့ဝင်များ တစ်ညီတစ်ညွတ်တည်း လက်မှတ်ရေးထိုး အတည်ပြုသည်။

၃၀ ဧပြီ ၁၉၄၇ ဗြိတိသျှအစိုးရနှင့် ဘဏ္ဍာရေးပြဿနာအရပ်ရပ်ကို ဖြေရှင်းရန် ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင် ဝန်ကြီးသခင်မြနှင့် ဗြိတိသျှအစိုးရ ကိုယ်စားလှယ် ဂျိန်းကရွန်ဘီ(James I.C. Crombin) တို့ မြ–ကရွန်ဘီ သဘောတူညီချက် လက်မှတ်ရေးထိုးသည်။

မေလ

၃ မေ ၁၉၄၇ တောင်တန်းဒေသ စုံစမ်းရေး ကော်မတီအစီရင်ခံစာကို မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်၏ အမှုဆောင်ကောင်စီက လက်ခံသည်။

၈ မေ ၁၉၄၇ ဖဆပလအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး ကျင်းပ၍ ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင် ဖဆပလအဖွဲ့ချုပ်မှ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဦးဘဘေအား ဖဆပလ ဗဟိုဦးစီးအဖွဲ့မှလည်းကောင်း၊ ဘုရင်ခံ၏အမှုဆောင်ကောင်စီမှ လည်းကောင်း ထုတ်ပယ်ကြောင်း ဆုံးဖြတ်သည်။

၁၀ မေ ၁၉၄၇ မြန်မာနိုင်ငံဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင် ဖလပလ အဖွဲ့ချုပ်မှ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးဘဘေ ရာထူးမှ နုတ်ထွက်သည်။

■ ဗိုလ်ချုပ်အောင်ဆန်းက သတင်းစာဆရာများအား ဖိတ်ကြား၍ ဘုရင်ခံ၏အမှုဆောင်ကောင်စီမှ ဦးဘဘေအား နုတ်ထွက်ခိုင်းရခြင်းနှင့် စပ်လျဉ်း ရှင်းလင်းသည်။

၁၂ မေ ၁၉၄၇ ဦးဘဘေက သတင်းစာဆရာများအား ဖိတ်ကြား၍ မိမိဘုရင်ခံ၏အမှုဆောင်ကောင်စီဝင်အဖြစ်မှ နုတ်ထွက်ရခြင်းကို ရှင်းလင်းသည်။

၁၇ မေ ၁၉၄၇ တောင်တန်းဒေသ စုံစမ်းရေးကော်မတီ အစီရင်ခံစာကို ဗြိတိသျှအစိုးရက လက်ခံသည်။

၁၉ ရက်နှင့် ၂၃ ရက် မေ ၁၉၄၇ ရန်ကုန်မြို့ ဂျူဗလီဟောခန်းမတွင် ဖဆပလအဖွဲ့ချုပ် ပဏာမပြင်ဆင်မှု ညီလာခံကို ကျင်းပ၍ အဆို ၁၄ ရပ်ကို တင်သွင်းကာ ဆုံးဖြတ်ချက်ချမှတ်သည်။ ထိုညီလာခံမှ မြန်မာနိုင်ငံအား လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံတော်အဖြစ် တည်ထောင်ရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တင်သွင်းဆုံးဖြတ်သည်။

၂၁ မေ ၁၉၄၇ ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလအဖွဲ့ချုပ် ပဏာမညီလာခံ သဘာပတိမိန့်ခွန်းတွင် ဖဆပလအဖွဲ့သည် ဒိုမီနီယံအဆင့် လွတ်လပ်ရေးကို မလိုမရှိဘဲ လုံးဝလွတ်လပ်ရေးကိုသာ အလိုရှိကြောင်းထည့်သွင်း

ပြောကြားသည်။

၂၆ မေ ၁၉၄၇ ဗြိတိသျှအစိုးရ ရေတပ်မတော်မှ အိပ်ချ်အမ်အက်စ် ဖောလ်အမည်ရှိ စစ်သင်္ဘောကို မေယုဟု အမည်ပြောင်းကာ မြန်မာအစိုးရသို့ လွှဲပြောင်းပေးအပ်သည်။

၂၇ မေ ၁၉၄၇ ပုဂံဦးဗဂျမ်းနှင့် ဦးဝင်းတို့ ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင်ရာထူးကို လက်ခံသည်။

ဇွန်လ

၂ ဇွန် ၁၉၄၇ ဖလပလအဖွဲ့ချုပ်မှ သခင်နုသည် တိုင်းပြုပြည်ပြုလွှတ်တော် မြိတ်မဲဆန္ဒနယ် ကြားဖြတ်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်သူမရှိ အရွေးခံရသည်။

၃ ဇွန် ၁၉၄၇ မြန်မာပြည်၏နောက်ဆုံးဘုရင် သီပေါမင်းနှင့် မိဖုရားစုဖုရားလတ်၏ ပထမ သမီးတော် အရှင်ထိပ်စုမြတ်ဖုရားကြီး အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့တွင် ကွယ်လွန်သည်။

၅ ရက်နှင့် ၆ ရက် ဇွန် ၁၉၄၇ ကရင်အမျိုးသားယူနီယံ၊ ကရင်လူငယ်အစည်းအရုံး တွဲဖက်ကော်မတီနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကရင်အမျိုးသား အစည်းအရုံးတို့ အစည်းအဝေးကျင်းပသည်။

၆ ဇွန် ၁၉၄၇ ရန်ကုန်မြို့ ပြည်လမ်း ဟံသာဝတီအဝိုင်း အနီးရှိ ဆိုရန်တိုဗီလာ (Sorento Villa) (ယခုစာပေဗိမာန်) အဆောက်အဦတွင် လွတ်လပ်သော မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေး စီမံကိန်းဆွေးနွေးပွဲကျင်းပသည်။ ထိုဆွေးနွေးပွဲတွင် "ပြည်ထောင်စု မြန်မာနိုင်ငံတော် စီးပွားရေးတိုးတက်ရေး ၂ နှစ်စီမံကိန်း" ချမှတ်ခဲ့သည်။ ဆွေးနွေးပွဲပြုလုပ်သည့်နေရာကို အစွဲပြု၍ ဆိုရန်တိုဗီလာ စီမံကိန်းဟုခေါ်ကြသည်။

၁၀ ဇွန် ၁၉၄၇ တိုင်းပြည်ပြုပြည်ပြုလွှတ်တော် ပထမညီလာခံကျင်းပသည်။

၁၁ ဇွန် ၁၉၄၇ သခင်နုအား တိုင်းပြုပြည်ပြု လွှတ်တော်ဥက္ကဋ္ဌ အဖြစ်ရွေးကောက်တင်မြှောက်သည်။

၁၆ ဇွန် ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဗိုလ်ချုပ်အောင်ဆန်းက ?

၁၈ ဇွန် ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော် ပထမညီလာခံကို ရုတ်သိမ်းသည်။

၁၉ ဇွန် ၁၉၄၇ သခင်နုခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလယ်အဖွဲ့ (Good will Mission) အင်္ဂလန်နိုင်ငံသို့ သွားရောက်သည်။

၂၄ ဇွန် ၁၉၄၇ ဗိုလ်တထောင် ဘီအိုစီ လက်နက်တိုက်မှ ဘရင်းဂန်းအလက် ၂၀၀ ကျော်ပျောက်ဆုံးသည်။

၂၅ ဇွန် ၁၉၄၇ သခင်နု ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ အင်္ဂလန် ဝန်ကြီးချုပ် အက်တလီနှင့် တွေ့ဆုံဆွေးနွေးသည်။

၂၆ ဇွန် ၁၉၄၇ ဖဆပလအဖွဲ့ချုပ် ကကြေညာတစ်ရပ် ထုတ်ပြန်သည်။ အဆိုပါကြေညာချက်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က မြန်မာနိုင်ငံကို အချုပ်အခြာအာဏာ လုံးဝလွတ်လပ်သော တိုင်းပြည်အဖြစ်ဖြင့် အုပ်ချုပ်ရေး စည်းမျဉ်းဥပဒေ ရေးဆွဲရန် အတည်ပြုပြီးဖြစ်သောကြောင့် ဒိုမီနီယံပြဿနာသည် လုံးဝမပေါ်တော့ကြောင်း၊ မြန်မာနိုင်ငံသည် ဗြိတိသျှနေသဟာယအတွင်းမှ ခွဲထွက်ကာ လွတ်လပ်သော နိုင်ငံအဖြစ် ထူထောင်ရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်ကြောင်း ပါရှိသည်။

ဇူလိုင်လ

၉ ဇူလိုင် ၁၉၄၇ အင်းစိန်ထောင်ဆူမှု စုံစမ်းရေးအစီရင်ခံစာ တင်သွင်းသည်။

၁၂ ဇူလိုင် ၁၉၄၇ သခင်နုခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံမှ ပြန်လည်ရောက်ရှိသည်။

၁၃ ဇူလိုင် ၁၉၄၇ ရန်ကုန်မြို့တော်ခန်းမတွင် လူထုအစည်းအဝေးကျင်းပ၍ ဗိုလ်ချုပ်အောင်ဆန်းက လက်ရှိတိုင်းပြုပြည်ပြုလွှတ်တော် ပုံသဏ္ဌာန်နှင့် လွတ်လပ်ရေးတစ်နှစ်အတွင်း ရစေရန် အာမခံကြောင်း ပြောကြားသည်။

၁၆ ဇူလိုင် ၁၉၄၇ မန်းဘဇံက ကရင်အမျိုးသားယူနီယံ၏ လက်နက်ကိုင်အဖွဲ့ကို ဖွဲ့စည်းသည်။ စတင်ဖွဲ့စည်းစဉ်က ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ (Karen National Union Degence Organization) ဟုခေါ်ခဲ့သော်လည်း နောက်ပိုင်းတွင် (Karen National Defence Organization) ဟု ပြောင်း

လဲခေါ်ဝေါ်ခဲ့သည်။

၁၉ ဇူလိုင် ၁၉၄၇ ရန်ကုန်မြို့ အတွင်းဝန်များရုံး (ယခုဝန်ကြီးများ ရုံး၌) ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အစည်းအဝေး ပြုလုပ်နေစဉ် ဂဠုန်ဦးစော၏နောက်လိုက်များ၏ လက်ချက်ဖြင့်

ဗိုလ်ချုပ်အောင်ဆန်း<br>
သခင်မြ<br>
ဒီးဒုတ်ဦးဘချို<br>
ဦးရာဇတ်<br>
ဦးဘဝင်း<br>
မန်းဘခိုင်<br>
မိုင်းပွန်စော်ဘွားကြီး စပ်စံထွန်း<br>
ဦးအုန်းမောင်<br>
ရဲဘော်ကိုထွေး<br>
တို့ကျဆုံးသည်။

■ ညတွင်းချင်းပင် မြန်မာနိုင်ငံ ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်က သခင်နုကို ဖိတ်ခေါ်၍ ဘုရင်ခံ၏အမှုဆောင် ကောင်စီသစ်ကို ဖွဲ့စည်းသည်။

၂၀ ဇူလိုင် ၁၉၄၇ မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်၏ အမှုဆောင်ကောင်စီဝင် (ဝန်ကြီးများ) ကျမ်းသစ္စာကျိန်ဆိုသည်။ အဖွဲ့ဝင်များမှာ

၁။ သခင်နု<br>
ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာဝန်ကြီး<br>
၂။ ဗိုလ်လက်ျာ<br>
ကာကွယ်ရေးဝန်ကြီး<br>
၃။ ဦးမြ(ပျော်ဘွယ်)<br>
ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီး<br>
၄။ ဦးကျော်ငြိမ်း<br>
ပြည်ထဲရေးနှင့်တရားရေးဝန်ကြီး<br>
၅။ ဦးမြ(ဟင်္သာတ)<br>
ကူးသန်းရောင်းဝယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး<br>
၆။ ဦးဝင်း<br>
စက်မှုလက်မှုနှင့်အလုပ်သမားဝန်ကြီး<br>
၇။ သခင်တင်<br>
လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်စီးပွားရေးဝန်ကြီး<br>
၈။ ဗိုလ်ဖိုးကွန်း<br>
ပညာရေးဝန်ကြီး<br>
၉။ ဦးအောင်ဇံဝေ<br>
လူမှုဝန်ထမ်းဝန်ကြီး<br>
၁၀။ သခင်လွန်းဘော်<br>
ပြန်ကြားရေးဝန်ကြီး<br>
၁၁။ ဦးဘဂျမ်း<br>
ပြည်သူ့လုပ်ငန်းနှင့် ပြန်လည် ထူထောင်ရေးဝန်ကြီး<br>
၁၂။ စောစံဘိုးသင်<br>
သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး<br>
၁၃။ စပ်စံထွန်း<br>
၁၄။ စပ်ခွန်ချို<br>
၁၅။ ဦးဖေခင်<br>
၁၆။ ဦးတင်ထွဋ်<br>
၁၇။ မန်းဝင်းမောင်

၂၁ ဇူလိုင် ၁၉၄၇ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်ကလပ်ကို ဂျူဗလီဟောသို့ ပြောင်းရွှေ့ထားရှိသည်။

၂၆ ဇူလိုင် ၁၉၄၇ အာဇာနည်ခေါင်းဆောင်ကြီးများ ဈာပနကော်မတီ အစည်းအဝေးကျင်းပ၍ တစ်နိုင်ငံလုံး ဝမ်းနည်းသည့်နေ့အဖြစ် သတ်မှတ်လိုက်ကြောင်း ကြေညာသည်။

၂၉ ဇူလိုင် ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော် ဒုတိယအစည်းအဝေးကို စတင်ကျင်းပသည်။

## ဩဂုတ်လ

၁ ဩဂုတ်လ ၁၉၄၇ သခင်နု ဦးဆောင်သော ဘုရင်ခံ၏အမှုဆောင်ကောင်စီကို ပြန်လည်ဖွဲ့စည်းသည်။

၁။ သခင်နု<br>
ဝန်ကြီးချုပ်နှင့် ပြန်ကြားရေးဝန်ကြီး<br>
၂။ ဗိုလ်လက်ျာ<br>
အတိုင်ပင်ခံနှင့် ကာကွယ်ရေးဝန်ကြီး<br>
၃။ ဦးကျော်ငြိမ်း<br>
ပြည်ထဲရေးနှင့်တရားရေးဝန်ကြီး<br>
၄။ ဦးတင်ထွဋ်<br>
ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီး<br>
၅။ ဦးဘဂျမ်း<br>
ကူးသန်းရောင်းဝယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး<br>
၆။ ဦးမြ(ပျော်ဘွယ်)<br>
သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး<br>
၇။ သခင်တင်<br>
လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်စီးပွားရေးဝန်ကြီး<br>
၈။ မန်းဝင်းမောင်<br>
စက်မှုလက်မှုနှင့်အလုပ်သမားဝန်ကြီး<br>
၉။ ဦးအောင်ဇံဝေ<br>
လူမှုဝန်ထမ်းဝန်ကြီး

၁၀။ သခင်လွန်းဘော်
၁၁။ ဦးမြ(ဟင်္သာတ)
အမျိုးသားစီမံကိန်းဝန်ကြီး
၁၂။ ဗိုလ်ဘိုးကွန်း
ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီး
၁၃။ စောစံဘိုးသင်
ပညာရေးဝန်ကြီး
၁၄။ မိုးမိတ်စော်ဘွား စပ်ခွန်ချို
နယ်ခြားဒေသဝန်ကြီး

၂ သြဂုတ် ၁၉၄၇ ဓားမပါတီခေါင်းဆောင် ဒေါက်တာဘမော်အား ဖမ်းဆီးထိန်းသိမ်းသည်။

၃ သြဂုတ် ၁၉၄၇ သခင်ထွန်းအုပ်အား ဖမ်းဆီးထိန်းသိမ်းသည်။

၁၄ သြဂုတ် ၁၉၄၇ မြန်မာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းက ဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌ မြန်မာပြည်ယာယီအစိုးရ ဝန်ကြီးချုပ် သခင်နုထံ ဖဆပလနှင့် ကွန်မြူနစ်ညီညွတ်ရေးအတွက် အခြေခံအချက်အလက်များကို စာရေးသားပေးပို့သည်။

၁၆ သြဂုတ် ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော် ဒုတိယညီလာခံကို ရုတ်သိမ်းသည်။

၂၂ သြဂုတ် ၁၉၄၇ ၁၃၀၀ ပြည့်အရေးတော်ပုံကာလတွင် ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌနှင့် အာဏာရှင်ဟု ကျော်ကြားခဲ့သည့် ဒေါက်တာလှရွှေ ပါရှင်ပင်လယ်ကွေ့ ဘာရိန်းကျွန်းအနီး ပင်လယ်ထဲ လေယာဉ်ပျက်ကျ၍ ကွယ်လွန်သည်။

၂၅ သြဂုတ် ၁၉၄၇ ဖဆပလ အတွင်းရေးမှူး ဦးဗဆွေက သခင်နုမှတစ်ဆင့် ဗကပသို့ ဖဆပလကွန်မြူနစ်ညီညွတ်ရေးနှင့် ပတ်သက်သည့် ပြန်ကြားစာကို ပေးပို့သည်။

၂၉ သြဂုတ် ၁၉၄၇ မြန်မာအစိုးရနှင့် ဗြိတိသျှအစိုးရတို့အကြား ကာကွယ်ရေးစာချုပ်ချုပ်ဆိုသည်။ မြန်မာနိုင်ငံဘက်မှ ကာကွယ်ရေးဝန်ကြီး ဗိုလ်လက်ျာနှင့် ဗြိတိသျှအစိုးရဘက်မှ ဂျွန်ဖရီးမင်း (John Freeman) တို့ လက်မှတ်ရေးထိုးသည်။

၃၀ သြဂုတ် ၁၉၄၇ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှုကို စစ်ဆေးရန် အထူးခုံရုံးကို ဖွဲ့စည်းသည်။

■ ဂျူဗလီဟော၌ အာဇာနည်ဗိမာန်တွင် တည်ဆောက်ရေးအဖွဲ့ အမှုဆောင် အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် အာဇာနည်ဗိမာန်ပုံစံများရေးဆွဲတင်ပြ အကြံဉာဏ်ပေးနိုင်ကြောင်း ဆုံးဖြတ်သည်။

## စက်တင်ဘာလ

၄ စက်တင်ဘာ ၁၉၄၇ ရန်ကုန်မြို့ ဟိုက်ကုတ်လွှတ်တော်ရှိ အဆောက်အဦရှိ အမှတ် ၃ ရာဇဝတ်မှုစစ်ဆေးရေး ခုံအဖွဲ့က စစ်ကြီးအတွင်း ၁၉၄၅ ခု ဇူလိုင်လက (၂၄–၆–၄၅)က မော်လမြိုင်မြို့ တေလေချောင်းရပ်ကွက်တွင် တော်လှန်ရေးရဲဘော် ၂၆ ဦးတို့အား မတရားညှင်းဆဲသတ်ဖြတ်မှုနှင့် ပတ်သက်၍ ဂျပန်စစ်တရားခံ ၁၈ ဦး၏ အမှုကို အမိန့်ချမှတ်သည်။
သေဒဏ်ကျခံရသူ ၁၀ ဦးမှာ
ဗိုလ်ကြီး အီဂါရှီနိုဘိုရု
ဒုတိယဗိုလ် နကာယမအိစကု
တပ်ကြပ်ကြီး အိုနိုကျုံဇ
တပ်ကြပ်ကြီး တီကိုကီချိ
တပ်ကြပ်ကြီး ဂျီဟီစာအို
တပ်ကြပ် အိပ်ချ် ဆာနေတိုး
တပ်ကြပ် အိပ်ချ် နိဘူယူကီ
တပ်ကြပ် အင်နဲ စုအိချိ
ဒုတိယတပ်ကြပ် ဘီမစ်ဆူရိနှင့်
အမှုထမ်း အိပ်ချ် ဖူတိုရှိ
တို့ဖြစ်သည်။
ထောင်ဒဏ်ကျခံရသူများမှာ
ဗိုလ်မှူးကြီး ကူမမာတောအို ၁၅ နှစ်
ဒု–ဗိုလ်မှူးကြီး ကေတာကေယို ၁၂ နှစ်။
တပ်ကြီးကြီး အေကေနိချိ ၂ နှစ်
တပ်ကြပ် အက်စ် တိုရှိဟီရို ၅ နှစ်
တပ်ကြပ်အင်န် တိုကီယိုရှိ ၇ နှစ်
တပ်ကြပ်အက်စ် ကာနိချိ ၂ နှစ်
တပ်ကြပ် ကေရိုဂီနာရီ ၅ နှစ်
အမှုထမ်း အိုမိဂကု ၅ နှစ်တို့အသီးသီး ဖြစ်သည်။

၄ ရက်နှင့် ၅ ရက် စက်တင်ဘာ ၁၉၄၇ ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ရုံးခန်းတွင် အရေးပေါ်ညီလာခံကျင်းပသည်။ ညီလာခံတွင် ဥက္ကဋ္ဌ ဦးခွန်စောက သဘာပတိအဖြစ် ဆောင်ရွက်၍ အထွေထွေအတွင်းရေးမှူးအဖြစ် ဦးထွန်းမြင့် (တိုင်းပြုပြည်ပြုလွှတ်တော် အမတ်)က ဆောင်ရွက်သည်။ ညီလာခံတွင်
၁။ ရန်ကုန်မြို့တွင် ကျင်းပလျက်ရှိသော မြန်မာနိုင်ငံတော် တိုင်းပြုပြည်ပြု လွှတ်တော်က အညီအညွတ်သဘောတူ ဆုံးဖြတ်ပြဋ္ဌာန်းသော ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံ ဥပဒေများကို ချွင်းချက်မရှိ သဘောတူ ထောက်ခံကြောင်း။
၂။ ဤအရေးပေါ် ညီလာခံက ရှမ်း

ပြည်နယ်မြေများကို တစ်ပြည်နယ်တည်း ဖြစ်ပေါ်ရေးသို့ ရှေ့ရှုဆောင်ရွက်ရန် တို့ကို ဆုံးဖြတ်သည်။

၅ စက်တင်ဘာ ၁၉၄၆ ရန်ကုန်ခရိုင် ပြည်သူ့ရဲဘော်တပ်ဖွဲ့မှ ဗြိတိသျှအစိုးရက ကန္ဒီစာချုပ်အရ ဖက်ဆစ်တော်လှန်ရေးအတွင်း မြန်မာ့မျိုးချစ်တပ်မတော်မှ ကျဆုံးသောရဲဘော်များနှင့် မသန်မစွမ်းဖြစ်အောင် ဒဏ်ရာရခဲ့သည့် ရဲဘော်များအား နစ်နာကြေးများ ပေးမည်ဖြစ်၍ အမြန်လာရောက် ထုတ်ယူကြရန် ကြေညာသည်။

၇ စက်တင်ဘာ ၁၉၄၇ မြန်မာပြည် ဆိုရှယ်လစ်ပါတီ၏ ဥက္ကဋ္ဌသခင်မြ၏ နေရာတွင် ဦးကိုကိုကြီးကို ရွေးကောက်တင်မြှောက်သည်။

၁၁ စက်တင်ဘာ ၁၉၄၇ ဖဆပလ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဗဆွေက ဖဆပလအဖွဲ့ချုပ် သန့်ရှင်း၍ ခိုင်မာတောင့်တင်းရေး အတွက် ဗိုလ်မှူးအောင်၊ ဦးဗဆွေ၊ ဗိုလ်လကျ်ာနှင့် မန်းဝင်းမောင်ပါဝင်သော သန့်ရှင်းရေးအဖွဲ့ငယ်ကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

၁၅ စက်တင်ဘာ ၁၉၄၇ ရန်ကုန်မြို့ အတွင်းဝန်များရုံး (ယခုဝန်ကြီးများရုံး)အတွင်းရှိ ပါလီမန်အဆောက်အဦရှေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများ အထိမ်းအမှတ် မော်ကွန်းကျောက်တိုင် ဖွင့်ပွဲပြုလုပ်သည်။

■ တိုင်းပြုပြည်ပြု လွှတ်တော် တတိယညီလာခံ ကျင်းပသည်။

၁၆ စက်တင်ဘာ ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော် ညီလာခံအစည်းအဝေးမှ ကရင်နီ (ယခုကယားပြည်နယ်) နယ်မှ တိုင်းပြုပြည်ပြုလွှတ်တော် ကိုယ်စားလှယ် စောသိန်းနှင့် ဦးဘီတို့အား ညီလာခံမတက်၍ ပါလီမန်အမတ်အဖြစ်မှ ရပ်စဲသည်။

■ ဗိုလ်လကျ်ာအား ဒုတိယဝန်ကြီးချုပ် ခန့်အပ်သည်။

၁၈ စက်တင်ဘာ ၁၉၄၇ ဟိုက်ကုတ်တရားရုံးကြီးရှိ (ယခုတရားရုံးချုပ်) စစ်ရာဇဝတ်မှု စစ်ဆေးရေးအဖွဲ့ အမှတ် ၃ ၌ ဂျပန်စစ်တရားခံ တပ်ကြပ် တိုယာမအား ဆရာအောင်ပွားအား နှိပ်စက်သေဆုံးစေမှုနှင့် အာနိမ့်ဆိုသူအား နှိပ်စက်ညှဉ်းပမ်းမှု စွဲချက်နှစ်ခုဖြင့် အမှုကို စတင်စစ်ဆေးသည်။

၂၂ စက်တင်ဘာ ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော် တတိယညီလာခံ ဆဋ္ဌမမြောက် အစည်းအဝေးတွင် နိုင်ငံတော်သီချင်းကို အတည်ပြုသည်။

၂၄ စက်တင်ဘာ ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော် တတိယညီလာခံ အဋ္ဌမမြောက် အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း အချောရေးဆွဲရေးကော်မတီက တင်ပြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းကို အတည်ပြုသည်။

၂၅ စက်တင်ဘာ ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော် တတိယညီလာခံ ရုတ်သိမ်းသည်။

## အောက်တိုဘာလ

၃ အောက်တိုဘာ ၁၉၄၇ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံး ပထမအကြိမ်ညီလာခံကို ရန်ကုန်မြို့ မြို့မကျောင်းတွင် ကျင်းပပြုလုပ်သည်။

၁၅ အောက်တိုဘာ ၁၉၄၇ သခင်နု ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံသို့ ရောက်ရှိသည်။

■ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှုတွင် ပါဝင်သော တရားခံများအား စတင်စစ်ဆေးသည်။

၁၇ အောက်တိုဘာ ၁၉၄၇ ဗြိတိသျှအစိုးရ နန်းရင်းဝန် ကလီမင့်ရစ်ချက်အက်တလီနှင့် မြန်မာယာယီအစိုးရ ဝန်ကြီးချုပ် သခင်နုတို့ နု–အက်တလီစာချုပ်ကို အင်္ဂလန်နိုင်ငံလန်ဒန်မြို့တွင် လက်မှတ်ရေးထိုးသည်။ ထိုစာချုပ်တွင် စာပိုဒ်ပေါင်း ၁၅ ပိုဒ်ပါရှိပြီး အရေးအကြီးဆုံးအပိုဒ်မှာ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံကို လုံးဝလွတ်လပ်ရေး၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံအဖြစ် အသိအမှတ်ပြုသည် ဟူသော အပိုဒ်ပင်ဖြစ်သည်။

၂၃ အောက်တိုဘာ ၁၉၄၇ ဖဆပလအဖွဲ့ချုပ် တွဲဖက် အထွေထွေအတွင်းရေးမှူး သခင်သာခင်က မြန်မာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးထံသို့ ဖဆပလတပ်ပေါင်းစုအတွင်းသို့ ကွန်မြူနစ်ပါတီ

ဝင်ရောက်ရေးနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးနေခြင်းဖြင့် နိုင်ငံနှင့်လူထုအတွက် အကျိုးထူးဖြစ်ပေါ်မည်ဟု ယူဆရန် မရှိကြောင်း စာဖြင့်ပြန်ကြားသည်။

၂၆ အောက်တိုဘာ ၁၉၄၇ ဦးတင်ထွန်း၊ ဦးကိုကိုကြီး၊ ဗိုလ်မှူးအောင်၊ မန်းဝင်းမောင်၊ မိုးမိတ်စော်ဘွား စပ်ခွန်ချို၊ ဦးအေးမောင်၊ ဦးဝမ်ကိုဟော၊ ဦးလဘန်ဂရောင်တို့ ပါဝင်သော မြန်မာနိုင်ငံ ကော်မရှင်အဖွဲ့ကို အင်္ဂလန်နိုင်ငံသို့ စေလွှတ်သည်။

## နိုဝင်ဘာလ

၁ နိုဝင်ဘာ ၁၉၄၇ ဘုရင်ခံ၏အမှုဆောင်ကောင်စီဝင် ဝန်ကြီး သခင်လွန်းဘော် ရာထူးမှ နှုတ်ထွက်သည်။

၅ နိုဝင်ဘာ ၁၉၄၇ ဗြိတိသျှပါလီမန် အောက်လွှတ်တော်အစည်းအဝေးတွင် မြန်မာပြည်လွတ်လပ်ရေး ဥပဒေမူကြမ်းအရ ဗြိတိသျှမနေသဟာယအပြင်ဘက်တွင် လွတ်လပ်သောနိုင်ငံအဖြစ် တည်ရှိခွင့်ရှိသည်ဟူသော အဆိုအား ကန့်ကွက်သည့်အဆိုကို ၂၈၈ မဲ ၁၁၄ မဲဖြင့် ပယ်ချကာ မြန်မာပြည်လွတ်လပ်ရေး ဥပဒေကြမ်းကို အတည်ပြုသည်။

၇ နိုဝင်ဘာ ၁၉၄၇ အမျိုးသားနေ့တွင် ဝန်ကြီးချုပ် သခင်နုက လွတ်လပ်ရေးရပြီး ခြောက်လအကြာတွင် လောကုတ္တရာ အဓိဋ္ဌာန်ကြောင့် ရာထူးမှ နှုတ်ထွက်မည်ဟု ကြေညာသည်။

၁၇ နိုဝင်ဘာ ၁၉၄၇ ဖဆပလအဖွဲ့ချုပ်က ဖဆပလနှင့် ကွန်မြူနစ်ညီညွတ်ရေး မဖြစ်နိုင်ဟု ကြေညာသည်။

၁၈ နိုဝင်ဘာ ၁၉၄၇ ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီး မြန်မာနိုင်ငံဘုရင်ခံ၏အမှုဆောင် ကောင်စီဝင်ဝန်ကြီးရာထူးကို လက်ခံသည်။

၂၄ နိုဝင်ဘာ ၁၉၄၇ ပြည်သူ့ရဲဘော်တပ်ဖွဲ့နှင့် မြန်မာပြည်ဆိုရှယ်လစ်ပါတီ နှစ်ခုပူးတွဲ၍ မာ့ခ်စ်လိခ်ထူထောင်ရန် ဆုံးဖြတ်သည်။

၂၉ နိုဝင်ဘာ ၁၉၄၇ ဖဆပလအဖွဲ့ချုပ်တွင် ဖဆပလပြည်လုံးကျွတ် ညီလာခံ ပြင်ဆင်မှု ကော်မတီအစည်းအဝေး ကျင်းပသည်။

## ဒီဇင်ဘာလ

၁ ဒီဇင်ဘာ ၁၉၄၇ ဖဆပလအဖွဲ့ချုပ်က အဖွဲ့ချုပ်တွင် အဓိက အင်အားစုဖြစ်သော ပြည်သူ့ရဲဘော်တပ်ဖွဲ့နှင့် မြန်မာပြည်ဆိုရှယ်လစ်ပါတီ နှစ်ခုကို တစ်ခုတည်းသော ပါတီအဖြစ် ရောက်ရှိရန် မာ့က်ခ်လိဂ်ထူထောင်ခြင်းကြောင့် အဖွဲ့ချုပ်၏လုပ်ငန်းစဉ်များကို မည်သို့မျှ မထိခိုက်ဟု ကြေညာချက် ထုတ်ပြန်သည်။

၇ ရက်နှင့် ၁၂ ရက် ဒီဇင်ဘာ ၁၉၄၇ ပြည်သူ့ရဲဘော် ဗဟိုဦးစီးညီလာခံမှ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်သူ့ရဲဘော်တပ်ဖွဲ့တိုင်း စစ်သဘောသက်ဝင်သော စည်းရုံးခြင်းနှင့် စာပေပညာသင်ကြားလေ့ကျင့်ခြင်းတို့ကို ရပ်ဆိုင်းရန် ဆုံးဖြတ်သည်။

၉ ဒီဇင်ဘာ ၁၉၄၇ မြန်မာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းက မြန်မာပြည်ကွန်မြူနစ်များ စင်ပြိုင်အစိုးတည်ထောင်နေပြီဟူသော သတင်းနှင့်ပတ်သက်၍ ရှင်းလင်းကြေညာချက်တစ်စောင်ထုတ်ပြန်ရာတွင် န–အက်တလီစာချုပ်အရ ဖြစ်ပေါ်လာသောပြည်ထောင်စု မြန်မာအစိုးရအားထောက်ခံကြောင်း ပါရှိသည်။

၁၀ ဒီဇင်ဘာ ၁၉၄၇ ဗြိတိသျှနိုင်ငံဆဋ္ဌမမြောက် ဂျော့ဘုရင် (George VI)က မြန်မာနိုင်ငံ လွတ်လပ်ရေးဥပဒေမူကြမ်းကို လက်မှတ်ရေးထိုး အတည်ပြုသည်။

■ ပြည်သူ့ရဲဘော် ဌာနချုပ်တွင် ပြည်သူ့ရဲဘော် ဗဟိုဦးစီးအဖွဲ့ဝင်များ၊ ဌာနချုပ်အမှုဆောင်များနှင့် ဝန်ကြီးချုပ် သခင်နုတို့ ဦးစီးညီလာခံကျင်းပ၍ ပြည်သူ့ရဲဘော်တပ်ဖွဲ့နှင့် မြန်မာပြည်ဆိုရှယ်လစ်ပါတီတို့ ပူးပေါင်း၍ မာ့ခ်လိဂ် ဖွဲ့စည်းထူထောင်ရန် သဘောတူဆုံးဖြတ်သည်။

၁၂ ဒီဇင်ဘာ ၁၉၄၇ မြန်မာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းက မြန်မာပြည် သမ္မတအစိုးရကို နောင်အခါပုန်ကန်ထကြွရန်အတွက် လက်နက်ဝှက်ထားသည်ဟု ဝါဒဖြန့်ခြင်းကို ချေပသည့် ကြေညာချက် ထုတ်ပြန်သည်။

၁၃ ဒီဇင်ဘာ ၁၉၄၇ ဖဆပလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဗဆွေက မာ့ခ်လိဂ်ဖွဲ့စည်းခြင်းနှင့် ပတ်သက်သော ဖြေရှင်းချက် ထုတ်ပြန်သည်။ အဆိုပါဖြေရှင်းချက်တွင် မာ့ခ်လိဂ်သည် အဖွဲ့ချုပ်အတွင်းရှိ မြန်မာပြည် ဆိုရှယ်လစ်ပါတီနှင့် ပြည်သူ့ရဲဘော်တပ်ဖွဲ့နှင့် တစ်သီးပုဂ္ဂလလက်ဝဲသမားများကို ကိုယ်စားပြုသော တစ်ခုတည်းသော ပါတီတွင်း ပူးပေါင်းရန် ဖွဲ့စည်းထားသော စက်ယန္တယားသာဖြစ်ကြောင်း၊ လာမည့် ဇန်နဝါရီလ ၄ ရက်တွင် ဆိုရှယ်လစ်နှင့် ပြည်သူ့ရဲဘော်တပ်ဖွဲ့တို့ကို ဖျက်သိမ်း၍ မာ့ခ်လိဂ်တစ်ခုတည်းသာ ရှိလာမည်ဖြစ်ကြောင်း၊ ဖဆပလတပ်ဦးကြီးကို လွတ်လပ်ရေး ပြီးသော်လည်း ဆက်လက်ထားရှိဦးမည်ဖြစ်ကြောင်း၊ မာ့ခ်လိသည် ဖဆပလ၏ကြောရိုးသာဖြစ်ကြောင်း ပါရှိသည်။

၂၀ ရက်နှင့် ၂၃ ရက် ဒီဇင်ဘာ ၁၉၄၇ ဒုတိယအကြိမ် ဖဆပလ ပြည်လုံးကျွတ်ညီလာခံ ရန်ကုန်မြို့ မြို့မကျောင်းရှေ့ရှိ မြင်းပြိုင်ကွင်းဟောင်း (ယခုမြို့မကွင်း) အတွင်း ကျင်းပရာ အဆိုပေါင်း ၁၄ ရပ်ကို တင်သွင်း ဆုံးဖြတ်သည်။

၁။ အင်္ဂလိပ်–မြန်မာ လွတ်လပ်ရေးစာချုပ်
၂။ နိုင်ငံတကာရေးရာ
၃။ ပြန်လည်ထူထောင်ရေး
၄။ ပြည်ထောင်စုတိုင်းရင်းသား ညီညွတ်ရေး
၅။ စီးပွားရေး စီမံကိန်းနှင့် စက်မှုလက်မှုထူထောင်ရေး
၆။ တောင်သူလယ်သမားအရေး
၇။ ကာကွယ်ရေး
၈။ လွတ်လပ်ရေးတိုက်ပွဲတွင် ကျဆုံးသူများနှင့် အလုပ်မလုပ်နိုင်အောင် ဒဏ်ရာရသူများကို လျှော်ကြေးပေးရေး
၉။ အလုပ်သမားအရေး
၁၀။ လာဘ်ပေးလာဘ်ယူနှင့်အာဏာအလွဲသုံးစားမှု ပပျောက်ရေး
၁၁။ ငြိမ်ဝပ်ပိပြားရေးကို နှောက်ရှက်ဖျက်ဆီးသော အင်အားစုများကိုရှုတ်ချရေး
၁၂။ အမျိုးသမီးရေး
၁၃။ ဖဆပလ စည်းရုံးရေး
၁၄။ ပညာရေး တို့ဖြစ်သည်။

၂၁ ဒီဇင်ဘာ ၁၉၄၇ ဖဆပလအဖွဲ့ချုပ် ခရိုင်နှင့်လူထုလူမျိုးရေး ကိုယ်စားလှယ်ပေါင်းစုံ ပါဝင်သော ဗဟိုဦးစီးအစည်းအဝေးမှ ဖဆပလဗဟိုဦးစီးအသစ်များကို ရွေးကောက်တင်မြှောက်သည်။ ဦးစီးအဖွဲ့ဝင်များမှာ

၁။ သခင်နု
၂။ ဦးတင် (မြန်မာ့အလင်း)
၃။ ဦးမြ (ဟသာ်တ)
၄။ ဗိုလ်လက်ျာ
၅။ ဗိုလ်အောင်ကြီး
၆။ သခင်ဝတင်
၇။ ဦးထွန်းဖေ(ဟံသာဝတီ)
၈။ ဦးအောင်မြင် (မြို့မအောင်)
၉။ ဦးဗဆွေ
၁၀။ ဦးကျော်ငြိမ်း
၁၁။ ဦးကိုကိုကြီး
၁၂။ ဦးတင်ထွဋ်
၁၃။ သခင်သာခင်
၁၄။ ဦးတင် (မြန်အောင်)
၁၅။ ဦးဘသီတို့ဖြစ်သည်။

၂၃ ဒီဇင်ဘာ ၁၉၄၇ ဖဆပလအဖွဲ့ချုပ် ဦးစီးအဖွဲ့ အစည်းအဝေးကို ကျင်းပ၍ ဖဆပလအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးကောက်တင်မြှောက်သည်။အလုပ်အမှုဆောင်အဖွဲ့ဝင်များမှာ

သခင်နု ဥက္ကဋ္ဌ
ဗိုလ်မှူးအောင် ဒုတိယဥက္ကဋ္ဌ
ဦးတင် (မြန်မာ့အလင်း) ငွေထိန်း
ဦးဗဆွေ အထွေထွေအတွင်းရေးမှူး
ဗိုလ်စိန်မှန် အဖွဲ့ဝင်
ဦးကိုကိုကြီး အဖွဲ့ဝင်
ဗိုလ်လက်ျာ အဖွဲ့ဝင်
ကိုညိုထွန်း အဖွဲ့ဝင်
ဦးမြ(ဟသာ်တ) အဖွဲ့ဝင်
သခင်တင် အဖွဲ့ဝင်
ဗိုလ်မှူးဖိုးကွန်း အဖွဲ့ဝင်
ဦးသန်းမြင့် အဖွဲ့ဝင်
မန်းဝင်းမောင် အဖွဲ့ဝင်
ဦးကျော်ငြိမ်း အဖွဲ့ဝင်
ဦးဘဂျမ်း အဖွဲ့ဝင်
အရန်အလုပ်အမှုဆောင်များအဖြစ်
ဒေါ်ခင်လှ
ဗိုလ်အောင်ညွန့်
ကိုတင်ညွန့်
သခင်ပန်းမြိုင်
ဗိုလ်တိုက်စိုး
တို့ဖြစ်သည်။

၂၄ ဒီဇင်ဘာ ၁၉၄၇ မြန်မာပြည် ဘုရင့်အပျော်တမ်းရေတပ်ကို "မြန်မာရေတပ်မတော်" အဖြစ်ပြောင်းလဲဖွဲ့စည်းသည်။

■ ပြည်တွင်းငြိမ်းချမ်းရေး ဥပဒေ ပုဒ်မ ၅ အရ ဖမ်းဆီးထိန်းသိမ်းထားသော ဒေါက်တာဘမော်၊ သခင်ထွန်းအုပ်နှင့် သခင်ဗစိန်တို့အား အကျဉ်းထောင်မှ လွှတ်ပေးသည်။

၂၇ ဒီဇင်ဘာ ၁၉၄၇ မြန်မာပြည် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းက ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် လွတ်လပ်ရေး

အောင်ပွဲကော်မတီတွင် မြန်မာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အား ထည့်သွင်းရန် ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၈ ရက်နေ့ နေ့စွဲပါစာဖြင့် ဖဆပလ အဖွဲ့ချုပ်သို့ ပေးပို့ တိုက်တွန်းခဲ့ကြောင်း။ လာမည့် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးကြေညာခြင်းသည် နှစ်ပေါင်း ၁၂၀ ကျော် အဆက်မပြတ် အလျှော့မပေးတမ်း တိုက်ခဲ့ကြသော မြန်မာ့လွတ်လပ်ရေး လုပ်ငန်းကြီးတစ်ရပ်၏ အောင်ပွဲကြီးတစ်ရပ်ဟု မြန်မာပြည်ကွန်မြူနစ်ပါတီက ယုံကြည်ကြောင်း ပါရှိသည်။

၂၇ ဒီဇင်ဘာ ၁၉၄၇ ရန်ကုန်ပုလိပ်မင်းကြီးက နိုင်ငံရေးအကျဉ်းသား၏ အားလုံးကို လွှတ်ပေးရန် အမိန့်ထုတ်ပြန်သည်။

၃၀ ဒီဇင်ဘာ ၁၉၄၇ နိုင်ငံတော်လုပ်ကြံမှုတွင် ပါဝင်သော မျိုးချစ်ပါတီခေါင်းဆောင် ဂဠုန်ဦးစောနှင့် တရားခံကိုးဦးကို ပြစ်မှုထင်ရှား၍ သေဒဏ်အပြစ်ကျခံရန် အမိန့်ချမှတ်သည်။

## ၁၉၄၈

၃ ဇန်နဝါရီ ၁၉၄၈ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ တိုင်းပြုပြည်ပြုလွှတ်တော် စတုတ္ထညီလာခံ ကျင်းပသည်။

၄ ဇန်နဝါရီ ၁၉၄၈ မြန်မာနိုင်ငံ လွတ်လပ်ရေး ကြေညာသည့်အခမ်းအနားကို အတွင်းဝန်များရုံး (ယခု ဝန်ကြီးများရုံး) အတွင်းရှိ လွှတ်တော် အဆောက်အအုံ ရှေ့တွင် ကျင်းပသည်။